
http://www.dhammadownload.com

# ဗုဒ္ဓဓမ္မပြဿနာများ
# (၃)



ဓမ္မဒူတ အရှင်ပညာဇောတ

http://www.dhammadownload.com

http://www.dhammadownload.com

V-2200

ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း 1103017
တိုက်အမှတ်(၉၃)၊အခန်း(၄)၊ဗဟိုလမ်း၊ဆိပ်
ရွှေဂုံတိုင်ဘုရားလမ်း၊ ရန်ကုန်မြို့။

# ဗုဒ္ဓဓမ္မပြဿနာများ-၃

ဧတဒဂ်

အရှင်ပညာဇောတ

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် - (၁၀၄၅၅)
[illegible]
([illegible] ဒေါ်တင်မေ (မြဲ-[illegible])) [illegible]
[illegible]
အမှတ်-၁၁၆/၇၊ ရန်ကင်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** - ဦးအုန်းစိန် (မြဲ-၁၃၀၇)
ရွှေပြည်စိုးပုံနှိပ်တိုက်
အမှတ်-၅၄၊ ဓာတ်ကလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

**တန်ဖိုး** - ( ) ကျပ်

ပထမအကြိမ် အုပ်ရေ - (၂၀၀၀)

၁၉၇၈-ခု၊ ဒီဇင်ဘာလ

**မျက်နှာဖုံးရိုက်** - စကားဝါပုံနှိပ်တိုက်

__ဖြန့်ချိရေး__

ပေါက်စေတီဓမ္မရိပ်သာ ဝေယျာဝစ္စအဖွဲ့
ရှစ်မိုင်၊ သမိုင်းစာတိုက်၊ ရန်ကုန်။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | (က) |
| ၁။ | အရှင်ဘုရားကြွရင်ဗုဒ္ဓဘာသာထဲဝင်မယ်ဘုရား | ၁ |
| ၂။ | နိဗ္ဗာန်မှာ ရုပ်ထူး–နာမ်ထူးရှိတယ်ဆိုဘုရား | ၁၅ |
| ၃။ | ဘိန်းဖြူထက်ချမ်းသာတယ် | ၂၉ |
| ၄။ | စရိုက်ဆိုတာဘာတွေပါလဲ? | ၄၃ |
| ၅။ | ကျွတ်မှန်းမသိ ကျွတ်နေပြီ | ၅၉ |
| ၆။ | ကုသိုလ်ဘယ်နှစ်မျိုးရှိပါသလဲဘုရား? | ၇၂ |
| ၇။ | ကပ္ပိယသေရင်အသေဆိုးနဲ့သေရတယ်ဆိုဘုရား? | ၉၀ |
| ၈။ | လူတိုင်းတရားရနိုင်ပါသလားဘုရား? | ၁၀၉ |
| ၉။ | ထိုင်ပြတယ်တဲ့ဘုရား? | ၁၂၃ |
| ၁၀။ | ဘယ်ဓာတ်ဆောက်တည်ပြီး တရားအားထုတ်ရပါသလဲဘုရား? | ၁၃၇ |

http://www.dhammadownload.com


၁၁။ သာသနာရေးနှင့်ဘာသာရေး
ဘယ်လိုထူးပါသလဲဘုရား? ၁၆၅

၁၂။ နတ်များကို ကိုးကွယ်ပသသင့်ပါသလားဘုရား? ၁၈၂

၁၃။ လူမိုက်နဲ့ပညာရှိကို ပညာနှင့်သတ်မှတ်ပါသလား? ၁၉၅

၁၄။ ပူပန်စိတ် မဖြစ်ဘူးလား? ၂၁၀

၁၅။ ဘတ်(စ်)ကားနှင့်ပင့်ရင် ကြွနိုင်ပါသလားဘုရား? ၂၂၂

၁၆။ သပိတ်အိုင်တောရတွင် သိမ်သမုတ်ခြင်း ၂၃၆

၁၇။ မွေးနေ့မှာ ကောင်းမှုကုသိုလ်လုပ်ခြင်းဟာ
ဘယ်လိုအကျိုးကျေးဇူးရှိပါသလဲဘုရား? ၂၅၄

၁၈။ ၅၂၈သွယ်မေတ္တာဆိုတာဘယ်ဟာတွေလဲဘုရား? ၂၆၇

http://www.dhammadownload.com



# နိဒါန်း

ယခုမှ **"ဗုဒ္ဓဓမ္မပြဿနာများ"** (၃) သည် စာရှုသူ၏ လက်သို့ ရောက်ရှိလာချေပြီ၊ စာရှုသူသည် (၁) နှင့် (၂) ကို ဖတ်ရှုပြီးလား? မဖတ်ရှုရသေးလား? ဟု မသိပါပေ။

မဖတ်ရှုရသေးသော် ဖတ်ရှုပါဟု မည္ဘန်ကြားလိုပါ။ အဘယ့်ကြောင့် ဆိုသော် မိမိရေးသော စာအုပ်ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဖတ်ရှုရသူအဖို့တွင်မူ တစ်အုပ်နှင့်တစ်အုပ် ပြဿနာချင်း မတူပုံ၊ ဗဟုသုတရပုံချင်း မတူပုံ စိတ်ဝင်စားပုံချင်း မတူပုံ စသည်ဖြင့် မတူပုံမျိုးစုံကို ဖတ်ရှုရလိမ့်မည်ဟု ထင်ပါသည်။

မိမိသည် ဗုဒ္ဓဓမ္မပြဿနာများကို ရေးသားရာ၌ မည်သူတော့သာစေ၊ မည်သူတော့ နာစေဆိုတဲ့ဆန္ဒ အလျဉ်းမရှိကြောင်း ဝန်ခံပါသည်။

သို့ဖြစ်၍ မိမိပြဿနာများ ဖြေရှင်းသောအခါ အမည်နာမ မြို့ရွာဒေသ စသည့် အဖြစ်မှန် အမည်များကို မသုံးဘဲ (...) ဖြင့် ပြပါသည်။

http://www.dhammadownload.com

# (ခ)

မိမိနှင့် ကြုံတွေ့ရသည့် ပြဿနာများကို အများရှောင်နိုင်၊ ရှားနိုင်၊ အတုယူနိုင်၊ လိုက်နာနိုင်စေလိုတဲ့ ဆန္ဒနဲ့ ဖော်ပြခြင်းမှ တစ်ပါး၊ သူတစ်ပါးကို ထိခိုက်စေ၊ နစ်နာစေဆိုတဲ့ ဆန္ဒမျိုး မိမိတွင် လုံးဝမရှိပါ။

ပြဿနာများသည် မိမိထံတွင် များစွာ ရှိပါသေးသည်။ ပြဿနာများ ဖြေရှင်းရေးသားသောအခါ မိမိစိတ်ကူးတွင် အလျင် ပေါ်လာသည့် ပြဿနာလည်းဖြစ်၊ ကြည့်ရှုစရာ စာအုပ်စာတမ်း လက်တစ်ကမ်းတွင်လည်းရှိသည့် ပြဿနာများကို ဦးစွာဖော်ပြ ပါသည်။

ပြဿနာများကို ရှေ့နောက်စဉ်ရာတွင်လည်း စာရှုသူ မပျင်း စေရန် ပြဿနာအတို–အရှည် စိတ်ဝင်စားမည် ထင်ရသည့် ပြဿနာ၊ စိတ်ဝင်စားမည် မထင်ရသည့် ပြဿနာ စသည့်ဖြင့် စိတ်ကူး၍ စီစဉ်ဖော်ပြပါသည်။

အချို့ပြဿနာများမှာ နှစ်တွေကြာနေသော်လည်း အဖြေ အဖြစ်သို့ မရောက်လာနိုင်သေးဘဲ၊ အချို့ပြဿနာများမှာ ရေးဆဲမှ ဖြစ်ပေါ်လာသော်လည်း စိတ်ဝင်စားမှုရှိ၍ တစ်ခါတည်း ရေးထည့် လိုက်နိုင်တာလည်း ရှိပါသည်။

စာရှုသူသည် ဗုဒ္ဓဓမ္မကို လေ့လာလိုက်စားနေသူတစ်ဦး ဖြစ်က ဤစာအုပ်ပါ ပြဿနာများသည် စာရှုသူအတွက် များစွာ အထောက်အကူပြုလိမ့်မည်ဟု မိမိ ယုံကြည်ပါသည်။

ပြဿနာများမှာ တစ်ပွဲတိုး၊ တစ်ရိုန်တိုး၊ ပြီး–ပြီးရောသဘော နှင့် ဖတ်ရမည့် ပြဿနာမျိုးများမဟုတ်ပါ။ တဖြည်းဖြည်း စဉ်းစား

http://www.dhammadownload.com



ဖတ်ပြီး သေသေချာချာ လိုက်နာ၊ မှတ်သား၊ ရှောင်ကြဉ်ရမည့် ပြဿနာများ ဖြစ်ပါသည်။

သို့ဖြစ်၍ စာရှုသူသည် ပြဿနာတစ်ခုကို သေသေချာချာ ဖတ်၍ လိုက်နာသင့်သည့် ပြဿနာကို လိုက်နာ၊ အတုယူ သင့်သည့် ပြဿနာကို အတုယူ၊ ရှောင်ရှားသင့်သည့် ပြဿနာကို ရှောင်ရှားနိုင်လျှင် ဤစာအုပ်ကို ဖတ်ရှုကျိုး နပ်ပါမည်။ မိမိ အတွက်လည်း ရေးရကျိုးနပ်ပါသည်။

သို့မဟုတ်က စာရှုသူတွင်လည်း အကျိုးမများ၊ မိမိတွင် လည်း အကျိုးများမည် မဟုတ်ပါ။ ထိုသို့ကား မဖြစ်စေချင်ပါ။ ဖတ်ရှုသူ-ရေးသူ နှစ်ဦးနှစ်ဝ အကျိုးများစေချင်ပါသည်။

ယင်းသို့ အကျိုးများသည်ဟုဆိုပါက ကျန်ရှိနေသေးသော ပြဿနာများကို (၄-၅-၆) စသည် အနေ ဆက်လက်၍ ဖော်ပြ ဦးမည် ဖြစ်ပါသတည်း။

ဓတာဒင် – အရှင်ပညာဓဇာဘိဝံသ
ဝိသိဋ္ဌ ဒီဃဘာဏကနှင့် သိရီပဝရ ဓမ္မာစရိယ
မသိုးကျောင်း–တောကျောင်းကြီး
ကွင်းကောက်တောင်–အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း။
၁၃၃၉–ခု၊ နယုန်လပြည့်ကျော်–၁၂–ရက်နေ့။

http://www.dhammadownload.com



# အရှင်ဘုရားကြွရင် ဗုဒ္ဓဘာသာထဲဝင်ပါ့မယ်

{၁}

မိမိသည် နယ်လှည့်တရားဟောရန်ဝါသနာမပါပေ။ သို့သော် ရင်းနှီးသူများကို ဟောပေးရာမှ ကျယ်ကျယ်လာ၍ နယ်လှည့် ဟောရသလို ဖြစ်လာ၏။ မိမိ ဟောပြောပေးသဖြင့် အကျိုးရှိသင့် သလောက်လည်း ရှိပါ၏။ ရံခါ အကျိုးထဲမှ အပြစ်တွေလည်း ပေါ်လာတတ်ပါ၏။

တစ်ချိန်က ဖြစ်ခဲ့၏။ မြို့တစ်မြို့ရှိ အသင်းအဖွဲ့တစ်ခုမှ ပင့်သဖြင့် (၃)ည သွားရောက်ပြီး ဟောရ၏။ မိမိရည်ရွယ်ချက်မှူ ဒီတစ်ခါပဲ ဟောပေးမည်၊ နောက်တစ်ခါ မဟောတော့ဟု ရည်ရွယ် ထား၏။

ပင့်စဉ်ကလည်း အားနာ၍ လက်ခံလိုက်ခြင်း ဖြစ်၏။ ယင်းသို့ဖြင့် အချိန်ရောက်၍ တရားနှစ်ညဟောပြီးသော် နောက် နှစ်အတွက် တစ်ချို့က လာပင့်ကြ၏။ မိမိသည် လက်မခံပေ။ နောက်ဆုံးညရောက်သော် တရားတစ်ပွဲလုံးရှိ ပရိသတ်တွေ ဝိုင်းဝန်း ပင့်ကြသည်။ မိမိသည် လက်မခံပေ။ ပင့်စာကို မယူပေ။

http://www.dhammadownload.com



သို့နှင့် ပြန်ရမည့်နေ့တွင် အိမ်တစ်အိမ်သို့ ပင့်သဖြင့် ကြွရပြန်သည်။ ယင်းတွင် တစ်ခါပင့်ကြပြန်သည်။ မိမိသည် လက်မခံပေ။ ထိုစဉ် မူစလင်ဒကာမတစ်ယောက် ရောက်လာသည်။ လက်အုပ်ချီမိုး ရှိခိုးသည်။ ပြီးသော် လျှောက်သည်–

"အရှင်ဘုရား၊ လာမည့်နှစ်တရားပွဲလက်မခံဘူးဆိုဘုရား"

"အင်း"

"ဘာဖြစ်လို့ လက်မခံတာလဲဘုရား"

"ဦးပဉ္ဇင်းက ဓမ္မကထိကမှမဟုတ်တာ၊ စာချနေတာ၊ တောထဲနေတာ၊ အလုပ်ပျက်လို့"

"ဒကာ–ဒကာမတွေ အကျိုးများပါတယ်ဘုရား၊ တစ်နှစ်တော့ ကြွပါဦးဘုရား"

"ဟင့်အင်း၊ မကြွနိုင်ဘူး၊ တစ်နှစ်ကနေ နောက်တစ်နှစ်ဆက်နေ ဘယ့်နှယ်လုပ်မလဲ"

"တချို့များ ဟောချင်လို့ လိုက်တောင် စပ်နေတာပဲဘုရား၊ အရှင်ဘုရား အဆင်သင့်ပဲ ကြွပါဘုရား"

"နို့...အဲဒီ ဟောချင်လို့ လိုက်စပ်တဲ့ဘုန်းကြီး ပင့်ပါလား၊ မဟောချင်တဲ့ ဘုန်းကြီးကို ဘာဖြစ်လို့ ကပ်သပ်ပင့်နေရသလဲ"

"တပည့်တော်တို့မြို့မှာ တရားပွဲကျင်းပတာ ဒီနှစ်ဆိုရင် (၂၂) ကြိမ်ရှိပြီဘုရား၊ တပည့်တော်ဟာ ဗုဒ္ဓဘာသာ မဟုတ်သေးပါဘုရား၊ တရားကို မှောင်ထဲကနေ ခိုးခိုးနာရပါတယ်ဘုရား၊ အဲဒီ (၂၂) ကြိမ်မှာ ယခု အရှင်ဘုရားဟောတာ နားလည်တယ် သဘောကျတယ်ဘုရား"

http://www.dhammadownload.com



"ဦးပဥ္စင်းထက် အဟောကောင်းတဲ့ ဆရာတော်တွေ အများကြီးပဲဟာ"

"ကောင်းတာက တစ်မျိုးစီပါဘုရား"

"အတူတူပါပဲ၊ သူလည်း ဒီတရားဟော၊ ကိုယ်လည်းဒီတရားဟော၊ ဘာထူးမှာလဲ"

"မတူပါဘုရား၊ တပည့်တော်မြို့က တောင်ကန့်လန့် လူကန့်လန့်ပါဘုရား၊ မင်းသမီး မင်းသားလည်း တော်ရုံတန်ရုံနဲ့ ကြိုက်တာမဟုတ်ဘူး၊ ဒီလောက်တော့တို့လည်းကတတ်တာပဲဆို ထပြန်တာဘုရား"

"အင်း...တရားပွဲလည်း ဒီလိုလား၊ တို့လည်း ဒီလောက်တော့ ဟောတတ်တာပဲဆို ထပြန်တာပဲလား"

"တော်ရုံတန်ရုံနဲ့ နားမတိုးဘူးဘုရား၊ ထပြန်တာပဲဘုရား"

"အင်း...ခက်သားပဲ"

"မခက်ပါနဲ့ဘုရား၊ အရှင်ဘုရား ကြွပါဘုရား"

"မကြွချင်ဘူး"

ထိုအခါ ယင်းအမျိုးသမီးသည် လက်အုပ်ချီကာ လျှောက်ထားတော့သည်။

"အရှင်ဘုရားကြွပါဘုရား၊ အရှင်ဘုရားတရားလည်းနားလည်ပါတယ်၊ သဘောလည်း ပေါက်ပါတယ်၊ **ရှေ့နှစ်ခါ အရှင်ဘုရားကြွရင် တပည့်တော် ဗုဒ္ဓဘာသာထဲ ဝင်ပါမယ်ဘုရား"**

ယင်းသို့ လျှောက်ထားသောအခါ မိမိကပ္ပိယမှစ၍ အနီးအနားရှိ အားလုံးသော ဒကာ–ဒကာမတွေက ဝိုင်းဝန်းလျှောက်

http://www.dhammadownload.com



ကြပြန်သည်။

"ဟုတ်ပါတယ်ဘုရား၊ ဒီလိုဆိုကြွသင့်ပါတယ်ဘုရား၊ ကြွရင် ဗုဒ္ဓဘာသာထဲ ဝင်မယ်ဆိုတော့ မကြွလို့ ဘယ်ဖြစ်မလဲ၊ ကြွပါ ဘုရား"

"ညည်းကလည်းတကယ်ဗုဒ္ဓဘာသာထဲ ဝင်မှာလား၊ ညည်း တကယ်ဗုဒ္ဓဘာသာထဲဝင်ရင်ဘုန်းဘုန်းကလည်းရှေ့နှစ်ခါတကယ် ကြွမှာပေါ့၊ ဘယ်နေမလဲ"

"ဘုန်းဘုန်း ကြွမယ်မဟုတ်လားဘုရား"

"အရှင်ဘုရား ဒါတော့ ကြွသင့်ပြီထင်ပါတယ် ဘုရား"

"အရှင်ဘုရား ပင့်စာလက်ခံပါဘုရား"

"အရှင်ဘုရား ဟောပေးလို့ တစ်ယောက်ကျွတ်တယ်ဆို ဘယ်နည်းမလဲဘုရား၊ ကြွပါဘုရား"

ယင်းသို့ စသည်ဖြင့် ဝိုင်းဝန်းလျှောက်ထားသောအခါ မနေ သာတော့သဖြင့် "ကဲ...ကဲ...ပင့်စာသာ ကပ်တော့" ဟု ပင့်စာကို လက်ခံလိုက်ရတော့သည်။

ထိုအခါ ပင့်လျှောက်သူ အမျိုးသမီးဘက်သို့ လှည့်ကြည့် ကာ ကျေးဇူးတင်စကား ပြောကြားကြပြန်သည်။

"(...) ကျေးဇူးပဲ၊ ဘုန်းဘုန်းကို (...)ပင့်လို့ ရတာ"

"ဈေးကကြားရင် ဘယ်လောက်ဝမ်းသာမလဲ"

"ဟုတ်တယ်၊ (...) ဈေးကကြားရင် (...) ကို သိပ်ကို ကျေးဇူးတင်ကြမှာ"

"(...)တော့ နာမည်ကြီးဦးမယ်၊ ပင့်မရတဲ့ ဘုန်းကြီးကို

http://www.dhammadownload.com



ရအောင်ပင့်လို့”

ယင်းသို့ စသည်ဖြင့် သူတစ်မျိုး ငါတစ်ဖုံ အစုံစုံပြောဆိုရင်းဖြင့် တစ်နှစ်တာ တရားပွဲ စခန်းသိမ်းခဲ့သည်။

နောက်နှစ် တရားပွဲရက်သို့ ရောက်ခဲ့ပြီ။ မိမိသည် ပထမနှစ်က တည်းခိုသည့် နေရာကို သဘောမကျ။ တရားပွဲနားနီး အတန်းကျောင်းနားနီး၍ ဆူသည်။ သို့ဖြစ်၍ တစ်နေရာ ရွှေ့ပြီး တည်းခို မည်ဟု စိတ်ကူးရှိသည်။ အဖွဲ့ဝင်အချို့လည်း ကြိုတင်ပြောထားသည်။

ရထားဆိုက်သော် ကြိုသူများနှင့် လွဲတော့သည်။ အထက်တန်းတွဲမှာ နောက်ဆုံးက ချိတ်သည်။ ကြိုသူများက အလယ်က စောင့်သည်။ မိမိမှုကား သိနေတာနှင့် ကြိုသူများကို မစောင့်ဘဲ မိမိသွားမည်၊ တည်းမည်စိတ်ကူးထားသည့် ကျောင်းသို့ ရှေ့ရှုသွားတော့သည်။

ကြိုသူသုံးယောက် ပြေးလိုက်လာ၍ မှီသည်။ အနားရောက်လာသူအား ဘယ်မှာနေရာပြင်ထားလဲ မေးသောအခါ ပြင်နေကျနေရာမှာပဲ ပြင်ထားသည်ဟု ပြောသည်။

ဟို(...)မှာ ပြင်မထားဘူးလား မေးသောအခါ ပြင်မထားဟု ဖြေသည်။ မိမိမှာ ပြင်မထားလည်း နေရာပြင်တာ ဘာကြာတာ မှတ်လို့ပဲ၊ အဲဒီ (...)ပဲ သွားမယ်ဟု ပြောသည်။

မိမိအနားရောက်လာသူ သုံးဦးမှာ အင်းမလှုပ်၊ အဲမလှုပ်ပေ။ မိမိလည်း သာမည္ပဲဟု သဘောထားသည်။

ယင်းသို့ဖြင့် ပထမနှစ်က တည်းခိုသည့် နေရာအရှေ့သို့

http://www.dhammadownload.com



ရောက်သောအခါ ဒကာတစ်ယောက်က အရှင်ဘုရား ဒီကြွပါ။ ဒီမှာ ပြင်ထားပါသည်ဟု လျှောက်ပြန်သည်။

ထိုအခါ မိမိက ဒီမှာ ပြင်ထားပေမယ့် ဒီမှာမှ မတည်းခိုပဲဟာ (...)ပဲ တစ်ခါတည်း သွားတော့မယ်ဟု ပြောပြောဆိုဆို သွားပါတော့သည်။

ရောက်မှ နေရာပြင်ကြရသည်။ ပြီးသော် လိုက်ပို့သူများ ပြန်သွားကြသည်။ မိမိလည်း အညောင်းဆန့်နေလိုက်သည်။

ကြိုသူ ဒကာများ မူလပြင်ထားသည့်နေရာသို့ အစုံရောက်သည်ဟု ကြားသည်။ မိမိတည်းခိုသည့် နေရာသို့မူ ဘယ်သူမှ ရောက်မလာပေ။

မိမိကြွလာလျှင် ဗုဒ္ဓဘာသာထဲဝင်ပါမယ်ဆိုတဲ့ အမျိုးသမီးနှင့်လည်း မတွေ့ရသေးပေ။ သူလည်း မူလတည်းခိုသည့်နေရာသို့ ရောက်လာသည်ဟု ကြားရသည်။

မိမိ ယခုတည်းခိုသည့်နေရာမှာ ချောင်ကျသည်။ ဝေးသည်။ တောင်တက်ရသည်။ သို့ဖြစ်၍ ရုတ်တရက် မရောက်နိုင်ပေ။

တရားပွဲ တစ်ညဟောပြီးသွားပြီ။ ဗုဒ္ဓဘာသာထဲဝင်မည့် အမျိုးသမီးနှင့်လည်း မတွေ့ရသေးပေ။

မိမိအား အမှီလိုက်ပို့သော ဒကာကြီးတစ်ယောက်မှ မျက်စိမျက်နှာမကောင်းနှင့် မိမိထံသို့ လာသည်ကို တွေ့ရသည်။ ထိုအခါ မိမိက မေးသည်။

"ဘယ့်နှယ်လဲ၊ မျက်စိမျက်နှာမကောင်း ဘာမကောင်းနဲ့ နေပူကြီးထဲ လာရသလဲ"

http://www.dhammadownload.com



"အရှင်ဘုရား၊ ဒီကြွတာနဲ့ပတ်သက်လို့ တပည့်တော်တို့ကို အပြောခံလိုက်ရတာ ဘုရား"

"ဘာတွေအပြောခံရလဲ"

"မင်းတို့က ဘုန်းကြီးကို မင်းတို့ကျောင်း မင်းတို့ ပင့်သွားတယ်တဲ့ဘုရား"

မိမိအား အမိုပြေးလိုက်လာသူ ဒကာများသည် မိမိတည်းခိုနေသည့် ကျောင်းကို ကိုးကွယ်သူများ ဖြစ်၏။ ဒါ့ကြောင့် ပြောခံရခြင်းဖြစ်၏။

"နို့...ဒကာကြီးတို့က မပြောဘူးလား၊ တို့ပင့်သွားတာ မဟုတ်ဘူး၊ ဘုန်းကြီးဘာသာ ဘုန်းကြီး ကြွတာလို့"

"ပြောပေမယ့် မရဘူး ဘုရား"

"ဘာတွေပြောလဲ"

"ဘုန်းကြီး မင်းတို့ကျောင်း ပင့်သွားတော့ မင်းတို့ကျောင်းက ရွှေကျောင်းကြီးဖြစ်လာမှာလား၊ စသည်နဲ့ ပြောလိုက်ကြတာ ဘုရား၊ စုံလို့ပဲ"

"ခက်ပါတယ် ဒကာကြီးရယ်၊ လူတွေဟာ ဒီလိုပဲ ရမ်းပြောတာပဲ၊ ညကျမှ ဦးပဥ္စင်းတရားဟောတော့မှ တရားပွဲထဲ ထည့်ပြောပေးမယ်၊ စိတ်မကောင်းမရှိနဲ့၊ ဒကာကြီးတို့ ပင့်တာမှ မဟုတ်တာဘဲ။ ဦးပဥ္စင်းဘာသာ ဦးပဥ္စင်း သွားတာပဲဟာ"

"နို့(...)လည်း မတွေ့သေးပါလား"

"မှန်ပါ၊ သူလည်းမနေ့ကဟို(...)ကို လာတွေ့ပါတယ်ဘုရား၊ အရှင်ဘုရား ဒီကြွတော့ အချိန်ကလည်းနောက်ကျနေလို့ ဟိုကနေ

http://www.dhammadownload.com



ပြန်သွားပါတယ်ဘုရား။ ဒီနေ့ည တရားမဟောမီ (...)မှာ တွေ့ပါလိမ့်မယ် ဘုရား"

တရားဟောချိန်နီးလာပြီ၊ မိမိသည် တရားမဟောမီကြိုတင်သွားရမည်။ ဗုဒ္ဓဘာသာထဲဝင်မည့် အမျိုးသမီးနှင့်တွေ့ရန်လည်း ရှိသေးသည်။

တရားမဟောမီ ခေတ္တနားသည့် နေရာသို့ ရောက်ခဲ့ပြီ။ ရောက်လျှင်ရောက်ချင်း ရင်းနှီးသူဒကာ တစ်ယောက်က–

"ဟောဒီမှာ အရှင်ဘုရား (...)က အရှင်ဘုရားအလာကို စောင့်ကြိုနေပါတယ်ဘုရား" ဟု လျှောက်ထားသည်။ ထိုအခါ မိမိက ပြောသည်။

"ဗုဒ္ဓဘာသာ မဖြစ်သေးဘူးလား"

"အရှင်ဘုရားအကြွ စောင့်နေလားမသိပါဘုရား။ ခုထက်ထိ ဗုဒ္ဓဘာသာ မဖြစ်သေးပါ"

ရောက်လာလာချင်း လျှောက်ထားသူ ဒကာကပင် လျှောက်သည်။ သို့နှင့် မိမိက မေးသည်။

"ဘယ့်နှယ်လဲ၊ (...)ကတိတည်ရဲ့လား"

"မှန်ပါ၊ အရှင်ဘုရားတောင်မှ ကတိတည်လို့ ကြွလာမှ တပည့်တော်လည်း ကတိတည်ရမှာပေါ့ဘုရား"

"ဟော...ဟော...ဘုန်းကြီးရှေ့ကျတော့ တစ်မျိုးဖြစ်သွားပြီ၊ ကျွန်တော်တို့ ပြောတုန်းကတော့ ဘာလိုလိုနဲ့"

ဘေးမှ ဒကာတစ်ယောက်က ပြောလိုက်ခြင်းဖြစ်၏။

"ကတိထားတာက နင်တို့နဲ့ ထားတာမှ မဟုတ်တာဘဲ၊

http://www.dhammadownload.com



ဘာလိုလိုပေါ့၊ ခုတော့ ဘုန်းကြီးရှေ့ရောက်တော့ ထားခဲ့တဲ့ကတိ အတိုင်းပေါ့ ဟုတ်လား"

"ဒီလိုဆို ဘယ်ဆိုးမလဲ"

ဘေးမှ ဒကာတစ်ယောက်က ဝင်ပြောခြင်းဖြစ်၏။

"တပည့်တော်လည်းဘုရား၊ အရှင်ဘုရားနဲ့ ဘယ်လိုရေစက် ပါလဲမသိပါဘုရား၊ အရင်က ဒီလိုစိတ် မပေါက်ပါဘူး၊ ယခု အရှင်ဘုရားနဲ့တွေ့ကာမှ ဒီလိုစိတ်ပေါက်ပါတယ်၊ ဒီလိုစိတ်ပေါက် ပေမယ့် သူတို့က တပည့်တော်ကို အရှင်ဘုရား မကြွခင် ဗုဒ္ဓဘာသာထဲဝင်ဖို့ ပြောပါတယ်၊ တပည့်တော် မဝင်ပါဘူးဘုရား"

"အင်း..."

"တပည့်တော် ပြောလိုက်တုန်းက ဘုန်းကြီးပင့်ရရင် ပြီးရော ဆိုပြီး ပြောလိုက်ပါတယ် ဘုရား၊ ပါးစပ်က ရည်ရွယ်ချက်မရှိဘဲနဲ့ ထွက်သွားပါတယ်ဘုရား"

"အင်း..."

"ခုတော့လည်း ဘယ်လိုဘယ်လို အကြောင်းတွေစုံလာလဲ မလျှောက်တတ်ပါဘုရား၊ ဗုဒ္ဓဘာသာထဲဝင်ရင် တပည့်တော်ပါမက မိသားတစ်စုလုံး ဝင်မှာပါဘုရား"

"အင်း..."

"မနှစ်က အရှင်ဘုရားကို လျှောက်ထားစဉ်က တပည့်တော် တစ်ယောက်တည်းပါဘုရား၊ ခုတော့ ကလေးတွေကပါ အားတက် သရောပါ ဘုရား"

"အင်း..."

http://www.dhammadownload.com



"ကလေးတွေကလည်း အရှင်ဘုရားကို ကြည်ညိုကြပါတယ် ဘုရား၊ သူတို့သာ မပါရင်လည်း တပည့်တော်တစ်ယောက်တည်း ဆိုရင် သူတို့နဲ့ ဆန့်ကျင်ဘက် ဖြစ်နေဦးမှာ၊ ခုတော့ သူတို့ပါ ပါလာတော့ အားလုံး အဆင်ပြေပါတယ်ဘုရား"

"နို့...ဘယ်လိုလဲ၊ ဗုဒ္ဓဘာသာထဲဝင်ကြောင်း ဘယ်လိုအသိ အမှတ် ပြုလုပ်မလဲ"

"အဲဒါ အရှင်ဘုရားသဘောကျသာ စီမံပါဘုရား၊ တပည့် တော် နာခံပါ့မယ်"

"အင်း(...)တာဝန်ခံစဉ်က တရားပွဲပင့်မှုနဲ့ ပတ်သက်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ဒီနေ့ည တရားပွဲထဲမှာ ကြေညာရရင် မကောင်း ဘူးလား"

"ကောင်းပါတယ် ဘုရား"

"(...)ကြေညာမလား၊ ဦးပဥ္စင်းကြေညာပေးရမလား"

"အရှင်ဘုရားပဲ ကြေညာပေးပါဘုရား"

"(...)များ ဘုန်းကြီးနဲ့တွေ့တော့ ချောလို့ ဘာမှ အဖုအထစ် မရှိဘူး၊ ကျွန်တော်တို့ပြောတော့ဖြင့် ဟိုလိုလို ဒီလိုလိုနဲ့"

ဘေးမှ (...)နဲ့ ရင်းနှီးသူ ဒကာတစ်ယောက်က ဝင်ပြော ခြင်းဖြစ်၏။

"ဟုတ်ပါတယ်ဘုရား၊ သူတို့ တပည့်တော်ကို ပြောနေတာ

http://www.dhammadownload.com



ကြာပါပြီ၊ ဘုန်းကြီးမကြွခင် ဗုဒ္ဓဘာသာထဲဝင်၊ ဘုရားစင်တင်နဲ့ ခဏခဏပဲ”

“အင်း...”

“တကယ်တော့ ဘာသာတစ်ခုကနေ ဘာသာတစ်ခု ပြောင်းရတာ မလွယ်ပါဘူးဘုရား။ ကိုယ်ငယ်ငယ်ကလေးကအရိုးစွဲလာတဲ့ အယူဝါဒ စွန့်ရမှာလည်း တစ်ခက်၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်း စွန့်ရမှာလည်း တစ်ခက်စသည်ဖြင့် အခက်အခဲတွေ ကျော်ရမှ ပြောင်းနိုင်ပါတယ်ဘုရား”

“အင်း...”

“အခု အရှင်ဘုရားနဲ့ တွေ့တော့ အဲဒီအခက်အခဲတွေဟာ ဘယ်လိုဘယ်လို အလွယ်တကူ အဆင်သင့်ဖြစ်အောင် အဆင်ပြေကုန်လဲ မသိပါဘုရား။ အားလုံးချောချောမွေ့မွေ့ပါပဲ”

“ကဲ...ကဲ...တရားပွဲစစချင်း ဦးပဥ္စင်းကြေညာမယ်နော်”

“မှန်ပါ၊ ကြေညာပါဘုရား”

တရားပွဲကြီး စ,လေပြီ။ လူတွေမှာ မစည်သဖူး ထူးကဲစွာ စည်ကားလှ၏။ အမှောင်ထဲမှာသာ တရားနာခဲ့ရသော (...)နှင့် မိသားစုသည် ပလ္လင်ရှေ့မှောက် အလင်းရောင်အောက်သို့ ရောက်ရှိနေပြီ။

သီလပေးပြီးသော် ဘုရားရှိခိုးသည်။ ဘုရားရှိခိုးပြီးသော် တရားနိဒါန်းပျိုးသည်။

“ဒီကနေ့ ဦးပဥ္စင်းဟောမယ့် တရားတော်က **‘ဥဒယဘဒ္ဒဇာတ်’** တဲ့၊ ဘာဖြစ်လို့ ဒီဇာတ်ကို ဟောရလဲ

http://www.dhammadownload.com



ဆိုတော့ ကတိနဲ့စပ်နေလို့ပါ၊ ဒီဇာတ်မှာ ကတိအကြောင်း ပါပါတယ်၊ ဟောတဲ့အခါ နာရပါလိမ့်မယ်။

"ဦးပဥ္ဇင်း ဒီတရားပွဲကြွခြင်းဟာလည်း ကတိနဲ့စပ်နေပါတယ်၊ ဒီအကြောင်း ပရိသတ်လည်း သိပြီးသားပါ၊ မနှစ်က ဦးပဥ္ဇင်းကို ဒီတရားတစ်ပွဲလုံး ဝိုင်းပင့်ပါတယ်၊ ဦးပဥ္ဇင်း လက်မခံပါဘူး။

"(...)က **အရှင်ဘုရားကြွရင် ဗုဒ္ဓဘာသာထဲဝင်ပါ့မယ်** ဆိုလို့ ကြွခြင်းပါ၊ ဒီတော့ ဦးပဥ္ဇင်း ကြွခြင်းဟာ ကတိနဲ့စပ် နေပါတယ်၊ (...)ပင့်လို့ ကြွပါတယ်။

"ဒီရောက်တော့လည်းဦးပဥ္ဇင်းဘာသာဦးပဥ္ဇင်းစိတ်ချမ်းသာမယ် ထင်တဲ့နေရာကို သွားပြီး တည်းခိုပါတယ်၊ ဘယ်သူကမှ ပင့်သွားတာ မဟုတ်ပါဘူး။

"အားလုံးဝမ်းသာရမှာက (...)ဟာ ထားခဲ့တဲ့ ကတိအတိုင်း ဗုဒ္ဓဘာသာထဲ ဝင်ပါပြီ၊ ဗုဒ္ဓဘာသာထဲ ဝင်ကြောင်း (...)ရဲ့ ကိုယ်စား ဦးပဥ္ဇင်းက ကြေညာပါသည်။ အားလုံး သာဓုခေါ်ကြပါ"

"သာဓု...သာဓု...သာဓု..."

ပရိသတ်သည်မှာ တစ်ခဲနက်မျှ ကောင်းချီးနမော် သာဓုခေါ်ကြပါသည်။ မိမိလည်း စိတ်ပါလက်ပါ တရားကို ဆက်လက်ဟော၍ နှစ်ညမြောက် ပြီးသွားပါပြီ။

သုံးရက်မြောက်နေ့လယ်တွင် (...)အိမ်မှ ပင့်သဖြင့် သွားရောက်ကာ–

http://www.dhammadownload.com



**အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။**
**အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံသရဏံ ဂစ္ဆာမိ။**
**အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံသရဏံ ဂစ္ဆာမိ။**

ဟု သရဏဂုံ ဆောက်တည်စေကာ ငါးပါးသီလ ပေးပြီးသော် **"ဗုဒ္ဓသာသနာ"**အကြောင်းကို အကျဉ်းချုပ်၍ တစ်နာရီတိတိ ဟောပေးခဲ့သည်။ သူတို့လည်းကက်ဆက်နှင့်အသံဖမ်းထားသည်။ အားလုံး ပရိသတ်လည်းဝမ်းသာရွှင်ပျရှိကြသည်။

သုံးညမြောက် တရားပွဲစရန် အချိန်နီးချေပြီ။ အမှူးဆောင် ခြေရှုပ်နေသည်။ မိမိမူ ဘာရယ်လို့မသိ။ အမှုလည်းမထား။ ဂရုလည်းမစိုက်ပေ။

တရားဟောရန် အချိန်တန်၍ မိမိပလ္လင်ပေါ်သို့ရောက်သော် အမှူးဆောင်အဖွဲ့မှ ဒကာတစ်ယောက်က မိမိရှေ့ ပရိသတ်ရှေ့တွင် စာရွက်ကြီးနှင့် ဖတ်ပြပါတော့သည်။

"လျှောက်ထားပါသည် တေဒဂ် အရှင်ပညာဇောတ ဆရာတော်ဘုရား–

"တပည့်တော်များ အဖွဲ့သည် သာသနာရေးကို ဆောင်ရွက်လာရာ ဒီနှစ်ဆိုလျှင် (၂၃)နှစ်ရှိပါပြီဘုရား။

"တပည့်တော်များ အဖွဲ့သည် ဂိုဏ်းဂဏမရွေး ပုဂ္ဂိုလ်မရွေး အားလုံး တစိတ်တစ်ဝမ်းတည်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည် ဘုရား။

"ထိုသို့ဆောင်ရွက်ခဲ့ပါရက်ကနဲ့ တပည့်တော်တို့ အဖွဲ့ပင့်လို့ကြွတာမဟုတ် (...)ပင့်လို့ကြွတာဆိုတော့ တပည့်

http://www.dhammadownload.com



တော်တို့ ဝမ်းနည်းမဆုံး ဖြစ်ရပါတယ် ဘုရား”

...စသည်ဖြင့် မိမိ သူတို့အဖွဲ့ကပြင်ထားသည့်နေရာမှာ မတည်း ခိုတာတွေပါ များစွာပါတော့သည်။ ပရိသတ်မှာ မျက်နှာမကောင်း ကြ၊ စိတ်မကောင်းကြပါ။

မိမိမှ စိတ်အေးလက်အေးနှင့် အစအဆုံး သေသေချာချာ နားထောင်နေသည်။ ပြီးသော် ရှင်းလင်းနေက တရားဟောနိုင် တော့မည် မဟုတ်၍ ကန်တော့ခိုင်းပြီး စိတ်အေးလက်အေးနဲ့ပင် တရားဟောပေးလိုက်သည်။

ပြီးသော် စိတ်အေးလက်အေးနှင့်ပင် တည်းခိုရာသို့ ပြန်လာပြီး အိပ်ကာ နောက်နေ့ ရထားနှင့် ပြန်လာပါတော့သတည်း။

- တရားနာက အကျိုးရ မရအပြစ်ဖြစ်တတ်သည်။
- ဝမ်းသာရမှာ ဝမ်းမသာ များစွာအပြစ်ဖြစ်တတ်သည်။
- အပြစ်ဖြစ်က ကိုယ်ဒုက္ခ ဒုက္ခစိတ်မှာရောက်တော့သည်။

http://www.dhammadownload.com



# နိဗ္ဗာန်မှာ ရှုပ်ထွေးနာမ်ထွေးရှိတယ်ဆို ဘုရား

{၂}

နွေရာသီ၏ နေ့တစ်နေ့ဖြစ်သည်။

နေကား ပူပြင်းလှ၏။ မိမိသည် ကျောင်းငယ်ကလေး တစ်ကျောင်းတွင် တစ်ပါးတည်း ချွေးတလုံးလုံးနှင့် နေပူဒဏ်ကို မချိမဆန့် ခံစားနေရသည်။ ထိုစဉ် မိမိနှင့် ရင်းနှီးသော ဒကာ တစ်ယောက် ရောက်လာသည်။ ရှိခိုးပြီး ဟိုပြော ဒီပြော ပြောရင်း နှင့် လျှောက်သည်။

"ဦးပဉ္ဇင်း **'နိဗ္ဗာန်မှာ ရှုပ်ထွေးနာမ်ထွေးရှိတယ်ဆို'** ဘုရား"

"ဘယ်သူကပြောလဲ"

"ရွာထဲက လူကြီးတွေ ပြောတာပဲဘုရား"

"ကြဲကြဲဖန်ဖန် ပြောတယ်"

"သူတို့အချင်းချင်း ငြင်းနေကြတယ်ဘုရား"

http://www.dhammadownload.com



"ပြင်းတော့ ရုပ်ထူးနာမ်ထူးရှိတဲ့ဘက်က စာတတ်ပေတတ်တွေဘုရား"

"အဲဒါမှခက်တာ"

"ခက်တာပေါ့ဘုရား။ သူတို့က ဒီလိုပြောနေတော့ တပည့်တော်တို့က ဘယ့်နှယ်လုပ်မလဲ ဘုရား"

"အေး...သူတို့ကလည်းဘာဖြစ်လို့ တွေ့ကရာတွေကို လျှောက်ပြောနေရလဲ မသိဘူး"

"အဲဒါနဲ့ တပည့်တော်လည်း သူတို့ကို 'ခင်ဗျားတို့ နေဦး၊ ကျွန်တော် ဦးပဉ္ဇင်းကို လျှောက်ကြည့်ဦးမယ်' လို့ ပြောထားတယ်"

"အင်း..."

"အဲဒါ အခု ဦးပဉ္ဇင်းကို လျှောက်ကြည့်တာပဲ ဘုရား"

"အင်း...ဒကာကြီးအမေးကို အနီးစခန်းဆရာတော် တရားထဲကလို ဖြေမှပဲ"

"ဘယ်လိုပါလဲ ဘုရား"

"စစ်ကိုင်းမှာ ဝတ်ချက်ရွာဆိုတဲ့ ရွာတစ်ရွာရှိတယ်"

"မှန်ပါဘုရား"

"အဲဒီမှာ သီတင်းသုံးနေတဲ့ ဆရာတော်က လောကီ လောကုတ္တရာ စွယ်စုံတတ်တဲ့ ဆရာတော်ပေါ့၊ ဝတ်ချက်မင်းကျောင်း ဆရာတော်တဲ့"

"မှန်ပါဘုရား"

"အဲဒီဆရာတော်ထံသို့ တစ်ခါက ရှမ်းကုန်သည်တွေ လာ

http://www.dhammadownload.com



တယ်တဲ့"

"မှန်ပါဘုရား"

"အဲဒီလိုလာတဲ့အခါ ဆရာတော်က 'ဒကာတို့ ဘယ်ကလဲ ဘာကိစ္စလာလဲ' လို့ မေးတယ်တဲ့"

"မှန်ပါဘုရား"

"ဒီတော့ရှမ်းကုန်သည်တွေက'တပည့်တော်တို့ ရှမ်းပြည်ကပါဘုရား၊ ကုန်ရောင်းကုန်ဝယ်ရင်း၊ ဘုရားလည်းဖူးရင်း၊ အရှင်ဘုရားလည်းဖူးရင်း၊ ပုစ္ဆာလည်းမေးချင်လို့ပါဘုရား' လို့လျှောက်တယ်တဲ့"

"မှန်ပါဘုရား"

"ဒီတော့ ဆရာတော်က "ဘာပုစ္ဆာလျှောက်မလို့လဲ' မေးတယ်တဲ့"

"မှန်ပါဘုရား"

"မေးတော့ ရှမ်းကုန်သည်တွေက **'နိဗ္ဗာန်အကြောင်းပါဘုရား'** လို့ လျှောက်တယ်တဲ့"

"မှန်ပါဘုရား"

"လျှောက်တော့ ဆရာတော်က 'ဒကာတို့ အဲဒီ နိဗ္ဗာန် အကြောင်း ဘယ်ဆရာတော်များ မေးလျှောက်ဖူးပြီလဲ' လို့ မေးတယ်တဲ့"

"မှန်ပါဘုရား"

"မေးတော့ ရှမ်းကုန်သည်တွေက 'တပည့်တော်တို့ မန္တလေးမြို့က တံဆိပ်ရ မရ ဆရာတော်တွေကို မေးလျှောက်ဖူးပါတယ်ဘုရား' လို့ ဖြေတယ်တဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဒီတော့ ဆရာတော်က 'အေး...မေးတော့ ဆရာတော်တွေက ဖြေလိုက်ရဲ့လား' လို့ မေးတယ်တဲ့"

"မှန်ပါဘုရား"

"ဒီတော့ ရှမ်းကုန်သည်တွေက 'မှန်ပါ ဖြေလိုက်ပါတယ်ဘုရား' လို့ လျှောက်တယ်တဲ့"

"မှန်ပါဘုရား"

"လျှောက်တော့ ဆရာတော်က 'အေး...ဖြေလိုက်တော့ အဖြေကို ကျေနပ်ရဲ့လား' လို့ မေးတယ်တဲ့"

"မှန်ပါဘုရား"

"မေးတော့ ဒကာတွေက 'မကျေနပ်ပါ ဘုရား' လို့ ဖြေတယ်တဲ့"

"မှန်ပါဘုရား"

"ဒီတော့ ဆရာတော်က 'အေး...လေးပြင် လေးရပ်ရှိ မန္တလေးက တံဆိပ်ရ မရဆရာတော်တွေဖြေတဲ့ နိဗ္ဗာန်အကြောင်း သဘောမကျသလို ငါဖြေတဲ့အဖြေလည်း မင်းတို့ သဘောကျမှာ မဟုတ်ဘူး' တဲ့"

"မှန်ပါဘုရား"

"ဒီတော့ မင်းတို့နဲ့ငါနဲ့ ဒီလိုလုပ်ကြစို့၊ မင်းတို့လည်း တရားအားထုတ်၊ ငါလည်း တရားအားထုတ်မယ်၊ မင်းတို့လည်း နိဗ္ဗာန်ရ၊ ငါလည်း နိဗ္ဗာန်ရတော့မှ ဒို့တတွေ နိဗ္ဗာန်အကြောင်း ဆုံရှင်းကြသေးတာပေါ့' တဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ခုလည်း အဲဒီလို ဖြေဖို့ပဲရှိတာပဲ၊ အတိအကျဆိုတာ ကိုယ်မှ နိဗ္ဗာန် မရောက်သေးဘဲနဲ့ ဘယ်ဖြေနိုင်မှာလဲ"

"မှန်ပါဘုရား"

"ဦးပဥ္စင်းကို ဦးပဥ္စင်းတို့ ဆရာတော် အမိန့်ရှိထားတာ ရှိတယ်"

"ဘာပါလဲ ဘုရား"

"အေး...ပညာဇောတ၊ မင်းစာတွေရေးတာ ကောင်းပါ တယ်ကွ၊ ဒါပေမယ့် မင်း...နိဗ္ဗာန်အကြောင်းတော့ မရေးနဲ့ဦး ကွယ့်' တဲ့"

"မှန်ပါဘုရား"

"အဲဒါ ဒကာကြီး ယခုလာမေးတော့ ဖြေရမှာတောင် ခက်ခက်ပဲ"

"မခက်ပါနဲ့ ဘုရား၊ ကျမ်းဂန်အတိုင်းသာ ရှင်းပြပါဘုရား"

"ကျမ်းဂန်အတိုင်း ရှင်းပြရရင် ဟို...ဥပသမာနုဿတိ သဘော ရှင်းပြရင် နိဗ္ဗာန်သဘောပေါက်မယ်နော်"

"ရှင်းပါဘုရား"

"နိဗ္ဗာန်ရဲ့ ချမ်းသာ အေးမြတဲ့ သန္တိသုခရှိပုံကို အဖန်ဖန် အောက်မေ့ခြင်းဟာ ဥပသမာနုဿတိတဲ့နော်"

"မှန်ပါဘုရား"

"နိဗ္ဗာန်ချမ်းသာဆိုတာ အေးမြငြိမ်သက်တဲ့ ချမ်းသာနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"တချို့က နိဗ္ဗာန်တရားကို ရုပ်ဝိသေသ၊ နာမ်ဝိသေသ၊ ရုပ်ထူးနာမ်ထူးလို့ ဆိုတယ်၊ မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ရုပ်နာမ်ပါဆိုမှ ဖြစ်ပျက်ချည်းပေါ့။ မဖြစ်မပျက်တဲ့ ရုပ်ထူးနာမ်ထူးရယ်လို့ ဘယ်ရှိမလဲ။ ဖြစ်ပျက်နေလည်း ဘယ်မှာချမ်းသာမလဲ။ မချမ်းသာလဲ ဘယ်မှာနိဗ္ဗာန် ဟုတ်မလဲ"

"မှန်ပါဘုရား"

"တချို့ကလည်း ခန္ဓာကိုယ်တွင်းမှာ အနှစ်အမဲတေအလားမြဲခိုင်တဲ့ တရားရှိတယ်။ ရုပ်နာမ်တရားများ ချုပ်ပျောက်တဲ့အခါ အဲဒီအနှစ်အမဲတေသာ အဖတ်တင်ရစ်တယ်၊ အဲဒီလို အနှစ်အမဲတေ အဖြစ်နဲ့ တည်နေရခြင်းသည်ပင် နိဗ္ဗာန်လို့ ဆိုတယ် မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ခန္ဓာကိုယ်တွင်မှာ အနှစ်အမဲတေအလား မြဲခိုင်တဲ့ တရားရယ်လို့ ဘာတစ်ခုမှ မရှိဘူးလို့ မှတ်ထား"

"မှန်ပါဘုရား"

"တချို့ကလည်း '**နိဗ္ဗာန်မှာ ရုပ်နာမ် မရှိလို့ ခံစားခွင့်မရရင် အဘယ်မှာ ချမ်းသာပါအံ့နည်း**' လို့ ဆိုကြတယ်၊ သူတို့က ရုပ်နာမ်ရှိပြီး ခံစားခွင့်ရမှ ချမ်းသာတယ်ထင်နေကြတယ်နော်"

"မှန်ပါဘုရား"

"အမှန်ကတော့ တစ်စုံတစ်ခုသော အာရုံရဲ့ အကြောင်းကို အဲဒီအာရုံ ရရှိဖူးသူသာလျှင် ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ရိုးရှိသလို၊

http://www.dhammadownload.com



နိဗ္ဗာန်ရဲ့ အကြောင်းကိုလည်း နိဗ္ဗာန်ရပြီးတဲ့ အရိယာတို့သာ ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်မှာပေါ့နော်”

“မှန်ပါဘုရား”

“ဦးပဉ္ဇင်းတို့က အရိယာမဟုတ်တော့ ကျမ်းဂန်အရ ရှင်းပြရမှာပေါ့နော်”

“မှန်ပါ၊ ရှင်းပါဘုရား”

“စိတ် စေတသိက် ရုပ်နိဗ္ဗာန်ရယ်လို့ ပရမတ္ထတရား လေးပါး ရှိတယ် မဟုတ်လား”

“မှန်ပါ ရှိပါတယ်ဘုရား”

“အဲဒီလေးပါးမှာ နိဗ္ဗာန်ဆိုတာ စိတ် စေတသိက် ရုပ်ပရမတ် တို့မှ သီးခြားဖြစ်တဲ့ ပရမတ်တရားတစ်ခုနော်”

“မှန်ပါဘုရား”

“အဲဒါကြောင့် ရုပ်နာမ် သင်္ခါရတွေနဲ့ လုံးဝ ဆက်သွယ် ခြင်း မရှိဘူးလို့ မှတ်ထားနော်”

“မှန်ပါဘုရား”

“ရုပ်နာမ် သင်္ခါရတွေနဲ့ ဆက်သွယ်ခြင်းမရှိတော့ ရုပ်ထူး နာမ်ထူး ဟုတ်နိုင်ပါ့မလား”

“မဟုတ်နိုင်ပါဘုရား”

“အဇ္ဈတ္တ–အတွင်း, ဗဟိဒ္ဓ–အပြင်, နှစ်မျိုးတို့တွင် ‘**ဗဟိဒ္ဓါ ဓမ္မာ**’ ဆိုတဲ့ မာတိကာပုဒ်အရတွင် ပါဝင်နေတဲ့ ဗဟိဒ္ဓတရား ဖြစ်လို့ ခန္ဓာကိုယ်တွင်းမှာ အနှစ်အမတေအဖြစ်နဲ့ တည်ရှိတဲ့ ဓာတ်တစ်မျိုးလဲည်း ဟုတ်နိုင်ပါ့မလား”

http://www.dhammadownload.com



"မဟုတ်နိုင်ပါဘုရား"

"နိဗ္ဗာန်ဟာပုဂ္ဂိုလ်,သတ္တဝါကဲ့သို့ ခံစားတတ်တဲ့တရားလည်း မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ရူပ, သဒ္ဒ စသည့်အာရုံ ကာမဂုဏ်ကဲ့သို့ ခံစားအပ်သော တရားလည်း မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ဒီတော့ နိဗ္ဗာန်မှာ ခံစားမှုဆိုတဲ့ ဝေဒယိတသုခ မရှိသည်မှာ အမှန်ပဲနော်"

"မှန်ပါဘုရား"

"ယခု လူတွေက ဒီဝေဒယိတသုခကိုပဲ သိနေတော့ ဒီချမ်းသာမရှိရင် မချမ်းသာဘူး ပြောနေတာပဲနော်"

"မှန်ပါဘုရား"

"ဒီတော့ ဒီနေရာမှာ ချမ်းသာနှစ်မျိုး မှတ်ထား၊ ဘာတဲ့လဲ–

၁။ ဝေဒယိတသုခ

၂။ သန္တိသုခ

တဲ့၊ ချမ်းသာနှစ်မျိုးရှိတယ်၊ အဲဒီနှစ်မျိုးမှာ ဝေဒယိတသုခထက် အဆပေါင်းများစွာ သာလွန်တဲ့ အေးမြငြိမ်းချမ်းတဲ့ '**သန္တိသုခ**' ဆိုတာ နိဗ္ဗာန်ချမ်းသာပဲနော်"

"မှန်ပါဘုရား"

"ခံစားမှုဆိုတဲ့ ဝေဒယိတသုခဟာ ခံစားလို့ ကုန်ကုန်သွားတဲ့ အတွက် အသစ်အသစ်ရအောင် မရှာဖွေရ၊ မထူထောင်ရဘူးလား"

http://www.dhammadownload.com



"ရှာဖွေရ ထူထောင်ရပါတယ် ဘုရား"

"အဲဒီလို အသစ်အသစ်ရအောင် ရှာဖွေရ၊ ထူထောင်ရတဲ့ ဆင်းရဲဒုက္ခဟာ ခံစားရတဲ့ ချမ်းသာသုခနဲ့ ဘယ်ဟာက များလဲ"

"ရှာဖွေထူထောင်ရတဲ့ ဒုက္ခကများပါတယ် ဘုရား"

"ဘယ်လောက်များလဲ"

"အဆမတန်များပါတယ်ဘုရား"

"ခံစားရတဲ့ ချမ်းသာသုခက မိနစ်ပိုင်းလေးရယ်နော်"

"မှန်ပါဘုရား"

"အဲဒီလို အဆမတန် များပြားတဲ့ ဆင်းရဲဒုက္ခတွေနဲ့ ရှာဖွေထူထောင်ပြီးတဲ့နောက် ပေါ်ပေါက်ရရှိတဲ့ ချမ်းသာသုခကလေးနဲ့ တင်းမတိမ်နိုင်ကြပြန်ဘူးနော်"

"မှန်ပါဘုရား"

"အဲဒီလို တင်းမတိမ်နိုင်တဲ့အတွက် အပိုအမို အကြွေးယူကာ မတရားခံစားမှုအတွက် အပါယ်သွားပြီး ချမ်းသာသုခအကြွေးတွေကို အတိုးနဲ့တကွ ဆင်းရဲဒုက္ခနဲ့ မဆပ်ကြရဘူးလား"

"ဆပ်ကြရပါတယ် ဘုရား"

"ဝမ်းနည်းစရာ၊ ကြောက်စရာကြီးနော်"

"မှန်ပါ ဘုရား"

"အဲဒီလို ခံစားမှု **ဝေဒယိတသုခ** နှင့် မရောတဲ့ **သန္တိသုခ** သဘောဟာ ရုပ်နာမ်သင်္ခါရတွေ ချုပ်ငြိမ်းတဲ့အတွက် အေးမြငြိမ်းချမ်းတဲ့ သဘောပဲနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဥပမာနဲ့ ထင်ရှားအောင်ပြရရင် လောကီအာရုံ ကာမဂုဏ်တွေနဲ့ ပြည့်စုံလှတဲ့ သူဌေးတစ်ယောက် ရှိတယ်ဆိုပါစို့နော်"

"မှန်ပါဘုရား"

"အဲဒီသူဌေးဟာ တစ်နေ့ အားရပါးရ အိပ်ပျော်နေတယ် ဆိုပါစို့နော်"

"မှန်ပါဘုရား"

"အဲဒီအချိန်မှာ အစေခံတွေက လောကီအာရုံ ကာမဂုဏ်များ ပြင်ဆင်ပြီး သူဌေးကို နှိုးတဲ့အခါ '**အအိပ်ဖျက်ရမလား**'လို့ မကြိမ်းဝါး မမောင်းမဲဘူးလား"

"ကြိမ်းဝါး မောင်းမဲပါမယ် ဘုရား"

"အဲဒီသူဌေး အိပ်နေစဉ် ခံစားမှု အထင်အရှားရှိရဲ့လား"

"မရှိပါဘုရား"

"အေး...ခံစားမှု အထင်အရှားမရှိပါဘဲနဲ့ ငြိမ်းချမ်းစွာ အိပ်နေရမှုကိုပဲ ခံစားမှုချမ်းသာသုခတွေထက် မနှစ်သက်ဘူးလား"

"နှစ်သက်ပါတယ်ဘုရား"

"တချို့များ မစားဘဲတောင် မအိပ်ဘူးလား"

"အိပ်ပါတယ် ဘုရား"

"အင်း...အဲဒီလို ခံစားမှုမပါတဲ့အိပ်ပျော်ခြင်းဆိုတဲ့ ချမ်းသာသုခကိုတောင်မှ 'အိပ်လို့ကောင်းလိုက်တာ' လို့ အမွှမ်းမတင်ကြဘူးလား"

"အမွှမ်းတင်ကြပါတယ်ဘုရား"

"အင်း...အဲဒါတောင် အမွှမ်းတင်ကြသေးရင် ရုပ်နာမ်

http://www.dhammadownload.com



အားလုံး ကင်းပြီးတော့ ငြိမ်းချမ်းခြင်း သန္တိသုခဟာ ဘယ်မျှ လောက် မွန်မြတ်မလဲဆိုတာ မှန်းဆသာ ကြည့်ပေတော့နော်"

"မှန်ပါဘုရား"

"ဆက်ပြောရရင် အနာဂါမ်, ရဟန္တာ အရှင်မြတ်တို့ဟာ ဒီရုပ်နာမ်ခန္ဓာကြီးကို လေးလံလှတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကဲ့သို့ မှတ် ထင်တော် မူကြတယ်နော်"

"မှန်လှပါ ဘုရား"

"အဲဒီလိုမှတ်ထင်တော်မူကြတဲ့အတွက် ရုပ်–နာမ်ခန္ဓာမှ ကင်း နိုင်သမျှကင်းအောင်နိရောဓသမာပတ်ဝင်စားတော်မူကြတာနော်"

"မှန်ပါဘုရား"

"အဲဒီနိရောဓသမာပတ် ဝင်စားနေတဲ့အတွင်းမှာ ခံစားမှု လုံးဝမရှိဘူး၊ စိတ် စေတသိက် ဆိုတဲ့ နာမ်တရားနဲ့ အချို့ရုပ် တွေ အသစ်မဖြစ်ဘဲ ရပ်စဲနေတယ်တဲ့နော်"

"မှန်လှပါဘုရား"

"အဲဒီလို ရုပ်နာမ်အချို့တို့ ချုပ်ငြိမ်းနေခြင်းကိုပဲ အင်မတန် ချမ်းသာတဲ့ သုခကြီးလို့ သဘောရလို့ နိရောဓသမာပတ် ဝင်စား တော်မူကြတာပေါ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ အသညသတ်ပြဟ္မာ, အရူပပြဟ္မာတို့ရဲ့ အဖြစ် သနစ်ကို စဉ်းစားပြန်ရင်လည်း သန္တိသုခရဲ့ အေးမြ ငြိမ်းချမ်းပုံဟာ ထင်ရှားပြန်တယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အသညသတ် ဗြဟ္မာတွေမှာဆိုရင် နာမ်တရား မရှိဘူး၊ နာမ်တရားမရှိတော့ ခံစားမှုရှိဦးမလား"

"ခံစားမှုမရှိတော့ပါဘုရား"

"အင်း...ခံစားမှုမရှိဘဲ ကမ္ဘာငါးရာခန့်မျှ နာမ်တရားတွေမှ အေးမြငြိမ်းချမ်းပြီးတော့ နေရတယ်နော်"

"မှန်ပါဘုရား"

"နောက် အရူပဗြဟ္မာတွေမှာဆိုရင် ရုပ်တရားတို့မှ အေးမြငြိမ်းချမ်းပြီးတော့ နေတယ်တဲ့နော်"

"မှန်ပါဘုရား"

"အထက်ဆုံး အရူပဗြဟ္မာ့သန္တာန်မှာ ဖြစ်ခွင့်ရှိနေတဲ့ နာမ်တရားတွေဟာ အလွန်တရာ နည်းပါးသွားပြီနော်"

"မှန်ပါဘုရား"

"ရဟန္တာဖြစ်ရင် မနောဒွါရာဝဇ္ဇန်းတစ်, မဟာကြိယာရှစ်ခု, နေဝသညာ နာသညာယတနဝိပါက်တစ်, ကြိယာတစ်, အရဟတ္တဖိုလ်စိတ် တစ်လို့ ယှဉ်ဘက်စေတသိက်တွေနဲ့တကွ စိတ်ပေါင်း (၁၂)သာ ဖြစ်ခွင့်ရှိတော့တယ်တဲ့နော်"

"မှန်ပါဘုရား"

အဲဒီစိတ် (၁၂)ကလည်း တစ်ခုစီသာဖြစ်နေတော့ အဲဒီရဟန္တာ ဗြဟ္မာကြီးတွေမှာ အဲဒီစိတ်ကလေးတစ်ခု နောက်ထပ်မဖြစ်ရင် ရုပ်နာမ်အားလုံး ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရတယ်နော်"

"မှန်ပါဘုရား"

"အဲဒီလို ရုပ်သိမ်းတဲ့အခါ သန္တိသုခခေါ်တဲ့ နိဗ္ဗာနဓာတ်

http://www.dhammadownload.com



တရားဟာ မုချဆတ်ဆတ် ထင်ရှားတော့မှာပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီ သန္တိသုခ နိဗ္ဗာန်ဓာတ်ကြီးဟာ အများဆိုင်ဘုံတရား လို တစ်ပါးတည်းမဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ကိုယ့်နိဗ္ဗာန်နဲ့ကိုယ် အသီးသီးရှိကြတယ်လို့ မှတ်ထားနော်"

"မှန်ပါဘုရား"

"အဲဒါကြောင့် အရိယာ အရှင်မြတ်တို့ဟာ ခန္ဓာကိုယ်အထည် ဒြပ် ထင်ရှားရှိစဉ် မိမိတို့ နိဗ္ဗာန်ကို မိမိတို့အာရုံပြုပြီး ဖလသမာ ပတ် ဝင်စားတော်မူကြတယ်နော်"

"မှန်ပါဘုရား"

"အဲဒီဖလသမာပတ်ဝင်စားတဲ့အခိုက်မှာနိဗ္ဗာန်ကိုအာရုံမှန်းပြီး စိတ်တန်း၍နေခြင်းဟာပင် အင်မတန် ချမ်းသာကြတယ်တဲ့နော်"

"မှန်ပါဘုရား"

"ရှေးက နိဗ္ဗာန်ဝင်စံသွားကြတဲ့ ထေရာ, ထေရီ အလီလီ တို့ဟာ ရွှေပြည်နိဗ္ဗာန် ဝင်စံကာနီးမှာ ဥဒါန်းကျူးကာ ကျူးကာနဲ့ ရုပ်နာမ် ခန္ဓာတွေကို အားရပါးရ စွန့်ပစ်ခဲ့ကြတာဟာ ရုပ်နာမ်ကို အမြတ်တနိုး ခင်မင်နေကြတဲ့ ဒကာကြီးတို့လို ဦးပဥ္စင်းတို့လို ပုထုဇဉ်တွေအတွက် ရှက်ဖွယ်မကောင်းဘူးလား"

"ရှက်ဖွယ်ကောင်းပါတယ်ဘုရား"

"အဲဒါကြောင့် '**ငါတို့သားအဘတစ်စု ပြင်ထိုင်ကြဦးစို့**' လို့ ဆိုသလို သူတော်ကောင်းတွင် စာရင်းဝင်ကြတဲ့ ဒကာကြီးတို့လို

http://www.dhammadownload.com



ဦးပဥ္စင်းတို့လို ပုထုဇဉ်တစ်ယောက်ဟာ ရုပ်နာမ်သင်္ခါရ အပေါ်မှာ တစ်မျိုး ပြင်ပြီးတော့ ရှုဖို့ မကောင်းဘူးလား”

“ကောင်းပါတယ်ဘုရား”

“နိဗ္ဗာန်ရဲ့ ဥပသမ ဂုဏ်တော်ကို အာရုံမှန်းပြီး နိဗ္ဗာန် ရောက်ဖို့ လုပ်ငန်းကို ကြိုးပမ်းဖို့ မတော်ဘူးလား”

“ကြိုးပမ်းဖို့တော်ပါတယ် ဘုရား”

“ကဲ...ကြိုးစားပေတော့”

“ဦးတင်ပါတယ်ဘုရား”

“နတ်နှင့်တကွသော တစ်လောကလုံးသည် ရူပသဒ္ဒ စသည့် အာရုံ ကာမဂုဏ်တွေကို ချမ်းသာဟု သမုတ်အပ် ကုန်ပြီ၊ နိဗ္ဗာန်၌ ယင်း ရူပသဒ္ဒ စသည့် အာရုံကာမဂုဏ် တွေ ချုပ်ငြိမ်းကုန်၏။ ထိုနိဗ္ဗာန်ကို ထိုပုထုဇဉ်တို့သည် ဆင်းရဲဒုက္ခဟု သမုတ်အပ်လေ၏။

““ခန္ဓာငါးပါးအပေါင်း၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန် ချမ်းသာကို အရိယာပုဂ္ဂိုလ်တို့သည် ဉာဏ်ဖြင့် သိမြင်အပ် ပေပြီ။ ဤနိဗ္ဗာန်ကိုမြင်သည့် သူတော်ကောင်းတို့မှာ တစ် လောကလုံးနှင့် ဆန့်ကျင်ဘက်အနေ ဖြစ်ရလေတော့၏”

❀ နိဗ္ဗာန်စကား ပြောသူများ ကြိုးစားတရားရှာ။
❀ တရားရှာလျှင် နိဗ္ဗာန်ခွင် လျှင်လျှင်ဝင်မည်သာ။
❀ နိဗ္ဗာန်ရောက်က နိဗ္ဗာန သိရမှန်သေချာ။
❀ နိဗ္ဗာန်သိက, မငြင်းရ အေးမြချမ်းသာမှာ။

http://www.dhammadownload.com



# အိမ်ပြန့်ထက်ချမ်းသာတယ်

## {၃}

ဆယ်ရက်စခန်း တရားပြစဉ် တစ်ချိန်ကဖြစ်ခဲ့၏။ မိမိ၏ တရားပြရာ ဌာနသို့ လူငယ်တစ်ယောက် ရောက်လာသည်။ မျက်နှာမှာ မသာယာလှ။ မရွှင်ပျလှပေ။ ကြည့်ရသည်မှာ စက်ရုပ်ပမာ ဖြစ်နေသည်။ တစ်စုံတစ်ယောက်က တိုက်တွန်းလို့ မလာချင်ဘဲနဲ့ လာခဲ့ရဟန်ရှိ၏။ အိပ်ရာလိပ်ကလေးချကာ မိမိအား ရှိခိုးပြီး ထိုင်သည်။ သို့နှင့် မိမိသည် မေးကြည့်သည်။

"မင်း ဘယ်ကလဲ"

"တပည့်တော်က (...)က (...)၏ သားပါဘုရား"

"ဩော်...ဩော်..."

မိမိမှာ ဩော်...ဩော်ဟုသာ ဩော်ရတော့၏။ သူ့အမေမှာ မိမိရဲ့ ယောဂီဒကာမကြီး ဖြစ်၏။ ရင်းနှီး၏။ သူ့ကိုမူ မမြင်ဖူးပေ။ ခုမှ မြင်ရ သိရ၍ ဩော်...ဩော်ဟု ဩော်ရ၏။

http://www.dhammadownload.com



"နို့...မင်း ဘာကိစ္စနဲ့ လာတာလဲ"

"တရားအားထုတ်ရအောင် လာတာပါဘုရား"

"ဟင်...တရားအားထုတ်ရအောင် ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"တရားနာတာလည်း မမြင်ပါလား"

"မှန်ပါ၊ တပည့်တော် တရားပွဲလည်း မလာပါဘုရား"

မိမိမှာ ဆယ်ရက်စခန်း တရားမပြမီ တရား ငါးညမျှ ဟောသေး၏။ ယင်းတရားပွဲတွင် သူ့အား မတွေ့ရပေ၊ သို့ကြောင့် မေးခြင်းဖြစ်၏။

"နို့ တရားမနာဘဲနဲ့ ဘာစိတ်ကူးပေါက်လို့ လာပြီး တရား အားထုတ်တာလဲ"

"အမေက အတင်းတိုက်တွန်းလို့ လာခဲ့ပါတယ်ဘုရား"

"ဒီလိုဆိုတော့ မလာချင်ဘဲနဲ့ လာခဲ့တာပေါ့နော်"

"မှန်ပါဘုရား"

"မင်းအမေက ဘယ်နှစ်ရက် အားထုတ်နိုင်းလဲ"

"ဆယ်ရက်အားထုတ်နိုင်းပါတယ်ဘုရား"

"မင်းကကော အားထုတ်မှာလား"

"မှန်ပါ အားထုတ်ပါမယ်ဘုရား"

သို့နှင့် အားထုတ်ပုံ အားထုတ်နည်း အလုပ်ပေး ကြိုးခွေကို ဖွင့်ပြသည်။

"အဲဒီတရား သေသေချာချာနာနော်၊ မသိရင်မရှင်းရင်လည်း ငါ့ကိုမေးနော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

သူငယ်သည့် စူးစိုက်စွာပင် ကြိုးခွေတရားကို နာယူနေသည်၊ စိတ်ဝင်စားပုံလည်းရသည်၊ ကြိုးခွေလည်း ဆုံးသွားပြီ၊ မျက်နှာနေမျက်နှာထားလည်း ပြောင်းသွားသည်။

"ဘယ်နှယ့်လဲ၊ အားထုတ်ပုံအားထုတ်နည်း သဘောပေါက်ရဲ့လား"

"မှန်ပါ သဘောပေါက်ပါတယ်ဘုရား"

"အေး...သဘောပေါက်ရင် အားထုတ်ပေ့ါ၊ မင်းတစ်နေ့တစ်နေ့ နံနက်တစ်နာရီ, ညနေတစ်နာရီပဲ အားထုတ်၊ သုံးရက်ပဲ အားထုတ်နော်၊ သုံးရက်မှ မထူးခြားရင် မင်းပြန်နိုင်တယ်၊ မင်းအမေဘာပြောပြော ငါကပြန်လွှတ်လို့သာပြောနော်"

"မှန်ပါ့ဘုရား"

"အဲဒီသုံးရက်တော့ တစ်နေ့ နှစ်နာရီနော်။ ခုနကကြိုးခွေထဲကအတိုင်း အားထုတ်ပါ။ ယုံယုံ, မယုံယုံ စမ်းတဲ့ သဘောပေ့ါနော်"

"မှန်ပါဘုရား"

"ဒို့မြန်မာပြည်က မြန်မာတွေ အချို့ပေါ့နော်"

"မှန်ပါဘုရား"

"ကိုယ်တိုင်လည်း စူးစမ်းလေ့လာ အားထုတ်ကြည့်ခြင်းမရှိဘဲနဲ့ မယုံဘူးလေး ဘာလေးနဲ့ သူများယောင်တိုင်း ယောင်နေကြတယ်၊ ဒါကတော့ မကောင်းဘူးနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အားထုတ်ကြည့်ပေါ့၊ သုံးရက်၊ ခုနစ်ရက်၊ ဆယ်ရက် စသည်ဖြင့်ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"မထူးခြားတော့ ပြောပေါ့"

"မှန်ပါဘုရား"

"ခုတော့ အရမ်းမဲ့သက်သက် မယုံဘူးဆိုတာတော့ မိုက်လွန်း, ရမ်းလွန်းတယ်လို့ ငါကဆိုချင်တယ်၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီအထဲ မင်းလည်းပါလားမသိဘူး"

"မှန်ပါ ပါပါတယ်ဘုရား"

"အင်း...ဟုတ်ပြီ"

"တပည့်တော်က B.Sc ဘွဲ့ရဆိုတော့ သိပ္ပံသန်ပါတယ်ဘုရား"

"အေး...မင်းတို့က အပြင်ဓာတ်တွေတော့ အမျိုးမျိုးစမ်းသပ်ပြီး အထင်ကြီးနေတယ်၊ မွေးကတည်းကပါလာတဲ့ ခန္ဓာကိုယ်က ဓာတ်တွေတော့ စမ်းသပ်မကြည့်ဘူးမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...အဲဒါကြောင့် ခက်တာပေါ့၊ ကိုယ်တွင်းဓာတ် ကြည့်ပြီးမှ အပြင်ဓာတ်ကြည့်ဖို့ကောင်းတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တို့ဘုရားရှင်ဟာ ခန္ဓာကိုယ်တွင်း ဓာတ်တွေကို ကြည့်ပြီးတော့မှ အပြင်ဓာတ်တွေကြည့်တယ်၊ အတွင်း အပြင် ဓာတ်

http://www.dhammadownload.com



သဘောအားလုံးကို သဘောပေါက်တယ်၊ လောကအကြောင်း အကုန်အစင် သိသွားတယ် မဟုတ်လား"

"မှန်ပါဘုရား"

"ဘုရားဂုဏ်တော်ကိုးပါးထဲမှာ '**လောကဝိဒူဂုဏ်တော်**' ဆိုတာ လောကအကြောင်းသိတဲ့ဂုဏ်တော်ပေါ့"

"မှန်ပါဘုရား"

"မင်းတို့တစ်တွေ တို့တစ်တွေက အဲဒီဘုရားရှင်ရဲ့ ဝါဒကို လက်ခံယုံကြည်တဲ့ အသိုင်းအဝိုင်းထဲမှာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဟုတ်တော့ ကိုယ့်ဘုရားရှင်ရဲ့ ဝါဒအကြောင်းကို ဟုတ်, မဟုတ်၊ မှန်,မမှန် သိအောင် သုံးရက် ခုနစ်ရက်၊ ဆယ်ရက် လောက် စမ်းသပ်မကြည့်သင့်ဘူးလား"

"စမ်းသပ်ကြည့်သင့်ပါတယ်ဘုရား"

"ကဲ...ဒါဖြင့် သွားပြီးတော့၊ ခုနက နာထားတဲ့အတိုင်း စမ်းသပ်ပေတော့နော်"

"မှန်ပါဘုရား"

"အကြောင်းထူးရင်လည်း ထူးသလိုပြောနော်၊ မေးနော်၊ ဘာမှအားမနာနဲ့၊ မကြောက်နဲ့နော်"

လှုငယ်သည် ယောဂီကြီးငယ်တစ်စုနှင့်အတူ စမ်းသပ်ကြည့်ရှုအားထုတ်နေလေပြီ၊ မိမိသည် တစေ့တစောင်းကြည့်ရှုသည်၊ တကယ်ပင် အားထုတ်နေသည်ကို တွေ့ရသည်၊ ညနေ တရားစစ်မေးချိန်သို့ရောက်ပြီ၊ မိမိသည် လှုငယ်အားမေးသည်။

http://www.dhammadownload.com



"ဘယ်နှယ့်လဲ အားထုတ်ရတာ"

"တပည့်တော် အားမထုတ်ခင်က သူများတွေ အားထုတ်တာတွေမြင်ရ တွေ့ရတော့ အဓိပ္ပာယ်မရှိ လုပ်နေကြတယ်၊ ခန္ဓာကိုယ် အပင်ပန်းရှာတယ်လို့ ထင်မိပါတယ်ဘုရား"

"ခုအားထုတ်ကြည့်တော့ ဘယ်လိုထင်လဲ"

"ကိုယ်တိုင် အားထုတ်ကြည့်တော့ အဓိပ္ပာယ် သိပ်ရှိပါတယ်ဘုရား၊ ကိုယ့်အကြောင်း ကိုယ်လေ့လာရတာ စိတ်ဝင်စားစရာပါဘုရား"

"စိတ်လည်းဝင်စားရဲ့လား"

"ဝင်စားပါတယ်ဘုရား"

"ပင်ပန်းသေးလား၊ ခန္ဓာကိုယ်ပင်ပန်းရှာတယ်လို့ ထင်သေးလား"

"မပင်ပန်းပါဘုရား၊ ခန္ဓာကိုယ်ပင်ပန်းရှာတယ်လို့လည်း မထင်ပါဘုရား"

"ခန္ဓာအကြောင်း လေ့လာတော့ သိပ္ပံပညာနဲ့ ဘယ်နှယ့်လဲ"

"တစ်မျိုးစီပါဘုရား"

"အေး...တို့ဗုဒ္ဓဝါဒက ယုတ္တိတန်ပြီး လက်တွေ့ဆန်တဲ့ ကောင်းကျိုးကိုသာ ညွှန်ကြားတဲ့ဝါဒနော်"

"မှန်ပါဘုရား"

"ဒီတော့ မင်းအားထုတ်လို့ တွေ့သိရချက်တွေကို ယုတ္တိတန့်၊မတန့်၊ လက်တွေ့ဆန့်၊မဆန့် ကောင်းကျိုး ရှိ့၊မရှိ ကြည့်ရှုသုံးသပ်ဆင်ခြင်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"တို့ဗုဒ္ဓက ကိုယ်တိုင်အားထုတ်ပြီးတော့မှ လောကတွင်ရှိနေဖြစ်နေတဲ့ သဘာဝတွေကို အကြောင်းအကျိုး ခွဲခြား ညွှန်ပြခဲ့တယ်၊ ဒီတော့ ရှုပွားတွေ့သိရချက်တွေကို ကြောင်းကျိုးခွဲလည်း ကြည့်နော်"

"မှန်ပါဘုရား"

"ကျိုးကြောင်း ယုတ္တိတန်,မတန်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

ယင်းသို့ စသည်ဖြင့် စစ်ဆေး၍ တစ်နေ့တာ ပြီးသွားသည်၊ နောက်တစ်နေ့သို့ ရောက်လာပြန်သည်၊ သူငယ်က အသွင်အပြင်သည် ရွှင်လန်းလာသည်၊ သို့နှင့်မိမိသည် သူ့အားပင် အလျင်မေးသည်။

"ကဲ...ပြောစမ်းပါဦး၊ ဘယ်လိုလဲ"

"တပည့်တော် နဂိုရ်က ဗုဒ္ဓဝါဒကို အထင်မကြီးပါဘုရား"

"ခုတော့ အထင်ကြီးသွားပြီးလား"

"မှန်ပါတယ်ဘုရား"

"နဂိုရ်က သိပ္ပံသမားဆိုတော့ သိပ္ပံအထင်ကြီးတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ...ခု ဘယ်လိုတွေ့လို့ သိလို့ ဗုဒ္ဓဝါဒကို အထင်ကြီးသွားတာလဲ"

"တပည့်တော် ဝါယောဓာတ်ရဲ့ တွန်းသဘောကို ရှုနေရင်း

http://www.dhammadownload.com



နဲ့၊ နှာခေါင်းထဲက တစ်ခါတွန်း တစ်ခါထွက်တဲ့ ဝါယောဓာတ် သဘောကို ဉာဏ်နဲ့မြင်တော့ ဗုဒ္ဓဝါဒကို အထင်ကြီးသွားပါတယ် ဘုရား"

"အင်း..."

"တပည့်တော်တို့ နေ့စဉ်ပဲ အသက် ရှူနေပါရက်ကနဲ့ ဒီအသက်လို့ ခေါ်တဲ့ ဝါယောဓာတ်သဘောကို မသိရပါဘုရား"

"အင်း..."

"ယခု သိရတဲ့အသိရဲ့ အဆင့်အတန်းအထိကိုပဲ သိပ္ပံပညာ လိုက်မမှီနိုင်ပါဘုရား"

"အင်း..."

"သမာဓိမရသေးခင်က ဝါယောဓာတ်ရဲ့ တွန်းသဘောဟာ မထင်ရှားဘူးလိုလိုနဲ့ သမာဓိရလာတော့ တွန်းသဘောဟာ ထင်ရှား လွန်းလို့ အံ့ရတောင် ခက်ပါတယ်ဘုရား"

"အင်း..."

"ဉာဏ်အမြင်မှာလည်း တစ်ချိန်နဲ့တစ်ချိန် ပြောင်းပြောင်း သွားတော့၊ ဝါယောသဘော အဆင့်ဆင့် ပြောင်းပြောင်းသွားတာ လည်း မြင်ရပါတယ်ဘုရား"

"ဒီမှာ သိရမှာက ဉာဏ်အမြင်ပြောင်းလို့ ဝါယောသဘော ပြောင်းသွားတာလား၊ ဝါယောသဘော ပြောင်းသွားလို့ ဉာဏ် အမြင် ပြောင်းတာလား၊ အဲဒါသိရမယ်နော်"

"မှန်ပါ သိပါတယ်ဘုရား၊ ဝါယောသဘောကတော့ သူ့ သဘောအတိုင်း သူဆောင်နေပါတယ်၊ တပည့်တော်ဉာဏ်မြင်

http://www.dhammadownload.com



ပြောင်းတော့ အမျိုးမျိုး အကြမ်း–အနု အကြီး–အသေး စသည်လို သိရပါတယ်ဘုရား"

"အင်း..."

"ဒီတော့မှ သိပ္ပံပညာက စမ်းသပ်ရတဲ့ခာတ်တွေထက် နူးညံ့သိမ်မွေ့တဲ့ ဓာတ်တွေကို သိရပါလားဆိုပြီး သိပ္ပံပညာထက် ဗုဒ္ဓဝါဒ အထင်ကြီးသွားပါတယ်ဘုရား"

"အင်း...ဒါက သဘာဝပဲ၊ ပညာဆိုတာ ကိုယ်တတ်ထားတဲ့ ပညာကို ကိုယ်အထင်ကြီးမြဲပဲ၊ သူများပညာ အထင်သေးမြဲပဲ၊ ကောင်းတာက ကိုယ့်ပညာကိုယ် အထင်ကြီးချင်လည်း ကြီးပေါ့၊ သူများပညာ အထင်မသေးတာကောင်းတယ်"

"မှန်ပါဘုရား"

"စမ်းသပ်ပြီးမှမဟုတ်လို့ အထင်သေးတာက တော်သေးတယ်၊ မစမ်းသပ်ဘဲနဲ့ အထင်သေးတာက ပိုဆိုးပါတယ်"

"မှန်ပါဘုရား"

"ဗုဒ္ဓဝါဒစမ်းသပ်ပုံနဲ့ သိပ္ပံစမ်းသပ်ပုံဟာလည်း မတူပါဘူးဘုရား"

"ဒီလိုဆိုတော့ ဗုဒ္ဓဝါဒနဲ့ သိပ္ပံပညာဟာ ထပ်တူ မတူဘူးပေါ့နော်"

"မှန်ပါ မတူပါဘုရား"

"အင်းပေါ့၊ ဗုဒ္ဓဝါဒဟာ သိပ္ပံပညာနဲ့ တူပါတယ်ဆိုရင် ဗုဒ္ဓဝါဒဟာ အောက်တန်းကျသွားမှာပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"သိပ္ပံပညာကစမ်းသပ်မတွေ့နိုင်တာတွေကို ဗုဒ္ဓဝါဒက တွေ့တယ်ဆိုတော့သိပ္ပံပညာထက် ဗုဒ္ဓဝါဒက သာတယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

ယင်းသို့ စသည့် စစ်မေးရင်းနဲ့ တစ်နေ့တာ ပြီးသွားပြန်သည်။ နောက်တစ်နေ့သို့ ရောက်လာသည်။ လူငယ်မှာ ရွှင်ရွှင်ပျပျ ဖျတ်ဖျတ်လတ်လတ် ရှိလာသည်။ သို့နှင့် မိမိကမေးသည်။

"ဘယ့်နှယ်လဲ ဒီကနေ့ အားထုတ်ရတာ"

"မှန်ပါ၊ ထူးပါတယ်ဘုရား"

"ဒီကနေ့ ချမ်းသာ သဘောပေါက်ပါတယ်ဘုရား"

"ဘယ်လိုပေါက်သလဲ?"

"တပည့်တော် မေမေတို့ တရားအားထုတ်တော့ တပည့်တော် သိပ်ပြီးတော့ အပြစ်ပြောတာပဲဘုရား"

"ဘယ်လိုပြောသလဲ"

"ဆင်းရဲမရှိ ဆင်းရဲရှာတယ်၊ ဒုက္ခမရှိ ဒုက္ခရှာတယ်၊ သက်သက် ဒုက္ခရောက်အောင် လုပ်တယ်နဲ့ ပြောပါတယ်ဘုရား"

"ခုတော့ ဘယ့်နှယ်လဲ"

"ခုတော့ တပည့်တော်တို့ ခံစားဖူးတဲ့ ချမ်းသာမျိုးစုံထက် ဒီတရားအားထုတ်လို့ ရတဲ့ချမ်းသာက သာပါတယ်ဘုရား"

"အင်း..."

"တပည့်တော်ဟာ လူငယ်ပေမယ့် တော်တော် ပွေခဲ့ပါတယ်၊ လောကထဲမှာ ချမ်းသာပါတယ်၊ ကောင်းပါတယ်ဆိုတဲ့ ချမ်းသာတွေစုံအောင် ခံစားဖူးပါတယ်ဘုရား"

http://www.dhammadownload.com



"အင်း..."

"အဲဒီ ချမ်းသာအားလုံးဟာ ဒီတရားအားထုတ်လို့ ရတဲ့ ချမ်းသာကို မမှီပါဘုရား"

"အင်း..."

**"ဘိနိုးဖြူချမ်းသာထက်လည်း ချမ်းသာတယ်ဘုရား"**

"အင်း...မင်းက တယ်စုံတာကိုး၊ ပြောစမ်းပါဦး၊ ဘိနိုးဖြူ အကြောင်း"

"ဘိနိုးဖြူရှုပြီး ခွေနေရတာ သိပ်ချမ်းသာတယ် ဘုရား၊ ခွေနေတော့ ကိုယ့်အသားချင်း ကိုယ်ထိနေတာကိုပဲ ချမ်းသာ ပါတယ်ဘုရား"

"အင်း..."

"ဒါကြောင့် ဘိနိုးဖြူရှုတဲ့မိန်းကလေးတွေ ပျက်စီးတာပေါ့၊ အသားချင်းထိနေရတာ ချမ်းသာတာကိုးဘုရား"

"အင်း..."

"ယခု တရားအားထုတ်လို့ ရတဲ့ ချမ်းသာက အဲဒီချမ်းသာ နဲ့လည်း မတူဘူးဘုရား တစ်မျိုးပဲ၊ ဘယ်လိုပြောရမလည်း မသိ ပါဘုရား"

"အင်း..."

"ခုတော့မှ မေမေတို့ ဒါ့ကြောင့် တရားအားထုတ်တာကိုးလို့ သိပါတယ်ဘုရား"

"တရားအားထုတ်လို့ရတဲ့ ချမ်းသာက ငြိမ်းအေးတယ်၊ ငြိမ် သက်တယ်"

http://www.dhammadownload.com



"မှန်ပါဘုရား၊ ဟုတ်ပါတယ်၊ ဟိုတပည့်တော်တို့ ခံစားရတဲ့ ချမ်းသာတွေက ဒီချမ်းသာနဲ့ ယှဉ်ကြည့်မှ ပူပန်မှုန်း သိပါတယ် ဘုရား၊ မငြိမ်းအေး၊ မငြိမ်သက်ပါဘုရား"

"ချမ်းသာတွေက အမျိုးမျိုးရှိတယ်"

"ဘယ်လိုပါလဲဘုရား"

"လောကီနယ်ထဲမှာ အချမ်းသာဆုံးက ကာမချမ်းသာပဲပေါ့၊ မင်းခံစားရတယ်ဆိုတာ အဲဒီကာမချမ်းသာတွေပေါ့၊ ချမ်းသာစရာ အာရုံနဲ့ တွေ့ထိရ ပေါင်းဆုံရမှ ချမ်းသာတဲ့ ချမ်းသာတွေပေါ့"

"မှန်ပါဘုရား"

"ဒီတော့ ဒီအာရုံအတွက် ရှာရဖွေရ, သိမ်းဆည်းရ, ပြုပြင် ရနဲ့ ဒုက္ခတွေ မများဘူးလား"

"များပါတယ်ဘုရား"

"ခံစားစဉ်လည်း မပူရဘူးလား"

"ပူရပါတယ်ဘုရား"

"ကြောင့်ကြလည်း မစိုက်ရဘူးလား"

"စိုက်ရပါတယ်ဘုရား"

"ကဲ...အဲဒီအထဲမှာ ချမ်းသာရှာကြည့်စမ်း၊ ဘယ်ဟာချမ်းသာ လဲ"

"မှန်ပါ၊ တကယ်တော့ ချမ်းသာဟာ မရှိသလောက်ပါ ဘုရား"

"အဲဒီချမ်းသာထက် ချမ်းသာတဲ့ ချမ်းသာကဘာလဲဆိုတော့ '**ဈာနသုခ**=ဈာန်ချမ်းသာ' ပေါ့"

http://www.dhammadownload.com



"မွန္ပါဘုရား"

"အဲဒီစ်ာန္ခ်မ္းသာထက္ ခ်မ္းသာတဲ့ ခ်မ္းသာက ဘာလဲဆိုေတာ့ 'မဂ္ခ်မ္းသာ'ေနာ္"

"မွန္ပါဘုရား"

"ေနာက္ 'ဖိုလ္ခ်မ္းသာ'ေနာ္"

"မွန္ပါဘုရား"

"ေနာက္ 'နိဗၺာန္ခ်မ္းသာ'လို႔ ခ်မ္းသာေတြ အဆင့္ဆင့္ မရွိဘူးလား"

"ရွိပါတယ္ဘုရား"

"ေအး...မင္းယခု တရားအားထုတ္လို႔ရတယ္ဆိုတဲ့ ခ်မ္းသာဟာ တကယ္ေတာ့ အဲဒီစ်ာန္ခ်မ္းသာ, မဂ္ခ်မ္းသာ, ဖိုလ္ခ်မ္းသာ, နိဗၺာန္ခ်မ္းသာေတြေတာင္ မဟုတ္ေသးပါဘူး"

"အမယ္ဘုရား၊ အဲဒီခ်မ္းသာေတာင္ ဒီေလာက္ ခ်မ္းသာရင္ ဟိုခ်မ္းသာေတြဆိုရင္ ေျပာစရာဘယ္ရွိေတာ့မလဲဘုရား"

"အင္းေပါ့၊ ဒါေၾကာင့္ တကဲ့ပညာရွိ သူေတာ္ေကာင္းေတြဟာ ေလာကီစည္းစိမ္ေတြ ပယ္စြန္႔ၿပီး ဒီခ်မ္းသာေတြ ရွာကာ နိဗၺာန္ဝင္စံၾကတာေပါ့"

"တပည့္ေတာ္လည္း ယခုသံုးရက္ရွိပါၿပီ၊ ထူးလည္းထူးျခားပါတယ္၊ အိမ္မျပန္ေတာ့ပါ၊ ဆယ္ရက္ျပည့္ေအာင္ပဲ အားထုတ္ပါမယ္ဘုရား"

http://www.dhammadownload.com



"အင်းပေါ့၊ ဗုဒ္ဓဘာသာဆိုပြီး နိဗ္ဗာန်လည်း လိုချင်သေး ဒီလောက်တော့ အားထုတ်မှပေါ့"

"မှန်ပါဘုရား"

❀ ဗုဒ္ဓဘုရား,ယုံကြည်ကြား တရားစမ်းကြည့်ပါ၊
❀ မစမ်းကြည့်ဘဲ ယုံကြည်လွဲ ကျိုးနဲကြလိမ့်မှာ၊
❀ ကျိုးမနည်းရန် ရှုအားသန် ဖန်ဖန်ပွားကြပါ၊
❀ ဖန်ဖန်ပွားက အကျိုးရဓမ္မယုံကြည်မှာ။

http://www.dhammadownload.com



# စရိုက်ဆိုတာ ဘာတွေပါလဲ

(၄)

ဤလောကအတွင်း၌ သိစရာတွေကား များပြားလှ၏။ ယင်းသိစရာများကို သိအောင် လေ့လာနေသူများလည်း ရှိ၏။ သိစရာများကို ကိုယ်နှင့်မဆိုင်သလို ဘေးဖယ်ထားကာ အလိုက်သင့်နေသူများ၊လည်းရှိ၏။ သိစရာများကို ကိုယ်နှင့်ဆိုင်သည်ဟု ယူဆသော်လည်း သိအောင် လေ့လာရမှာခက်၍ လက်လျော့နေသူများလည်းရှိ၏။ သိသင့်သလောက် သိပါက မသိတာနှင့်စာလျှင် တော်သေးသည်ဟု သဘောပေါက်ကာ လေ့လာသူများလည်း ရှိ၏။ ယင်းသို့ စသည်ဖြင့် ပုဂ္ဂိုလ်အမျိုးမျိုးရှိ၏။

တစ်နေ့ မိမိထံသို့ ပုဂ္ဂိုလ်တစ်ယောက် ရောက်လာကာ ဦးချပြီး လျှောက်ထားသည်။

"အရှင်ဘုရား၊ တရားအားထုတ်ရာ၌ စရိုက် သိရမယ်လို့ ဆိုကြပါတယ်၊ အဲဒီ **စရိုက်ဆိုတာ ဘာတွေပါလဲဘုရား"**

"စရိုက်ဆိုတာ ဘာတွေလဲဆိုတော့"

http://www.dhammadownload.com



စရိုက် ၆ ပါး

၁။ ရာဂစရိုက်

၂။ သဒ္ဓါစရိုက်

၃။ ဒေါသစရိုက်

၄။ ပညာစရိုက်

၅။ မောဟစရိုက်

၆။ ဝိတက်စရိုက်စတဲ့ အဲဒီ ၆ ပါးတို့ပဲ၊ အဲဒီ ၆ ပါးကို စရိုက် ၆ ပါးလို့ ခေါ်တယ်"

"စရိုက်သဘော လင်းပါဦးဘုရား"

"ဟင်...ဒကာကြီးဥစ္စာက မီးခိုးကြွက်လျှောက်ပါလား၊ ဘယ်ဆုံးတော့မလဲ"

"ဆုံးပါတယ်ဘုရား၊ လင်းပါဦး"

"ပင်ကိုယ်ရိုးရာ သူတကာဖြစ်နေကျထက် လွန်ကဲ ပိုမိုပြီး အဖြစ်များခြင်းကို စရိုက်လို့ခေါ်တယ်"

"မှန်ပါဘုရား"

"ဆိုပါတော့၊ ရာဂစရိုက်သူဟာ ဒေါသ, မောဟ ဖြစ်လောက်တဲ့ အာရုံမျိုးမှာ မဖြစ်အောင် ချုပ်တည်းနိုင်ပေမယ့် ရာဂဖြစ်လောက်တဲ့ အာရုံကျတော့ ချုပ်တည်းနိုင်ပါ့မလား"

"မချုပ်တည်းနိုင်ပါဘုရား"

"အဲဒီလိုပဲ၊ ဒေါသစရိုက်ရှိသူဟာ၊ ရာဂ, မောဟ ဖြစ်လောက်တဲ့ အာရုံမျိုးမှာ မဖြစ်အောင် ချုပ်တည်းနိုင်ပေမယ့် ဒေါသဖြစ်လောက်တဲ့အာရုံကျတော့ ချုပ်တည်းနိုင်ပါ့မလား?"

http://www.dhammadownload.com



"မချုပ်တည်းနိုင်ပါဘုရား"

"မောဟစရိုက်ရှိသူလည်း ရာဂ ဒေါသ ဖြစ်လောက်တဲ့ အာရုံမျိုးမှာ မဖြစ်အောင်ချုပ်တည်းနိုင်ပေမယ့် မောဟဖြစ်လောက်တဲ့ အာရုံကျတော့ ချုပ်တည်းနိုင်ပါ့မလား?"

"မချုပ်တည်းနိုင်ပါဘုရား"

"အခြားစရိုက်များလည်း အဲဒီအတူပဲသိနော်"

"မှန်ပါဘုရား"

"စင်စစ်တော့ စရိုက်ဆိုတာ မပြတ်မလပ် ဖြစ်ခြင်းသဘောပဲ နော်"

"မှန်ပါဘုရား"

"အဲဒီစရိုက်တွေဟာ သတ္တဝါတစ်ယောက်မှာ တစ်မျိုးကျစီသာ ရှိတာမဟုတ်ဘူး၊ တစ်ချို့မှာ ဘယ်စရိုက်ရယ်လို့ အထင်အရှားမရှိဘူးနော်"

"မှန်ပါဘုရား"

"တစ်ချို့ကျတော့လည်း နှစ်မျိုးသုံးမျိုးစသည်ဖြင့် အရောရော အနှောနှော ရှိတယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ စရိုက်သိဖို့မခက်ဘူးလား?"

"ခက်ပါတယ် ဘုရား"

"သူတစ်ပါးစိတ် သိတတ်တဲ့ ပရစိတ္တ ဝိဇာနန အဘိညာဉ် မရရင်တော့ သူတစ်ပါးစရိုက်ကို သိဖို့လွယ်ပါ့ မလား?"

"မလွယ်ပါဘုရား"

http://www.dhammadownload.com



"ခန့်မှန်းနိုင်တဲ့ အချက်တွေတော့ ရှိပါတယ်"

"အမိန့်ရှိပါဦးဘုရား"

"စဉ်းစားကြည့်ရှု သတိပြုပြီးအကဲခတ်ရင် မည်သည့် စရိုက်ရှိသူ"လို့ ခန့်မှန်းနိုင်တဲ့ အချက်တွေကား–

၁။ အသွားအလာ အနေအထိုင် ဣရိယာပုဒ်၊

၂။ ထိုထိုကိစ္စတွေမှာ ကျွန–မကျွန

၃။ နှစ်သက်တတ်တဲ့ အစာအာဟာရ

၄။ ရူပသဒ္ဒ စတဲ့ အာရုံ၌ ကြည့်ရှုနားထောင်ပုံ စသည်

၅။ ကုသိုလ်–အကုသိုလ်အရာဝယ် များစွာဖြစ်လေ့ရှိတဲ့ ကိုယ်ကျင့်တရား"လို့ အဲဒီအချက်တွေနဲ့ စဉ်းစားကြည့်ရှု သတိပြုပြီး အကဲခတ်ရင် 'မည်သည့်စရိုက်ရှိသူ'လို့ ခန့်မှန်းနိုင်ပါတယ်နော်"

"မှန်ပါဘုရား"

"အတိအကျကတော့ ဘုရားမှ သိမှာပေါ့ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ကဲ...စရိုက်ခြောက်ပါး သူ့အတွဲနဲ့သူ နီးစပ်ရာပြောရရင်

## ရာဂစရိုက်ရှိသူမှာ

၁။ ဣရိယာပုတ်အားဖြင့် အသွားအလာ အနေအထိုင် ယဉ်ကျေးပျပ်ဝပ် လျှောက်ပတ်စမွယ် တင့်တယ်တယ်။

၂။ ကိစ္စအားဖြင့် တံမြက်လှည်းမှု၊ အဝတ်ဖွပ်လျှော်မှု၊ ဆိုးမှု၊ ဝတ်စား တန်ဆာဆင်ယင်မှုတွေမှာကျွနသေသပ်တယ်။

http://www.dhammadownload.com



၃။ ဘောဇဉ်အားဖြင့် အချို၊ အဆိမ့်၊ အမွှေးအကြိုင်၊ ပြန့်လိုင်နူးညံ့တဲ့ ဘောဇဉ်တွေကို နှစ်သက်တတ်တယ်။

၄။ ကြည့်ရှုနားထောင်ပုံ စသည်အားဖြင့် အတော်အတန် လှပသာယာတဲ့ အဆင်းအသံနဲ့ တွေ့ကြုံရင် မခွာချင် အောင် ဖြစ်တတ်တယ်။

၅။ ကုသိုလ်-အကုသိုလ်အရာဝယ် များစွာ ဖြစ်လေ့ရှိတဲ့ ကိုယ်ကျင့်တရားအားဖြင့်ဆိုရင် ပရိယာယ်မာယာများ တယ်၊ ကောက်ကျစ်စဉ်းလဲမှု သာဌေယျပေါတယ်၊ မာနကြီးတယ်၊ လောဘရမက်ကြီးတယ်တဲ့။

## သဒ္ဓါစရိုက်ရှိသူမှာ

၁။ ဣရိယာပုထ်အားဖြင့် အသွားအလာ အနေအထိုင် ယဉ်ကျေးပျပ်ဝပ် လျှောက်ပတ်စမွယ် တင့်တယ်တယ်။

၂။ ကိစ္စအားဖြင့် တံမြက်လှည်းမှု၊ အဝတ်ဖွပ်လျှော်မှု၊ ဆိုးမှု၊ ဝတ်စားတန်ဆာဆင်ယင်မှုတွေမှာ ကျနသေသပ်တယ်။

၃။ ဘောဇဉ်အားဖြင့် အချို၊ အဆိမ့်၊ အမွှေးအကြိုင်၊ ပြန့်လိုင်နူးညံ့တဲ့ ဘောဇဉ်တွေကို နှစ်သက်တတ်တယ်။

၄။ ကြည့်ရှုနားထောင်ပုံ စသည်အားဖြင့် အတော်အတန် လှပသာယာတဲ့ အဆင်းအသံနဲ့ တွေ့ကြုံရင် မခွာချင် အောင် ဖြစ်တတ်တယ်။

၅။ ကုသိုလ်-အကုသိုလ်အရာဝယ် များစွာ ဖြစ်လေ့ရှိတဲ့ ကိုယ်ကျင့်တရားအားဖြင့်ဆိုရင် မာယာစတဲ့အကုသိုလ်

http://www.dhammadownload.com



များ ဖြစ်လေ့မရှိဘဲ ကြည်လင်ရွှင်လန်းစွာ စွန့်ကြဲ
ပေးကမ်း လှူဒါန်းလေ့ရှိတယ်။ ရဟန်းသံဃာကောင်း
ဝတ်ကျောင်း ဘုရားကို ကိုးကွယ်ကာ တရားဒေသနာ
များကို နာယူမှတ်သားလေ့ရှိတယ်”တဲ့။

“ရာဂ သဒ္ဓါတချို့တွေ တူနေပါလားဘုရား”

“အင်း...အထက်ပိုင်း ၄ ချက်တူတယ်၊ စရိုက် ရောတယ် ပေါ့နော်”

“မှန်ပါဘုရား”

“ဒါ့ကြောင့် သိဖို့ခက်တယ် ပြောတာပေါ့နော်”

“မှန်ပါဘုရား”

“အဲဒီ ရာဂသဒ္ဓါစရိုက် ၂–ပါးအတွက် လင်္ကာတစ်ပုဒ်ကို ကျက်မှတ်ထားနော်”

“ရာဂစရိုက်၊ ရှိသူ့ဒြကား၊ ယာပိုဒ်လေးထွေ၊ ယဉ်ကျေးလေ၏၊ ထွေထွေကိစ္စ၊ ပြုသမျှလည်း၊ ကျနစေလတ်၊ လွန်သေသပ်ရှင့်၊ လေးမြတ်ဖွယ်ရေး၊ ဘောဇဉ်ရွေးက၊ ချိုမွှေးဆိမ့်အိမ့်၊ လွန်နှစ်သိမ့်သတဲ့၊ မစိမ့်လောက်တုံ၊ ကာမဂုဏ်ကြောင့်၊ အာရုံစွဲကာ၊ ခွဲမခွာတည်း၊ မာယာဗလ၀၊ သာဌေယျနှင့်၊ မာနဘိစီး၊ အလိုကြီး၏၊ ထိုနည်းသဒ္ဓါ၊ စရိုက်မှာမူ၊ မာယာစသော၊ ပြစ်မနှောဘဲ၊ သာမောရွှင်လန်း၊ လှူပေးကမ်းလျက်၊ ရဟန်းတော်ပေါင်း၊ ထေရ်ရှင်ကောင်းနှင့်၊ ဝတ်ကျောင်းဘုရား၊ မြတ်တရားကို၊ မှတ်သားနာယူ၊ လွန်ကြည်ဖြူသည်၊ ဤသူမှန်မြတ်ပေတကား”တဲ့။

http://www.dhammadownload.com



"မှန်ပါ၊ ကျက်မှတ်ပါ့မယ်ဘုရား"

"အာဂုံရှိမှ အာဂလူနော်"

"မှန်ပါဘုရား"

"ဘယ်သူတွေ ဘာပြောနေနေ ကျက်နိုင်ရင် ကျက်သာ ကျက် အကောင်းဆုံးပဲနော်"

"မှန်ပါဘုရား"

## ဒေါသစရိုက်ရှိသူဟာ

၁။ ဣရိယာပုထ်အားဖြင့် **နွားရှူးစူးထိုး နဖားကြိုးတင်းတဲ့ ပုံဟန်** လျင်မြန်ရှုးရှား ခြေဖျားနဲ့နင်းလျက် ရုံ့ရင်း ကြမ်းတမ်းတဲ့ အသွားအလာ အနေအထိုင်ရှိတယ်။

၂။ ကိစ္စလုပ်ငန်း ပြုလုပ်ရာဝယ် တင့်တယ် သပ်ယပ်ခြင်း မရှိဘူး၊ ကြည့်ရှုတိုင်း အဆင်မပြေဘဲ ချဉ် ငန် စပ် ခါး စူးရှတဲ့ အရသာများကိုသာ နှစ်သက်တတ်တယ်။

၃။ မကောင်းတဲ့ အဆင်း အသံ စသည့် အာရုံနှင့် တွေ့ကြုံ ပြန်ရင် "**ယမ်းပုံမီးကျသလို**" အောင့်အည်း ချုပ်တည်း သည်းခံခြင်းမရှိဘဲ ဆိုဆဲ ငေါက်ငန်း ကြမ်းတမ်း စိတ်တိုတတ်တယ်။

၄။ ကုသိုလ်-အကုသိုလ်အရာဝယ် များစွာ ဖြစ်လေ့ရှိတဲ့ ကိုယ်ကျင့်တရားအားဖြင့် ဆိုရင် ရန်ငြိုးဖွဲ့မှုဆိုတဲ့ **အာဃာတ, ဣဿာမစ္ဆရိယ**နဲ့ သူများဂုဏ်ကို ချေဖျက် လိုခြင်းဆိုတဲ့ **မက္ခ**, ဂုဏ်တုဂုဏ်ပြိုင်ပြုလုပ်ခြင်းဆိုတဲ့

http://www.dhammadownload.com



**ပဗ္ဗာသ** အဆုံးအမခက်ခြင်းဆိုတဲ့ **ဒုဗ္ဗစ**တို့ မုချအဖြစ်များတယ်။

## ပညာစရိုက်ရှိသူမှာ

၁။ ဣရိယာပုထ်အားဖြင့် **နွားရှူးရှူးထိုး နဖားကြိုးတင်းတဲ့ပုံဟန်** လျင်မြန်ရှူးရှား ခြေဖျားနဲ့နင်းလျက် ရှုံ့ရင်းကြမ်းတမ်းတဲ့ အသွားအလာ အနေအထိုင်ရှိတယ်။

၂။ ကိစ္စလုပ်ငန်း ပြုလုပ်ရာဝယ် တင့်တယ် သပ်ယပ်ခြင်းမရှိဘူး၊ ကြည့်ရှုတိုင်း အဆင်မပြေ ဖြစ်တတ်တယ်။

၃။ စားသောက်ဖွယ်အားလုံး၌ မိမိနှင့် သင့်, မသင့်ကို နှိုင်းချင့်ပြီး စားသောက်လေ့ရှိတယ်။

၄။ စိတ်တိုခြင်းစတဲ့ အပြစ်များနဲ့ မရောနှောဘဲ ဆိုဆုံးမလွယ်တယ်။

၅။ ဘဝဖန်ခါ သံသရာရေးကို သတိ သမ္ပဇဉ်နဲ့ ဆင်ခြင်မြော်ကြည့်ပြီး ဂတိကောင်းဖို့ရန် ကုသိုလ်ကောင်းမှုအစုစုကို လုံ့လ ဝီရိယသန်သန်နဲ့ မှန်မှန်ကြီး ပြုလုပ်လေ့ရှိတယ်”တဲ့။

“ဒေါသနဲ့ ပညာတော့ မတူတာများတယ်နော် ဘုရား”

“အင်း…ဟုတ်တယ်”

“မှတ်ဖို့တော့ သိပ်မလွယ်ဘူး ဘုရား”

“ဒီမှာလည်း နှစ်ပုဒ်ပေါင်း လင်္ကာတစ်ပုဒ်ရှိတယ်။ အဲဒီလင်္ကာကျက်ထားပေါ့–

http://www.dhammadownload.com



"ဒေါသစရိုက်၊ ရှိသူ့ဒြကား၊ ယာပိုထ်လေးထွေ၊ ကြမ်းတမ်းလေ၏၊ ထွေထွေကိစ္စ၊ ပြုသမျှလည်း၊ ကျနမဖွယ်၊ မတင့်တယ်တည်း၊ စားဖွယ် ငန်ချဉ်၊ စပ်ခါးမင်၏၊ ငါးအင်အာရုံ မဖွယ်ကြုံလျှင်၊ ယမ်းပုံမီးကျ၊ စိတ်တိုလှ၍၊ ကောဓထေန်သီး၊ ရန်ငြိုးကြီးလျက်၊ ဖိစီးက္ကဿာ၊ မစ္ဆေရာနှင့်၊ ပက္ခာပဇ္ဇာသ၊ ဒုဗ္ဗစတို့၊ မုချဆစ်ပွား၊ အပြစ်များ၏၊ တရားပညာ၊ စရိုက်မှာမူ၊ ရှေ့လာအားလုံး၊ နည်းတူသုံးလည်း၊ လုံးလုံးကောဓစသည့်ဆိတ်ကွယ်၊ ဆုံးမလွယ်၏၊ စားဖွယ်ကသိုဏ်း၊ တွေ့ကြုံတိုင်းလည်း၊ နှိုင်းနှိုင်းချိန်ချိန်၊ သုခမိန်တည်း၊ ကြိမ်ကြိမ်နှောင်လာ၊ သံသရာကို၊ ပညာသတိ၊ မြော်ခေါ်ညှိ၍၊ ဂတိနှောင်လျှင်၊ ကောင်းအောင်ပြင်သည့်၊ လူတွင်သူမြတ်ပေတကား"တဲ့။

"မေးတော့ မေးတာပဲဘုရား၊ ကျက်မှတ်ဖို့တော့ မလွယ်ဘူးနဲ့တူတယ်ဘုရား"

"အင်း...ဆုတောင်း မဆုံးသေးဘူး ကလီကမာများလာပြီ"

"ကလီကမာများတာ မဟုတ်ပါဘူးဘုရား၊ မလွယ်တဲ့အကြောင်း ပြောတာပါဘုရား"

"ကဲ...လွယ်လွယ်ခက်ခက် ရှေ့သွားကြဦးစို့"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

http://www.dhammadownload.com



## မောဟစရိုက်ရှိသူမှာ

၁။ ဣရိယာပုထ်အားဖြင့်၊ ဖွတ်ပဒတ်အသွင်၊ မယဉ်မကျေး၊ မိုက်ငေးပေါ့ပျက်၊ ရှုပ်ရှက်ခတ်၊ အနေအထိုင်၊ အသွား အလာရှိတယ်။

၂။ လုပ်ငန်းကိစ္စ အထွေထွေလည်း ပွေပွေလိမ်လိမ်ပဲ။

၃။ စားသောက်ရာ ဌာနမှာလည်း ဘယ်ဟာကို နှစ်သက်တယ်လို့ အမှတ်တရမရှိဘူး။

၄။ မိမိအစွမ်းနဲ့ စုံစမ်းနှိုင်းချိန်ပြီး အကောင်းအဆိုး အကြောင်းအကျိုးကို မဆုံးဖြတ်တတ်သဖြင့် အရပ်ရပ်မှာ သူတကာရဲ့ နောက်လိုက်သာဖြစ်လို့ သူများချီးမွမ်းသူကို မိမိကလည်းရောပြီး ချီးမွမ်းတတ်တယ်။ သူများ ကဲ့ရဲ့သူကိုလည်း မိမိကရောပြီး ကဲ့ရဲ့တတ်တယ်။

၅။ သတိပညာကင်းလျက် ထိုင်းမှိုင်း ဖျင်းအခြင်းဆိုတဲ့ ထိနမိဒ္ဓ ပျံ့လွင့်ခြင်းဆိုတဲ့ ဥဒ္ဓစ္စတို့နဲ့ အချိန် ကုန်ရသည်သာ များတယ်တဲ့။

## ဝိတက်စရိုက်ရှိသူမှာ

၁။ ဣရိယာပုထ်အားဖြင့်၊ ဖွတ်ပဒတ်အသွင်၊ မယဉ်မကျေး၊ မိုက်ငေးပေါ့ပျက်၊ ရှုပ်ရှက်ခတ်၊ အနေအထိုင်၊ အသွား အလာရှိတယ်။

၂။ လုပ်ငန်းကိစ္စ အထွေထွေလည်း ပွေပွေလိမ်လိမ်ပဲ။

http://www.dhammadownload.com



၃။ စားသောက်ရာ ဌာနဝယ် ဘယ်ဟာကို နှစ်သက်တယ်လို့ အမှတ်တရမရှိဘူး။

၄။ အကြံတွေများ စကားတွေပေါလျက် ကိစ္စမချောဘဲ မျောနေသည်သာ များတယ်။

၅။ ကောင်းသောလုပ်ငန်း ကုသိုလ်လမ်း၌မူ အစွမ်းအစမရှိ ပျင်းရိရိသာတည်း။

၆။ မိမိလို လူပေါက်ပန်းတွေနဲ့ ရောပြွမ်း မွေ့ပျော်ကာ ထွေရာလေးပါး အကြံများလျက် သက်သက်လူအားလူပိုတွေသာတည်း"တဲ့။

"အဲဒီစရိုက်နှစ်ပါးကို မှတ်ဖို့လွယ်အောင် လင်္ကာကတော့ တစ်ပုဒ်ပဲရှိပါတယ်။ ဘာလဲဆိုတော့"

"မောဟစရိုက်၊ ရှိသူ၌ကား၊ ယာပိုထ်လေးထွေ၊ ရုပ်ပွေပွေနှင့်၊ ထွေထွေကိစ္စ၊ ရုပ်ထွေးစွတည်း၊ ဘောဇနအရာ၊ စားသောက်ပါလည်း၊ ဘယ်ဟာမိမိ၊ မြဲမရှိခဲ့၊ ကိုယ်၏အစွမ်း၊ စုံထောက်လှမ်း၍၊ အဆန်းအရိုး၊ ကြောင်းအကျိုးဟု၊ ကောင်းဆိုးယုတ်မြတ်၊ မသိတတ်သဖြင့်၊ အရပ်ရပ်မှာ၊ နောက်လိုက်သာတည်း၊ ပညာသတိ၊ ကင်းကွာဘိ၍၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စနှင့်၊ ကာလကုန်ဆုံး၊ အချိန်ဖြုန်း၏၊ ထုံးနည်းမခြား၊ ဝိတက်များလည်း၊ စကားတွေပေါ၊ ကိစ္စမျောလျက်၊ ကောင်းသောလုပ်ငန်း၊ ကုသိုလ်လမ်းမူ၊ အစွမ်းမရှိ၊ ပျင်းရိရိတည်း၊ မိမိတို့တမ်း၊ လူပေါက်ပန်းနှင့် ရောပြွမ်းပျော်

http://www.dhammadownload.com



ပါး၊ အကြံမျှားသည့်၊ လူအား လူပိုတွေတကား" တဲ့။

"အမယ်လေးဘုရား...ကျက်ထားဦးတော့ သူတစ်ပါးစရိုက် သိဖို့ အသာထား ကိုယ်စရိုက်တောင် သိဖို့ မလွယ်ပါလား ဘုရား"

"ဘာဖြစ်လို့လဲ"

"စရိုက်တွေက ရောနေတာကို၊ဘုရား"

"အင်း...ဟုတ်တယ်၊ ရောလို့လည်း သိဖို့တစ်ခက်, အရောရော မှာ သတိသမ္ပဇဉ်နဲ့ ဆင်ခြင်နေထိုင်သူကိုလည်း မိဖို့တစ်ခက် စသည်ဖြင့် သိဖို့ခက်တယ်"

"ဟုတ်ပါတယ်ဘုရား"

"မှန်းခြေပဲ သိနိုင်မယ်၊ အတိအကျကတော့ ဘုရားမှ သို့မဟုတ် ပရစိတ္တဝိဇာနနအဘိညာဏ်ရမှ သိမယ်"

"ဟုတ်ပါတယ်ဘုရား"

"ဒီမှာ '**လူလူချင်းတူပါလျက် ဘာ့ကြောင့် စရိုက်အမျိုးမျိုး ကွဲပြားရပါသလဲ**'လို့ မေးစရာမရှိဘူးလား"

"ရှိပါတယ်ဘုရား၊ အမိန့်ရှိပါဘုရား"

"ရှေးဘဝ ကုသိုလ်ကံ ပြုစဉ်က ထိုထိုဘဝ စည်းစိမ်ကို လိုလားတောင့်တမှု လောဘခြံရံပြီး ကုသိုလ်ပြုခဲ့ရင် အဲဒီကုသိုလ်ကံ အကျိုးပေးရာ ဘဝမှာ **ရာဂစရိုက်**များတတ်တယ်"

"ဒီလိုဆိုတော့ ကုသိုလ်ပြုနည်းကလည်း အလိုကြီးပါလား ဘုရား"

http://www.dhammadownload.com



"လိုတာပေါ့၊ သူကလည်း ပညာတစ်ရပ်ပဲဟာ"

"ဆက်အမိန့်ရှိပါဦးဘုရား"

"ဒေါသခြံရံပြီး ကုသိုလ်ပြုခဲ့လျှင် **ဒေါသစရိုက်**များတတ်တယ်"

"မှန်ပါဘုရား"

"အသိဉာဏ်နည်းပါးပြီး မောဟကြီးစွာ ကုသိုလ်ပြုလုပ်ခဲ့ရင် **မောဟစရိုက်**များတတ်တယ်။

"မှန်ပါဘုရား"

"ပညာနဲ့ ဆင်ခြင်ပြီး ပညာကြီးဖို့ရန် ဆုပန်ကာ ပညာရေးဆိုင် ကုသိုလ်များကို ပြုခဲ့ရင် အဲဒီကုသိုလ်ကံက အကျိုးပေးရာဘဝမှာ **ပညာစရိုက်** များတတ်တယ်"

"မှန်ပါဘုရား"

"သဒ္ဓါထက်သန်စွာနဲ့ ကုသိုလ်ပြုခဲ့ရင် **သဒ္ဓါစရိုက်** များတတ်တယ်"

"မှန်ပါ့ဘုရား"

"ကာမဝိတက် စတဲ့ မကောင်းတဲ့ အကြံတွေ ခြံရံပြီးတော့ ကုသိုလ်ကံပြုရင် **ဝိတက်စရိုက်** များတတ်တယ်"

"မှန်ပါ့ဘုရား"

"ဒီတော့ ဒီဘဝမှာ စရိုက်အမျိုးမျိုး ကွဲပြားကြောင်းဟာ ရှေးကံ ပဓာနဆိုတာ မထင်ရှားဘူးလား"

"ထင်ရှားပါတယ်ဘုရား"

"ဒါဖြင့် နောက်နောက်ဘဝတွေမှာ ကောင်းတဲ့စရိုက်များ ဖြစ်ပြီး မကောင်းတဲ့စရိုက်များ မဖြစ်အောင် ယခုဘဝကုသိုလ်ကံ

http://www.dhammadownload.com



ပြုရန် အချိန်မှာ သဒ္ဓါပညာ ခြံရံပြီး ထက်သန်တဲ့ ကောင်းမှုတွေကို တည်ထောင် အားထုတ်ဖို့ အရေးမကြီးဘူးလား"

"အရေးကြီးပါတယ်ဘုရား"

"**ဝါသနာ ဘာဂီဆက်တိုင်း မှီတဲ့** စကားပုံ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အင်း...မကောင်းတဲ့အရာမှာ ဝါသနာဆိုတာက ကိလေသာရဲ့ သတ္တိတဲ့"

"မှန်ပါ့ဘုရား"

"ကောင်းတဲ့နေရာမှာ ဝါသနာဆိုတာက သမ္မာဆန္ဒတဲ့"

"မှန်ပါဘုရား"

"တူရဲ့လား"

"မတူပါဘုရား"

"အင်း...အဲဒီဝါသနာတွေဟာ သတ္တဝါတွေ သန္တာန်မှာ အနုသယဓာတ်လို ဘဝတိုင်းမှာ စွဲကပ်ပါနေတယ်နော်"

"မှန်ပါဘုရား"

"အဲဒါကြောင့် ရှေးကံအားလျော်စွာ ရာဂစရိုက် အားကြီးနေရင် အဲဒီရာဂအတွက် ယောက်ယက်ခတ်တဲ့ ဝါသနာဟာ စိတ်အစဉ်မှာ စွဲထုံမနေဘူးလား"

"စွဲထုံနေပါတယ်ဘုရား"

"အဲဒီလို စွဲထုံနေတဲ့ ရာဂစရိုက်ဆိုးကို ယခုဘဝမှာ တရားသဖြင့် မနှိမ်ချိုးနိုင်ရင် အဲဒီဝါသနာအထုံ စွဲကပ်ပြီးနောက်ဘဝများသို့ လိုက်ပါလာတတ်တယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ကြောက်စရာ မကောင်းဘူးလား"

"ကြောက်စရာ ကောင်းပါတယ်ဘုရား"

"ဒေါသ၊ မောဟ၊ ဝိတက်စရိုက်များလည်း အဲဒီလိုပဲနော်"

"မှန်ပါဘုရား"

"**ပညာစရိုက်** ရှိသူဟာလည်း စရိုက်အားလျော်စွာ အခွင့်သာသလောက် ကြိုးစားခဲ့ပါရင် အဲဒီပညာရဲ့ အထုံဝါသနာစွဲကပ်ခါ နောက်နောက်အခါ သံသရာ တစ်လျှောက်လုံးတွင် ပညာတုံးကြီး ဖြစ်နေတတ်တယ်တဲ့"

"မှန်ပါဘုရား"

"ဒါကျတော့လည်း တယ်ကောင်းပါလားဘုရား"

"စရိုက်က ကောင်းတာကိုး"

"မှန်ပါဘုရား"

"ဘုရားဆုပန်ရင် ပညာဓိက, သာဝကဆုပန်ရင် အရှင်သာရိပုတ္တရာကဲ့သို့ ပညာဘက်က ထေဒဂ်ရကြတာဟာ အဲဒီ ဝါသနာဘာဂီက ဆက်တိုင်းမှီနေလို့တဲ့နော်"

"မှန်ပါဘုရား"

"သဒ္ဓါစရိုက်မှာလည်း အဲဒီလိုပဲနော်"

"မှန်ပါဘုရား"

"အဲဒါကြောင့် ယခုဘဝမှာ မကောင်းတဲ့ စရိုက်များပပျောက်ပြီး စရိုက်ကောင်းတစ်ခုခု အထမြောက်အောင် ထူထောင်ဖို့ အရေးဟာ စဉ်းစားတိုင်း မကြီးလေးဘူးလား"

http://www.dhammadownload.com



"ကြီးလေးပါတယ်ဘုရား"
"ကြီးလေးရင် ထူထောင်ပေတော့"
"မှန်ပါ၊ ဦးတင်ပါတယ်ဘုရား"

❀ မကောင်းစရိုက် ကောင်းစရိုက်၊ သိထိုက်လှပေသည်။
❀ ကောင်းစရိုက်မြင်၊ အကောင်းပင်၊ အစဉ်ဖြစ်သင့်သည်။
❀ ဆိုးစရိုက်မြင်၊ အမြန်ပင်၊ ပယ်ထွင်သင့်ပေသည်။
❀ သို့ပြုမှသာ၊ သာသနာ၊ တွေ့ရာကျိုးနပ်သည်။

http://www.dhammadownload.com



# ကျွတ်မှန်းမသိကျွတ်နေပြီ

## ( ၅ )

အချိန်ကား နွေရာသီ လတစ်လ၏ ညနေလေးနာရီအချိန် ဖြစ်၏။ မိမိသည် ပူအိုက်လှသဖြင့် သက်သာသလိုနေကာ စာတစ်အုပ်ကို ကြည့်ရှုနေသည်။ အပူဒဏ်က ပြင်းထန်လှသောကြောင့် စာအုပ်ပါ စာသားများကို စိတ်ဝင်စားသင့်သလောက် မဝင်စားပါပေ။ ထိုစဉ် မိမိနှင့် အကျွမ်းတဝင် ရင်းနှီးသော ဒကာကြီးတစ်ယောက် ရောက်လာပြီး ရှိခိုးဦးချ၍ တစ်နေရာတွင် ထိုင်သည်။ ပြီးသော် လျှောက်သည်။

"ဦးပဉ္စင်း မနေ့က တပည့်တော်နဲ့ ပါလာတဲ့ လူငယ်ငယ် တစ်ယောက်ကို သတိထားမိလိုက်ရဲ့လား"

ဒကာကြီးသည် လွန်ခဲ့သည့်နေ့က ဒကာသုံးလေးယောက်နှင့် မိမိထံလာရာတွင် လူငယ်တစ်ယောက် ပါလာသည်ကို ပြန်လည် သတိရစေရန် ရည်ညွှန်းမေးခြင်းဖြစ်သည်။ မိမိလည်း သတိထားမိသည်။

http://www.dhammadownload.com



"အင်း… သတိထားမိလိုက်သားပဲ၊ ဘာဖြစ်လို့လဲပြောစမ်း ပါဦး"

"အဲဒီကောင် လူဆိုးဘုရား"

"အို…ဒကာကြီးကလည်း မဆိုးလို့ ကျောင်းရောက်လာပြီး ဘုရားရှိခိုးတယ်၊ ရိုရိုသေသေထိုင်တယ်၊ ရိုရိုသေသေပဲ တရား စကားတွေဘာတွေ ပြောသွားတာပဲ၊ ဘယ်ဆိုးလို့လဲ"

"ဒါက ခုမှဘုရား၊ အရင်က ဒီလိုမှမဟုတ်ဘဲ"

"အရင်က ဘယ်လိုလဲ၊ ပြောစမ်းပါဦး"

"အရင်ကဆို ဖဲရိုက်, ကြက်တိုက်, အရက်သောက်နဲ့ အိမ်ပြန် လာလည်း ဆူသေး၊ ဆဲသေးတယ်ဘုရား"

"နို့…ခုတော့ ကျောင်းကန်ဘုရားသွားလို့ လာလို့ဆိုတော့ ကောင်းလို့ပါးလား"

"အင်း…ဒီကောင် '**ကျွတ်မှန်းမသိ ကျွတ်နေပြီ**' ဘုရား"

"ဘာဖြစ်လို့လဲ"

"အရင်က ကျောင်းကန်ဘုရားမသွားတဲ့ကောင်၊ ခုကျောင်း ကန်ဘုရားသွားတော့ ကျွတ်မှန်းမသိ ကျွတ်တာပေါ့ဘုရား"

"ဘယ်တရားများ သိသွားလို့ ကျွတ်မှန်းမသိ ကျွတ်တာ လည်း ပြောစမ်းပါဦး"

"ဟိုတစ်နေ့က တပည့်တော်တို့ကျောင်းမှာ ဝေယျာဝစ္စ ပြုလုပ် ကြတော့ သူလည်းပါတာပေါ့"

"အင်း…"

"ဝေယျာဝစ္စလုပ်ပြီးတော့ ဦးပဥ္စင်းက ဝေယျာဝစ္စကုသိုလ်

http://www.dhammadownload.com



ကို အထင်မသေးနဲ့၊ တစ်ခြားကုသိုလ်မထင်ရှားဘဲ ဝေယျာဝစ္စ ကုသိုလ်နဲ့ပဲ ရဟန္တာဖြစ်သွားတဲ့ ဝေယျာဝစ္စကရထေရ်အကြောင်း အကျဉ်းချုပ်ဟောတယ်မဟုတ်လား"

"အင်း...ကောင်းတယ်"

"အဲဒီတရား နာရတော့ ဒီကောင် သိပ်ပြီးတော့ ဝမ်းသာ သွားဟန် တူတယ်ဘုရား"

"ဘာဖြစ်လို့လဲ"

"သူပြောပြတာပဲဘုရား"

"သူကဘယ်လိုပြောလဲ"

"ကျွန်တော်ကျောင်းကပြန်တော့ အားရဝမ်းသာနဲ့ ကျွန်တော် ရခဲ့တဲ့ ဝေယျာဝစ္စကုသိုလ်ကို အိမ်သူအိမ်သားတွေကို ရပါစေ ဆိုတဲ့သဘောနဲ့ အမျှဝေတယ်လို့ ပြောတယ်ဘုရား"

"အင်း...ဝေတော့ဘာဖြစ်လဲ"

"အဲဒီလိုဝေတော့တဲ့ အိမ်သူအိမ်သားတွေက ကျွန်တော့်ကို မယုံတော့ 'နင့်အမျှက ဘာအမျှမှန်းလည်း မသိဘဲနဲ့ တို့...သာဓု မခေါ်နိုင်ဘူး'လို့ ပြောတယ်တဲ့ဘုရား"

"အင်း...ဟုတ်သားပဲ...သူက ခါတိုင်းဆိုရင် ဖဲရိုက်, ကြက် တိုက်, အရက်သောက်တယ်မဟုတ်လား"

"မှန်ပါဘုရား"

"အဲဒါတွေ အမျှဝေတယ်မှတ်လို့ ဟိုက သာဓုမခေါ်ကြတာ နေမှာပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ကဲ…ဆက်ပြောပါဦး၊ သာဓုမခေါ်နိုင်ဘူးပြောတော့ သူ့စိတ်ထဲ ဘယ်လိုဖြစ်သွားလဲ"

"သူ့စိတ်ထဲ ဘယ်လိုဖြစ်သွားလည်းဆိုတော့ 'ဪ…ငါ့ကို ငါ့အိမ်သားတွေကတောင် မယုံတော့ပါလား'လို့ သံဝေဂဖြစ်သွားပါသတဲ့ဘုရား"

"အင်း…ဟုတ်တာပေါ့၊ သူကလူဆိုးကိုး၊ အိမ်သားတွေကလည်း ဘယ်ယုံမလဲ"

"မှန်ပါ၊ မယုံပါဘုရား"

"အဲဒီလို သံဝေဂဖြစ်တော့ နောက်ဘယ်လိုဖြစ်လဲ"

"အဲဒီနေ့ကစပြီး 'ငါတော့ နောက်နောက်အခါ ဒီလိုနေလို့ မဖြစ်တော့ဘူး'ဆိုပြီးတော့ ယခုလို ကျောင်းကန်ဘုရားရောက်လာကာ ကျွတ်မှန်းမသိ ကျွတ်နေတာပါပဲဘုရား"

"အင်း…ဒီလိုဆိုတော့ ဟိုအင်းဝဘုရင် သာလွန်မင်းတရားခေတ်ကို သတိရမိတယ်"

"အမိန့်ရှိပါဦးဘုရား"

## စာသမားနှင့်တရားသမား

"ဘုရင်ကိုးကွယ်တဲ့ နန်းဦးဆရာတော်ဆိုတာရှိတယ်၊ အလွန်တရားစာတတ်တယ်၊ ဘွဲ့တော်က ရှင်မုနိန္ဒဃောသတဲ့ '**တိပိဋကာလင်္ကာရ၊ မဟာတိပိဋကာလင်္ကာရ**'လို့ တံဆိပ်နှစ်ထပ်ရ ဆရာတော်ပဲ"

"မှန်ပါဘုရား"

http://www.dhammadownload.com



"တစ်နေ့ အဲဒီနန်းဦးဆရာတော်ဟာ ဘုရင့်လှေတော်ကြီးနှင့် လှေတော်သား တပည့်ဒကာ အသိုင်းအဝိုင်းများစွာနဲ့ ရွှေစက်တော်ဘုရား သွားရောက်ဖူးမြော်တယ်"

"မင်းဘူး ရွှေစက်တော်လားဘုရား"

"ဟုတ်တယ်"

"ဆက်အမိန့်ရှိပါဘုရား"

"အဲ...ရွှေစက်တော်ဖူးပြီးတော့ အပြန် ဧရာဝတီမြစ်မှ ဆန်ကာ ချင်းတွင်းမြစ်တွင်းဝင်ပြီး ပခန်းသို့ကြွတယ်"

"ချီပါသား ပခန်းသားဆိုတဲ့ ပခန်းလားဘုရား"

"အဲဒီပခန်းပေါ့၊ ချီပါသား ပခန်းသားဆိုတာ နာမည်ကြီး ပေါ့"

"ဘာကိစ္စ ကြွတာလဲဘုရား"

"ရွှေဥမင်တောရဆရာတော် အရှင်ဇမ္ဗုဓဇနဲ့ တွေ့ချင်လို့တဲ့ ဒကာကြီးရဲ့"

"အောင်မယ်...မင်းဆရာတော်ကတောင် သွားတွေ့ရတယ် ဆိုတော့ ရွှေဥမင်တောရဆရာတော်ဟာ ဘယ်ညှံ့မလဲနော်"

"အကျင့်လည်းကောင်းတယ်၊ စာလည်းတတ်တယ်၊ စာ လည်းရေးတယ်၊ ကျမ်းပြုဆရာတော်ပဲ ဘယ်ညှံ့မလဲ"

"မှန်ပါ အမိန့်ရှိပါဘုရား"

"ရွှေဥမင်တောရဆိုတော့ တရားရှင်တို့ တရားအားထုတ်ရာ အုတ်ဂူ, ကျောက်ဂူ အရပ်ရပ်ရှိမှာပေါ့"

"ဪ...ဂူရှိလို့ ရွှေဥမင်တောရ ခေါ်တာပေါ့ဘုရား"

http://www.dhammadownload.com



"အင်း...ဟုတ်တာပေါ့"

"ဒါဖြင့် ဦးပဋ္ဌင်းနေတဲ့ ရန်ကုန်ရွှေဥမင်တောရကော ဂူရှိလား ဘုရား"

"ဦးပဋ္ဌင်းနေတဲ့ ရွှေဥမင်တောရကတော့၊ ရွှေဥမင်စေတီကို အကြောင်းပြုပြီး ရွှေဥမင်တောရခေါ်တာပဲ၊ ဘုရားမှာ ဂူရှိတယ် လေ"

"မှန်ပါ သိပါပြီ၊ ဆက်အမိန့်ရှိပါဘုရား"

"ဒီကမင်းဆရာတော်က ခမ်းခမ်းနားနား အသိုင်းအဝိုင်း တွေနဲ့ ကြွသွားတယ်နော်"

"ဟိုက ရွှေဥမင်တောရဆရာတော်က တဲကျောင်းကလေးနဲ့ သီတင်းသုံးနေတာ၊ မင်းဆရာတော် ကြွလာတယ်ဆိုတော့ ရွှေ ဥမင်တောရ ဆရာတော်ကိုယ်တိုင်ပဲ တရိုတသေ ဆီးကြိုတယ်"

"မှန်ပါဘုရား"

"ဒီမှာ '**စာသမားနှင့် တရားသမားအသွင်အပြင် ကွဲပြားပုံ**' လေးကို သတိထားဖို့ ကောင်းတယ်"

"အမိန့်ရှိပါဘုရား"

"စာသမားက ရိုးသားတဲ့ အသွင်သာ ရှိတတ်တယ်၊ တရား သမားကတော့ မျက်နှာ၊ ကိုယ်၊ လက် အမူအရာမှစ၍ လောဘ စတဲ့ ကိလေသာ အခိုးအကင်းတို့ ကင်းရှင်းသေသပ်၍ အေးငြိမ်း တဲ့အသွင် ပေါ်လွင်နေတတ်တယ်နော်"

"မှန်ပါဘုရား"

"မင်းဆရာတော်က စာသမားသက်သက်ပဲနော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ရွှေဥမင်တောရ ဆရာတော်ကတော့ စာသမားဆိုလည်း ဟုတ်တယ်၊ တရားသမားဆိုလည်း ဟုတ်တယ်၊ ဒီတော့ ဆရာတော်နှစ်ပါး ဘယ်လိုအသွင်ပေါ်နေမလည်းဆိုတာ မှန်းပြီး အာရုံယူကြည့်ညိုပေါ့နော်"

"မှန်ပါဘုရား"

"အင်း...ဒီလိုနဲ့ ရွှေဥမင်တောရ ဆရာတော်က မင်းဆရာတော်ကို တောရကျောင်းလေးပေါ် ပင့်တယ်ပေါ့နော်"

"မှန်ပါဘုရား"

"တောရကျောင်းကလေးကို အာရုံယူ ကြည့်စမ်းပါဦး၊ အသုံးအဆောင်ပစ္စည်းဆိုလို့ ဘာမှမရှိဘူး၊ အိပ်ရာနေရာတောင် မတွေ့ရဘူး။ ပေတွေ၊ ပုရပိုက်တွေ အစုလိုက် အပြုန့်လိုက်ပဲ တွေ့ရတယ်။ ဒီတော့ တကဲ့တရားသမား တရားအရှင် စာပေသမား စာပေရှင်ပါလားလို့ မင်းဆရာတော်က ပီတိဖြစ်သွားတယ်တဲ့နော်"

"မှန်ပါဘုရား"

"ပညာရှိစာသမား၊ မင်းဆရာက ပီတိဖြစ်သော်လည်း ပညာမဲ့သူ လူပိန်းကတော့ တယ်ပြီး ဆင်းရဲတဲ့ ဆရာတော်၊ ဘုဉ်းကံနည်းတဲ့ ဆရာတော်လို့ ထင်ချင်ထင်မှာနော်"

"မှန်ပါ ထင်မှာပါဘုရား"

"ထင်ချင်တာ ထင်ပေါ့လေ၊ ဒါက သဘာဝပဲဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"အဲ...တောရကျောင်းကလေးပေါ်ရောက်တော့ ရွှေဥမင်ဆရာတော်က မင်းဆရာတော် ထိုင်ဖို့အတွက် မိမိ ပခုံးထက်မှ သက်န်းကြီးကို ချပေးပြီး ခင်းပေးတယ်၊ ကဲကြည့်စမ်း၊ တစ်ခြား ခင်းစရာဆိုလို့ ဘာမှမရှိဘူးနော်"

"မှန်ပါဘုရား"

"မင်းဆရာတော်ကလည်း ရွှေဥမင်တောရ ဆရာတော် ခင်းပေးတဲ့ သင်္ကန်းကြီးကိုဖယ်ပြီး ကြမ်းပြင်ပေါ်မှာပဲ ထိုင်တယ်တဲ့နော်"

"တစ်ပါးကိုတစ်ပါး ရိုသေပုံဟာ အတုယူစရာပဲနော်"

"မှန်ပါဘုရား"

"အင်း...အဲဒီလို ထိုင်ပြီးတော့ သာသနာတော်ရေး၊ ကျန်းမာရေးစတဲ့ ပဋိသန္ထာရစကား ပြောကြားရင်း တစ်ပါးနဲ့တစ်ပါး မေးကြ၊ ဖြေကြတယ်၊ မင်းဆရာတော်က မေးတယ်။

"ရွှေဥမင်တောရဆရာတော် တစ်ပါးတည်း နေပါသလား?"

"တစ်ပါးတည်းမဟုတ်ပါ၊ အလုပ်အကျွေး ကပ္ပိယဒကာကြီး တစ်ယောက်နဲ့ နေပါတယ်ဘုရား"

"တောရဆိုသော်လည်း နေသည့်နေရာက ခေါင်လွန်း၊ ဝေးလွန်းလှတယ်၊ မကြောက်ဘူးလားဘုရား"

"မှန်လှပါ၊ ကြောက်လို့သာ ဒီလိုနေပါတယ်ဘုရား"

အဲဒီလိုဖြေတော့ မင်းဆရာတော် စကားရပ်သွားတယ်တဲ့၊ ရွှေဥမင်တောရ ဆရာတော်ရဲ့ စကားကို ကြည်ညိုလှလွန်းလို့ ရွှေဥမင်တောရ ဆရာတော်ရဲ့ မျက်နှာတော်ကို တစ်ချက် လှမ်း

http://www.dhammadownload.com



ကြည့်တယ်တဲ့၊ ရွှေဥမင်တောရဆရာတော်က အောက်သို့ စိုက်ပြီး မျက်လွှာချထားတယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒီမှာ တောရဆရာတော်ကို မင်းဆရာတော်က မေးတာက တစ်မျိုး၊ တောရဆရာတော်က ဖြေတာတစ်ဖုံကို သတိထားမိရဲ့လား?"

"အမိန့်ရှိပါဘုရား"

"မင်းဆရာတော်က '**သားရဲတိရစ္ဆာန်ကိုမကြောက်ဘူးလား**' လို့ လောကစကားနဲ့ မေးတာနော်"

"မှန်ပါဘုရား"

"တောရဆရာတော်က '**သံသရာကိုကြောက်လို့သာ ဒီလိုနေပါတယ်ဘုရား**' လို့ ဓမ္မစကားနဲ့ တုံ့ပြန်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီစကားဟာ မင်းဆရာအတွက် ဓမ္မသံဝေဂ အတိ ဖြစ်စေတယ်၊ မင်းဆရာဟာ သံသရာကို မကြောက်သူအဖြစ် ရောက်သွားလို့ ရှက်လွန်းပြီး ငြိမ်သွားတယ်တဲ့၊ အင်း...သိတတ်တဲ့ ပညာရှိတော့ နည်းနည်းလေးနဲ့ သိပြီး ရှက်မသွားဘူးလား?"

"ရှက်သွားပါတယ်ဘုရား"

"မသိတတ်တဲ့ ပညာပေတုံးတော့ ဘယ့်နှယ်လဲ"

"အများကြီးပြောတာ၊ ဟောတာတောင်မှ မရှက်ပါဘုရား"

"အင်း...ဒီလိုနဲ့ ရှက်ရှက်နဲ့ပဲ ဆက်ပြီးစကားပြောတော့ မင်းဆရာတော်က လျှောက်ပြန်တယ်။

http://www.dhammadownload.com



"တောရဆရာတော် တရားအလုပ်ကတစ်ဖက်၊ စာအလုပ်က တစ်ဖက်ဆိုတော့ အားလပ်ချိန်ရယ်လို့ မရှိတော့ဘူးထင်ပါရဲ့"

"ဒီတော့ တောရဆရာတော်က 'မှန်လှပါ၊ လူ့ဘဝဆိုတာ အင်မတန် တိုတောင်းလှပါတယ်၊ နေရတဲ့အချိန် နည်းလွန်းလှပါ တယ်။ ဒါကြောင့်မို့ အားလပ်ချိန်ရယ်လို့ မရှိစကောင်းဘူး ထင်မိ ပါတယ်။ အားလပ်ချိန်ရယ်လို့ ထားလိုက်ရင်လည်း မဟုတ်တဲ့ အရာတွေကဝင်လာတတ်ပါတယ်၊ ဒါကြောင့် မအားလပ်အောင်ဘဲ သတိထားနေရပါတယ်' လို့ ဖြေတယ်တဲ့။ မှတ်စရာမကောင်း ဘူးလား?"

"ကောင်းပါတယ်ဘုရား"

"မှတ်စရာကောင်းရုံတင်မဟုတ်ဘူး၊ မှတ်ပြီး အချိန်အား မထားဘဲ သတိထားနေဖို့ အရေးမကြီးဘူးလား?"

"မှန်ပါ၊ အရေးကြီးပါတယ်ဘုရား"

"ကဲ...ဆက်ကြဦးစို့နော်"

"အဲဒီလိုနဲ့ မင်းဆရာနဲ့ တောရဆရာတော်တို့ ဆက်လက် စကားပြောပြီးတော့ မင်းဆရာက **ကျွတ်တန်းကျွတ်ရိုက်တွင် လှူပါရစေ** ဆိုကာ ပါလာတဲ့သင်္ကန်း၊ ထီး၊ ဖိနပ် စသည်တို့ကို ကိုယ်တိုင် လက်ဖြင့်ကိုင်ပြီး တောရဆရာတော်အား လှူတယ်တဲ့နော်"

"မှန်ပါဘုရား"

"တောရဆရာတော်ကလည်း မင်းဆရာတော် ပေးလှူသမျှ အလှူခံပြီး မင်းဆရာရှေ့တွင်ပင် ဘုရားသို့ လှူလိုက်တယ်တဲ့"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီလို လျှောက်လိုက်တော့ မင်းဆရာတော်က ဘာမှမဖြစ် မျက်စိမျက်နှာ မပျက်သော်လည်း၊ အနားမှာရှိနေတဲ့ တောရ ဆရာတော်ရဲ့ ကပ္ပိယ ဒကာကြီးက မျက်စိမျက်နှာပျက်တယ်တဲ့၊ ဘာဆိုင်လဲဟင်"

"မဆိုင်ပါဘုရား"

"အဲ...မင်းဆရာ ပြန်ကြွသွားတော့မှ ကပ္ပိယဒကာကြီးက ရွှေဥမင်တောရဆရာတော်ကို-

"အရှင်ဘုရား လုပ်ပုံက မင်းဆရာတော်ကို အားနာဖို့ ကောင်းလိုက်တာ၊ သူသဒ္ဓါလို့ လျှူတာကို သူ့မျက်နှာ ကွယ်အောင် ခေတ္တခဏမျှစောင့်ပြီး နောက်မှ ဘုရား လှူချင်သပဆိုရင်လည်း လှူပေါ့၊ ယခုတော့ သူ့ရှေ့ တွင်ပဲ လှူနေတော့ တပည့်တော်ဖြင့် မျက်နှာအထားရ ခက်လိုက်တာ မပြောပါနဲ့တော့"

လို့ အပြစ်တင်ရိပ်နဲ့ လျှောက်ထားတယ်၊ ဒီတော့ ရွှေဥမင်တောရ ဆရာတော်က ကပ္ပိယဒကာကြီးကို-

"အင်း...ဒကာကြီး နားလည်တာက တစ်မျိုးပဲ၊ ပညာနုတဲ့ ဒကာ-ဒကာမများ ပစ္စည်းဆိုရင်တော့ ဒကာကြီးပြောတာ ဟုတ်သပေါ့၊ မင်းဆရာက ပစ္စည်း နဲ့ ကျုပ်ကိုလှူတယ်၊ ကျုပ်က မင်းဆရာကို ဘာပစ္စည်းမှ လှူစရာမရှိဘူး၊ ဒီတော့ မင်းဆရာတော်ကို တရား အလှူပဲ ပေးလှူလိုက်ရတယ်။ ဒီနေ့ ကျုပ်လှူလိုက်တဲ့ တရားအလှူဟာ မင်းဆရာတော်အဖို့ ဘယ်ကလောက်

http://www.dhammadownload.com



တန်ဖိုးရှိတယ်ဆိုတာ ဒကာကြီး ကြားရပါလိမ့်မယ်၊ ဒီတောရကျောင်းက ပြန်လို့ မင်းဆရာတော်ဟာ သူ့နေပြည်တော်ကျောင်းသို့ ရောက်တဲ့အခါ သူ့ကျောင်းကို သူပြန်ပြီး ဝင်ဝံ့တယ်ဆိုရင် အာဂပုဂ္ဂိုလ်လို့သာ မှတ်ပေတော့ ဒကာကြီး”လို့ ပြန်ပြောတယ်တဲ့နော်”

“မှန်ပါဘုရား”

“ကဲ…ရွှေဥမင်တောရ ဆရာတော်ရဲ့ အထင်ဟာ ဘယ်လောက်မှန်လည်းဆိုရင် မင်းဆရာတော်ဟာ ရွှေဥမင်တောရကလည်း ပြန်ကြွကော၊ ဘုရင်လှူဒါန်းတဲ့ လေးထပ်ကျောင်းကြီးသို့ မဝင်တော့ဘဲ စစ်ကိုင်းတောင်ရိုး တောင်ဖီလာချောင်သို့ ကြွသွားတော့တယ်၊ တောရဆရာတော် ဖြစ်သွားတယ်တဲ့”

“အံ့သြစရာပါပဲဘုရား”

“ကဲ…အဲဒီမှာ ရွှေဥမင်တောရ ဆရာတော်ရဲ့ စကားကို ကောက်နုတ်ချက်ချကြည့် ဆုံးမစကား တစ်လုံးမှမပါဘူးနော်”

“မှန်ပါဘုရား”

“ဒါပေမယ့် မင်းဆရာတော်အား ‘သံသရာကို မကြောက်သူအဖြစ်ဖြင့်လည်းကောင်း၊ အရာမရောက်သော ပစ္စည်းလာဘ်လာဘများတွင် ခင်တွယ်နေသူအဖြစ်ဖြင့်လည်းကောင်း ယဉ်ယဉ်ကလေးဆုံးမလိုက်တယ်’ တရားအလှူပေးလိုက်တယ် မဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“အင်း…**မင်းဆရာတော်**ဘဝမှ **တောင်ဖီလာတောရဆရာတော်**ဘဝသို့ ရောက်သွားတယ်၊ နောက် **ခေမကျူးဆရာတော်**

http://www.dhammadownload.com



တွင်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ခုလည်းကြည့်ပါလား၊ ဝေယျာဝစ္စအကျိုးပဲပြောလိုက်တာပဲ၊ အရက်ဖြတ်ဖို့ ဖဲမရိုက်ဖို့ ကြက်မတိုက်ဖို့ တစ်လုံးမှမပါဘူးနော်"

"မှန်ပါ၊ မပါပါဘုရား"

"အင်း...ခုတော့ **ကျွတ်မှန်းမသိ ကျွတ်နေပြီ**ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ကဲ...တော်ဦးစို့"

"ဦးတင်ပါတယ်ဘုရား"

- နည်းများမဆို တရားကို ကြည့်ညိုနှစ်သိမ့် မေးရမည်။
- မိမိနားနှင့် တရားသင့် ကျွတ်ခွင့်ကျွတ်ခါ ကြုံလိမ့်မည်။
- ထို့ကြောင့်သူငါ တရားနာ များစွာနေ့ည ပြုရမည်။

http://www.dhammadownload.com



# ကုသိုလ်ဘယ်နှစ်မျိုးရှိပါသလဲဘုရား

## ( ၆ )

နေကလည်းပူလှ၏၊ ခြင်ကလည်းကိုက်လှ၏၊ မျက်စိနားဝယ် ရစ်သီရစ်သီနှင့်နေသော အကောင်ငယ်ကလေးတွေကလည်း များလှ၏။ တောတွင်းသဘာဝ မျက်စိနားအေးသော်လည်း ယင်းအန္တရာယ်ကား မသေးလှပေ။ သို့နှင့် မိမိသည် ယင်းအန္တရာယ်များကို ကာကွယ်ရန် ခြင်ထောင်ချ၏။ ထိုစဉ် ဒကာတစ်ယောက်ရောက်လာကာ ဦးချလျှောက်ထား၏။

"အရှင်ဘုရား၊ **ကုသိုလ်ဘယ်နှစ်မျိုးရှိပါသလဲဘုရား?"**

"အမယ်လေး ကုသိုလ်တွေက အများကြီး၊ ဘယ်လိုလုပ်ပြီး ရေတွက်ပြနိုင်ပါ့မလဲ"

"နို့...အများပြောနေတော့ ဒါန, သီလ, ဘာဝနာသုံးမျိုး ထဲပါလား"

"ဒါန, သီလ, ဘာဝနာဆိုတာက အကျဉ်းချုပ်ပြောတာ"

http://www.dhammadownload.com



"အကျယ်ချဲ့တော့ ဘယ်လောက်ပါလဲဘုရား?"

"သူ့ကိုအကျယ်ချဲ့ရင် (၁၀)ပါးရှိတယ်"

"နို့...အရှင်ဘုရားက အများကြီးဆို"

"အများကြီးဆိုတာက ဒကာကြီးက ကုသိုလ်ဘယ်နှစ်မျိုးရှိပါသလဲလို့ သာမညမေးတော့ အများကြီးလို့ ပြောတာပေါ့"

"ဘယ်လိုများတာလဲဘုရား"

"သုစရိုက်(၁၀)ပါးကလည်း ကုသိုလ်၊ ပါရမီ(၁၀)ပါးကလည်း ကုသိုလ်၊ ပုညကိရိယဝတ္ထု(၁၀)ပါးကလည်း ကုသိုလ် စသည်ဖြင့် ကုသိုလ်တွေများလို့ အများကြီးပြောတာပေါ့"

"ဒါန, သီလ, ဘာဝနာ ကုသိုလ်သုံးမျိုးနဲ့ ပုညကိရိယဝတ္ထု(၁၀)ပါးကို ရှင်းပြပါဘုရား"

"အဲဒါက ခုနက ပြောခဲ့သလို အကျယ်နဲ့အကျဉ်းပဲ၊ အကျယ်ဆိုရင် ပုညကိရိယဝတ္ထု(၁၀)ပါးပေါ့"

"ကုသိုလ်တွေ ဘယ်လိုပဲ များပါတယ်ဆိုဆို ဒါန, သီလ, ဘာဝနာသုံးပါးထဲ ထည့်လိုက်ရင် အကုန်ဝင်သွားတာပဲ"

"ဒါဖြင့် ကုသိုလ်သုံးမျိုးဆိုလည်း မှန်တာပေါ့ဘုရား"

"အင်း...မှန်တာပေါ့"

"ဒါဖြင့် (၁၀)မျိုး၊ သုံးမျိုး ရှင်းပေးပါဘုရား"

"ပုညကိရိယဝတ္ထုခေါ်ပုံကို စရှင်းမယ်နော်"

"မှန်ပါဘုရား"

"**သံကိလေ သမလေဟိ ပုနာတိ သောဓေတီတိ ပုညံ**= ကိလေသာ(၁၀)မျိုး အညစ်အကြေးဆိုးတို့မှ စင်ကြယ်စေတတ်လို့

http://www.dhammadownload.com



'ပုည'လို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

"**သမ္ပုရိသေဟိ ကတ္တဗ္ဗန္တိ ကိရိယံ**=သူတော်ကောင်းများ ပြုကျင့်အပ်တဲ့ လုပ်ငန်းဖြစ်လို့ 'ကိရိယ'ခေါ်တယ်နော်"

"မှန်ပါဘုရား"

"**တေတေ အာနိသံသာ ဝသန္တိ တိဋ္ဌန္တိ ဧတ္ထာတိ ဝတ္ထု**= စေတနာအလိုက်၊ ဉာဏ်မြင်အလိုက်၊ ကျင့်သုံးမှုအလိုက် ပေါ်ထွက်လာကြတဲ့ ထိုထိုကောင်းကျိုးတို့ရဲ့ တည်ရာဖြစ်လို့ 'ဝတ္ထု'ခေါ်တယ်နော်"

"မှန်ပါဘုရား"

"အားလုံးခြုံပြီးတော့ပြောတော့ ကိလေသာ(၁၀)မျိုး၊ အညစ်အကြေးဆိုးတို့ကို စင်ကြယ်စေတတ်တဲ့ စွမ်းရည်ရှိတဲ့ အလုပ်လည်းဖြစ်၊ သူတော်ကောင်းတို့ ကျင့်သုံးအပ်တဲ့ အလုပ်လည်းဖြစ်၊ ကောင်းကျိုးတို့ရဲ့ တည်ရာလည်းဖြစ်လို့ '**ပုညကိရိယဝတ္ထု**' ခေါ်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီ ပုညကိရိယဝတ္ထုဟာ–

## ပုညကိရိယဝတ္ထု(၁၀)ပါး

၁။ ဒါန

၂။ သီလ

၃။ ဘာဝနာ

http://www.dhammadownload.com



၄။ အပစာယန

၅။ ဝေယျာဝစ္စ

၆။ ပတ္တိဒါန

၇။ ပတ္တာနုမောဒန

၈။ ဓမ္မဿဝန

၉။ ဓမ္မဒေသနာ

၁၀။ ဒိဋ္ဌိဇုကမ္မလို့ (၁၀)ပါးရှိတယ်နော်"

"မှန်ပါဘုရား"

"အဲဒီ(၁၀)ပါးကို အစဉ်အတိုင်းပြောပြမယ်၊ ပြောပြတော့ ဒါနဟာ-

## (၁) ဒါနနှစ်မျိုး

၁။ **စေတနာဒါန**

၂။ **ဝတ္ထုဒါန** လို့ နှစ်မျိုးရှိတယ်။ အဲဒီနှစ်မျိုးမှာ '**ဒီယျတိ စေတနာတိဒါနံ စေတနာ**=ဤစေတနာဖြင့်၊ **ဒီယျတိ**= ပေးလှူအပ်၏၊ **ဣတိ**=ထို့ကြောင့်၊ **ဒါနံ**=ဒါနမည်၏' တဲ့။ အဲဒီစကားအရ ပေးလှူကြောင်းဖြစ်တဲ့ စေတနာကို ဒါနခေါ်တယ်နော်"

"မှန်ပါဘုရား"

"စေတနာဒါနပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီ ဒါနစေတနာဟာ-

http://www.dhammadownload.com



## စေတနာသုံးတန်

(က) **ပုဗ္ဗစေတနာ**

(ခ) **မုဉ္စစေတနာ**

(ဂ) **အပရစေတနာ** လို့ သုံးမျိုးရှိတယ်။ အဲဒီ သုံးမျိုးမှာ–

(က) "လှူဒါန်းပေးကမ်းမယ်"လို့ ကြံစည်သည့်မှစပြီး မစွန့်လွှတ် မလှူဒါန်းမီ လှူပါ၏လို့ မဆိုမီ၊ မဆက်ကပ်မီ ရှေ့အဖို့မှာ ဒါနနဲ့ ဆက်သွယ်ပြီး သိန်း, သန်း, ကုဋေ မက ဖြစ်ဖြစ်သမျှ စေတနာတွေဟာ '**ပုဗ္ဗစေတနာ**'တွေပဲနော်"

"မှန်ပါဘုရား"

(ခ) "စွန့်လွှတ်လှူဒါန်းဆဲ 'လှူပါ၏'လို့ လျှောက်တုန်း၊ ဆက်ကပ်ပေးကမ်းတုန်းအခိုက်မှာ ဖြစ်တဲ့စေတနာက '**မုဉ္စစေတနာ**' နော်"

"မှန်ပါဘုရား"

(ဂ) "စွန့်ကြဲပေးကမ်းလှူဒါန်းပြီးနောက် အဲဒီ ဒါနကို သတိရတိုင်း ဝမ်းသာအားရဖြစ်နေတဲ့ စေတနာတွေက '**အပရစေတနာ**' တဲ့နော်"

"မှန်ပါဘုရား"

(၂) "**ဒါတဗ္ဗန္တိ ဒါနံ**။ **ဒါတဗ္ဗံ**=ပေးလှူသင့် ပေးလှူထိုက်၏၊ **ဣတိ**= ထို့ကြောင့်၊ **ဒါနံ**=ဒါနမည်၏၊ အဲဒီစကားအရ စွန့်ကြဲပေးကမ်းလှူဒါန်းဖွယ် ပစ္စည်းဝတ္ထုများကို '**ဝတ္ထုဒါန**'ခေါ်တယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒါနနဲ့ပတ်သက်လို့ အဲဒီလောက်ဆို တော်ပါပြီ။ အကျယ် သိချင်ရင် ဦးပဥ္စင်းရေးတဲ့ '**ဒါနဝတ္ထု**' ဖတ်ပေတော့နော်"

"မှန်ပါဘုရား"

## (၂) သီလ

"**သီလယတိ ကာယဝစီကမ္မာနိ သမ္မာ ဒဟာတီတိ သီလံ**

**ကာယဝစီကမ္မာနိ**=ကိုယ်မှု နှုတ်မှုတို့ကို၊ **သီလယတိ သမ္မာ ဒဟာတိ**=ကောင်းစွာထားတတ်၏။ **ဣတိ**=ထို့ကြောင့်၊ **သီလံ**=သီလ မည်၏" တဲ့။

"အကုသိုလ်မဖြစ်ရအောင် ကိုယ်မှု နှုတ်မှုတို့ကို ကောင်းစွာ ထားတတ်တဲ့ စေတနာကို သီလခေါ်တယ်နော်"

"မှန်ပါဘုရား"

"လူမှာ ကိုယ်,နှုတ်,စိတ် ရယ်လို့ သုံးပါးမရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"အဲ...သီလက ကိုယ်မှု နှုတ်မှုပဲ၊ ငြိမ်သက်အောင် ထား တတ်တယ်နော်"

"မှန်ပါဘုရား"

"စိတ်ကိုတော့ သီလနဲ့ စောင့်စည်းရုံမျှနဲ့ လုံခြုံနိုင်ပါ့မလား?"

"မလုံခြုံနိုင်ပါဘုရား"

"စိတ်ကိုတော့ ဘာဝနာနဲ့မှ ငြိမ်သက်အောင် စောင့်စည်း ရတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီ သီလအကြောင်း အကျယ်တဝင့်တော့ ဦးပဥ္ဇင်း ရေးတဲ့ 'သီလဝတ္ထု'ပဲ ကြည့်ပေတော့နော်"

"မှန်ပါဘုရား"

## (၃) ဘာဝနာ

"**ဘာဝေတိ ဥပ္ပါဒေတိ ဝဍ္ဎေတီတိ ဘာဝနာ**"၊ **အဓိကု သလံ**= လွန်ကဲမြင့်မြတ်သော ကုသိုလ်စိတ်ကို၊ **ဘာဝေတိ ဥပ္ပါ ဒေတိ**=စ၍ဖြစ်စေတတ်၏၊ **ဘာဝေတိ ဝဍ္ဎေတိ**= တိုးတက်ပွား များစေတတ်၏၊ **ဣတိ**=ထို့ကြောင့်၊ **ဘာဝနာ**=ဘာဝနာမည်၏" တဲ့။

"သမထဘာဝနာ၊ ဝိပဿနာဘာဝနာတရားတွေဟာ လွန်စွာ အကျိုးများလို့ မိမိသန္တာန်မှာ ဖြစ်ပေါ်လာအောင် တစ်ကြိမ်ဖြစ်ပြီး နောက် အထပ်ထပ်တိုးပွားအောင် အားထုတ်ထိုက်လို့ ဘာဝနာ လို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

## (၄) အပစာယန

"တစ်စုံတစ်ခုသော လာဘ်လာဘ အကျော်အစောကို မလိုလားဘဲ ရိုးရိုးသားသားနဲ့ မိဘ ဆရာသမား တရားစောင့်တဲ့ ရဟန်းသံဃာ ဂုဏ် အသက် သိက္ခာအားဖြင့် မိမိထက်ကြီးသူ မြင့်မြတ်သူတို့ကို ခရီးဦးကြိုဆိုမှု၊ လက်အုပ်ချီမှု၊ ရှိခိုးမှု စတဲ့ ရိုသေမှုများကို ပြုခြင်းကို '**အပစာယန**' လို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီလိုပြုလုပ်ရတာ ဘယ်သူ့အတွက်လဲ"

http://www.dhammadownload.com



"ကိုယ့်အတွက်ပါဘုရား"

"အချို့က အပြုလုပ်ခံရသူအတွက်လို့ ထင်နေလို့ မေးရတာ နော်"

"မှန်ပါဘုရား"

"ဒါနဲ့ စကားစပ်မိလို့ ကိုရင်ကြီးတစ်ပါးက ဆရာတော်ကြီး တစ်ပါးကို ပြန်လျှောက်ထားပုံကလေး သတိရတယ်"

"ဘယ်လိုပါလဲဘုရား"

"ကိုရင်ကြီးက စာမအံချင်ဘူးတဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ဆရာတော်ကြီးက 'ဒီကိုရင်ကြီးဟာ ကိုယ့်ဖို့မှန်း မသိ၊ သူ့ဖို့မှန်းမသိနဲ့ စာအံတာမဟုတ်ဘူး' လို့ ပြောသတဲ့"

"မှန်ပါဘုရား"

"ဒီတော့ ကိုရင်ကြီးက ဆရာတော်ကို 'ဆရာတော်ဘုရား၊ တပည့်တော် ဒီစာတွေအံနေရတာ ဘယ်သူ့အတွက်ပါလဲ' လို့ လျှောက်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ဆရာတော်ကြီးက 'ဟဲ့ကိုရင်ကြီးရဲ့ နင်စာအံတာ နင့်ဖို့ပေါ့' လို့ ပြောလိုက်တယ်တဲ့"

"မှန်ပါဘုရား"

"ဒီတော့ ကိုရင်ကြီးက 'အမယ်လေးဘုရား၊ တပည့်တော်ဖြင့် ဆရာတော်ဖို့မှတ်လို့ ကြိုးစားအံလိုက်ရတာ မောလို့ပဲ၊ တပည့် တော်ဖို့သာဆို မအံပါဘူးဘုရား' လို့ လျှောက်သတဲ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အင်း...ခုလဲ ဒီလိုမဖြစ်စေနဲ့နော်"

"မှန်ပါဘုရား"

## (၅) ဝေယျာဝစ္စ

"မိဘ၊ ဆရာသမား၊ တရားစောင့်တဲ့ ရဟန်းသံဃာ၊ ဂုဏ်၊ အသက်၊ သိက္ခာအားဖြင့် မိမိထက်ကြီးသူ၊ မြင့်မြတ်သူ၊ ဂိလာနပုဂ္ဂိုလ်၊ အခြားသောမိတ်ဆွေ သူငယ်ချင်း၊ သီတင်းသုံးဖော်တို့ရဲ့ အပြစ်ကင်းတဲ့ ကိစ္စလုပ်ငန်းတွေကို ကူညီဆောင်ရွက်ကြောင်းစေတနာကို '**ဝေယျာဝစ္စ**' ခေါ်တယ်နော်"

"မှန်ပါဘုရား"

"ရဟန်းသံဃာတွေရဲ့ ကပ္ပိယဆိုတာ ဒီဝေယျာဝစ္စကုသိုလ်ပေါ့နော်"

"မှန်ပါဘုရား"

"ရှင်းရှင်းပြောရရင် သူတစ်ပါးရဲ့ အပြစ်ကင်းတဲ့ အမှုကြီးငယ်အားလုံးကို ဆောင်ရွက်ကြောင်းစေတနာဟာ ဝေယျာဝစ္စကုသိုလ်ပဲနော်"

"မှန်ပါဘုရား"

## (၆) ပတ္တိဒါန

"ဆိုပါတော့ ဒကာကြီးက ပစ္စည်းတစ်ခုခုကိုလှူတယ်၊ အဲဒီလှူဒါန်းကြောင်းစေတနာဟာ အလှူ့ရှင်ဖြစ်တဲ့ ဒကာကြီးမှာ

http://www.dhammadownload.com



ရောက်အပ် ရအပ်လို့ '**ပစ္စယ**' မည်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီ ဒကာကြီး ရအပ်တဲ့ ဒကာကြီးရဲ့ကုသိုလ်အဖို့ကို တစ် ယောက်ယောက်အားဖြစ်စေ၊ သတ္တဝါအားလုံးအားဖြစ်စေ 'မိမိနဲ့အညီအမျှကုသိုလ်ရပါစေ'လို့ သဘောထားပြီး ဝေငှကြောင်း ဝေဒနာကို '**ပတ္တိဒါန**' ခေါ်တယ်နော်"

"မှန်ပါဘုရား"

"မိမိနဲ့အညီအမျှ ရပါစေလို့ ပေးဝေတဲ့အတွက်ကြောင့် ယခု ကာလမှာတော့ '**အမျှဝေတယ်**'လို့ ခေါ်ကြတယ်ပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီအမျှဝေမှုအကြောင်းကို '**ဗုဒ္ဓဓမ္မပြဿနာများ(၂)**'ကြည့် နော်၊ အဲဒီမှာ အကျယ်ရှင်းထားပါတယ်"

"မှန်ပါဘုရား"

## (၇) ပတ္တာနုမောဒန

"အလှူရှင်တို့က ပေးဝေအပ်တဲ့ ကုသိုလ်အဖို့ကို လျော်စွာ ဝမ်းမြောက်ကြောင်းစေတနာကို '**ပတ္တာနုမောဒန**'ခေါ်တယ်နော်"

"မှန်ပါဘုရား"

"ဒီမှာ အထူးမှတ်ဖို့ရှိတယ်"

"ဘယ်လိုပါလဲဘုရား"

"သူတစ်ပါးတို့က အမျှဝေတဲ့အတွက် ဝမ်းမြောက်မှုက '**ပတ္တာနုမောဒန**'တဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"သူတစ်ပါးတို့က အမျှမဝေဘဲလျက် ဝမ်းမြောက်မှုကတော့ '**အနုမောဒနာ**'တဲ့"

"မှန်ပါဘုရား"

"မတူတတ်ဘူးနော်"

"မှန်ပါဘုရား"

## (၈) ဓမ္မဿဝန

"အင်မတန် တရားနာလေ့ရှိတာပဲ၊ အလွန် သူတော်ကောင်းတာပဲ စသည်ဖြင့် သူတစ်ပါးတို့ရဲ့ ချီးမွမ်းခြင်း ဂုဏ်သတင်းကို မတောင့်တဘဲ အသိအလိမ္မာ တိုးပွားစေလိုလို့၊ ကျင့်ကြံလိုလို့၊ တစ်ဆင့်ဟောပြောလိုလို့စတဲ့ စိတ်ထားနဲ့ တရားနာခြင်းမျိုးကို '**ဓမ္မဿဝန**' ခေါ်တယ်နော်"

"မှန်ပါဘုရား"

"တရားနာမှုဟာ သိပ်အရေးကြီးတယ်နော်"

"မှန်ပါဘုရား"

"သာဝကဟာ တရားမနာရဘဲနဲ့ တရားမရနိုင်ဘူး"

"မှန်ပါဘုရား"

## (၉) ဓမ္မဒေသနာ

"ဓမ္မဒေသနာအကြောင်း ပြောမယ်ဆိုတော့ ကြိုတင် ပြီးသိစရာတွေကို မှတ်ထားဦးနော်၊ ဘာတွေပါလဲ ဆိုတော့

http://www.dhammadownload.com



(၁) လူ့ဖွယ်ဝတ္တုပစ္စည်းကို လာဘ (လာဘ်)၊
(၂) ဒကာ ဒကာမ တို့က ရိုသေလေးမြတ်မှုကို သက္ကာယ၊
(၃) အခြွေအရံကို '**ယသ**'၊
(၄) အကျော်အစော ဂုဏ်သတင်း နာမည်ကြီးခြင်းကို '**သိလောက**'လို့ ခေါ်တယ်၊ အဲဒါတွေကို သိထားရမယ်နော်"

"မှန်ပါဘုရား"

"အခုပြောခဲ့တဲ့ လာဘ၊ သက္ကာယ၊ ယသ၊ သိလောက တို့ကို မတောင့်တဘဲ သတ္တဝါများရဲ့ စီးပွားချမ်းသာ အလို့ငှာ သာသနာတော် စည်ပင်ပြန့်ပွားစေခြင်းငှာ တကယ်ဖြူစင်တဲ့ စေတနာနဲ့ တရားဟောပြမှုကို '**ဓမ္မဒေသနာ**' ခေါ်တယ်နော်"

"မှန်ပါဘုရား"

"အပြစ်ကင်းတဲ့ နှုတ်မှုပညာ၊ လက်မှုပညာနဲ့ ပိဋကကျမ်းစာတွေအကြောင်း ဟောပြောပို့ချမှုဟာလည်း ဓမ္မဒေသနာပါပဲနော်"

"မှန်ပါဘုရား"

## (၁၀) ဒိဋ္ဌိဇုကမ္မ

"ဒိဋ္ဌိဆိုတာက မှန်မှန်ကန်ကန် သိမြင်တတ်တဲ့ ဉာဏ်ကို ခေါ်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီ အသိဉာဏ်သည်ပင် ဆိုင်ရာအကြောင်းတရားတို့က

http://www.dhammadownload.com



ဖြောင့်မှန်အောင် ပြုတတ်တဲ့အတွက် '**ဥဇုကမ္မ**'လည်း မည်တယ်နော်"

"မှန်ပါဘုရား"

"အဓိပ္ပာယ်က သတ္တဝါတွေမှာ ကံအကျိုးပေး ဆန်းကျယ်ပုံ၊ တစ်ယောက်နဲ့ တစ်ယောက် မတူပုံစတဲ့ အကြောင်းများကို ကြံစည် စဉ်းစားတဲ့အခါ အယူမှန် ပေါ်လာတတ်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီလို ကြံစည် စဉ်းစားခြင်းစတဲ့အကြောင်းတွေက အယူကို ဖြောင့်မတ်အောင် ပြုပေးတယ်လို့ ဆိုလိုတယ်နော်"

"မှန်ပါဘုရား"

"အသိဉာဏ်သည်ပင် ဖြောင့်မှန်အောင်ပြုအပ်လို့ **ဒိဋ္ဌိဇုကမ္မ** ခေါ်တယ်နော်"

"မှန်ပါဘုရား"

"သတ္တဝါတို့ အမျိုးမျိုးဖြစ်ရပုံကို စဉ်းစားတဲ့အခါ ကံသာလျှင် ခန္ဓာအစဉ်မှာ ဘဝဆက်တိုင်း လိုက်ပါနိုင်တယ်၊ ပစ္စည်းဥစ္စာတွေဟာ မလိုက်ပါနိုင်ဘူး။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်တယ်၊ ပစ္စည်းဥစ္စာတို့ဟာ ကိုယ်ပိုင်ဥစ္စာမဟုတ်ဘူး" လို့ သိတတ်တဲ့ဉာဏ်ဟာ '**ကမ္မဿကတာဉာဏ်**'ပဲနော်"

"မှန်ပါဘုရား"

"မိမိသန္တာန်မှာ အဲဒီ ကမ္မဿကတဉာဏ်မျိုးဖြစ်ရင် '**ဒိဋ္ဌိဇုကမ္မ**'ဖြစ်တယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒါ ကုသိုလ်ဆယ်ပါးပဲဒကာကြီး"

"မှန်ပါဘုရား"

"အကျဉ်းချုံးပြပါဦးဘုရား"

"အကျဉ်းချုံးပြတော့ '**ဒါန သီလ ဘာဝနာ**' သုံးပါးပဲပေါ့"

"မှန်ပါဘုရား"

"ဘယ်လိုချုံးလိုက်ပါလဲဘုရား"

"ပတ္တိဒါန ပတ္တာနုမောဒနာ နှစ်ပါးကို ဒါနထဲသွင်းလိုက်တယ်"

"မှန်ပါဘုရား"

"အပစာယန၊ ဝေယျာဝစ္စနှစ်ပါးကို သီလထဲသွင်းလိုက်တယ်"

"မှန်ပါဘုရား"

"ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ သုံးပါးကို ဘာဝနာထဲ သွင်းလိုက်တယ်"

"မှန်ပါဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ ဒါနဟာ သူတစ်ပါးစည်းစိမ်ကို ငြူစူမှု ဣဿာ၊ မိမိဥစ္စာကို လှူဝှက်မှု မပေးလိုမှု မစ္ဆရိယတို့ရဲ့ ဆန့်ကျင် ဘက်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဣဿာက အလှူခံပုဂ္ဂိုလ်ပစ္စည်းရသွားမှာကို မကြိုက်နိုင် ဘူးနော်"

"မှန်ပါဘုရား"

"မစ္ဆရိယက ကိုယ့်ပစ္စည်းကုန်သွားမှာကို မကြိုက်နိုင်ဘူးနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒီတော့ ဒီကဿပမစ္ဆရိယနှစ်ပါးကို လွှမ်းမိုးပယ်ဖျောက်နိုင်မှ ဒါန အထမြောက်မယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ပတ္တိဒါန ပတ္တာနုမောဒနာတို့လည်း အဲဒီကဿပမစ္ဆရိယတို့ရဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်နော်"

"မှန်ပါဘုရား"

"ထင်ရှားအောင်ပြောရရင် ကဿပရှိရင် အမျှယူမယ့်သူတွေ အပေါ်မှာ သက်တောင့်သက်သာနဲ့ ကုသိုလ်ရမှာကို မလိုလားနိုင်ဘူးနော်"

"မှန်ပါဘုရား"

"မစ္ဆရိယရှိနေပြန်ရင်လည်း မိမိကုသိုလ်ကို သူတစ်ပါးတို့နဲ့ ဆက်ဆံဖို့ မလိုလားနိုင်ပြန်ဘူးနော်"

"မှန်ပါဘုရား"

"ဒီတော့ အဲဒီ ကဿပမစ္ဆရိယနှစ်ပါးကို ပယ်ဖျောက်နိုင်မှ ပတ္တိဒါနကုသိုလ် အထမြောက်မယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ကဿပက သူတစ်ပါးတို့ လှူဒါန်းနိုင် ပေးကမ်းနိုင်တာကို မလိုလားဘူးနော်"

"မှန်ပါဘုရား"

"မစ္ဆရိယက သူတစ်ပါးတို့ မိမိကဲ့သို့ လှူဒါန်းနိုင်မှာကို စောစောကပင် သဝန်တိုလျက်ရှိတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



“ဒါကြောင့် အဲဒီက္လေသာမစ္ဆရိယနှစ်ပါးကို ပယ်ဖျောက်နိုင်မှ ပဋ္ဌာနုမောဒနကုသိုလ် အထမြောက်မယ်နော်”

“မှန်ပါဘုရား”

“အဲဒီလို က္လေသာမစ္ဆရိယတို့နဲ့ပဋိပက္ခဖြစ်ခြင်းအားဖြင့် ဒါနနဲ့ လက္ခဏာတူလို့ ပတ္တိဒါန ပဋ္ဌာနုမောဒနနှစ်ပါးတို့ကို ဒါနထဲ သွင်းတယ်လို့မှတ်နော်”

“မှန်ပါဘုရား”

“အပစာယန၊ ဝေယျာဝစ္စတို့ဟာ မျိုးကောင်းရိုးကောင်း သူတော်ကောင်းအပေါင်းတို့ရဲ့ အလေ့အကျင့်ကောင်း စာရိတ္တ သီလဖြစ်လို့ သီလထဲသွင်းတယ်လို့မှတ်နော်”

“မှန်ပါဘုရား”

“ဘာဝနာဆိုတာက ကုသိုလ်တရားကို တိုးပွားစေခြင်းပဲ မဟုတ်လား?”

“ဟုတ်ပါတယ်ဘုရား”

“တရားဟောမှု၊ တရားနာမှု အယူကို ဖြောင့်မှန်အောင် ပြုမှုများဟာ ကုသိုလ်တရားကို ကေန်တိုးပွားစေနိုင်တဲ့ ဘာဝနာ တစ်မျိုးပဲမဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“အင်း– အဲဒါကြောင့် ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ တို့ကို ဘာဝနာထဲသွင်းတယ်လို့မှတ်နော်”

“မှန်ပါဘုရား”

http://www.dhammadownload.com



"တစ်နည်းပြောရရင် ဒိဋ္ဌိဇုကမ္မဟာ အလုံးစုံသော ပုညကိရိယဝတ္ထုတွေရဲ့ အကျိုးကြည့်ဖို့ရာ အမှတ်လက္ခဏာပဲမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"သဘော်မှာ ပဲ့ကိုင်မပါရင် လိုရာခရီးကို ဖြောင့်ဖြောင့်တန်းတန်းကြီးမရောက်နိုင်သလို ဒါန သီလ စသည်တို့မှာလည်း ကမ္မာသကတဉာဏ်ဆိုတဲ့ ဒိဋ္ဌိဇုကမ္မ မပါရင် ဆိုင်ရာအကျိုးတွေကို ကြီးကြီးမားမား ပေးနိုင်ပါဦးမလား"

"မပေးနိုင်တော့ပါဘုရား"

"အဲဒီ ဒိဋ္ဌိဇုကမ္မပါမှ ဉာဏသမ္ပယုတ်ကုသိုလ် ဖြစ်နိုင်တယ်နော်"

"မှန်ပါဘုရား"

"ဒိဋ္ဌိဇုကမ္မမပါရင် ဉာဏ်မယှဉ်တဲ့ ဉာဏဝိပ္ပယုတ် ကုသိုလ်များသာဖြစ်မယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို ဒိဋ္ဌိဇုကမ္မဟာ ဒါန သီလ ဘာဝနာ သုံးပါးစလုံးတို့ရဲ့ ပဲ့ကိုင်ပမာ အကျိုးကြီးဖို့ အမှတ်လက္ခဏာဖြစ်လို့ ဒိဋ္ဌိဇုကမ္မကို ဒါန သီလ ဘာဝနာ သုံးမျိုးလုံးထဲ သွင်းယူထိုက်တယ်လို့လည်း ဆိုတယ်နော်"

"မှန်ပါဘုရား"

"သူ့ဟာနဲ့သူ ဟုတ်တာပဲနော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ကဲ...တော်ရောပေါ့"

"ဦးတင်ပါတယ်ဘုရား"

❀ နေ့စဉ်နေ့စဉ် ကုသိုလ်ပင် တွင်တွင်စိုက်ပျိုးပါ။

❀ အကျိုးအပြစ် ဖွေရှာစစ် အပြစ်ကင်းသင့်တာ။

❀ အပြစ်ကင်းမှ ကျိုးကြီးရ သုခချမ်းသာမှာ။

http://www.dhammadownload.com



# ကပ္ပိယသေရင် အသေဆိုးနဲ့သေရတယ်ဆို ဘုရား

(၇)

အချိန်ကား ဘောတွင်းသဘာဝ သာယာလှပသောအချိန် ဖြစ်၏။ လေပြေလေညင်းကလေးက ဖြည်းညင်းစွာ တိုက်ခတ် ပေးလျက်ရှိသဖြင့် မပူလည်းမပူ၊ မအေးလည်းမအေးပေ။ စမ်း ချောင်းရေကလည်း မနည်းမများ တစ်သွင်သွင်စီးဆင်းလျက် ရှိ၏။ နေရာကား တောရသင်္ခမ်းကျောင်းကလေးတွင် ဖြစ်၏။ လာခဲ လှသော ရှားရှားပါး အာဂန္တုတစ်ပါးရောက်လာ၏။ သို့နှင့် အားရ ပါးရ ဝမ်းပန်းတသာ စကားပြောကြသည်။ ဟိုရောက် ဒီရောက် လည်း ရှိပါသည်။

"ဘုန်းကြီးဘုရား၊ **ကပ္ပိယသေရင် အသေဆိုးနဲ့ သေရတယ် ဆို ဘုရား**"

http://www.dhammadownload.com



"အို…မဟုတ်တာ၊ မောင်ပဥ္စင်းကလဲ"

"ဟုတ်ပါတယ် ဘုန်းကြီးဘုရား၊ တပည့်တော်တွေ့ဖူးတာ နှစ်ယောက်တောင် ရှိပြီဘုရား"

"အသေဆိုးနဲ့ သေတာလား"

"မှန်ပါဘုရား"

"ကပ္ပိယဆိုတာ ဘုန်းကြီးတွေအတွက် မအပ်တာတွေကို အပ်အောင်၊ ဘုန်းကြီးတွေ ချမ်းသာအောင် ပြုစုလုပ်ကျွေးရတာ ဆိုတော့ ကုသိုလ်တွေ အများကြီးရတယ်။ ကုသိုလ်များတော့ အသေကောင်းနဲ့သာ သေရမှာပေါ့၊ ဘယ့်နှယ် အသေဆိုးနဲ့ သေရမှာလဲ မောင်ပဥ္စင်းရဲ့"

"ဒါကတော့ ကောင်းတဲ့ကပ္ပိယတော့ ဟုတ်တာပေါ့ ဘုန်းကြီးဘုရား၊ မကောင်းတဲ့ ကပ္ပိယဆိုရင် အသေဆိုးနဲ့ သေရတယ် ဘုရား"

"ကဲ…ပြောစမ်းပါဦး၊ တွေ့ဖူးတဲ့ အသေဆိုးနဲ့သေရတဲ့ ကပ္ပိယအကြောင်း"

"လွန်ခဲ့တဲ့ နှောက်လေးငါးနှစ်က ဟို(……) ကျောင်း ကပ္ပိယဒကာမကြီးပေါ့၊ အားကြီးဆိုးတာပဲ၊ ကျောင်းမှာဗိုလ်ပဲ၊ ဘုန်းကြီးထက် သူ့ကိုကြောက်ရတယ်ဘုရား။ ပစ္စည်းတွေဟာ သူ့သဘောပဲ၊ ပေးချင်သလိုပေး စားချင်သလိုစားပဲဘုရား၊ အဲ… သူသေခါနီးတော့ဘုရား အကြာကြီးပဲ ဝေဒနာခံနေရတယ်၊ နောက် သေတော့လည်း အသေဆိုးပါတယ်ဘုရား"

"ဩော်…ဒါကတော့ ကပ္ပိယမဟုတ်တဲ့လူလည်း ဒီလို

http://www.dhammadownload.com



အသေဆိုးတာတွေ ရှိပါတယ်”

“ပြီးတော့ နောက်တစ်ယောက်ဘုရား၊ ဘုန်းကြီးတို့ ဆွမ်းခံလမ်းထဲကပေါ့၊ ဟိုတစ်လောက သေသွားတဲ့ ဒကာမကြီးလေ၊ ကြားတယ်မဟုတ်လား၊ အကြာကြီးပဲ ဝေဒနာခံနေရပြီးမှ သေသွားရတယ်၊ အသေဆိုးရှာတယ်ဘုရား”

“အမှန်တော့ ကပ္ပိယအလုပ်ဟာ အင်မတန်ကောင်းတဲ့ အလုပ်ပါပဲ၊ တစ်ခြားကုသိုလ် ဘာမှမရှိချင်နေပါစေ၊ ကပ္ပိယလုပ်တဲ့ ကုသိုလ်တစ်ခုထဲနဲ့ အထောက်အပံ့ဖြစ်ပြီး နိဗ္ဗာန်ရသွားတဲ့ ဝတ္ထုတွေ အရှိသားပဲ”

“ဒါက ကောင်းတဲ့ကပ္ပိယပြောတာနဲ့ တူပါတယ်ဘုရား”

“အင်းပေါ့၊ ကပ္ပိယကလည်း ကောင်းတဲ့ကပ္ပိယ၊ ဆိုးတဲ့ကပ္ပိယလို့ နှစ်မျိုးရှိတာပေါ့”

“တင်ပါ၊ ခုကပ္ပိယက ဆိုးတဲ့ကပ္ပိယဘုရား”

“ဩော်...ဆိုးလို့ အသေဆိုး သေတာပဲဟာ၊ ကောင်းတဲ့ကပ္ပိယကတော့ ဘယ်အသေဆိုးမလဲ”

“မှန်ပါဘုရား”

“စာဆိုရှိသားပဲ **‘ဒွိ–တော–ကင်ကိုရှောင်’** တဲ့၊ ကြားဖူးတယ်မဟုတ်လား?”

“မှန်ပါ၊ ကြားဖူးပါတယ်ဘုရား”

“အများအားဖြင့် ဆိုးလို့၊ အဆိုးကိုရည်ရွယ်ပြီး ရေးထားတာပဲ”

“မှန်ပါဘုရား”

http://www.dhammadownload.com



"ဒွိဆိုတာက နှစ်ပါးဆိုင် ဒွိသန္တကကျောင်း၊ ပြဿနာ အဖြစ်များတယ် ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"**တော**ဆိုတာက တောထွက်ရဟန်းကြီးတွေပေါ့၊ အကောင်း နည်းတယ်၊ ပြဿနာ အဖြစ်များတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"**ကပ်** ဆိုတာက ကပ္ပိယပေါ့နော်"

"မှန်ပါဘုရား"

"သူလည်း အကောင်းနည်းတယ်၊ အဆိုးများတယ်၊ ပြဿနာ အဖြစ်များတယ်၊ ခုနက မောင်ပဥ္စင်းပြောသလိုပေါ့၊ ကြာလာ တော့ ဘုန်းကြီးက တပည့်၊ ကပ္ပိယက ဆရာဖြစ်လာတယ်၊ အရာရာ ညွှန်ကြားပေးတတ်တယ်၊ မစားသင့်တာ၊ စားသင့်တာ၊ မဝေသင့်တာ၊ ဝေသင့်တာ၊ မပေးသင့်တာ၊ ပေးသင့်တာ၊ မယူ သင့်တာ၊ ယူသင့်တာ စသည့် နားမလည်ဘဲ ငါသဘောဆိုပြီး လုပ်ချင်ရာ လုပ်တတ်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီလိုလုပ်တော့ ကပ္ပိယဆိုးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလိုဆိုတော့ တစ်ပါးထဲပိုင် ပုဂ္ဂလိကပစ္စည်းတွေကို ထင်သလိုလုပ်တာတော့ တော်သေးတာပေါ့၊ အပြစ်ပေါ့သေးတာ ပေါ့၊ သံဃာဆိုင် သံဃိကပစ္စည်းတွေ ထင်သလိုလုပ်တော့ အပြစ် သိပ်ကြီးတယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"သံဃာပိုင်ပြီးသား သံဃိကပစ္စည်း အလွဲသုံးစားလုပ်တဲ့ ကပ္ပိယဆိုတာ မပြောနဲ့၊ သံဃာကို ရည်ညွှန်းပြီးသား ပစ္စည်းတွေကို သုံးစားမိတာနဲ့တောင် အပြစ်အင်မတန်ကြီးတာ ဝတ္ထုကြောင်းရှိတယ်"

"အမိန့်ရှိပါဦးဘုရား"

"ဟိုလွန်ခဲ့တဲ့ ကိုးဆယ့်နှစ်ကမ္ဘာက **'ဖုဿ'**ဘုရားရှင် ပွင့်တော်မူခဲ့တယ်နော်"

"မှန်ပါဘုရား"

"ဖုဿဘုရားရှင်ရဲ့ ခမည်းတော်က **'မဟိန္ဒမင်းကြီး'**တဲ့"

"မှန်ပါဘုရား"

"မင်းကြီးရဲ့ ညီငယ်သားက လက်ယာရံအဂ္ဂသာဝက၊ ပုရောဟိတ်သားက လက်ဝဲရံအဂ္ဂသာဝကပေါ့"

"မှန်ပါဘုရား"

"ဒီတော့ မင်းကြီးက သားတော်ကဘုရား၊ ညီသားက အဂ္ဂသာဝက၊ ပုရောဟိတ်သားကလည်း အဂ္ဂသာဝကဆိုတော့ သိပ်ပြီးတော့ ဂုဏ်မောက်နေတာပေါ့နော်"

"မှန်ပါဘုရား"

"ဒါကတော့ ကောင်းတဲ့ ဂုဏ်မောက်ခြင်းပဲဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲ...မင်းကြီးက ဘုရားရှင်နှင့် အဂ္ဂသာဝက နှစ်ပါးကြည့်ပြီးတော့–

http://www.dhammadownload.com



"ငါ့ရဲ့ဘုရား, ငါ့ရဲ့တရား ငါ့ရဲ့သံဃာ၊ ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူသော ပစ္စည်းလေးပါးကို ခံတော်မူထိုက်သော အလုံးစုံသော တရားကို သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏"လို့ သုံးကြိမ်ဝမ်းမြောက်တဲ့ စကားကို ဝမ်းမြောက်စွာ ဆိုပြီးတော့ ဘုရားရှင်ရဲ့ ခြေတော်ရင်းမှာ ဝပ်ပြီးလျှောက်တယ်...

"မြတ်စွာဘုရား၊ အသက်တော်ဆုံးသည့်တိုင်အောင် နေတော်မူပြီး ကိန်းရှုနေတော်မူတဲ့အခါကဲ့သို့ သူတစ်ပါးတို့ရဲ့ အိမ်ဂေဟာသို့ ဆွမ်းရပ်မကြွဘဲ တပည့်တော် အသက်ရှည်သမျှ ကာလပတ်လုံး တပည့်တော်ရဲ့ ပစ္စည်းလေးပါးတို့ကို သည်းခံတော်မူပါဘုရား"လို့ လျှောက်တယ်၊ ပင့်ဖိတ်ယူတယ်၊ ယူပြီးတော့ အမြဲပဲ လုပ်ကျွေးတယ်တဲ့နော်"

"မှန်ပါဘုရား"

"အဲ...မင်းကြီးမှာ သူ့ရဲ့အခြံအရံ ငါးရာရှိတဲ့ သားတစ်ယောက်၊ သုံးရာရှိတဲ့ သားတစ်ယောက်၊ နှစ်ရာရှိတဲ့ သားတစ်ယောက်လို့ သားသုံးယောက်ရှိတယ်တဲ့နော်"

"မှန်ပါဘုရား၊ သူ့ရဲ့ဆိုတာ ဘယ်လိုဟာပါလဲဘုရား"

"ဩော်...သူ့ရဲ့ဆိုတာ ခုခေတ်လိုဆိုရင် ဗိုလ်မှူးတွေလို သူ့ရဲကောင်းတွေပေါ့၊ အဲဒီလို ဗိုလ်မှူးတွေပဲ ငါးရာ, သုံးရာ, နှစ်ရာစီ အခြံအရံရှိတယ်ဆိုတော့ အင်အားသေးပါ့မလား"

"အင်အားမသေးပါဘုရား"

http://www.dhammadownload.com



"အဲ...အဲဒီသားသုံးယောက်ကလည်း 'ငါတို့လည်း နောင်တော်ဘုရားကို ဆွမ်းလုပ်ကျွေးကုန်အံ့' ဆိုပြီးတော့ ခမည်းတော်မင်းကြီးကို အခွင့်တောင်းတယ်၊ မရဘူးတဲ့"

"မှန်ပါဘုရား"

"အကြိမ်ကြိမ်တောင်းလည်း မရဘူးတဲ့"

"မှန်ပါဘုရား"

"အဲဒီလိုနဲ့ တစ်ချိန်မှာ မင်းကြီးပိုင်တဲ့ ပစ္စန္တရစ်ကို သူပုန်သူကန်ဘေး နှိမ်နင်းရန် သားသုံးယောက်ကို စေလွှတ်တယ်တဲ့"

"မှန်ပါဘုရား"

"လွှတ်တော့ သားတွေက အလွယ်တကူနဲ့ပဲ သူပုန်သူကန်ဘေး နှိမ်နင်းပြီး ပြန်လာတော့ မင်းကြီးက သဘောကျလို့ သားတွေကို လည်ပင်းဖက်ပြီး နဖူးနမ်းတယ်တဲ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ ဘာပြောလည်းဆိုတော့ 'သားတော်တို့ သင်တို့ကို ဆုပေးမယ်၊ လိုတဲ့ဆုကိုတောင်း' တဲ့နော်"

"မှန်ပါဘုရား"

"သားတော်တွေက အကြံသမားတွေဆိုတော့ 'ကောင်းပါပြီ အရှင်မင်းကြီး' ဆိုပြီး ဆုယူပြီးသလိုလိုနဲ့ နေလိုက်ကြတယ်နော်"

"မှန်ပါဘုရား"

"အဲ...နှစ်ရက် သုံးရက်ကြာတော့ မင်းကြီးက 'သားတော်တို့ ဆုယူကြကုန်လော့' လို့ မိန့်ပြန်တယ်တဲ့"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီတော့မှ အကြံသမား မင်းသားသုံးယောက်က ဘာ လျှောက်လည်းဆိုတော့–

'ခမည်းတော် မင်းကြီးဘုရား၊ နောင်တော်ဘုရား ကို ဆွမ်းလုပ်ကျွေးရလိုခွင့်မှ တစ်ပါးသော တစ်စုံ တစ်ခုသောဆုကို အကျွန်ုပ်တို့ အလိုမရှိပါ၊ ဒီနေ့မှ စပြီးတော့ အကျွန်ုပ်တို့တစ်တွေဟာ နောင်တော်ဘုရား ကို ဆွမ်းလုပ်ကျွေးပါကုန်အံ့၊ အကျွန်ုပ်တို့အား အဲဒီ ဆုပဲ ပေးတော်မူပါလော့'လို့ လျှောက်တယ်၊ ဆုတောင်း တယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ မင်းကြီးကလည်း ဒီဆုကိုတော့ မပေးနိုင်ဘူးတဲ့၊ သူကလည်း သဒ္ဓါကောင်းလိုက်တာနော်"

"မှန်ပါဘုရား"

"ဒီတော့ မင်းသားတွေက 'အရှင်မင်းကြီးရယ် အမြဲမပေး နိုင်ရင် ခုနစ်နှစ်လောက်ပေးပါလို့' လျှောက်တယ်"

"မှန်ပါဘုရား"

"မင်းကြီးကလည်း မပေးနိုင်ဘူးတဲ့၊ ဒီတော့ မင်းသားတွေက ခြောက်နှစ်တောင်းတယ် မရဘူး၊ အဲဒီလိုနဲ့ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တစ်နှစ်တောင်းတယ်၊ မပေးနိုင်ဘူးတဲ့"

"မှန်ပါဘုရား"

"တစ်နှစ်မရတော့ မင်းသားတွေကလည်း မလျှော့ဘူး၊ ဒီလို ဆိုရင် အရှင်မင်းကြီး ခုနစ်လလောက် ပေးပါတဲ့၊ မင်းကြီးက

http://www.dhammadownload.com



ခုနစ်လလည်း မပေးနိုင်ဘူးတဲ့”

“မှန်ပါဘုရား”

“အဲ…ခုနစ်လမရတော့ ခြောက်လ၊ ငါးလ၊ လေးလ၊ သုံးလ တောင်းတယ် မရပါဘူးနော်”

“မှန်ပါဘုရား”

“မရတော့ မင်းသားတွေကလည်း မလျှော့ဘူး။ ဘာလျှောက်လည်းဆိုတော့ ‘အရှင်မင်းကြီးရယ် သုံးလမပေးနိုင်ရင် ထားပါတော့ တစ်ယောက်ကို တစ်လ–တစ်လပဲ ပေးပါတော့၊ ကျေနပ်ပါပြီ’တဲ့၊ တောင်းတယ်၊ အဲဒီတော့မှ မင်းကြီးက ခွင့်ပေးတယ်၊ ကဲ… အပြီးသတ်တော့ သုံးလပဲ မဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“အဲ…အခွင့်ရတယ်ဆိုရင်ပဲ မင်းသားတွေက သူတို့မှာ အသီးသီးရှိနေတဲ့ ကျိဝန်၊ ကျိစိုး၊ ကျိစာရေး စာချီနှင့် အခြံအရံတွေခေါ်ပြီး ပြောတယ်။

> ‘အမောင်တို့၊ ငါတို့ ညီနောင်သုံးယောက်တို့တော့ ဒီဝါတွင်း သုံးလပတ်လုံး ဆယ်ပါးသီလတို့ကို ဆောက်တည်ပြီး ဖန်ရည်စွန်းတဲ့ အဝတ်နှစ်ထည်ပဲ ဝတ်ကာ ဘုရားရှင်နဲ့အတူတကွ နေကြမယ်။
>
> ‘အမောင်တို့ အဲဒါကြောင့် သင်တို့တစ်တွေဟာ ဒီမျှလောက် အလှူဝတ်ကိုယူပြီး နေ့တိုင်းဘုရားရှင်နဲ့ ရဟန်းသံဃာတွေ၊ သူ့ရဲ သူခက်တွေအတွက် ခဲဖွယ် ဘောဇဉ်တွေ စီမံခန့်ခွဲပါကုန်လော့၊ ငါတို့ ဒီနေ့မှစပြီး

http://www.dhammadownload.com



တစ်စုံတစ်ရာ စကားမပြောတော့ဘူး'လို့ ခေါ်ပြီး ပြောတယ်။

အဲဒီလိုပြောပြီး မင်းသားသုံးယောက်တို့ဟာ သူတို့ရဲ့ အခြံအရံတစ်ထောင်နဲ့အတူ ဆယ်ပါးသီလယူပြီး ဖန်ရည်စွန်းတဲ့ အဝတ်ကိုဝတ်ကာ ကျောင်းမှာပဲ အမြဲနေကြတယ်တဲ့နော်"

"မှန်ပါ့ဘုရား"

"သူတို့က သစ်ခေါက်ဆိုး အဝတ်ကိုဝတ်နေတာ အပေါ်အောက် နှစ်ထည်လုံးနော်"

"မှန်ပါဘုရား"

"ခုခေတ် ယောဂီတွေလို အောက်တထည်လေး အညိုဝတ်မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ပြီးတော့ ရွှေငွေ မကိုင်ခံရတဲ့ ဆယ်ပါးသီလ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း…ခုခေတ်တော့ ငါးပါးနဲ့ အာဇီဝဋ္ဌမကနဲ့ဘဲ များတယ်၊ ရှစ်ပါးတောင် သိပ်မရှိတော့ဘူး၊ ဆယ်ပါးဆိုတာ မကြားဘူးသလောက်ဘဲနော်"

"မှန်ပါဘုရား"

"ကဲ…ထားပါတော့၊ အဲ…ခုနက မင်းသားသုံးယောက်တို့ရဲ့ ကျီစိုး၊ ကျီစာရေးတို့ကလည်း မင်းသားသုံးယောက်တို့ရဲ့ ကျီတော်တို့မှ အလှည့် အလှည့်နဲ့ယူပြီး အလှူဝတ်ကို လှူကြတယ်တဲ့"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီမှာ ချက်တဲ့ပြုတ်တဲ့ သူတွေရဲ့ သားသမီးတွေက ထမင်း ဟင်း ဆာတော့ ငိုကြတယ်တဲ့နော်"

"မှန်ပါဘုရား"

"ချက်တဲ့ပြုတ်တဲ့သူတွေဆိုတာ ကပ္ပိယတွေပေါ့၊ ဝေယျာဝစ္စပြုသူတွေပေါ့၊ ဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို သားသမီးတွေက ဆာလို့ငိုတော့ ရဟန်းသံဃာတွေ မဘုဉ်းပေးရသေးမီ ကလေးတွေကို ကျွေးတယ်တဲ့နော်"

"မှန်ပါဘုရား"

"ခုခေတ် ကပ္ပိယပျက်တာလည်း အဲဒီ သားသမီးကိစ္စက စပြီး ပျက်တာပဲ၊ သူ့အတွက်ကတော့ လုံလောက်တယ်။ သားဖို့ သမီးဖို့၊ မြေးဖို့ စသည်နဲ့ မယူသင့်တာယူ၊ မစားသင့်တာစား စသည်နဲ့ မစောင့်စည်းမှုတွေ ဖြစ်လာတတ်တာနော်"

"မှန်ပါဘုရား"

"ကဲ...ထားပါတော့၊ အဲဒီလိုကျွေးတော့ ရဟန်း သံဃာတွေ ဘုဉ်းပေးပြီးတဲ့အခါ အပိုအလျှံ မရှိတော့ဘူးတဲ့"

"မှန်ပါဘုရား"

"အဲဒီလိုနဲ့ အဲဒီ ကပ္ပိယတွေဟာ နောက်တော့ အတင့်ရဲလာတယ်၊ ဘယ်လိုလည်းဆိုတော့ 'ကလေးတွေလည်း ကျွေးမယ်၊ တို့လည်းစားမယ်' ဆိုပြီး ကလေးတွေလည်းကျွေးတယ်၊ သူတို့လည်းစားတယ်၊ ကောင်းတဲ့အစာ အာဟာရတွေ မြင်နေရတော့ မနေနိုင်ဘူးပေါ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒါ စားသောက်တဲ့သူတွေ ဘယ်လောက်များလည်းဆို တော့ ရှစ်သောင်းလေးထောင်တဲ့နော်"

"မှန်ပါဘုရား"

"အဲ...အဲဒီ ကပ္ပိယတွေနဲ့ သားသမီးတွေ အားလုံးဟာ အဲဒီဘဝက သံဃာရည်မှန်းပြီး ချက်ပြုတ်တဲ့ အစာအာဟာရတွေ စားခဲ့တဲ့ အကုသိုလ်ကံကြောင့် အဲဒီဘဝက သေတော့ အကုန်လုံး ပြိတ္တာတွေ ဖြစ်ကြကုန်တယ်တဲ့"

"မှန်ပါဘုရား၊ ဒါ့ကြောင့် တပည့်တော်မေးတာပေါ့ ဘုရား၊ **'ကပ္ပိယသေရင် အသေဆိုးနဲ့ သေရတယ်ဆိုဘုရား'** လို့"

"အင်းလေ...ခုလဲ အဆိုးအကောင်း ခွဲဖြေတာပဲ၊ ဆိုးတဲ့ ကပ္ပိယ ဒီလိုဖြစ်တယ်လို့"

"မင်းသားတွေက ဘယ်လိုလဲဘုရား"

"မင်းသားသုံးယောက်က အခြံအရံတစ်ထောင်နဲ့တကွ နတ်ပြည်ရောက်တယ်၊ နတ်ပြည်တစ်ပြည်မှ တစ်ပြည်၊ နတ်ပြည်ကနေ လူ့ပြည်နဲ့ ကိုးဆယ့်နှစ်ကမ္ဘာ အပါယ်မလားဘဲ ဒီတပည့်တော်တို့ ဘုရားလက်ထက်မှာ **'ရသေ့ညီနောင် ရှင်တစ်ထောင်'** ဆိုပြီး ကျွတ်တမ်းဝင်တာပေါ့"

"ပြီးတော့ ကျီဝန်တွေ ကျီစာရေးတွေကကောဘုရား"

"ဩော်...ဟုတ်သားပဲ၊ ကျီဝန်ကျီစိုးက ဒီဘုရားရှင် လက်ထက်မှာ **'ဝိသာခသူကြွယ်'** ဖြစ်လာတယ်"

"ဓမ္မဒိန္နာရဲ့ယောက်ျားလားဘုရား"

http://www.dhammadownload.com



"အင်း...အင်း ဓမ္မဒိန္နာရဲ့ယောက်ျား ဝိသာခပေါ့၊ မည့်ဘူး နော်"

"မှန်ပါဘုရား"

"ကျီစာရေးကတော့ **'မိမ္မိသာရမင်းကြီး'** ဖြစ်လာတယ်တဲ့ နော်"

"အမယ်သူလည်း မည့်ပါလား"

"ဘယ်ညှံ့မလဲ၊ သူတို့က စနစ်တကျ မခိုးမဝှက်ဘဲနဲ့ စိမံ ပေးတာကိုး"

"မှန်ပါဘုရား၊ ချက်ပြုတ်တဲ့ ခုနကပြိတ္တာဖြစ်တဲ့ ကပ္ပိယ တွေကောဘုရား၊ ဘယ်ရောက်လို့ ဘယ်ပေါက်လဲ၊ အမိန့်ရှိပါဦး"

"အင်း...ဟုတ်တယ် ပြောရဦးမယ်၊ အဲဒီကပ္ပိယပြိတ္တာ တွေက အဲဒီပြိတ္တာဘဝကနေ ရံခါလူပြည်ရောက်တယ်၊ ရံခါလည်း နတ်ပြည်ရောက်တယ်၊ ရံခါလည်း ငရဲကျတယ်၊ ရံခါလည်း တိရစ္ဆာန်ဖြစ်တယ်၊ ရံခါလည်း ပြိတ္တာဖြစ်တယ်တဲ့"

"ကြောက်စရာကြီးပါလားဘုရား"

"ကြောက်စရာပေါ့"

"ဆက်အမိန့်ရှိပါဦးဘုရား၊ သူတို့တစ်တွေ နောက်ဘယ်လို ဖြစ်သေးလဲလို့"

"ဩော်...ဟုတ်တယ်၊ အဲဒီပြိတ္တာတွေဟာ သုဂတိ, ဒုဂ္ဂတိ လည်နေရင်းနဲ့ ဒီဘဒ္ဒကမ္ဘာမှာ ဘုရားလေးဆူတို့ရဲ့ အကြား ကာလပတ်လုံး ပြိတ္တာဘုံမှာ ဖြစ်ကြတယ်တဲ့"

"အကြာကြီးပါလားဘုရား"

http://www.dhammadownload.com



"အကြာကြီးပေါ့၊ ဒီဘဒ္ဒကမ္ဘာမှာ ကကုသန်ဘုရားရှင် ပထမဆုံး ပွင့်တာပဲ၊ အနုစ်လေးသောင်းတမ်းမှာနော်"

"မှန်ပါဘုရား"

"အဲဒီအခါမှာ ခုနကပြိတ္တာတွေဟာ ကကုသန်ဘုရားရှင်ထံ ချဉ်းကပ်ပြီး 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အကျွန်ုပ်တို့ အစာအာဟာရ စားရမည့် အချိန်ကာလကို မိန့်ကြားတော်မူပါလော့' လျှောက်ကြတယ်တဲ့"

"မှန်ပါဘုရား"

"ဒီတော့ ကကုသန်ဘုရားရှင်က 'ငါ့လက်ထက်မှာ သင်တို့ အစာအာဟာရ မစားရသေးဘူး၊ ငါပရိနိဗ္ဗာန်စံတော်မူပြီးနောက် မြေကြီးတစ်ယူဇနာ မြင့်တက်တဲ့အခါ ကောဏာဂုဏ်ဘုရား ပွင့်လိမ့်မယ်၊ အဲဒီဘုရားရှင်ကိုမေး' တဲ့"

"မှန်ပါဘုရား"

"အဲ...ကောဏာဂုဏ် ဘုရားရှင်ပွင့်တော့ မေးပြန်တယ်၊ မေးတော့ 'ငါဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် မြေကြီးတစ်ယူဇနာ မြင့်တက်တဲ့အခါ ကဿပဘုရားပွင့်လိမ့်မယ်၊ အဲဒီဘုရားရှင်မေးတဲ့၊ ငါ့လက်ထက်မှာတော့ မစားရဘူး' တဲ့"

"မှန်ပါဘုရား"

"အဲ...ကဿပဘုရားရှင် ပွင့်တော့မေးပြန်တယ်၊ မေးတော့ 'ငါ့လက်ထက်မှာ မစားရသေးဘူး၊ ငါပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် မြေကြီး တစ်ယူဇနာ မြင့်တက်တဲ့အခါ ဂေါတမဘုရားရှင်ပွင့်လိမ့်မယ်၊ အဲဒီအခါမှာ သင်တို့ရဲ့ ဆွေမျိုးကျီစာရေးဟာ

http://www.dhammadownload.com



ဗိမ္ဗိသာရအမည်နဲ့ မင်းဖြစ်လိမ့်မယ်၊ အဲဒီမင်းက ဘုရားရှင်အား လှူပြီး သင်တို့အား အမျှဝေလျှင် သာဓုခေါ်က အစာစားရလိမ့်မယ်’လို့ မိန့်တော်မူတယ်တဲ့”

“မှန်ပါဘုရား”

“အဲဒီလို မိန့်တော်မူသံကြားရတော့ သူတို့မှာ နက်ဖြန် သဘက်များ စားရတော့မတတ်ထင်သတဲ့၊ ဝမ်းသာသတဲ့နော်”

“မှန်ပါဘုရား”

“ကဿပဘုရားရှင်က အနှစ် နှစ်သောင်းတမ်းမှာ ပွင့်တာ၊ ဒီမှာ ဂေါတမဘုရားရှင်က တစ်ရာတမ်းမှပွင့်မှာ မဝေးလွန်းဘူးလား”

“ဝေးလွန်းပါတယ်ဘုရား”

“အေး...ဒါပေမယ့် စောစောကနဲ့ စာရင်တော့ မနီးဘူးလား”

“နီးပါတယ်ဘုရား”

“အင်း...ဒီလိုနဲ့ ဂေါတမဘုရားရှင်လည်းပွင့်၊ ဗိမ္ဗိသာရမင်းကြီးလည်း အလှူဦးလှူတယ်၊ အလှူအဖို့ဘာဂကို အမျှမဝေမိလို့ ညအခါမှာ ကြောက်လန့်ဖွယ်အသံတွေအော်ပြီး မင်းကြီးကို ကိုယ်ထင်ရှားပြတယ်တဲ့”

“မှန်ပါဘုရား”

“ဒီတော့ မင်းကြီးက နံနက်မိုးသောက် အလင်းရောက်တဲ့အခါ ဝေဠုဝန်ကျောင်းတော်သွားပြီး ညကအကြောင်း ဘုရားရှင် လျှောက်တယ်တဲ့”

“လျှောက်တော့ ဘုရားရှင်က ဗိမ္ဗိသာရမင်းကြီးကို ‘ကိုးဆယ့်

http://www.dhammadownload.com



နှစ်ကမ္ဘာထက်က ဆွေမျိုးတော်ခဲ့ပုံ၊ သံဃာတော်ရည်မှန်းပြီး ချက်ပြုတ်တဲ့ အစာအာဟာရတွေ စားသုံးပုံ၊ ပြိတ္တာဖြစ်ပုံ၊ ကကုသန်ဘုရားရှင် စသည့်တွေကို လျှောက်ပုံ၊ ဘုရားရှင်တွေက မိန့်ကြားပုံ၊ သင်မင်းကြီးရဲ့ အလှူရဲ့ အဖို့ဘာဂ အမျှကို မျှော်လင့်ပုံ၊ မျှော်လင့်သည့်အတိုင်း အဖို့ဘာဂ အမျှမရလို့ ကြောက်ဖွယ်အသံပြုပုံ'ကို မိန့်ကြားတယ်နော်"

"မှန်ပါဘုရား"

"အဲဒီလိုမိန့်တော့ ဗိမ္ဗိသာရမင်းကြီးက 'ယခုအခါ ပေးလှူသည့်ရှိသော် ရပါသေးသလားဘုရား'လို့ လျှောက်တယ်၊ ဒီတော့ ဘုရားရှင်က 'ရတယ်'လို့ မိန့်လိုက်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ မင်းကြီးက နောက်တစ်နေ့မှာပဲ ဘုရားအမှူးရှိတဲ့ သံဃာတွေ ပင့်ဖိတ်ပြီး အလှူကြီးပေးလှူကာ–

'မြတ်စွာဘုရား၊ ဒီအလှူကြီး ပေးလှူတဲ့အခါမှစ၍ ထိုတပည့်တော်ရဲ့ ဆွေမျိုးပြိတ္တာတို့အား နတ်၌ဖြစ်တဲ့ ထမင်းအဖျော်တွေနဲ့ ပြည့်စုံပါစေသတည်း'

လို့ ရည်မှန်း ပြီး အလှူအဖို့ကို အမျှပေးဝေတယ်၊ ဟိုကလည်း သာဓုခေါ်တယ်၊ ခေါ်တော့ ရည်မှန်းတဲ့အတိုင်း နတ်တို့ရဲ့ အစာနဲ့ အဖျော်တော့ရတယ်၊ အဝတ်မရဘူးတဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ နောက်တစ်ခါ ကိုယ်လုံးတီးတွေနဲ့ ကိုယ်ထင်ပြပြန်တယ်တဲ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒီလို ကိုယ်လုံးတီး ကိုယ်ထင်ပြတော့လည်း မင်းကြီးက ဘုရားရှင်လျှောက်ပြန်တယ်။ ဒီတော့ ဘုရားရှင်က 'မင်းကြီး သင်သည် အဝတ်သင်္ကန်းတွေကို သူတို့ကိုရည်စူးပြီး မပေးလှူ အပ်ကုန်သေးဘူး' လို့ မိန့်လိုက်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ မင်းကြီးသည် နောက်တစ်နေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာတွေပင့်ပြီး သင်္ကန်းလှူကာ–

"မြတ်စွာဘုရား၊ ဒီသင်္ကန်းအလှူကို ပေးလှူသည်မှ စ၍ ထိုတပည့်တော်ရဲ့ ဆွေမျိုးပြိတ္တာတွေအား နတ်၌ ဖြစ်တဲ့ အဝတ်တွေ ဖြစ်ပါစေကုန်သတည်း"

လို့ ရည်မှန်းပြီး အမျှဝေတယ်၊ သူတို့ကလည်း သာဓုခေါ် တယ်။ အဲဒီခဏမှာပဲ အဲဒီပြိတ္တာတွေမှာ နတ်တို့ရဲ့ အဝတ်တွေ ဖြစ်ကုန်တယ်။ အဲဒီခဏမှာပဲ ပြိတ္တာတို့ရဲ့ အတ္တဘောကိုစွန့်ပြီး နတ်တို့ရဲ့ အတ္တဘော ဖြစ်လာတယ်တဲ့နော်"

"မှန်ပါဘုရား"

"မြတ်စွာဘုရားရှင်ဟာ အဲဒီအလှူပွဲမှာ '**တိရောကုဋ္ဋသုတ္တန်**' ကို ဟောတယ်။ သတ္တဝါတွေလည်း များစွာ အကျွတ်တရား ရတယ်တဲ့နော်"

"မှန်ပါဘုရား"

"ကဲ...အဲဒီမှာကြည့်ပါလား၊ အလှူ့ဒကာတွေက ကျွတ်တန်း ဝင်သွားပြီ၊ ကျွတ်တန်းမဝင်ခင်လည်းချမ်းသာတွေစံသွားရတယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဝေယျာဝစ္စပြုလုပ်တဲ့ ကပ္ပိယတွေတော့ ဘယ့်နှယ်နေသလဲ"

"သံသရာတစ်လျှောက်လုံး ဆင်းရဲပါတယ်ဘုရား"

"ဘာ့ကြောင့် ဆင်းရဲလည်းဆိုတော့ မစားသင့်တာတွေ စားလို့နော်"

"မှန်ပါဘုရား"

"အဲဒီပစ္စည်းတွေဟာ သံဃပစ္စည်းအစစ်တောင် မဟုတ်သေးဘူး။ သံဃာရည်မှန်းထားရုံပဲ ရှိသေးတယ်။ အဲဒါ စားတာတောင် အဲဒီလောက် အပြစ်ကြီးရင် သံဃာ့ပစ္စည်းအစစ်ဖြစ်တဲ့ သံဃိကပစ္စည်းစားရင် ဘယ့်နှယ်နေပါ့မလဲ"

"သာပြီးတော့ ဆိုးပါမယ်ဘုရား"

"အင်း…ခုခေတ်တော့ စားနေကြတာပဲ၊ ဘာရယ် ညာရယ် မဟုတ်တော့ဘူး။ မျက်မှောက်ဘဝ သာယာရေးကလေးကိုပဲ ကြည့်တယ်နော်"

"မှန်ပါဘုရား"

"တစ်ချို့ကျတော့လည်း မကြောက်သင့်တာကြောက်တာ ရှိသေးတယ်"

"ဘယ်လိုပါလဲဘုရား"

"ဆွမ်းချက်တဲ့ ဒကာမကြီးတွေပေါ့၊ ခုနက ဝတ္ထုကြောင်းနားထောင်ထားရတော့ ပြိတ္တာဖြစ်မှာစိုးလို့တဲ့ ဆွမ်းချက်တဲ့အခါ မြိန်းတောင်မကြည့်ဘူး၊ ဒီတော့ ပေါ့တာပေါ့၊ ငန်တာငန် ဖြစ်ကုန်တာပေါ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဒါက သက်သက်မဲ့ ဦးဦးဖျားဖျား စားတာမှမဟုတ်တာဘဲ၊ အရသာသိအောင် မြည်းကြည့်တာပဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒါကတော့ မြီးကောင်းတယ်နော်"

"မှန်ပါဘုရား"

"ကဲ...ဒီတော့ ကပ္ပိယပြဿနာကို ဒီလိုမှတ်ထားပေါ့၊ ဆိုးတဲ့ ကပ္ပိယဟာ အသေဆိုးနဲ့ သေရတယ်၊ သေတော့လည်း ပြိတ္တာ အကြာကြီးဖြစ်တယ်။ ကောင်းတဲ့ကပ္ပိယတော့ အသေကောင်းနဲ့ သေရတယ်၊ သေတော့လည်း နတ်ရွာနိဗ္ဗာန် ရောက်တယ်လို့ နော်"

"မှန်ပါဘုရား"

"ကဲ...တော်ကြစို့..."

"ဦးတင်ပါတယ်ဘုရား"

❀ ဆိုးကောင်းနှစ်ဝ၊ ကပ္ပိယ၊ သိကြရပေမည်။
❀ ကပ္ပိယဆိုး၊ အသေဆိုး၊ ဖြစ်ရိုးပြိတ္တာပြည်၊
❀ ကပ္ပိယကောင်း၊ အသေကောင်း၊ ဖြစ်ရှောင်းလူနတ်ပြည်။
❀ လူနတ်လည်ကာ၊ အဆုံးမှာ၊ ရောက်မှာနိဗ္ဗာန်ပြည်။

http://www.dhammadownload.com



# လူ့တိုင်းတာရေးရနိုင်ပါသလားဘုရား

( ၁ )

"လူ့ရွာလူဇာတ်၊ လူဟုဖြစ်လည်း၊ အနံ့မင့်၊ အနံ့မပါ၊ ပွင့်ရုံသာမျှ၊ ပန်းရာမသွင်း၊ ဂုဏ်နံ့ကင်းလျက်၊ မသင်းမကြိုင်၊ တလူလူဖြင့်၊ ဝါးကျူပမာ၊ မဖြစ်ရာဘူး"

"မိစ္ဆာဝါဒ၊ ကျင့်ပါပနှင့်၊ ဉာဏကင်းဘိ၊ လူ့ဒိဋ္ဌိတို့၊ ပြုမိပြုရာ၊ ပြုတတ်စွာ၏"

"သမ္မာမချစ်၊ ထိုသူညစ်ကား၊ လူဖြစ်တုံမြောက်၊ လူ့ရွာရောက်လည်း၊ တစ်ခေါက်တစ်ဖန်၊ နောက်မပြန်ဘဲ၊ လေးတန်ပါယ်ရွာ၊ အိမ်ပမာလျှင်၊ နေရာမလွဲ၊ တည်အမြဲဖြင့်၊ ဆင်းရဲဖက်ထစ်၊ ဒုက္ခနစ်သည်၊ လူဖြစ်တစ်ကြိမ်တစ်ခါတည်း"

လူတို့သည် အမျိုးမျိုးရှိကုန်၏၊ တစ်ဦးနှင့်တစ်ဦး အရည်အချင်းမတူကြကုန်။ တစ်ဦးမှာရှိသော အရည်အချင်းသည် တစ်ဦး

http://www.dhammadownload.com



မှာ မရှိနိုင်၊ အချို့ပညာတတ်၏၊ အချို့ကား ပညာမတတ်။ အချို့ကားလိမ္မာ၏၊ အချို့ကား မိုက်၏၊ ယင်းသို့စသည်ဖြင့် လူအမျိုးမျိုးရှိကုန်၏၊ ယင်းသို့ လူအမျိုးမျိုးရှိသည်ကို သိပါလျက် တစ်ယောက်သောလူက မိမိအား မေးလျှောက်၏။

"အရှင်ဘုရား **လူတိုင်း တရားရနိုင်ပါသလားဘုရား"**

"မရနိုင်ဘူး ဒကာကြီး"

"ဘာဖြစ်လို့လဲဘုရား၊ လူချင်းအတူတူပဲဟာ"

"မတူလို့မရနိုင်တာပေါ့ ဒကာကြီး၊ တူရင်ရနိုင်ရမှာပေါ့"

"ဘယ်လိုကွဲပါသလဲဘုရား"

"အကွဲတွေကလည်း အမျိုးမျိုး၊ အန္တရာယ်ကလည်းအမျိုးမျိုး၊ လူကလည်း အမျိုးမျိုး ဒကာကြီးရဲ့"

"တပည့်တော်ကတော့ လူဆို အတူတူချည်းပဲ အောက်မေ့ပါတယ်ဘုရား"

"အပြင်ပုံသဏ္ဌာန်လည်း မတူဘူး၊ အတွင်းစိတ်နေစိတ်ထား ဆိုတာတော့ တူဖို့သာပြီးဝေးပါသေးတယ် ဒကာကြီး"

"တပည့်တော်က လူဆိုတဲ့ အမျိုးတူပြောတာပါဘုရား"

"အင်း...အမျိုးသာတူတာ၊ တခြားမတူတာတွေက မများ ဘူးလား?"

"များပါတယ်ဘုရား"

"အင်း...များလို့ လူတိုင်းတရားမရနိုင်တာပေါ့"

"အမိန့်ရှိပါဦးဘုရား"

"ဟို...ပဋိသမ္ဘိဒါ မဂ်ပါဠိတော်က ကျွတ်ထိုက်တဲ့ လူနဲ့

http://www.dhammadownload.com



မကျွတ်ထိုက်တဲ့ လူနှစ်မျိုးကို ပြတယ်၊ ဘယ်လိုတဲ့လည်း ဆိုတော့–

"ကျွတ်ထိုက်သော သတ္တဝါတို့သည် အဘယ်တို့နည်း?၊ ကံ,ကိလေသာ, ဝိပါက်ဟူသော တားမြစ်ခြင်းနှင့် မပြည့်စုံကုန်၊ ယုံကြည်မှု ရှိကုန်၏၊ ကုသိုလ်ဆန္ဒရှိကုန်၏၊ ပညာရှိကုန်၏၊ ကုသိုလ်တရားတို့၌ သမ္မတ္တနိယာမဟု ဆိုအပ်သော အရိယမဂ်သို့ သက်ခြင်းငှာ ထိုက်ကုန်၏။ ဤသတ္တဝါတို့သည် ကျွတ်ထိုက်သော သတ္တဝါတို့တည်း"တဲ့။

"ကျွတ်ထိုက်တဲ့ သတ္တဝါဆိုတာ တရားရနိုင်တဲ့ သတ္တဝါ မဟုတ်ဘူးလားဘုရား"

"အင်းပေါ့ တရားရနိုင်တဲ့ သတ္တဝါပေါ့"

"ဒီလိုဆိုတော့ တရားမရနိုင်တဲ့ သတ္တဝါရှိတယ်ဆိုတာ ထင်ရှား နေပြီပေါ့ဘုရား"

"ထင်ရှားတာပေါ့"

"ထင်ရှားသထက် ထင်ရှားအောင် အမိန့်ရှိပါဦးဘုရား"

"မကျွတ်ထိုက်သော သတ္တဝါတို့သည် အဘယ်တို့နည်း?၊ ကိလေသာ၊ ကံ ဝိပါက်ဟူသော တားမြစ်ခြင်းနှင့် ပြည့်စုံကုန်၏။ ယုံကြည်မှုကင်းကုန်၏။ ကုသိုလ်အလိုဆန္ဒမှ ကင်းကုန်၏။ ပညာမရှိကုန်၊ ကုသိုလ်တရားတို့၌ သမ္မတ္တနိယာမဟု ဆိုအပ်သော အရိယမဂ်သို့ သက်ခြင်းငှာ မထိုက်ကုန်၊ ဤသတ္တဝါတို့သည်

http://www.dhammadownload.com



မကျွတ်ထိုက်သော သတ္တဝါတို့တည်း”တဲ့။

“တပည့်တော် စဉ်းစားမိပါတယ်ဘုရား”

“ဘယ်လိုစဉ်းစားမိလဲ”

“တရားရနိုင်တာ မရနိုင်တာဟာ အတိတ်ကံနဲ့လည်း များစွာ သက်ဆိုင်တယ်လို့ ထင်ပါတယ်ဘုရား”

“ဆိုင်တာပေါ့ ဒကာကြီး”

“ဆိုင်ပုံရှင်းပါဦးဘုရား”

“ဆိုင်ပုံရှင်းပြရရင် ဒီနေရာမှာ ပုဂ္ဂိုလ်အမျိုးမျိုး ပြောပြ ရမယ်”

“ပြောပြပါဘုရား”

## ပုဂ္ဂိုလ်ငါးမျိုး

“ပဋိသန္ဓေတုန်းက အလောဘ– အဒေါသ = အမောဟ ဟူသော ယှဉ်ဘက်ဟိတ် နှစ်ပါးရှိတဲ့ မဟာဝိပါက် ဉာဏသမ္ပယုတ် စိတ်နဲ့ ပဋိသန္ဓေနေခဲ့သူကို '**တိဟိတ်ပုဂ္ဂိုလ်**'လို့ ခေါ်တယ်နော်”

“မှန်ပါဘုရား”

“ပဋိသန္ဓေနေတုန်းက အလောဘ၊ အဒေါသဆိုတဲ့ ယှဉ်ဘက် ဟိတ်နှစ်ပါးရှိတဲ့ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်နဲ့ ပဋိသန္ဓေ နေခဲ့သူကို '**ဒွိဟိတ်ပုဂ္ဂိုလ်**'လို့ ခေါ်တယ်နော်”

“မှန်ပါဘုရား”

“ယှဉ်ဘက်ဟိတ်မရှိတဲ့ အဟိတ်ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေခဲ့ သူကို '**အဟိတ်ပုဂ္ဂိုလ်**' ခေါ်တယ်နော်”

http://www.dhammadownload.com



"မှန်ပါဘုရား"

"အဲဒီအဟိတ်တွင်လည်း အပါယ်ဒုဂ္ဂတိလေးဘုံမှာ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေသူကို '**ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်**' ခေါ်တယ်နော်"

"မှန်ပါဘုရား"

"ကာမသုဂတိဘုံမှာ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေသူကို '**သုဂတိအဟိတ်ပုဂ္ဂိုလ်**' လို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

"တရား ရနိုင်တာ မရနိုင်တာ ပဋိသန္ဓေက ပါလာတယ်ဆိုတာ မထင်ရှားဘူးလား?"

"ထင်ရှားပါတယ်ဘုရား"

"ခုနက ပြခဲ့တဲ့ တိဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ အဟိတ်ပုဂ္ဂိုလ်၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်လို့ ပုဂ္ဂိုလ်ငါးမျိုးမရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲဒီငါးမျိုးမှာ ဒွိဟိတ်ပုဂ္ဂိုလ်နဲ့ အဟိတ်ပုဂ္ဂိုလ်တွေဟာ ဒီဘဝမှာ ဈာန်မဂ်ဖိုလ်ရဖို့အတွက် မျှော်လင့်ချက် မရှိတော့ဘူးနော်"

"မှန်ပါဘုရား"

"ဘာဖြစ်လို့လည်းဆိုတော့ ညံ့ဖျင်းတဲ့ ပဋိသန္ဓေ ဝိပါက်က တားမြစ်ထားလို့တဲ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"သတ္တဝါတွေ ဘဝထဲမှာ ပဋိသန္ဓေနေရတာ ကြောက်စရာ ပါလားဘုရား"

"ကြောက်စရာပေ့ါ၊ ဒွိဟိတ်၊ အဟိတ်ပဋိသန္ဓေနေရရင် မခက် ဘူးလား?"

"ခက်ပါတယ်ဘုရား"

"ဒီစကားနဲ့ ပတ်သက်ပြီး ဒီနေရာမှာ အန္တရာယ်ငါးပါး ပြောရဦးမယ်"

"အမိန့်ရှိပါဘုရား"

## အန္တရာယ်ငါးပါး

"အဲဒီ အန္တရာယ်ငါးပါးနဲ့ကျတော့ တရားတောင်မကဘူး နတ်ရွာတောင်မရနိုင်ဘူးတဲ့"

"ကြောက်စရာကြီးပါလားဘုရား"

"ကြောက်စရာပေ့ါ"

"အန္တရာယ်ငါးပါးကို အမိန့်ရှိပါဘုရား"

**"သဂ္ဂမောက္ခာနံ အန္တရာယံ ကရောန္တီတိ အန္တရာယိကာ၊ တေ ကမ္မ ကိလေသ ဝိပါက ဥပဝါဒ အာဏာဝီတိက္ကမဝသေန ပဉ္စဝိဓာ"** တဲ့။

"အဓိပ္ပာယ်ရှင်းပါဦးဘုရား"

"နတ်ရွာ မဂ်ဖိုလ်တို့ရဲ့ အန္တရာယ်ကို ပြုတတ် ကုန်သော တရားတို့သည် အန္တရာယိကမည်ကုန်၏။

http://www.dhammadownload.com



ထိုအန္တရာယိက မည်ကုန်သော တရားတို့သည် ကံ ကိလေသ ဝိပါက ဥပဝါဒ အာဏာဝီတိက္ကမတို့၏ အစွမ်းအားဖြင့် ငါးပါးအပြားရှိကုန်၏”တဲ့။

“အကျယ်ရှင်းပြပါဦးဘုရား”

၁။ “အကျယ်ရှင်းပြရရင် အဲဒီငါးပါးထဲက ကမ္မန္တရာယ် ဆိုတာက အမိသတ်တဲ့ကံ၊ အဖသတ်တဲ့ကံ၊ ရဟန္တာကိုသတ်တဲ့ ကံ၊ ဘုရားကို သွေးစိမ်းတည်အောင်ပြုတဲ့ကံ၊ သံဃာသင်းခွဲတဲ့ ကံငါးပါးကို ‘ပဉ္စာနန္တရိယကံ’လို့ ခေါ်တယ်နော်”

“မှန်ပါဘုရား”

“အဲဒီ ပဉ္စာနန္တရိကကံနှင့် ဘိက္ခုနီမကို ဖျက်ဆီးတဲ့ကံ၊ အဲဒီကံ ၆ ပါးကို ကျူးလွန်ရင် ‘ကမ္မန္တရာယ်’ သင့်တယ်ပေါ့ နော်”

“မှန်ပါဘုရား”

“ကုစားလို့ မရတော့ဘူး”

“မှန်ပါဘုရား”

“သေတဲ့အခြားမဲ့မှာ အပါယ်ငရဲသို့သာ ရောက်ရတော့ တယ်”

“မှန်ပါဘုရား”

“အဇာတသတ်တို့၊ ဒေဝဒတ်တို့ကြည့်ပေါ့နော်”

“မှန်ပါဘုရား”

“အဲဒီကမ္မန္တရာယ်မှာ ထူးခြားချက်ရှိသေးတယ်”

“ဘယ်လိုပါလဲဘုရား”

http://www.dhammadownload.com



"ပဋ္ဌာနန္တ ဂရိုကကံထိုက်သူဟာ ဈာန်မဂ်ဖိုလ်သာမကဘူး နောက်ဘဝမှာ သုဂတိဘဝကိုပင် မရနိုင်တော့ဘူးနော်"

"မှန်ပါဘုရား"

"ဘိက္ခုနီမကို ဖျက်ဆီးသူကတော့ ဈာန်မဂ်ဖိုလ်သာ မရနိုင်တာ၊ ကောင်းမွန်စွာနေထိုင်ရင် သုဂတိဘဝကိုတော့ ရနိုင်သေးတယ်တဲ့"

"မှန်ပါဘုရား"

၂။ "ကိလေသာဆယ်ပါးတွင် ပါဝင်တဲ့ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိဆိုတဲ့ နိယတမိစ္ဆာဒိဋ္ဌိတွေဟာ "**ကိလေသန္တရာယ်**' ပဲနော်"

"မှန်ပါဘုရား"

"အဲဒီကိလေသန္တရာယ်သင့်သူဟာ တမလွန်ဘဝမှာ သုဂတိဘဝကိုမျှ ရနိုင်ခွင့်မရှိတော့ဘူးနော်"

"မှန်ပါဘုရား"

"ကုစားလို့တော့ ရကောင်းတယ်နော်"

"မှန်ပါဘုရား"

"အယူကိုစွန့်လိုက်ရင် တရားထူးရနိုင်တာပေါ့နော်"

"မှန်ပါဘုရား"

"မစွန့်ရင် ကမ္မန္တရာယ်ထက် ပိုပြီးတော့ အပြစ်ကြီးတယ်၊ သေတဲ့အခါမှာ အပါယ်သို့သာ ရောက်ရတယ်တဲ့"

"မှန်ပါဘုရား"

"ဥဘတောဗျည်းနဲ့ ပဏ္ဍုက်များကို လွှန်ကဲတဲ့ ကိလေသာ

http://www.dhammadownload.com



ရှိကြတဲ့အတွက် ဝိပါကန္တရာယ်၌ မသွင်းဘဲ ဒီကိလေသန္တရာယ်မှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာက သွင်းပြတယ်နော်"

"မှန်ပါတယ်ဘုရား"

၃။ "ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ၊ သုဂတိအဟိတ် ပဋိသန္ဓေ၊ ဒွိဟိတ်ပဋိသန္ဓေ၊ အဲဒီပဋိသန္ဓေစိတ်တွေဟာ '**ဝိပါကန္တရာယ်**'ပဲနော်"

"မှန်ပါဘုရား"

"ကုစားလို့မရကောင်းဘူး"

"မှန်ပါဘုရား"

"ယခုဘဝ တရားထူးမရထိုက်ဘူး"

"မှန်ပါဘုရား"

"ဥပမာဘယ်လိုလဲဆိုတော့ ညံ့ဖျင်းတဲ့ မျိုးစေ့ကြောင့် မအောင်မမြင် ပေါက်ခဲ့ရတဲ့ သစ်ပင်ဟာ မည်မျှလောက်ပင် ရေစင်သွန်းလောင်းသော်လည်း ကြီးကျယ်မြင့်မား ဖွံ့ထွားဖို့ရာ မျှော်လင့်ဖွယ် မရှိတော့သလို အဲဒီအတူပဲ ညံ့ဖျင်းတဲ့ကံကြောင့် အဟိတ်, ဒွိဟိတ်ပဋိသန္ဓေ နေခဲ့ရသူမှာ မျိုးစေ့ဖြစ်တဲ့ ပဋိသန္ဓေဝိပါက်က မအောင်မြင်တဲ့အတွက် အဲဒီဘဝမှာ ဈာန် မဂ်ဖိုလ်တရားတွေနဲ့ စည်ကားဖို့အချက် မရှိတော့ဘူးနော်"

"မှန်ပါဘုရား"

"ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရင်တော့ တမလွန်ဘဝမှာ သုဂတိဘဝကို ရနိုင်သေးတယ်တဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



၄။ "အရိယာပုဂ္ဂိုလ်မှန်း သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ယုတ်မာတဲ့ စိတ်ထားနဲ့ အရိယာပုဂ္ဂိုလ်ကို စွပ်စွဲကဲ့ရဲ့ခြင်းဟာ '**အရိယူပဝါဒန္တ ရာယ်**' မည်တယ်နော်"

"မှန်ပါဘုရား"

"နတ်ရွာနိဗ္ဗာန် မဂ် ဖိုလ် ရျာန်ရဲ့ အန္တ ရာယ်ဖြစ်တယ်နော်"

"မှန်ပါဘုရား"

"ကုစားလို့တော့ ရကောင်းတယ်တဲ့နော်"

"မှန်ပါဘုရား"

"ဘယ်လို ကုစားရမလဲဆိုတော့ အဲဒီပုဂ္ဂိုလ်ရှိရင် ကိုယ်တိုင် သွားကန်တော့၊ မရှိရင် သင့်လျော်တဲ့ လူကြီးသူမ သံဃာများ ထံသို့ သွားပြီး အကျိုးအကြောင်း ပြောပြတောင်းပန်ရမယ်နော်"

"မှန်ပါဘုရား"

"အယုတ်သဖြင့် အဲဒီပုဂ္ဂိုလ်ရဲ့ သင်္ချိုင်းသို့ သွားရောက် တောင်းပန်ရင်လည်း အန္တ ရာယ်ပြေပျောက်နိုင်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ကောင်းမွန်စွာ ကျင့်ကြံသူများကိုလည်း မပြစ်မှားမိစေရဘူး နော်"

"မှန်ပါဘုရား"

"အရိယူပဝါဒကံတမျှ အပြစ်ကြီးလေးတယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

၅။ " 'သဥ္စိစ္စ အာပန္နာ အာပတ္တိယော အာဏာဝီတိက္ကမန္တ ရာယောနာမ' ဆိုတဲ့ အဋ္ဌကထာနဲ့ အညီ လွန်ကျူးလိုတဲ့

http://www.dhammadownload.com



စေတနာနဲ့ သင့်ရောက်အပ်တဲ့ အာပတ်ဟာ '**အာဏာဝီတိက္ကမန္တရာယ်**'ပဲနော်"

"မှန်ပါဘုရား"

"ဘုရားရှင်ရဲ့ အာဏာတော်ကို ကျူးကျော်စော်ကား ပြစ်လို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

"ဥပမာဆိုပါတော့ မြန်မာနိုင်ငံမှာနေရင် မြန်မာနိုင်ငံအစိုးရ ရဲ့ အာဏာကို ကျူးကျော်ရင် အပြစ်သင့်မလား မသင့်ဘူး လား"

"သင့်ပါမယ်ဘုရား"

"မြန်မာနိုင်ငံအစိုးရရဲ့ အာဏာအတိုင်း မနေနိုင်ရင် မြန်မာ နိုင်ငံက ထွက်သွားရမယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"မြန်မာနိုင်ငံထဲမှာ နေရင်တော့ မြန်မာနိုင်ငံအစိုးရရဲ့ အာဏာ ကို လိုက်နာရမယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလိုပဲ ဘုရားသာသနာတော်မှာနေရင် ဘုရားရှင်ရဲ့ အာဏာဒေသနာတော်ဆိုတဲ့ ဝိနည်းသိက္ခာပုဒ်တွေ လိုက်နာရ မယ်နော်"

"မှန်ပါဘုရား"

"လွန်ကျူးရင် အာဏာဝီတိက္ကမန္တရာယ် သင့်မယ်မဟုတ် လား"

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"မနေနိုင်ရင် သာသနာ့အပြင် ထွက်ပေါ့ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီဘုရားရှင်ရဲ့ အာဏာဒေသနာ အမျိုးမျိုးမှာ ပါရာဇိက ပြစ်သင့်ရင် လူမထွက်သမျှ အဲဒီအန္တရာယ်က မကင်းဘူး နော်"

"မှန်ပါဘုရား"

"သံဃာဒိသေသာပြစ်သင့်ရင် ပရိဝါသ် မာနတ်မဆောက် တည်သမျှ အဲဒီအန္တရာယ်က မကင်းဘူးနော်"

"မှန်ပါဘုရား"

"ကြွင်းတဲ့အာပတ် ပြစ်သင့်ရင် တစ်ပါးသော ရဟန်းအား အပြစ်သင့်မိကြောင်းကို မပြောပြသမျှ အဲဒီအန္တရာယ်မှ မကင်း ဘူးနော်"

"မှန်ပါဘုရား"

"အဲဒီအန္တရာယ်က မကင်းရင်လည်း သုဂတိဘဝနဲ့ ဈာန် မဂ်ဖိုလ်ကို ရဖို့ရာ အခွင့်မရှိတော့ဘူးနော်"

"မှန်ပါဘုရား"

"ဒီဘဝမှာစုတေရင် အပါယ်လေးပါးတွင် ထိုက်ရာသို့ သွား ရလိမ့်မယ်နော်"

"မှန်ပါဘုရား"

"တချို့က တရားအားထုတ်နေရင် ပြီးတာပဲ၊ ဝိနည်းမလို ပါဘူးတဲ့ ပြောကြတယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"နားမယောင်ပါနဲ့၊ မသိလို့မသိပြော ပြောနေတာလို့ မှတ်နော်"

"မှန်ပါ့ဘုရား"

"အားထုတ်တဲ့ တရားလည်း ဘုရားတရားပဲ၊ ပညတ်ထားတဲ့ တရားလည်း ဘုရားတရားပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တရားတစ်ခုပစ်ပယ်ပြီး တရားတစ်ခု အားထုတ်လို့ ရပ့ါ မလား"

"မရနိုင်ပါဘုရား"

"အေး...သေသေချာချာမှတ်နော်"

"မှန်ပါဘုရား"

"ဒီအန္တရာယ်က ကုစားလို့ရတယ်၊ ဘယ်လိုလဲဆိုတော့ ပုထုဇဉ်အလိုက် စိတ်ကို မထိန်းနိုင်လို့ အပြစ်သင့်ပြီးနောက် ဆိုင်ရာ ဝိနည်းလမ်းကြောင်းနဲ့ ကုစားရင် အဲဒီအပြစ်တွေ ကင်းစင် နိုင်တယ်နော်"

"မှန်ပါဘုရား"

"ကင်းစင်တဲ့အခါ မဖြစ်အောင်လည်း စောင့်စည်း၊ မတော် တဆ ဖြစ်ပြန်ရင်လည်း ဆိုင်ရာဝိနည်းကံအရ ကုစားပြီး သဒ္ဓါ တရားနဲ့ နေထိုင်သူမှာ အဲဒီအာဏာဝီတိက္ကမန္တရာယ် ကင်းရှင်း နိုင်ပါတယ်တဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"နတ်ရွာနိဗ္ဗာန် မဂ်ဖိုလ်ကိုလည်း ရနိုင်ပါတယ်တဲ့နော်"

"မှန်ပါဘုရား"

"အင်း...အဲဒါကြောင့် လူတိုင်း တရားမရနိုင်ဘူး။ ရနိုင်တဲ့ လူမှာလည်း အဲဒီလို အပြစ်တွေရှိရင် မရနိုင်ဘူးလို့ မှတ်နော်"

"မှန်ပါဘုရား"

"ကဲ...တော်ရောပေါ့"

"မှန်ပါ ခွင့်ပြုပါဘုရား"

- လူချင်းတူလည်း အမူကွဲ ဖြူမည်းသိရမည်၊
- အမည်းလူဟာ တရားရှာ ဘယ်ခါမရပြီ၊
- အဖြူ လူသာ တရားရှာ သေချာရလေမည်။

http://www.dhammadownload.com



# ထိုင်ပြတယ်တဲ့ဘုရား

## ( ၉ )

ပူပြင်းလှသော ရာသီဥတုဒဏ်ကို အလူးအလိမ့် ခံရင်းနဲ့ စာရေးနေစဉ် ဒကာတစ်ယောက် ရောက်လာသည်။ ဒကာသည် ရင်းနှီးသော ဒကာဖြစ်သည်၊ မေးရဲစမ်းရဲ ဖြစ်သည်။ ရောက်လာတယ်ဆိုရင်ပဲ မေးလျှောက်သည်။

"ဦးပဉ္စင်းဘုရား(......)မြို့ကို တရားလာဟောတဲ့( )ဆရာတော်ဟာ ရဟန္တာဆိုဘုရား"

"ဘယ်သူကပြောသလဲ"

"သူတို့ပြောကြတာပဲဘုရား"

"ခက်တာပဲ၊ လူတွေကလည်း ဘာမှလည်း အသိဉာဏ်မရှိဘဲနဲ့ ရဟန္တာသမုတ်နေတယ်"

"ဟုတ်တယ်ဘုရား"

"ဦးပဉ္စင်းတို့လည်း ကြားပါတယ်၊ ဒါပေမယ့် ဝိနည်းသိက္ခာပုဒ်နဲ့ စပ်သွယ်ပြီး စုံစမ်းကြည့်တော့ တယ်မထင်ပါဘူး"

"ဘာဖြစ်လို့လဲ ဘုရား"

http://www.dhammadownload.com



"သာသနာတော်ရဲ့ အသက်ဟာ ဝိနည်းပဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"သာသနာတော်ရဲ့ အသက်ဆိုတာနဲ့ ရဟန်းရဲ့အသက် ဆိုတာဟာ အတူတူပဲ"

"မှန်ပါဘုရား"

"ဒီတော့ ရဟန်းရဲ့ အသက်ဟာလည်း ဘာလဲ"

"ဝိနည်းပါပဲဘုရား"

"ဒီတော့ ရဟန်းကောင်းဟာ ကိုယ့်အသက်ဖြစ်တဲ့ ဝိနည်း ကို လေးစားမလား၊ မလေးစားဘူးလား?"

"လေးစားပါမယ်ဘုရား"

"ဒီမှာ ရဟန်းနှစ်မျိုး မှတ်ထားဦးနော်"

"မှန်ပါဘုရား"

## ရဟန်းနှစ်မျိုး

"ရဟန်းနှစ်မျိုးက ဘာတဲ့လဲ၊ ပုထုဇဉ်ရဟန်းရယ် အရိယာ ရဟန်းရယ်နော်"

"မှန်ပါဘုရား"

"အဲဒီ ပုထုဇဉ်ရဟန်းမှာလည်း ရဟန်းဆိုး ရဟန်းကောင်း နှစ်မျိုးမရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"အဲ...ပုထုဇဉ်ရဟန်းကောင်းတောင်မှ ဝိနည်းကို၊ သို့မဟုတ် သီလသိက္ခာကို အသက်အသေခံပြီး စောင့်ထိန်းသေးတယ်၊

http://www.dhammadownload.com



အသက်သာ အသေခံမယ်၊ သီလသိက္ခာ အပျက်မခံဘူးနော်”

“မှန်ပါဘုရား”

“အဲဒီရဟန်းမျိုး ဒီခေတ်မှာကို ရှိသေးတယ်”

“မှန်ပါဘုရား”

“ဒီတော့ လောကမှာလည်း မိဘတွေမှာ သားဆိုး သမီးဆိုး သားကောင်း သမီးကောင်းလို့ နှစ်မျိုးမရှိဘူးလား?”

“ရှိပါတယ်ဘုရား”

“မိဘစကား နားမထောင်တဲ့ သားသမီးကို ဘယ်လိုခေါ်မလဲ”

“သားသမီးဆိုးလို့ ခေါ်ပါမယ်ဘုရား”

“မိဘစကား နားထောင်တဲ့ သားသမီးကိုကော ဘယ်လိုခေါ်မလဲ”

“သားသမီးကောင်းလို့ ခေါ်ပါဘုရား”

“အဲ...ဘုရားရှင်မှာလည်း သားသမီးကောင်း သားသမီးဆိုး ရယ်လို့ နှစ်မျိုးရှိတယ်နော်”

“မှန်ပါဘုရား”

“ဘုရားဟောထားတဲ့ ဗုဒ္ဓဝစနခေါ်တဲ့ ဘုရားစကားတော် သုတ်–ဝိနည်း–အဘိဓမ္မာလို့ သုံးမျိုးမရှိဘူးလား”

“ရှိပါတယ်ဘုရား”

“အဲဒီဘုရားစကား နားထောင်တဲ့ သားသမီးက သားသမီးကောင်းပေါ့။ နားမထောင်တဲ့သားသမီးက သားသမီးဆိုးပေါ့နော်”

“မှန်ပါဘုရား”

http://www.dhammadownload.com



"ဒီတော့ ပုထုဇဉ်နဲ့ အရိယာဟာ ပုထုဇဉ်က သားဆိုးနဲ့ တူတယ်၊ အရိယာက သားကောင်းနဲ့တူတယ်နော်"

"မှန်ပါဘုရား"

"သားဆိုးနဲ့တူတဲ့ ပုထုဇဉ်ရဟန်းထဲက ရဟန်း အချို့က တောင်မှ အသက်အသေခံပြီး ဝိနည်းသိက္ခာပုဒ် သီလတွေကို စောင့်ထိန်းပါသေးရင် သားကောင်းဖြစ်တဲ့ အရိယာဆိုရင် ဘယ်လို နေပါ့မလဲ"

"သာပြီးတော့ စောင့်ထိန်းမှာပေါ့ဘုရား"

"အင်း...ဒီတော့ အရိယာပုဂ္ဂိုလ်ဆိုရင် ရဟန္တာဆိုတာ မပြောထားနဲ့ သောတာပန်အရိယာတောင်မှ အသက်အသေခံပြီး သီလ သိက္ခာကို စောင့်ထိန်းပါတယ်၊ ဝိနည်းကို လေးစားပါတယ်နော်"

"မှန်ပါဘုရား"

"ရဟန္တာဆိုတာ ဘယ်မှာဆိုစရာရှိမှာလဲ၊ ပယ်စရာကိလေသာမှ မရှိပဲဟာ"

"မှန်ပါဘုရား"

"သိက္ခာပုဒ် မစောင့်ထိန်းဘူး၊ ဝိနည်းမလေးစားဘူး ဆိုတာက အရိယာမဟုတ်တဲ့ ပုဂ္ဂိုလ်ပဲနော်"

"မှန်ပါဘုရား"

"သောတာပန် အရိယာတောင် မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ဦးပဥ္စင်းတို့အနေနဲ့ စစ်တမ်းကတော့ အဲဒီဝိနည်း သိက္ခာပုဒ်ပဲ၊ ဝိနည်းနဲ့ တိုက်ကြည့်ဟုတ်လား"

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား၊ တပည့်တော်လည်း ဗဟုသုတအသင့်အတင့်ရှိပါတယ်၊ သူတို့က ရဟန္တာဆိုတာနဲ့ တရားသွားပြီး နာပါတယ်"

"အင်း..."

"လျှောက်ထားတဲ့လူရှိရင် ပြောကောင်းတယ်ဆိုပြီး လေးမင်လေးဖိုလ်ကူးပုံ ဟောပါတယ်ဘုရား"

"အင်း..."

"ပြီးတော့ ဘုရားကြီးရှေ့ချဖို့ လှူကြပါ၊ သာဟတ္ထိက မြောက်အောင် ကိုယ်တိုင်လာလှူပါဆိုပြီး လက်ဝဲနှစ်ဖက်ပေါ်မှာ လက်ကိုင်ပုဝါလေးဖြန့်ထားပြီး အဲဒီအထဲထည့်ခိုင်းပါတယ်ဘုရား"

"အင်း..."

"အနားက ဒေါ်ပကတွေက ဘုန်းကြီးလက်ကိုင်ပုဝါထဲကမှ ယူပြီး စာရင်းမှတ်ကြပါတယ်ဘုရား"

"အင်း..."

"တပည့်တော်လည်း အဲဒါမြင်ကတည်းက ရဟန္တာတော့ မဟုတ်တော့ဘူးဆိုပြီး တပည့်တော်မိတ်ဆွေနှုတ်ဆက်ကာ ပြန်လာခဲ့ပါသည်ဘုရား"

"ခုနကပြောခဲ့သလိုပေါ့ ပုထုဇဉ် သီလရှိတဲ့ ရဟန်းတောင်မှ သီလသိက္ခာ အသက်သဖွယ် စောင့်ထိန်းတာ၊ ရဟန္တာအမည်ခံပြီး ဒီလိုလုပ်တယ်ဆိုတော့ စဉ်းစားစရာပေါ့?"

"မလိုတော့ပါဘုရား"

"အေး...ထပြန်တာ အကောင်းဆုံးပေါ့"

http://www.dhammadownload.com



“မှန်ပါဘုရား၊ ပြီးတော့ ရှိသေးတယ်ဘုရား”

“ဘာလဲ”

“လူတွေက စုံစမ်းတဲ့အခါကျတော့ **ထိုင်ပြတယ်တဲ့ဘုရား**”

“ဘယ်လိုထိုင်ပြတာလဲ”

“မြတ်စွာဘုရားကို လက္ခဏာစုံစမ်းတော့ မြတ်စွာဘုရားက ပြသလိုပေါ့ဘုရား”

“ဘာဆိုင်လဲ အဲဒါနဲ့၊ ဟိုက (၃၂)ဖြာ လက္ခဏာတော်ကို စုံစမ်းတယ်”

“မှန်ပါဘုရား”

“စုံစမ်းတဲ့အခါ သည္ဆုပြင်လက္ခဏာတော် အကုန်ထင်ရှားတယ်၊ သံသယကင်းတယ်၊ ယောက်ျားနိမိတ်နဲ့ လျှာတော်မထင်ရှားလို့ ဘုရားရှင်က လျှာတော်နဲ့ နဖူးတော်ကို သုံးသပ်ပြတယ်၊ ကြီးပုံ၊ ပြန့်ပုံ၊ ရှည်ပုံနော်”

“မှန်ပါဘုရား”

“နောက် နူးညံ့ပုံသိအောင် နှာခေါင်းတွင်းသွင်းပြတယ်နော်”

“မှန်ပါဘုရား”

“ဒီတော့ လျှာနဲ့ပတ်သက်ပြီး သံသယ ရှင်းမသွားဘူးလား?”

“ရှင်းသွားပါတယ်ဘုရား”

“ရှင်းသွားတော့ ယောက်ျားနိမိတ်ကိုတော့ ဒီလိုထုတ်ပြလို့ ဖြစ်ပါ့မလား?”

“မဖြစ်ပါဘုရား”

http://www.dhammadownload.com



"သူတော်ကောင်းဥစ္စာရတနာ (၇)ပါးထဲမှာ ရှက်မှု ဟိရိ ဆိုတာ မပါဘူးလား?"

"ပါပါတယ်ဘုရား"

"ကဲ...သူတော်ကောင်းဥစ္စာ ရတနာ ဟိရိရှိတဲ့ ပုဂ္ဂိုလ်က ယောကျ်ားနိမိတ်ကို အရှိအတိုင်းပြပါ့မလား?"

"မပြပါဘုရား"

"ဟိုကလည်း စုံစမ်းနေတယ်၊ မပြလို့လည်း မဖြစ်တော့ ဘယ်လိုပြလည်းဆိုတော့ တန်ခိုးတော်နဲ့ ပုံတူပြတယ်နော်"

"မှန်ပါဘုရား"

"အရှိအတိုင်းအစစ်ကို ထုတ်မပြဘူးနော်"

"မှန်ပါဘုရား"

"ခုဒကာကြီးပြောတဲ့ ထိုင်ပြတာက ဘယ်လိုလည်း လင်းစမ်း ပါဦး"

"ကျင်ငယ်စွန့်ပြတယ်တဲ့ဘုရား"

"ကျင်ငယ်စွန့်ပြတော့ ဘာဖြစ်သလဲ"

"သူတို့က ချောင်းကြည့်ကြတယ်တဲ့ဘုရား"

"ချောင်းကြည့်တော့လည်း ဘာဖြစ်မှာလဲ၊ ရဟန္တာမှာ (၃၂) ပါးလက္ခဏာမှ မရှိတာ၊ ယောကျ်ားနိမိတ်ပြတာနဲ့ ဘာဆိုင်လဲ?"

"ရဟန္တာဆိုရင် ယောကျ်ားနိမိတ်က ကလေးနိမိတ်လို သေး သေးလေးနဲ့တဲ့ ဘုရား"

"ဘယ်ကလာ ကပ်သီးကပ်သပ် ဘာဆိုင်လဲ"

"ကိလေသာ၊ ၇ုန်သွားလို့ သေးသွားတာတဲ့ဘုရား"

"လာပြန်ပြီ မဟုတ်တရုတ်တွေ"

"နို့...ဘယ်လိုလဲဘုရား"

"ဒကာကြီးတို့ အဲဒီကိလေသာကို နားမလည်သေးဘူး"

"အမိန့်ရှိပါဘုရား"

"**ကိလေသန္တိ ဥပတာပေန္တီတိ ကိလေသာ**"၊ **ကိလေသန္တိ ဥပတာပေန္တီ**=ပူလောင်စေတတ်ကုန်၏။ **ဣတိ**=ထို့ကြောင့်၊ **ကိလေသာ**=ကိလေသာလို့မည်၏တဲ့၊ ရှင်းရှင်း ပြောရရင် ပူလောင်စေတတ်လို့ ကိလေသာခေါ်တာနော်"

"မှန်ပါဘုရား"

"ကိလေသာမီးလို့ မသုံးကြဘူးလား?"

"သုံးကြပါတယ်ဘုရား"

"ကိလေသာမီးလို့ သုံးကြတဲ့အတိုင်း ယှဉ်ဘက် စိတ်စေတ်နဲ့ မိမိကိန်းရာ သတ္တဝါကို ပူလောင်စေတတ်တဲ့ "**လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ အဟိရိက, အနောတ္တပ္ပ**"တို့ကို ကိလေသာခေါ်တယ်နော်"

"မှန်ပါဘုရား"

"လောဘ ဒေါသမီး စသည်တို့လောင်ကျွမ်းလို့ အသေးက်ပ်ပါ ဆုံးရှုံးရပုံ ဂဏ္ဍုကြောင်းတွေရှိတယ်၊ မျက်မှောက်သာဓကတွေ လည်းမရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ဒကာကြီးတို့က ကိလေသာဆိုရင် လောဘ တစ်ခုလောက်သာ ယူယူနေတော့ မှန်ပါ့မလား"

http://www.dhammadownload.com



"မမှန်ပါဘုရား"

"အင်း...ကိလေသာခေါ်ပုံ တစ်နည်းပြောဦးမယ်"

"အမိန့်ရှိပါဘုရား"

"**ကိလိဿတိ ဧတေဟီတိ ကိလေသာ**"၊ **ဧတေဟိ**=ဤတရားတို့ကြောင့်၊ **ကိလိဿတိ**=ညစ်ပေရ၏၊ **ဣတိ**=ထိုသို့ ညစ်ပေကြောင်း၏အဖြစ်ကြောင့်၊ **ကိလေသာ**=ကိလေသာတို့ မည်၏" တဲ့။ ရှင်းရှင်းပြောရရင် ညစ်ပေကြောင်းဖြစ်လို့ ကိလေသာခေါ်ကုန်တာပဲနော်"

"မှန်ပါဘုရား"

"လောဘ စသည်တို့နဲ့ ယှဉ်ရတဲ့ စိတ်ဟာ ကြည်ကြည်လင်လင်မရှိဘူး၊ ညစ်ညစ်ပေပေ နေရတယ် မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"တစ်ခါ တစ်ခါ စိတ်ညစ်တယ် စိတ်ရှုပ်တယ် သည့်မသုံးဘူးလား?"

"သုံးပါတယ်ဘုရား"

"အဲဒါ ကိလေသာသတ္တိပဲနော်"

"မှန်ပါဘုရား"

"အဲဒီလိုစိတ်ညစ်ကြောင်း တရားများဖြစ်လို့ လောဘစသည်ကို ကိလေသာခေါ်တယ်နော်"

"မှန်ပါဘုရား"

"ဘုရား၊ ရဟန္တာအရှင်မြတ်တို့ရဲ့ စိတ်ဓာတ်မှာတော့ အဲဒီကိလေသာတို့မှ စင်ကြယ်တော်မူလို့ အမြဲပဲ ဝင်းဝင်းဖိတ် တောက်ပ

http://www.dhammadownload.com



သကဲ့သို့ ကြည်လင်တော်မူကြတယ်နော်”

“မှန်ပါဘုရား”

“ဒါ့ကြောင့် ရဟန္တာဖြစ်ပြီးစ ရဟန္တာအရှင်များရဲ့ မျက်နှာတော်ကို အပင်မှကြွေကျပြီးကာစ ထန်းသီးမှည့်ကဲ့သို့ ဥပမာပေးတယ်နော်”

“မှန်ပါဘုရား”

“ကိလေသာ ရှိ, မရှိ ကြည့်ရမှာက အဲဒီသဘောတွေ ကြည့်ရမှာ ဘယ့်နှယ်လည်း ခုတော့ ထိုင်ပြသတဲ့၊ မဟုတ်တရုတ်နော်”

“မှန်ပါဘုရား”

“ဘယ့်နှယ် ကိုယ်အင်္ဂါ, ယောက်ျားနိမိတ်ကို လူမြင်အောင်ပြတယ်ဆိုတော့ ဒီလောက်အရှက်မရှိတာ ရှိသေးလား?”

“မရှိပါဘုရား”

“အရှက်ရှိမှ ရဟန္တာဒကာကြီးရဲ့၊ ဘယ့်နှယ်ခုတော့ အရှက်မရှိတာ ရဟန္တာလုပ်နေတယ် ခက်လိုက်တာနော်”

“မှန်ပါဘုရား”

“ဒီမှာ ကိလေသာ သုံးမျိုးကို ပြောရဦးမယ်၊ မှတ်ထားနော်”

“မှန်ပါ၊ အမိန့်ရှိပါဘုရား”

“ကိလေသာသုံးမျိုးက ဘာလည်းဆိုတော့...

http://www.dhammadownload.com



## ကိလေသာသုံးမျိုး

၁။ **အနုသယ ကိလေသာ၊**

၂။ **ပရိယုဋ္ဌာနကိလေသာ၊**

၃။ **ဝီတိက္ကမကိလေသာ** ရယ်လို့ အခိုက်အတန့် ၃ မျိုးအား ဖြင့် ကိလေသာ ၃ မျိုးရှိတယ်၊ အဲဒီ ၃ မျိုးမှာ–

၁။ အနုသယကိလေသာဆိုတာ ဥပါဒ်–ဋ္ဌီ–ဘင်(ဖြစ်တည် ပျက်) အထင်အရှားမရှိဘဲ ခန္ဓာအစဉ်မှာ အမြဲကိန်းဝပ်ပါနေတဲ့ ကိလေသာဓာတ် သတ္တိကိုခေါ်တယ်"

"မှန်ပါဘုရား"

၂။ ပရိယုဋ္ဌာနကိလေသာဆိုတာက ဥပါဒ်–ဋ္ဌီ–ဘင် အားဖြင့် အထင်အရှား ထကြွလာတဲ့ ကိလေသာကိုခေါ်တယ်"

"မှန်ပါဘုရား"

၃။ ဝီတိက္ကမကိလေသာဆိုတာက စိတ်ထဲမှာ ထကြွလာရုံတွင် မကဘဲ လောဘအလျောက်၊ ဒေါသအလျောက်၊ ကိုယ်နှုတ် ထင်ရှားပြီး လှုပ်ရှားကာ ဖောက်ပြန်ကျူးလွန်စေတတ်တဲ့ ကိလေ သာကိုခေါ်တယ်"

"မှန်ပါဘုရား"

"အဲဒီကိလေသာ သုံးမျိုးကို ပယ်သတ်ပုံလည်း တစ်မျိုးနဲ့ တစ်မျိုးမတူဘူး"

"အမိန့်ရှိပါဘုရား"

http://www.dhammadownload.com



"ဝီတိက္ကမကိလေသာ မဖြစ်အောင် သီလနဲ့တားမြစ်ရတယ် နော်"

"မှန်ပါဘုရား"

"ဒီတော့ သီလမလိုဘူးလား၊ လိုသလား"

"လိုပါတယ်ဘုရား"

"ခုနက ထိုင်ပြတယ်ဆိုတာ ဘယ်အဆင့်ရောက်သွားပြီလဲ"

"ဝီတိက္ကမအဆင့် ရောက်သွားပါပြီဘုရား"

"သီလတောင်ရှိရဲ့လား"

"မရှိပါဘုရား"

"သတိထားနော်"

"မှန်ပါဘုရား"

"ပရိယုဋ္ဌာနကိလေသာ မဖြစ်အောင် သမာဓိနဲ့ တားရတယ်"

"မှန်ပါဘုရား"

"အနုသယ ကိလေသာကိုတော့ ဆိုင်ရာမဂ်နဲ့ ပယ်သတ်မှ အကြွင်းမဲ့ပြတ်နိုင်တယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ စဉ်ကြည့်၊ ကိလေသာဘက်က–

၁။ **ဝီတိက္ကမကိလေသာ**

၂။ **ပရိယုဋ္ဌာနကိလေသာ**

၃။ **အနုသယကိလေသာ** လို့ သုံးမျိုးရှိတယ် မဟုတ်လား"

"မှန်ပါ၊ ရှိပါတယ်ဘုရား"

"ဒီဖက်က ကျင့်စဉ်ဖက်ကလည်း–

http://www.dhammadownload.com



၁။ **သီလသိက္ခာ**

၂။ **သမာဓိသိက္ခာ**

၃။ **ပညာသိက္ခာ**လို့ သုံးမျိုးပဲရှိတယ်မဟုတ်ဘူးလား"

"မှန်ပါ၊ ဟုတ်ပါတယ်ဘုရား"

"ကျင့်စဉ်ဖက်က ဘယ်ဟာပယ်မလဲ"

"ဘယ်ဟာမှ မပယ်ရပါဘုရား"

"တချို့က သီလမလိုဘူးတဲ့၊ တချို့ကလည်း သမာဓိ မလိုဘူးတဲ့၊ တချို့ကလည်း ပညာသက်သက်ပဲတဲ့၊ အမျိုးမျိုးပြောကြတယ် နော်၊ အဲဒါမယုံပါနဲ့၊ လိုလို့ သုံးမျိုးဟောထားတာ၊ မလိုရင် ဟောပါ့မလား"

"မဟောပါဘုရား"

"စစ်သားတွေ စစ်တိုက်တော့ လက်နက် တစ်မျိုးထဲနဲ့ တိုက်သလား၊ မျိုးစုံနဲ့ တိုက်သလား"

"မျိုးစုံနဲ့တိုက်ပါတယ်ဘုရား"

"တစ်မျိုးထဲနဲ့တိုက်ရင် ရှုံးပါမယ်ဘုရား"

"အဲ...ခုလဲ ကိလေသာ ရန်သူတိုက်တာ လက်နက်တစ်မျိုးထဲနဲ့ တိုက်မလား, လက်နက်အစုံနဲ့ တိုက်မလား"

"အစုံနဲ့ တိုက်ပါမယ်ဘုရား"

"အေး...အဲဒါသဘောပေါက်နော်၊ ထိုင်ပြတာတွေ ဘာတွေ ရှုပ်မနေနဲ့၊ ကျင့်စဉ်သုံးပါးနဲ့တိုက်ကြည့်နော်၊ ကျင့်စဉ်မကိုက်ရင် မဟုတ်ဘူးသာမှတ်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ကဲ...တော်ကြစို့"

❀ အစစ်အတု၊ ထိုနှစ်ခု ဆစ် ဖုသိတတ်စေ၊

❀ အစစ်ဆိတ်သုဉ်း အတုဖုံး၊ လုံးလုံးမသင့်ပေ၊

❀ အတုဖယ်ရှား၊ အစစ်အား ထင်ရှားပြသင့်တာ၊

http://www.dhammadownload.com



# ဘယ်ခုတင်ဆောက်တည်ပြီး တရားအားထုတ်ရပါမလဲဘုရား

{ ၁၀ }

တရားနာသူတို့သည် အမျိုးမျိုးရှိကုန်၏။ အချို့ကား နာကာ မတ္တမျှသာ ဖြစ်၏။ ယင်းတရားကို စဉ်းစားခြင်း၊ ကြံစည်ခြင်း၊ ကျင့်ကြံခြင်း လိုက်နာခြင်းမရှိ၊ အချို့ကား နာလည်းနာ၏။ နာပြီး တရားကို စဉ်းစားကြံစည်၏။ ကျင့်ကြံခြင်း လိုက်နာခြင်းမရှိ။ အချို့ကား နာလည်းနာ၏။ စဉ်းစား ကြံစည်ခြင်းလည်းရှိ၏။ ကျင့်ကြံလိုက်နာခြင်းလည်းရှိ၏။ ယင်းသို့ စသည်ဖြင့် တရားနာသူ အမျိုးမျိုးရှိ၏။ ယင်းအမျိုးမျိုးမှ တစ်နေ့သော် မိမိထံသို့ ဒကာ တစ်ယောက် ရောက်လာသည်။

"ဦးပဥ္စင်းဘုရား၊ **ဘယ်ခုတင်ဆောက်တည်ပြီး တရားအား ထုတ်ရပါမလဲဘုရား?**"

"ဘာဖြစ်လို့မေးတာလဲ"

http://www.dhammadownload.com



"ဦးပဥ္စင်းဘုရားပဲ တစ်ခါက ဟောပါတယ်"

"ဘယ်လိုဟောလို့လဲ?"

"ပုတင်တစ်ခုခု ဆောက်တည်ပြီး တရားအားထုတ်ရင် တစ်ဘဝ နှစ်ဘဝနဲ့ တရားရနိုင်တယ်လို့"

"ဘယ်တုန်းက ဟောတာလဲ"

"ဒါကတော့ သေသေချာချာ မသိတော့ပါဘုရား၊ ဦးပဥ္စင်း ဘုရား ဟောတော့ဟောပါတယ်ဘုရား"

"အင်း...ဟုတ်ပါတယ်၊ "**မိလိန္ဒပဥှာပါဠိတော်**"မှာလာလို့ ဟောခဲ့ပါတယ်"

"အဲဒါ ယခု တပည့်တော် တရားအားထုတ်တော့ တရား မြန်မြန်ရချင်စိတ် ပေါ်လာတော့ အဲဒီတရား စဉ်းစားမိလို့ ဦးပဥ္စင်း ဘုရားကို မေးလျှောက်ကြည့်တာပါဘုရား"

"ပုတင်က ၁၃-ပါးရှိတယ်၊ ရဟန်းတော်တွေတော့ (၁၃)ပါး လုံး ဆောက်တည်နိုင်တယ်၊ ဘိက္ခုနီမတွေတော့ (၈)ပါးတဲ့၊ သာမဏေတွေက (၁၂)ပါးတဲ့၊ သိက္ခမာန်မ၊ သာမဏေမတွေက (၇)ပါးတဲ့၊ ဒကာ ဒကာမတွေကတော့ (၂)ပါးတဲ့"

"တပည့်တော်တို့ကျတော့ နည်းလှချည့်လားဘုရား"

"နည်းဆိုရင် ညှံ့လို့ပေါ့"

"ဒါထက်များများ မဆောက်တည်နိုင်ဘူးလားဘုရား"

"ဆောက်တည်နိုင်ပါတယ်၊ အရည်းကင်၊ ရုက္ခမူ၊ အဗ္ဘောကာ သိ၊ သုသာန်၊ နေသဇ္ဇပုတင် စသည်တွေလည်းရပါတယ်"

"တပည့်တော်ဆောက်တည်ချင်ပါတယ်ဘုရား"

http://www.dhammadownload.com



# ခုတင်နှင့်တန်သူမတန်သူ

"ဆောက်တည်ရင် ကောင်းတာပေါ့၊ ဦးပဥ္ဇင်းတော့ တိုက်တွန်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခုတင်နဲ့တန်သူ သုံးယောက်၊ မတန်သူတစ်ယောက်လို့ ပုဂ္ဂိုလ်လေးယောက်ရှိလို့"

"ရှင်းပြပါဘုရား"

၁။ ခုတင်ဆောက်တည်လို့ ကမ္မဋ္ဌာန်းတရား တိုးပွားရင် ခုတင်ဆောက်တည်ရမယ်တဲ့။

၂။ ဆင်းရဲတဲ့အကျင့်လို့ သည်းမခံနိုင်လို့ ကမ္မဋ္ဌာန်း ဆုတ်ယုတ်တဲ့ နုတဲ့ပုဂ္ဂိုလ်ဖြစ်ရင် မဆောက်တည်ရဘူးတဲ့။

၃။ ခုတင်ဆောက်တည်သော်လည်းကောင်း၊ မဆောက်တည်သော်လည်းကောင်း ကမ္မဋ္ဌာန်းတရား မဆုတ်ယုတ်တဲ့ ပုဂ္ဂိုလ်ထူးဖြစ်ရင် နောင်လာနောက်သားတို့ အတုလိုက်ကြပါစေလို့၊ ချီးမြှောက်တဲ့အနေအားဖြင့် ဆောက်တည်ရမယ်တဲ့။

၄။ ခုတင်ဆောက်တည်သော်လည်းကောင်း၊ မဆောက်တည်သော်လည်းကောင်း၊ ကမ္မဋ္ဌာန်းတရား မတိုးပွား မထူးခြားသော ပုဂ္ဂိုလ်ဖြစ်ရင် နောင်အခါ အထုံဝါသနာ ပါစေခြင်းငှာ ဆောက်တည်ရမယ်တဲ့။

"ဒီလိုဆိုတော့ ခုတင်ဆောက်တည်ရမယ့်ဖက်က များတာပေါ့ဘုရား"

"အင်း...များတာပေါ့"

http://www.dhammadownload.com



## ဘယ်သူ့ထံ စုတင်ဆောက်တည်ရမလဲ

"အဲဒီ ဝုတင်ကို ဘယ်သူ့ထံမှာ ဆောက်တည်ရမလဲဘုရား"

"အမယ်လေး တကယ်များ ဆောက်တည်တော့မလို့လား"

"နောင် ဆောက်တည်ချင်တဲ့အခါ ဆောက်တည်ရတာပေါ့ ဘုရား"

"သက်တော်ထင်ရှားဘုရားရှိရင် ဘုရားရှင်ထံမှာ ဆောက်တည်ရမယ်တဲ့"

"မှန်ပါဘုရား"

"ဘုရားမရှိရင် အဂ္ဂသာဝကတွေအထံမှာ ဆောက်တည်ရမယ်တဲ့"

"မှန်ပါဘုရား"

"အဂ္ဂသာဝကတွေမရှိရင် အသီတိမဟာသာဝကတွေထံမှာ ဆောက်တည်ရမယ်တဲ့"

"မှန်ပါဘုရား"

"အသီတိမဟာသာဝကတွေ မရှိရင် ရဟန္တာ၊ မရှိရင် အနာဂါမ်၊ မရှိရင် သကဒါဂါမ်၊ မရှိရင် သောတာပန်၊ မရှိရင် ပိဋကတ်သုံးပုံဆောင်၊ မရှိရင် နှစ်ပုံဆောင်၊ မရှိရင် တစ်ပုံဆောင် မရှိရင် နိကာယ်တစ်ရပ်ဆောင်၊ မရှိရင် အဋ္ဌကထာဆောင်၊ မရှိရင် ဝုတင်ဆောင်ထံမှာ ဆောင်ရမယ်တဲ့နော်"

"မှန်ပါဘုရား"

"အဲဒါမှ မရှိရင် ရုပ်ပွားဆင်းတုတော်ရှေ့၊ စေတီတော်

http://www.dhammadownload.com



ရှေ့မှာ တံမြက်လှည်း ဆောင့်ကြောင့်ထိုင်ပြီး သက်တော်ထင်ရှား ဘုရားမျက်မှောက်မှာလို ကောင်းစွာ ဆောက်တည်ရမယ်တဲ့နော်"

"မှန်ပါဘုရား"

"မိမိသဘောအလျောက် ဘယ်သူမှ မသိအောင် ဆောက်တည်ခြင်းငှာလည်း အပ်ပါတယ်တဲ့နော်"

"မှန်ပါဘုရား"

"ဘယ်ဓုတင်ကို ဘယ်လိုဆောက်တည်ရမယ်လို့ ဓုတင်ဆောက်တည်ပုံ ရှင်းပြပါဦးဘုရား"

"အမယ်လေး မနည်းပါလား ပြောရမှာတွေက"

"မများပါဘူးဘုရား၊ တစ်ဆယ့်သုံးပါးထဲပါဘုရား"

"အကုန်မှ လူတွေ မဆောက်တည်ရပဲနဲ့ဟာ"

"တစ်နေ့ တပည့်တော်လည်း အရှင်ဘုရားတို့လို ရဟန်း မဖြစ်ဘူးလို့ ဆိုနိုင်ပါသလားဘုရား"

"ဖြစ်ချင်လည်း အဲဒီကျမှ (၁၃)ပါးသင်၊ ယခုတော့ ရသလောက်ပဲသင်ပေါ့"

"နှစ်ပါးသုံးပါးလေး ပိုတာနဲ့ အရှင်ဘုရား ပိုမပင်ပန်းပါဘူး ဘုရား"

"ဒါဖြင့် တစ်ဆယ့်သုံးပါးကို အရင်မှတ်ထားနော်"

"မှန်ပါဘုရား"

"ဓုတင်တစ်ဆယ့်သုံးပါးက ဘာတွေလည်းဆိုတော့-

http://www.dhammadownload.com



## ခုတင် ( ၁၃ ပါး )

၁။ ပံ့သုကူခုတင်
၂။ တိစီဝရိက်ခုတင်
၃။ ပိဏ္ဍပါတ်ခုတင်
၄။ သပဒါနစာရီခုတင်
၅။ ကောသနိက်ခုတင်
၆။ ပတ္တပိဏ်ခုတင်
၇။ ခလုပစ္ဆာဘတ္တိခုတင်
၈။ အာရညကင်ခုတင်
၉။ ရုက္ခမူခုတင်
၁၀။ အဗ္ဘောကာသိကခုတင်
၁၁။ သုသာန်ခုတင်
၁၂။ ယထာသန္တတိခုတင်
၁၃။ နေသဇ္ဇိခုတင်လို့ ခုတင်တစ်ဆယ့်သုံးပါး ရှိတယ်နော်"

"မှန်ပါဘုရား"

"ဆောက်တည်ပုံတွေကို အစဉ်အတိုင်း ပြောပြမယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## ပုံသူကူစုတင်း

၁။ (က) "**ဂဟပတိဒါနစိဝရံ ပဋိက္ခိပါမိ**"၊ **ဂဟပတိဒါနစီဝရံ**=ဒကာ လက်ရောက်လှူသောသင်္ကန်းကို၊ **ပဋိက္ခိပါမိ**=ပယ်ပါ၏။

၁။ (ခ) "**ပံ့သုကူလိကင်္ဂ သမာဒိယာမိ**"၊ **ပံ့သုကူလိကင်္ဂ**=ပံ့သုကူဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ **သမာဒိယာမိ**=ဆောက်တည်ပါ၏" တဲ့။

"အဲဒီလိုဆောက်တည်ရမယ်၊ အဲဒီမှာ "**ပယ်စကား၊ ဆောက်တည်စကား**" နှစ်မျိုးမှာ တစ်မျိုးမျိုးနဲ့ ဆောက်တည်နိုင်တယ်၊ နှစ်မျိုးလုံးနဲ့လည်း ဆောက်တည်နိုင်တယ်နော်"

"မှန်ပါဘုရား"

"နောက်လည်း အတူတူပဲလို့ မှတ်ထားနော်"

"မှန်ပါဘုရား"

"အဲဒီမှာ အမြတ်၊ အလတ်၊ အညံ့လို့ သုံးမျိုးရှိတယ်နော်"

"မှန်ပါဘုရား"

"သုသာန်မှာ စွန့်ပစ်ထားတဲ့ အဝတ်သင်္ကန်းကို ကောက်ယူတဲ့ရဟန်းဟာ အမြတ်တဲ့နော်"

"မှန်ပါဘုရား"

"ရဟန်းသာ ယူမှာပဲလို့ ရည်စူးပြီး ပစ်ထားတဲ့ အဝတ်သင်္ကန်းကို ယူတဲ့ရဟန်းဟာ အလတ်တဲ့နော်"

"မှန်ပါဘုရား"

"လက်ထဲမကပ်ဘဲ ခြေရင်းမှာ ချထားတဲ့သင်္ကန်းကို ယူတဲ့ရဟန်းဟာ အညံ့တဲ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"မိမိ အလိုဆန္ဒနဲ့သော်လည်းကောင်း ဒကာတို့ တောင်းပန်သောကြောင့်လည်းကောင်း ဒကာလှူတဲ့သင်္ကန်းကို သာယာတဲ့ ခဏာ လက်ခံတဲ့ခဏာမှာ အဲဒီ ပုံသူကူစုတင် ပျက်တယ်နော်"

"မှန်ပါဘုရား"

"ပျက်ပေမယ့် အပြစ်တော့မရှိပါဘူး။ နောက် ပြန်ပြီး ဆောက်တည်ပေါ့နော်"

"မှန်ပါဘုရား"

"အကျိုးတွေတော့ မပြောပါရစေနဲ့ များလွန်းလို့နော်"

"မှန်ပါဘုရား"

"ဒါဖြင့် တိစီဝရိက်စုတင် ဆောက်တည်ပုံ ပြောကြစို့နော်"

"မှန်ပါဘုရား"

## တိစီဝရိက်စုတင်

၂။ (က) "**စတုတ္ထကစီဝရံ ပဋိက္ခိပါမိ**" **စတုတ္ထကစီဝရံ**=ဝတ်လောက်ရုံလောက် လေးထည်မြောက် သင်္ကန်းကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏။

၂။ (ခ) "**တေစီဝရိကင်္ဂ သမာဒိယာမိ**"=တေစီဝရိကင်္ဂ သင်္ကန်း သုံးထည် ဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ **သမာဒိယာမိ**=ဆောက်တည်ပါ၏"တဲ့။

"အဲဒီလို ဆောက်တည်ရတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီမှာလည်း အမြွတ်၊ အလတ်၊ အညံ့လို့ သုံးမျိုး ရှိတာပဲနော်"

"မှန်ပါဘုရား"

"အမြွတ်က သင်္ကန်းဆိုးတဲ့အခါ သင်းပိုင်ကိုဝတ်ပြီး ကိုယ်ရုံကို ဆိုးရမယ်၊ ကိုယ်ရုံကိုဝတ်ပြီး သင်းပိုင်ဒုကုဋ်ကိုလည်း ဆိုးရမယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒုကုဋ်ကိုတော့ သင်းပိုင်လုပ်ပြီး မဝတ်ကောင်းဘူးနော်"

"မှန်ပါဘုရား"

"ရွာနဲ့ဝေးတဲ့ကျောင်း၌ ဆိုရင်တော့ ကိုယ်ရုံသင်းပိုင် နှစ်ထည်ပြိုင်တူဖွပ်နိုင်၊ ဆိုးနိုင်တယ်တဲ့။ လူမြင်တဲ့အခါ သင်္ကန်း ဆွဲဖုံးနိုင်အောင် သင်္ကန်းတော့ အနားမှာထားရမှာတဲ့နော်"

"မှန်ပါဘုရား၊ ဒီလိုတော့ ကိုယ်လုံးတီးချည်းနေရမှာပေါ့နော်ဘုရား"

"အင်းပေါ့..."

"ဟုတ်တာပေါ့ဘုရား၊ နှစ်ထပ်သင်္ကန်းက သင်းပိုင်အဖြစ် မဝတ်ကောင်းဘူး၊ သင်းပိုင်နဲ့ ကောသီပြိုင်တူ ဖွပ်တယ်ဆိုးတယ်ဆိုတော့ ကိုယ်လုံးတီးပေါ့"

"အလတ်က သင်္ကန်းဆိုတဲ့အခါ သင်္ကန်းဆိုးသူတို့ဝတ်ရန်ထားတဲ့ သင်္ကန်းကို ဝတ်ရုံပြီး ဆိုးရတယ်နော်"

"မှန်ပါဘုရား"

"အညံ့ကတော့ သဘောတူ ရဟန်းတို့ရဲ့ သင်္ကန်းကို ဝတ်ရုံ

http://www.dhammadownload.com



ပြီး ဆိုးကောင်းတယ်၊ အိပ်ရာခင်းကိုလည်း ဝတ်ရုံပြီး ဆိုးကောင်းတယ်၊ ရံခါ သဘောတူ ရဟန်းတို့ရဲ့ သင်္ကန်းကိုလည်း ဝတ်ကောင်းတယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒီဝုတင်က ဝတ်လောက်ရုံလောက် လေးထည်မြောက်သင်္ကန်းကို သာယာလက်ခံခဲ့တဲ့ခဏမှာ ပျက်တယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ ပိဏ္ဍပါတ် ဓုတင်နော်"

"မှန်ပါဘုရား"

## ပိဏ္ဍပါတ်ဓုတင်

၃။ (က) "**အတိရေကလာဘံပဋိက္ခိပါမိ**" **အတိရေကလာဘံ**= ပိုလွန်သော လာဘ်ကို၊ **ပဋိက္ခိပါမိ**=ပယ်ပါ၏။

၃။ (ခ) "**ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ**"။ **ပိဏ္ဍပါတိကင်္ဂံ**= ဆွမ်းခံသွားလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ **သမာဒိယာမိ**=ဆောက်တည်ပါ၏တဲ့။

"အဲဒီလိုဆောက်တည်ရမယ်နော်"

"မှန်ပါဘုရား"

"အဲဒီမှာ ပိုလွန်တဲ့လာဘ်ဆိုတာက-

၁။ သံဃာကုန် ပင့်လှူတဲ့ဆွမ်း

၂။ သံဃာညွှန်းအချို့ ပင့်လှူတဲ့ဆွမ်း

၃။ ယနေ့ နက်ဖြန်အလို့ငှာ ပင့်လှူတဲ့ဆွမ်း

http://www.dhammadownload.com



၄။ ဒကာအမည်ရေးပြီး စာရေးတံချတဲ့ဆွမ်း
၅။ ၁၅ ရက်တစ်ကြိမ်လှူတဲ့ဆွမ်း
၆။ ဥပုသ်နေ့လှူတဲ့ဆွမ်း
၇။ အထွက်တစ်ရက်နေ့ လှူတဲ့ဆွမ်း
၈။ အာဂန္တုတို့အား လှူတဲ့ဆွမ်း
၉။ ခရီးသွားတို့အား လှူတဲ့ဆွမ်း
၁၀။ ဂိလာနတို့အား လှူဒါန်းတဲ့ဆွမ်း
၁၁။ ဂိလာနကို ပြုစုသူတို့အား လှူဒါန်းတဲ့ဆွမ်း
၁၂။ ကျောင်းကို ရည်စူးပြီး လှူဒါန်းတဲ့ဆွမ်း
၁၃။ အကြီးအကဲ အိမ်မှာထားပြီး လှူဒါန်းတဲ့ဆွမ်း
၁၄။ ရပ်သူရွာသား အလှည့်အားဖြင့် လှူဒါန်းတဲ့ဆွမ်း

အဲဒီဆွမ်း (၁၄)မျိုးတို့ကို အလှူမခံရဘူးနော်"

"မှန်ပါဘုရား"

"အဲဒီဆွမ်း တစ်ဆယ့်လေးမျိုးကို လက်ခံသာယာလိုက်ရင် ဓုတင်ပျက်တယ်နော်"

"မှန်ပါဘုရား"

"ဒီမှာ အမြတ်က ရှေ့မှလိုက်ပြီး၊ နောက်မှလိုက်ပြီး ဆောင်ယူလှူဒါန်းတဲ့ ဆွမ်းကိုလည်း အလှူခံတယ်၊ အိမ်တံခါးမှာရပ်ပြီး လာယူသူတို့အားလည်း သပိတ်ပေးတယ်၊ ဆွမ်းကျောင်းမှာ ထိုင်နေရာသို့ လာပို့တဲ့ဆွမ်းကိုလည်း ခံယူသုံးဆောင်တယ်နော်"

"မှန်ပါဘုရား"

"ယနေ့ ဆွမ်းခံမကြွပါနဲ့၊ လာပို့ပါမယ်၊ ယနေ့ကျောင်းတွင်

http://www.dhammadownload.com



နေ၍ အလှူခံပါလို့ ဖိတ်တာကို လက်မခံဘူးနော်"

"မှန်ပါဘုရား"

"အလတ်ကတော့ ထိုတစ်နေ့မျှ အလှူခံတယ်၊ နောက် တစ်နေ့အတွက် အလှူမခံဘူးနော်"

"အညံ့ကတော့ နက်ဖြန်သဘက် လက်ခံတယ်နော်"

"မှန်ပါဘုရား"

"ဒီပိဏ္ဍပါတ်ဓုတင်ကို တချို့က သိန္ဓပါတ်ဓုတင်တဲ့၊ တချို့ ကလည်း သိန္ဓပါတ်ဆွမ်းလောင်းတယ်လို့ သုံးတယ်၊ အလွဲသုံးတွေ နော်"

"မှန်ပါဘုရား"

## ပိဏ္ဍပါတ်ဓုတင်ဆောင်ရကျိုး

"ဒီပိဏ္ဍပါတ်ဓုတင်အကျိုးတော့ ပြောကြဦးစို့နော်၊ ဘာတွေ လဲဆိုတော့–

၁။ ပိဏ္ဍိယာလောပဆိုတဲ့ မှီရာပစ္စည်းအားလျော်တဲ့ အကျင့် ရှိခြင်း၊

၂။ ဆွမ်းခေါင်းပါးခြင်းဆိုတဲ့ ဒုတိယ အရိယဝံသတရား၌ တည်ခြင်း၊

၃။ သူတစ်ပါးနှင့်မစပ် လွတ်လပ်စွာအသက်မွေးခြင်း၊

၄။ အဖိုးနည်း၊ ရလွယ်၊ အပြစ်ကင်းဟု ချီးမွမ်းအပ်တဲ့ ပစ္စည်းရှိခြင်း၊

၅။ သလုံးမြင်းခေါင်းမှီရ၍ အပျင်းပြေခြင်း၊

http://www.dhammadownload.com



၆။ အသက်မွေး စင်ကြယ်ခြင်း၊

၇။ နေ့စဉ်ရှာဝင်ရ၍ သေခိယအကျင့်ပြည့်ခြင်း၊

၈။ လူတို့နှင့်ရောနှောခြင်းကို ပယ်သဖြင့် သူတစ်ပါး၏ မွေးစားအပ်သူ မဟုတ်ခြင်း၊

၉။ လူအများအား ချီးမြှောက်နိုင်ခြင်း၊

၁၀။ ဆွမ်းရှာရခြင်းသည် အသက်မွေး အစွန်ဆုံး အညံ့ဆုံး ဖြစ်သည်ဟူသော မိန့်ခွန်းတော်အရ မာန်-မာနကို ပယ်နိုင်ခြင်း၊

၁၁။ ရသတဏှာကို ပယ်နိုင်ခြင်း၊

၁၂။ ဂဏဘောဇနေ သိက္ခာပုဒ်၊ ပရမ္ပရဘောဇနေသိက္ခာပုဒ်, စာရိတ္တသိက္ခာပုဒ်တို့ဖြင့် အာပတ်မသင့်ခြင်း၊

၁၃။ အပ္ပိစ္ဆတာစသည်အား လျှော်ခြင်း၊

၁၄။ သမ္မာပဋိပတ် အကျင့်မြတ်တိုးခြင်း၊

၁၅။ နောင်လာသူအပေါင်းကို အတုလိုက်နိုင်အောင် ချီးမြှောက်ခြင်းဆိုတဲ့ အကျိုးတွေရတယ်တဲ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ သပဒါနစာရိကစုတင် ပြောကြစို့နော်"

"မှန်ပါဘုရား"

## သပဒါနစာရိကစုတင်

၄။ (က) "**လောလုပ္ပစာရံ ပဋိက္ခိပါမိ**"၊ **လောလုပ္ပစာရံ**= လျှပ်ပေါ်လော်လီသော ဆွမ်းခံသွားခြင်းကို၊ **ပဋိက္ခိပါမိ**=ပယ်ပါ၏။

http://www.dhammadownload.com



၄။ (၁) "**သပဒါနစာရိကင် သမာဒိယာမိ**"၊ **သပဒါန စာရိကင်**=အိမ်စဉ်မပြတ် ဆွမ်းခံသွားလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းကုသိုလ်စေတနာကို၊ **သမာဒိယာမိ**=ဆောက်တည်ပါ၏" တဲ့။

"ဒီဓုတင်မှာ အမြင့်ပုဂ္ဂိုလ်ဟာ ရှေ့မှကြိုပြီးနောက်မှ လိုက်ပြီး ဆောင်ယူလှူဒါန်းတဲ့ဆွမ်း၊ ဆွမ်းစားကျောင်းမှာ ထိုင်နေရာသို့ လာပို့တဲ့ဆွမ်းတို့ကို လက်မခံဘူး။ အိမ်တံခါးမှာ ရပ်၍တော့ သပိတ် ပေးတယ်နော်"

"မှန်ပါဘုရား"

"အလတ်ပုဂ္ဂိုလ်ဟာ ရှေ့မှကြိုပြီး နောက်မှလိုက်ပြီး လှူတဲ့ ဆွမ်း၊ ဆွမ်းစားကျောင်း ထိုင်နေရာသို့ လာပို့တဲ့ ဆွမ်းတို့ကို အလှူခံတယ်၊ အိမ်တံခါးမှာလည်း သပိတ်ပေးတယ်၊ ယနေ့ကျောင်းမှာနေ၍ အလှူခံပါလို့ ဖိတ်တဲ့ဆွမ်းကိုတော့ စောင့်ပြီး အလှူမခံဘူးနော်"

"မှန်ပါဘုရား"

"အညံ့ကတော့ တစ်နေ့မျှ လက်ခံတယ်နော်"

"မှန်ပါဘုရား"

"လျှပ်ပေါ်လော်လီတဲ့ သဘောနဲ့ အိမ်ကျော်ပြီး ဆွမ်းခံတာနဲ့ ဒီဓုတင်ပျက်တယ်နော်"

"မှန်ပါဘုရား"

"ကဲ...ကောသနိက်ဓုတင် သွားစို့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## ကောသနိက်စုတင်

၅။ (က) "**နာနာသန ဘောဇနံ ပဋိက္ခိပါမိ**" နာနာသန ဘောဇနံ=အထူးထူးသောနေရာ၌ စားခြင်းကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏။

၅။ (ခ) "**ကောသနိကင်္ဂ သမာဒိယာမိ**"။ **ကောသနိကင်္ဂ**= တစ်နေရာတည်း၌ စားလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းကုသိုလ် စေတနာကို၊ **သမာဒိယာမိ**=ဆောက်တည်ပါ၏" တဲ့။

"အဲဒီစုတင်မှာ အမြတ်ပုဂ္ဂိုလ်ဟာ နည်းနည်းများများ လက်ချတဲ့ ဆွမ်းဟင်းပွဲမှ တစ်ပါးသော ဆွမ်းဟင်းပွဲကို မယူရဘူးတဲ့ နော်"

"မှန်ပါဘုရား"

"အလတ်ပုဂ္ဂိုလ်ကတော့ သပိတ်ဆွမ်းမကုန်မချင်း၊ တစ်ပါး သော ဆွမ်းဟင်းကို ယူနိုင်တယ်တဲ့"နော်

"မှန်ပါဘုရား"

"အညံ့ပုဂ္ဂိုလ်ကတော့ နေရာမှ မထမခြင်း၊ သပိတ်ဆေးရေ မယူမခြင်း ယူစားနိုင်တယ်တဲ့နော်"

"မှန်ပါဘုရား"

"နေရာရွှေ့စားတာနဲ့ ဒီစုတင်ပျက်တယ်နော်"

"မှန်ပါဘုရား"

"ဒီတစ်ထပ်ထဲစားတဲ့ ဓုတင်အကျိုးလည်း ပြောကြဦးစို့နော်"

၁။ အနာရောဂါနည်းခြင်း၊

http://www.dhammadownload.com



၂။ ကိုယ်ဆင်းရဲ မရှိခြင်း၊
၃။ အထအကြွ ပေါ့ပါးခြင်း၊
၄။ ကိုယ်အားပြည့်ခြင်း၊
၅။ ချမ်းသာစွာ နေရခြင်း၊
၆။ အနတိရိတ္တ အာပတ်မသင့်ခြင်း၊
၇။ ရသတဏှာ ကြိမ်များစွာကို ပယ်နိုင်ခြင်း၊
၈။ အပ္ပိစ္ဆတာစသော ဂုဏ်အားလျော်တဲ့ အကျင့်ရှိခြင်း ဆိုတဲ့ အကျိုးတွေ ရတယ်နော်"

"မှန်ပါဘုရား"

## ပတ္တပိုဏ်ဓုတင်

၆။ (က) "**ဒုတိယ ဘာဇနံ ပဋိက္ခိပါမိ**"။ **ဒုတိယ ဘာဇနံ**= နှစ်ခုမြောက်သောခွက်ကို၊ **ပဋိက္ခိပါမိ**=ပယ်ပါ၏။

၆။ (ခ) "**ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ**"။ **ပတ္တပိဏ္ဍိကင်္ဂံ**= တစ်ခွက်ယူလေ့ရှိသော၊ ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ် စေတနာကို၊ **သမာဒိယာမိ**=ဆောက်တည်ပါ၏တဲ့။ အဲဒါ ပတ္တပိုဏ်ဓုတင် ဆောက်တည်ပုံနော်"

"မှန်ပါဘုရား"

"တစ်ချို့က "**ဗတ်လပိုင်**"၊ မဟုတ်ဘူးနော်၊ တစ်ချို့ကလည်း "**ဒတ်လပိုင်**"တဲ့ မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ဒီဓုတင်မှာ အမြတ်ပုဂ္ဂိုလ်ဟာ ကြီးစုတ်တဲ့အခါမှ တစ်ပါး

http://www.dhammadownload.com



သောအခါမှာ ငါးရိုးစပါးလုံးစတဲ့ စွန့်ပစ်ဖွယ်ကိုတောင်မှ မစွန့်ရဘူး၊ မုန့်, ဆွမ်းခဲ, ငါးအမဲတို့ကိုလည်း ဖဲ့ပြီးမစားရဘူးနော်"

"မှန်ပါဘုရား"

"အလတ်ကတော့ လက်တစ်ဖက်နဲ့ဖဲ့ပြီး စားနိုင်တယ်နော်"

"မှန်ပါဘုရား"

"အညံ့ကတော့ သပိတ်ထဲ ထည့်သမျှကို လက်နဲ့ဖြစ်စေ၊ သွားနဲ့ဖြစ်စေ ဖဲ့စားလို့ရတယ်နော်"

"မှန်ပါဘုရား"

"ဒီဓုတင်နှစ်ခုမြောက်တဲ့ ခွက်ကို သာယာရင်ပျက်ရော၊ ခွက်များပေမယ့် စားတဲ့အခါ တစ်ခွက်တည်းထည့်ပြီး အဲဒီခွက်မှ တစ်ဆင့်ယူစားရင်မပျက်ဘူး၊ မရောဘဲနဲ့လည်း စားနိုင်တယ်နော်"

"မှန်ပါဘုရား"

"တစ်မျိုးစားပြီး သပိတ်တစ်ခါဆေးစားလည်း ရနိုင်တယ်နော်"

"မှန်ပါဘုရား"

"အကျိုးက ဘာတွေလည်းဆိုတော့-

၁။ အထူးထူးသော ရသတဏှာကို ပယ်နိုင်ခြင်း၊

၂။ ထိုထိုခွက်အများ၌ ထိုထိုရသတဏှာကို ပယ်နိုင်ခြင်း၊

၃။ အာဟာရ၌ ဝေဒနာ ဟောင်းသစ်မဖြစ်ခြင်း၊

၄။ မျှတခြင်းစသော အကျိုးကိုသာ မြင်နိုင်ခြင်း၊

၅။ ခွက်အများဆောင် ဒုက္ခမရှိခြင်း၊

၆။ မပြန့်မလွင့်စားနိုင်ခြင်း၊

http://www.dhammadownload.com



၇။ အပ္ပိစ္ဆတာ စသည်အားလျော်တဲ့ အကျင့်ရှိခြင်း စတဲ့ အကျိုးတွေရတယ်နော်"

"မှန်ပါဘုရား"

"နောက် ခလုပစ္ဆာဘတ္တိကဓုတင်တဲ့ ဘယ်လိုဆောက်တည်ရမလဲဆိုတော့-

## ခလုပစ္ဆာဘတ္တိကဓုတင်

၇။ (က) "**အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ**"၊ **အတိရိတ္တဘောဇနံ**=အတိရိက်ဝိနည်းကံပြုသော ဘောဇဉ်ကို၊ **ပဋိက္ခိပါမိ**=ပယ်ပါ၏။

၇။ (ခ) "**ခလုပစ္ဆာဘတ္တိကင်္ဂံ သမာဒိယာမိ**"၊ **ခလုပစ္ဆာဘတ္တိကင်္ဂံ**=နောက်မှရသောဆွမ်းကို စားလေ့မရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ **သမာဒိယာမိ**=ဆောက်တည်ပါ၏တဲ့၊ အဲဒီလို ဆောက်တည်ရမယ်နော်"

"မှန်ပါဘုရား"

"ဒီဓုတင်မှာ အမြတ်ပုဂ္ဂိုလ်ဟာ ရှေ့ရှုကပ်တဲ့ ဘောဇဉ်ကို "တော်ပြီ"လို့ တားမြစ်ပြီးနောက် ဆွမ်းလုပ်ကိုမစား၊ ခံတွင်းမှာရှိသမျှကိုသာ စားတယ်နော်"

"မှန်ပါဘုရား"

"အလတ်ပုဂ္ဂိုလ်က တားမြစ်စဉ် သပိတ်မှာ ရှိသမျှကိုသာ စားတယ်၊ နောက်ထပ် မယူတော့ဘူးနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



အညံ့ပုဂ္ဂိုလ်ကတော့ နေရာမှမထမခြင်း နောက်ထပ် ပေးသည်ကို စားတယ်နော်"

"မှန်ပါဘုရား"

"ပဝါရိတ်သင့်ပြီး ဝိနည်းကံနဲ့အပ်အောင်ပြုပြီး စားတဲ့ခဏမှာ ဒီဓုတင် ပျက်တယ်နော်"

"မှန်ပါဘုရား"

"ကဲ...အာရညကင် ဓုတင်သွားစို့၊ အာရညကင်ဓုတင်ကို ဘယ်လိုဆောက်တည်ရမလဲဆိုတော့-

## အာရညကင်ဓုတင်

၈။ (က) "**ဂါမန္တသေနာသနံ ပဋိက္ခိပါမိ**"၊ **ဂါမန္တသေနာသနံ**= ရွာဦးကျောင်းကို၊ ပဋိက္ခိပါမိ=ပယ်ပါ၏။

၈။ (ခ) "**အာရညိကင်္ဂ သမာဒိယာမိ**"၊ **အာရညိကင်္ဂ**=တော၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို **သမာဒိယာမိ**=ဆောက်တည်ပါ၏တဲ့။ အဲဒီလို ဆောက်တည်ရမယ်နော်"

"မှန်ပါဘုရား"

"ဒီဓုတင်မှာ အမြတ်ပုဂ္ဂိုလ်က ဥတုသုံးပါးလုံး တောမှာပဲ အရုဏ်တက်စေရမယ်။ အလတ်ပုဂ္ဂိုလ်က နှစ်ဥတု တောမှာနေပြီး မိုးလေးလ ရွာမှာနေနိုင်တယ်။ အညံ့ပုဂ္ဂိုလ်က နွေဥတု တောမှာ နေပြီး မိုးဥတုနဲ့ ဆောင်းဥတု ရွာမှာနေနိုင်တယ်တဲ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီ ဥတုမပြည့်ဘဲ ရွာမှာ အရဏ်တတ်ရင် အဲဒီဓုတင် ပျက်တယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ ရုက္ခမူဓုတင်နော်၊ အဲဒီဓုတင် ဆောက်တည်ပုံက ဒီလို-

## ရုက္ခမူဓုတင်

၉။ (က) "**ဆန္နံ ပဋိက္ခိပါမိ**"၊ **ဆန္နံ**=အမိုးမိုးသောအရပ်ကို၊ **ပဋိက္ခိပါမိ**=ပယ်ပါ၏။

၉။ (ခ) "**ရုက္ခမူလိကင်္ဂ သမာဒိယာမိ**"၊ **ရုက္ခမူလိကင်္ဂ**= သစ်ပင်အောက်၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ **သမာဒိယာမိ**=ဆောက်တည်ပါ၏"တဲ့။

"အဲဒီလိုဆောက်တည်ပြီး အမြတ်ပုဂ္ဂိုလ်ဟာ နှစ်သက်ရာ သစ်ပင်ကို ယူနိုင်တယ်၊ သုတ်သင်ခိုင်းခြင်းငှာတော့ မရဘူး။ သစ်ရွက်ကြွေတို့ကို ခြေနဲ့ဖယ်ပြီးတော့ နေနိုင်တယ်နော်"

"မှန်ပါဘုရား"

"အလတ်ပုဂ္ဂိုလ်ကတော့ အနီးသို့ရောက်လာတဲ့ သူတွေကို သုတ်သင်ခိုင်းနိုင်တယ်နော်"

"မှန်ပါဘုရား"

"အညံ့ပုဂ္ဂိုလ်ကတော့ အရာမ်စောင့် သာမဏေတို့ကို ခေါ်ပြီး ညီညွတ်အောင် သုတ်သင်ခြင်း သဲဖြူခြင်းခြင်း စည်းရိုးတားခြင်း တို့ကို ပြုလုပ်ခိုင်းပြီး တံခါးတပ်နေနိုင်တယ်တဲ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဒီစုတင်ဟာ အုတ်,ကျောက်,သစ်ရွက်,မြက်, အင်္ဂတေဆိုတဲ့ အမိုးတစ်မျိုးမျိုး မိုးရာအရပ်မှာ နေလိုတဲ့ဆန္ဒနဲ့ ဝင်နေတဲ့ခဏမှာ စုတင်ပျက်တယ်နော်"

"မှန်ပါဘုရား"

"ဒီစုတင်အကျိုးတွေက ဘာတွေလည်းဆိုတော့–

၁။ ရုက္ခမူလသေနာသနံ နိဿယ စသည်ဖြင့် ဟောသော မှီရာပစ္စည်းအားလျော်တဲ့ အကျင့်ရှိခြင်း။

၂။ ကျောင်းခေါင်းပါးခြင်းဆိုတဲ့ တတိယ အရိယဝံသတရား၌ တည်ခြင်း။

၃။ ကိစ္စနည်းခြင်း၊ ရလွယ်ခြင်း၊ အပြစ်ကင်းခြင်းဟူသော ဘုရားချီးမွမ်းတဲ့ပစ္စည်းရှိခြင်း။

၄။ သစ်ရွက်တို့ရဲ့ မပြတ်ဖောက်ပြန်တဲ့ ဘင်ခဏကိုမြင်ပြီး အနိစ္စသညာကို ဖြစ်စေနိုင်ခြင်း။

၅။ ကျောင်း၌ ဝန်တိုမှု မရှိခြင်း။

၆။ အမှုကိစ္စ မွေ့လျော်မှုမရှိခြင်း။

၇။ သစ်ပင်စောင့်နတ်တို့နှင့် အတူနေရခြင်း။

၈။ အပ္ပိစ္ဆတာ စသည်တို့အားလျော်တဲ့ အကျင့်ရှိခြင်း စတဲ့ အကျိုးတွေရတယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ အဗ္ဘောကာသိကစုတင်တဲ့၊ ဒီစုတင်ကို–

http://www.dhammadownload.com



## အဗ္ဘောကာသိကစတင်

၁၀။ (က) "**ဆန္ဒသူရက္ခမူလည္စပဋိကွိပါမိ**" **ဆန္ဒ**=အမိုးငါးပါးကိုလည်းကောင်း၊ **ရုက္ခမူလ**=သစ်ပင်ရင်းကိုလည်းကောင်း၊ **ပဋိက္ခိပါမိ**=ပယ်ပါ၏။

၁၀။ (ခ) "**အဗ္ဘောကာသိကင် သမာဒိယာမိ**" **အဗ္ဘောကာသိကင်**=လွင်တီးခေါင်၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ **သမာဒိယာမိ**=ဆောက်တည်ပါ၏တဲ့။ အဲဒီလိုဆောက်တည်ရမယ်နော်"

"မှန်ပါဘုရား"

"ဒီဓုတင် အမြတ်ပုဂ္ဂိုလ်ဟာ သစ်ပင်၊ တောင်ခေါင်း ကျောင်းတစ်ခုကို အမှီပြုပြီး မနေအပ်၊ လွင်တီးခေါင်မှာသာ အဝတ်မိုး ကျောင်းမိုးပြီး နေရမယ်နော်"

"မှန်ပါဘုရား"

"အလတ်ပုဂ္ဂိုလ်က သစ်ပင်၊ တောင်ခေါင်း၊ ကျောင်းတစ်ခုခု အမှီပြုပြီး နေအပ်တယ်၊ သစ်ပင်အောက်၊ တောင်ဝှမ်း၊ တောင်ခေါင်း ကျောင်းတွင်းသို့တော့ မဝင်ရဘူးနော်"

"အညံ့ပုဂ္ဂိုလ်ကတော့ တောင်ဝှမ်း၊ သစ်ခက်ကျွဲကျဲမိုးတဲ့ မဏ္ဍပ်၊ ဖရောင်းဆိုးအဝတ်၊ လယ်စောင့်တို့ စွန့်သွားတဲ့ တဲဆိုးတို့အပ်တယ်နော်"

"မှန်ပါဘုရား"

"နေလိုတဲ့ဆန္ဒနဲ့ အမိုးငါးရပ် သို့မဟုတ် သစ်ပင်အောက်သို့ ဝင်တဲ့ခဏမှာပဲ ဒီဓုတင်ပျက်တယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဒီစုတင်ရဲ့ အကျိုးတွေက ဘာတွေလည်းဆိုတော့–

၁။ ကျောင်းအတွက် ကြောင့်ကြမရှိခြင်း၊

၂။ ထိနမိဒ္ဓကို ပယ်နိုင်ခြင်း၊

၃။ ရဟန်းတို့သည် သားသမင်တို့ကဲ့သို့ မငြိမတွယ်၊ အိုးအိမ်မရှိ လှည့်လည်နေနိုင်ကြပေသည်ဟု ချီးမွမ်းသည့်အားလျော်ခြင်း၊

၄။ ကျောင်းအငြိအတွယ်မရှိခြင်း၊

၅။ နေစရာအတွက် ကြံဖွယ်မရှိသဖြင့် အရပ်လေးမျက်နှာ လိုရာသွားနိုင်ခြင်း၊

၆။ အပ္ပိစ္ဆတာ စသည်အားလျော်သော အကျင့်ရှိခြင်း စတဲ့ အကျိုးတွေ ရနိုင်တယ်နော်"

"မှန်ပါဘုရား"

## သုသာန်စုတင်

"ပြီးတော့ သုသာန်စုတင်တဲ့၊ သုသာန်စုတင်ကို–

၁၁။ (က) "**နသုသာနံ ပဋိက္ခိပါမိ**"၊ **နသုသာနံ**=သုသာန် မဟုတ်သောနေရာကို **ပဋိက္ခိပါမိ**=ပယ်ပါ၏။

၁၁။ (ခ) "**သောသာနိကင်္ဂ သမာဒိယာမိ**" **သောသာနိကင်္ဂ**= သုသာန်၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကျင့်ဝတ်ကို၊ **သမာဒိယာမိ**=ဆောက်တည်ပါ၏"တဲ့၊ အဲဒီလို ဆောက်တည် ရမယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဒီဝုတင်ဆောင် အမြွတ်ပုဂ္ဂိုလ်ဟာ နေ့စဉ် မီးသင်္ဂြိုဟ်၊ အပုပ်နံ့နံ့ ဆွေမျိုးတို့သွား၍ ငိုကြွေးသံရှိတဲ့ သုသာန်မှာသာ နေရမယ်နော်"

"မှန်ပါဘုရား"

"အလတ်ကတော့ အဲဒီသုံးမျိုး တစ်မျိုးမျိုးရှိရင် နေအပ်တယ်။ အညံ့ကတော့ သုသာန်လက္ခဏာရှိရုံမျှ (၁၂)နှစ် စွန့်ထားတဲ့ သုသာန်မှာလည်း နေနိုင်တယ်နော်"

"မှန်ပါဘုရား"

"ဒီဝုတင်ဟာ သုသာန်မသွားတဲ့နေ့မှာ ဝုတင်ပျက်တယ်နော်"

"မှန်ပါဘုရား"

"ဒီဝုတင်ရဲ့ အကျိုးတွေက ဘာတွေလည်းဆိုတော့–

၁။ မရဏာဿတိရခြင်း၊

၂။ မမေ့မလျော့ နေလေ့ရှိခြင်း၊

၃။ အသုဘနိမိတ်ရခြင်း၊

၄။ ကာမရာဂကင်းခြင်း၊

၅။ ခန္ဓာကိုယ်ရဲ့ အနံ့ဆိုး၊ ရွံဖွယ်၊ မစင်ကြယ်တဲ့သဘောကို မပြတ်မြင်ခြင်း၊

၆။ သံဝေဂဉာဏ်များခြင်း၊

၇။ ငါအနာကင်းသည်၊ အရွယ်ပျိုသည်၊ အသက်ရှည်သည်ဟု မာန်မယစ်ခြင်း၊

http://www.dhammadownload.com



၈။ ဘေးကြီးဘေးငယ်တို့ကို သည်းခံနိုင်ခြင်း၊
၉။ နတ်ဘီလူးတို့ အလေးပြုအပ် ချီးမွမ်းအပ်သူဖြစ်ခြင်း၊
၁၀။ အပ္ပိစ္ဆတာစသည်တို့အား လျော်တဲ့အကျင့် ရှိခြင်းစတဲ့ အကျိုးတွေ ရတယ်နော်”

“မှန်ပါဘုရား”

## ယထာသန္တတိစုတာင်

“ပြီးတော့ ယထာယန္တတိစုတင်တဲ့။ ဒီစုတင်ကို–

၁၂။ (က) “**သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ**”။ **သေနာသန လောလုပ္ပံ**=ကျောင်းခံယူရာ၌ လျှပ်ပေါ်လော်လီခြင်းကို၊ **ပဋိက္ခိပါမိ**=ပယ်ပါ၏။

၁၂။ (ခ) “**ယထာသန္တတိကင် သမာဒိယာမိ**” **ယထာသန္တတိကင်**=အကြင်အကြင် ညွှန်းအပ်သောကျောင်း၌ ကိန်းအောင်း လေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ **သမာဒိယာမိ**=ဆောက်တည်ပါ၏”တဲ့၊ အဲဒီလို ဆောက်တည်ရမယ်နော်”

“မှန်ပါဘုရား”

“ဒီစုတင်ဆောင် အမြတ်ပုဂ္ဂိုလ်ဟာ မိမိအတွက်ရတဲ့ ကျောင်းဝေးသလား၊ နီးသလား။ ဘီလူး၊ မြွေ၊ ကင်း၊ သန်း စတဲ့ ဘေးရန်ရှိသလား၊ မရှိဘူးလား။ ပူသလား၊ အေးသလား စသည်ဖြင့် မမေးရဘူးနော်”

“မှန်ပါဘုရား”

“အလတ်ပုဂ္ဂိုလ်က မေးတော့မေးရတယ်၊ သွားပြီးမကြည့်

http://www.dhammadownload.com



ရဘူး၊ အညံ့ကတော့ သွားလည်းကြည့်နိုင်တယ်၊ ဝိဝေကသုခ မရလို့ မနှစ်သက်ရင်လည်း သူတစ်ပါးမနေတဲ့ကျောင်းမှာ နေနိုင်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒီဓုတင်မှာ ကျောင်းယူရာ၌ လျှပ်ပေါ်လော်လည်ခြင်း ဖြစ်ကာမျှမှာ ပျက်တယ်နော်"

"မှန်ပါဘုရား"

"ဒီဓုတင်ရဲ့ အကျိုးတွေက ဘာတွေလည်းဆိုတော့–

၁။ ရသမျှနဲ့ ရောင့်ရဲမယ်ဆိုတဲ့ ဩဝါဒကို လိုက်နာခြင်း၊
၂။ သီတင်းသုံးဖော်တို့၏ အစီးအပွားရှာခြင်း၊
၃။ အယုတ်–အမြတ် အထူးကြံသည်ကို စွန့်နိုင်ခြင်း၊
၄။ မြတ်နိုးခြင်း=အနုရောဓ၊ ဆန်းကြယ်ခြင်း=ဝိရောဓ တို့ကို ပယ်နိုင်ခြင်း၊
၅။ အလိုကြီးသော တဏှာ၏ အကြောင်းကို ပိတ်ခြင်း၊
၆။ အပ္ပိစ္ဆတာ စသည်အားလျော်သော အကျင့်ရှိခြင်း စတဲ့ အကျိုးတွေ ရတယ်နော်"

"မှန်ပါဘုရား"

## နေသဇ္ဇိဓုတင်

"ပြီးတော့ နေသဇ္ဇိဓုတင်တဲ့၊ ဒီဓုတင်ကို–

၁၃။ (က) "**သေယျံ ပဋိက္ခိပါမိ**" **သေယျံ**=ကိုယ်ဆန့်လျောင်းစင်းလှဲအိပ်ခြင်းကို၊ **ပဋိက္ခိပါမိ**=ပယ်ပါ၏။

http://www.dhammadownload.com



၁၃။ (ခ) "**နေသဇ္ဇိကာင် သမာဒိယာမိ**"၊ **နေသဇ္ဇိကာင်**=ထိုင်နေလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို၊ **သမာဒိယာမိ**=ဆောက်တည်ပါ၏တဲ့။ အဲဒီလို ဆောက်တည်နော်"

"မှန်ပါဘုရား"

"ဒီဓုတင်ဆောင် အမြတ်ပုဂ္ဂိုလ်ဟာ နောက်မှီတံကဲပျဉ်၊ ပုဆိုး အာယောဂပတ်, အာယောဂပတ်ပြား သုံးခုတို့ မအပ်ဘူးနော်"

"မှန်ပါဘုရား"

"အလတ်က သုံးခုမှာ တစ်ခုခုအပ်တယ်၊ အညံ့ကတော့ သုံးခုစလုံးအပ်တယ်၊ မှီစရာခေါင်းအုံး၊ ပဉ္စင်္ဂညောင်စောင်း၊ သတ္တင်္ဂညောင်စောင်းတို့လည်း အပ်တယ်နော်"

"မှန်ပါဘုရား"

"ဖြောင့်စင်းစွာ အိပ်လို့မရတဲ့ နောက်မှီအမြင့်ရှိတဲ့ ပက်လက်ကုလားထိုင်များကို ပဉ္စင်္ဂ-သတ္တင်္ဂညောင်စောင်း ခေါ်တယ်နော်"

"မှန်ပါဘုရား"

"ဒီဓုတင်ဟာ အိပ်တဲ့ခဏမှာ ပျက်တယ်နော်"

"မှန်ပါဘုရား"

"ဒီဓုတင်ရဲ့ အကျိုးတွေက ဘာတွေလည်းဆိုတော့-

၁။ အိပ်ရာ၌ တစင်းစင်းအိပ်ခြင်း စည်းစိမ်၊

၂။ လူးလိမ့်ပြန်ပြောင်း လှည့်စောင်းစည်းစိမ်၊

၃။ အိပ်မွေ့ဖိန်းဖိန်း တမှိန်းမှိန်း စည်းစိမ်တည်းဟူသော စိတ်အနှောင့်အယှက်သုံးပါးကို ပယ်နိုင်ခြင်း၊

http://www.dhammadownload.com



၄။ ကမ္မဋ္ဌာန်းစီးဖြန်းသူ ဟူသမျှအား သင့်လျော်ခြင်း၊
၅။ ကြည်ညိုဖွယ် ဣရိယာပုထ်ရှိခြင်း၊
၆။ ဝီရိယနှင့် သမာဓိမျှအောင် အားထုတ်သည့် အားလျော်ခြင်း၊
၇။ သီလစသော သမ္မာပဋိပတ်ကို တိုးတက်စေခြင်းစတဲ့ အကျိုးတွေရတယ်နော်”

“မှန်ပါဘုရား”

“ကဲ...အဲဒီအထဲက ကြိုက်တဲ့ မိမိနဲ့လျော်တဲ့ ဓုတင်တစ်ပါး ပါး သို့မဟုတ် နှစ်ပါး သုံးပါး ဆောက်တည်ပြီး တရားအားထုတ် ပေါ့နော်”

“မှန်ပါဘုရား”

“အသေးစိတ်ကတော့ တကယ်ကျင့်တော့မှ နီးစပ်ရာဆရာ သမားနဲ့ မေးစမ်းကျင့်ပေါ့၊ ခုတော့ ဒီလောက်ပဲ ပြောနိုင်မယ်။ ကဲ...တော်လည်းတော်ကြပါစို့”

“မှန်ပါဘုရား၊ ပြန်ခွင့်ပြုပါဘုရား”

❀ ဓုတင်တရား ဆယ့်သုံးပါး မများလှလေပါ။
❀ ဗုဒ္ဓမိန့်အပ် အကျင့်မြတ် ကျင့်အပ်လှသည်သာ။
❀ ဓုတင်ကျင့်က နိဗ္ဗာန အရမြန်သည်သာ။
❀ ထို့ကြောင့်လူရှင် သူငါပင် ဓုတင်ကျင့်ကြပါ။

http://www.dhammadownload.com



# သာသနာရေးနှင့်ဘာသာရေး ဘယ်လိုထူးပါသလဲဘုရား

{ ၁၁ }

အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ
အတ္တသရဏာ အနညသရဏာ
ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။

**ဘိက္ခဝေ**=ရဟန်းတို့၊ **တုမှေ**=သင်တို့သည်၊ **အတ္တဒီပါ**=မိမိသာလျှင် မှီရာရှိကုန်သည်ဖြစ်၍၊ **အတ္တသရဏာ**=မိမိသာလျှင် ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍၊ **အနညသရဏာ**=မိမိမှတစ်ပါးသော ကိုးကွယ်ရာ မရှိကုန်သည်ဖြစ်၍၊ **ဓမ္မဒီပါ**=တရားသာလျှင် မှီရာရှိကုန်သည်ဖြစ်၍၊ **ဓမ္မသရဏာ**=တရားသာလျှင် 'ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍၊**အနညသရဏာ**=တရားမှတစ်ပါးသော ကိုးကွယ်ရာ မရှိကုန်သည်ဖြစ်၍၊ **ဝိဟရထ**=နေကြကုန်လော့။

ယင်း၌"**အတ္တဒီပါ**"ဝယ် အတ္တအရ လောကီလောကုတ္တရာတရားကို ကောက်ယူရသည်။ ကိုယ်ခန္ဓာအတ္တဘောကို မယူရပါ။

http://www.dhammadownload.com



သို့ဖြစ်၍ တရားကိုပဲမှီခိုရမည်ဖြစ်၏။ တစ်ပါးသောသူကိုမမှီခိုရ။ မှန်၏။ တစ်ယောက်သောသူ၏ လုံ့လဖြင့်တစ်ယောက်သော သူ၏ စင်ကြယ်ခြင်း မဖြစ်နိုင်၊ တစ်ယောက်သောသူသည် တစ် ယောက်သောသူ၏ မှီခိုကိုးစားရာ မဖြစ်နိုင်သောကြောင့်ဖြစ်၏။

မိမိသည် အထက်ပါ စာပိုဒ်များကို ဖတ်ရှုနေစဉ် တစ်ချိန်က မေးခဲ့ဖြေခဲ့ဖူးသော ပြဿနာတစ်ခု ခေါင်းထဲဝင်လာသည်။

"အရှင်ဘုရား၊ ဘာသာရေး, သာသနာရေး, ဘာသာရေး, သာသနာရေးနဲ့ တွဲတွဲပြီးသုံးလေ့ပြောလေ့ ရှိပါတယ်ဘုရား၊ **သာသနာရေးနှင့် ဘာသာရေး ဘယ်လိုထူးပါသလဲဘုရား"** ဟူ၍ ဖြစ်၏။ မိမိသည် ထိုစဉ်ကပင် ထိုသူအား ကောက်ခါငင်ကာဖြေ၏။

## ဘာသာရေးနှင့်သာသနာရေး

"စကားလုံးထူးသလို အဓိပ္ပာယ်လည်း ထူးတယ်ဒကာကြီး"

"ဘယ်လိုထူးပါသလဲ ဘုရား?"

"ဦးပဉ္စင်းတို့ ဗုဒ္ဓဝါဒကို ဘာသာရေးလို့ ခေါ်တာကို ဦးပဉ္စင်း တော့ လုံးဝမကြိုက်ဘူး"

"ဘယ်လိုခေါ်မှ ကြိုက်လဲဘုရား"

"သာသနာရေးလို့ခေါ်မှ ကြိုက်တယ်ဒကာကြီး"

"ဘယ်လိုကြောင့်ပါလဲ ဘုရား"

"သာသနာရေးဆိုတာ သာသနဆိုတဲ့ ပါဠိကသွားတဲ့စကား ဒကာကြီးရဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"သာသနဆိုတဲ့ ပါဠိကို သာသနာလို့ခေါ်တာ၊ မြန်မာစကား စစ်စစ် မဟုတ်သေးပါဘူး။ မြန်မာလိုဆိုရင် "**သာသန**" သို့မဟုတ် "**သာသနာ**" အရ "**အဆုံးအမ**"လို့ အဓိပ္ပာယ်ရတယ်"

"မှန်ပါဘုရား"

"အဲဒီအဆုံးအမဟာ ဘယ်သူ့ရဲ့ အဆုံးအမလည်းဆိုရင် ဗုဒ္ဓရဲ့ အဆုံးအမနော်"

"မှန်ပါဘုရား"

"ဒီတော့ 'ဗုဒ္ဓနဲ့သာသနနဲ့ တွဲလိုက်ရင် ဗုဒ္ဓသာသန'လို့ ဖြစ်မသွားဘူးလား"

"ဖြစ်သွားပါတယ်ဘုရား"

"ဖြစ်သွားတော့ '**ဗုဒ္ဓသာသန**' အရ '**ဗုဒ္ဓအဆုံးအမ**' သို့ မဟုတ် ဗုဒ္ဓသာသနာလို့ ဖြစ်မသွားဘူးလား?"

"ဖြစ်သွားတော့ အဲဒီဗုဒ္ဓရဲ့ အဆုံးအမ 'ဗုဒ္ဓသာသနာတွေ သည်' ဘာတွေလဲလို့ မေးစရာမရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"ရှိတော့-

"ယော ခေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါမမစ္စယေန သတ္ထာ=အာနန္ဒ ငါဘုရားသည် အကြင်သုတ်, အဘိ ဓမ္မာဟူသော ဓမ္မကိုလည်းကောင်း၊ စောင့်စည်းဖွယ် ဝိနည်းကိုလည်းကောင်း၊ ဟောအပ်, ပညတ်အပ်ပြီ။

http://www.dhammadownload.com



ထိုဓမ္မ ဝိနယတွေသည် ငါဘုရား မရှိရာ နောင်အခါ၌ သင်တို့၏ ဆရာဖြစ်၍ သင်တို့ကို ဆုံးမလိမ့်မည်' ဆိုတဲ့ ဒေသနာတော်အရ ဗုဒ္ဓအဆုံးအမ ဗုဒ္ဓသာသနတွေဟာ '**ဓမ္မဝိနယ**'တွေ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါကြောင့် '**သာသန**'အရ မင်္ဂလေးဝ ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်လို့ ဆိုရတဲ့ ၁၀-ပါးသော တရားအစုကို အရ ကောက်ရတယ်နော်"

"မှန်ပါဘုရား"

"တစ်ဖန် အဲဒီ သာသနအရဖြစ်တဲ့ '**ဓမ္မဝိနယ**'တွေကို လှန်ပြန်ကြည့်တဲ့အခါ '**သာသနဋ္ဌိတိယာ ပရိယတ္တိပမာဏံ**=သာသနာအရှည်တည်တံ့ဖို့ ပရိယတ္တိပမာဏ'လို့ ဆိုတာလည်း မတွေ့ရဘူးလား"

"တွေ့ရပါတယ်ဘုရား"

"ပြီးတော့ '**ဝိနယေ ဌိတေ သာသနံ ဌိတံ**- ဝိနည်းတည်သော် သာနာတော်တည်၏'လို့လည်း မတွေ့ရဘူးလား"

"တွေ့ရပါတယ်ဘုရား"

"ဒီတော့ ဦးပဥ္စင်းတို့ ပိဋကတ်ကျမ်းဂန်မှာ '**သာသန**' '**သာသန**'လို့ပဲ တွေ့ရတယ်။ '**ဘာသ-ဘာသ**'လို့ မတွေ့ရဘူး"

"မှန်ပါဘုရား"

"ပြီးတော့ ဗုဒ္ဓနဲ့တွဲကာ '**ဗုဒ္ဓသာသန**'လို့ပဲ တွေ့ရတယ်။ '**ဗုဒ္ဓဘာသ**'လို့ မတွေ့ရဘူး ဒကာကြီးရဲ့"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အထောက်ပြပါဆိုရင်–

**သမ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။**

**သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။**

"အဲဒီပါဠိတော်ပဲ၊ အဲဒီမှာ ဗုဒ္ဓါနသာသနံဆိုတာ '**ဗုဒ္ဓသာသန**'ဆိုတာပဲနော်"

"မှန်ပါဘုရား"

"အဲဒီပါဠိကို မြန်မာလိုတော့ ပြန်မနေတော့ဘူး ရှစ်လုံးဘွဲ့နဲ့ပဲ မှတ်ထားနော်"

အကုသိုလ်စု မပြုရှောင်ခွာ၊
ကုသိုလ်အများ ကြိုးစားစုံစွာ၊
မိမိစိတ်ရင်း ပွတ်ဝင်းဖြူငှာ
ဤသုံးပါး ဘုရားသာသနာ"တဲ့။

"မှန်ပါဘုရား"

"ဒီတော့ ဗုဒ္ဓကိုယ်တော်တိုင်ကပင် ဗုဒ္ဓဟောတရား အဆုံးအမအားလုံးပါဝင်တဲ့ ခုနက အဆုံးအမ ဩဝါဒကို ပေးတော်မူခဲ့တဲ့အတွက် "**ဗုဒ္ဓသာသနာရေး**" သို့မဟုတ် အတိုကောက်အားဖြင့် "**သာသနာရေး**"လို့ ခေါ်တာပဲ၊ ဦးပဥ္စင်းတော့ကြိုက်တယ်၊ မှန်တယ်လို့ ယူတယ်နော်"

"မှန်ပါဘုရား"

"ဒကာကြီးတို့ ပြုလုပ်ပြောဆို ကြံစည်နေတာတွေဟာ ဗုဒ္ဓအဆုံးအမအတိုင်းပဲ မဟုတ်လား?"

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"ဒါဖြင့် သာသနာရေးလုပ်နေတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...သာသနာရေးဆိုတာ တစ်ခြားကိုသွားပြီး ထင်မနေနဲ့။ အဆုံးအမ သာသနအတိုင်း လုပ်သမျှ သာသနာရေးချည်းပဲနော်"

"မှန်ပါဘုရား"

"ဒီတော့ လူမှုရေးလည်း သာသနာရေးပဲ၊ သာသနာရေးလည်း လူမှုရေးပဲ၊ လူမှုရေးနဲ့ သာသနာရေး ခွဲခြားထုတ်မနေနဲ့နော်"

"မှန်ပါဘုရား"

"အတူတူပဲ မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဗုဒ္ဓဘာသာလို့ ခေါ်ဝေါ်ခြင်းဟာ ကမ္ဘာ့ ဘာသာဝင်များက သူတို့နားလည်သလို သူတို့ရဲ့ ဘာသာများနဲ့ တန်းတူထားပြီး သူတို့ရဲ့ အသုံးအနှုန်းအတိုင်း သုံးနှုန်းခေါ်ဝေါ်ထားတာနော်"

"မှန်ပါဘုရား"

"အဲဒီ အခေါ်အဝေါ်ကို ဦးပဥ္စင်းတို့က အဟုတ်ထင်ပြီး နားယောင်ကာ ခေါ်ဝေါ်နေခြင်း ဖြစ်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီလို ခေါ်ဝေါ်နေရာမှ "**ဂျပ်ဆင်အဘိဓာန်မှ**" ဘာသာပြန်ဆိုချက်ကို အထင်ကြီး အတုခိုးပြီး ခေါ်ပြန်ရောနော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဒီတော့ အမှန်အကန်ဖြစ်တဲ့ ဗုဒ္ဓသာသနာ သို့မဟုတ် သာသနာရေး အသုံး ပျောက်မသွားဘူးလား?"

"ပျောက်သွားပါတယ်ဘုရား"

"ပျောက်သွားပြီး ဘာတွင်နေလဲ"

"ဗုဒ္ဓဘာသာလို့ တွင်နေပါတယ်၊ ဘာသာရေးလို့ တွင်နေပါတယ်ဘုရား"

"သိပ်နစ်နာတယ်နော်"

"ဗုဒ္ဓသာသနအရ ဓမ္မဝိနယတွေဟာ စိတ်ကိုအကြွင်းမဲ့ စင်ကြယ်စေတဲ့ တရားဓမ္မတွေဖြစ်လို့ ဘာသာရေး မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ပြီးတော့ ဗုဒ္ဓသာသနာမှာ သို့မဟုတ် ဗုဒ္ဓဝါဒဟာ တစ်ဆူတည်းသောဘုရားကို ကိုးကွယ်တာ ဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"ဘယ်လိုကိုးကွယ်လဲ"

"ဂင်္ဂါဝါလု သဲစုမက ဘုရားတွေလည်း ယုံကြည်ကိုးကွယ်ပါတယ်ဘုရား"

"အေး...ဒီတော့ ဗုဒ္ဓဝါဒဟာ ဗုဒ္ဓသာသနာဟာ တစ်ဆူတည်းသော ဘုရားကို ကိုးကွယ်တဲ့ "Religon ဘာသာ" မဟုတ်ခြင်းကြောင့် '**ဘာသာ**' လို့ခေါ်ရင် မှားတယ်၊ မမှန်ဘူးနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒီတော့ ဗုဒ္ဓသာသနာဟာ သို့မဟုတ် ဗုဒ္ဓဝါဒဟာ သာသနာရေးနော်၊ ဘာသာရေးမဟုတ်ဘူး"

"မှန်ပါဘုရား"

"ဗုဒ္ဓဝါဒကို ကမ္ဘာ့ဘာသာတွေနဲ့ ရောပြီး ဘာသာရေးလို့ ခေါ်ရင် မှားတယ်နော်"

"မှန်ပါဘုရား"

"ဘာသာရေးဆိုတာ ထာဝရဘုရားသခင်နဲ့ ပြန်လည်ပူးပေါင်းရန် မှန်ကန်တဲ့နည်းလမ်းကိုခေါ်တယ်။ ဒီတော့ ဗုဒ္ဓသာသနာကို ဆန်းစစ်ကြည့်၊ ထာဝရဘုရားသခင်နဲ့ ပြန်လည် ပူးပေါင်းရန် မှန်ကန်တဲ့နည်းလမ်း ဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"မဟုတ်ရင် ဗုဒ္ဓဝါဒဟာ ဘာသာရေးဟုတ်ရဲ့လား?"

"မဟုတ်ပါဘုရား"

"ပြီးတော့ ဘာသာရေးဆိုတာ ရှိသေကိုင်းရှိုင်းမှု သို့မဟုတ် ထာဝရဘုရားအား ဂုဏ်ပြုချီးကျူးမှုကိုခေါ်တယ်၊ ဗုဒ္ဓဝါဒဟာ ဒီလို ဟုတ်ရဲ့လား?"

"မဟုတ်ပါဘုရား"

"မဟုတ်ရင် ဘာသာရေးဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"ဘာသာရေးဆိုတာ ထာဝရဘုရား၊ အစ္စဝိညာဏ်၊ ကောင်းကင်ဘုံ ဆုတောင်းပတ္ထနာ စသည်တို့နဲ့ များစွာ ဆက်စပ်နေတဲ့ ယုံကြည်မှုတစ်ရပ်ကို ခေါ်တယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ဗုဒ္ဓသာသနာမှာ ထာဝရဘုရား၊ အတ္တဝိဉာဏ်၊ ကောင်းကင်ဘုံကို လက်ခံလား?"

"လက်မခံပါဘုရား"

"ဒါဖြင့် ဗုဒ္ဓဝါဒဟာ ဘာသာရေးဟုတ်လား"

"မဟုတ်ပါဘုရား"

"အေး...ဒါကြောင့် ဗုဒ္ဓဝါဒဟာ ကမ္ဘာက နားလည်ထားတဲ့ ဘာသာရေးမျိုး မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ဘာ့ကြောင့်လည်းဆိုတော့ ဗုဒ္ဓဝါဒဟာ ယုံကြည်မှုနဲ့ ကိုးကွယ်မှု စနစ်တစ်ရပ် မဟုတ်သောကြောင့်နော်"

"ဒီလိုဆိုတော့ ဗုဒ္ဓသာသနာဝင်တွေဟာ ဗုဒ္ဓကို မကိုးကွယ်ဘူးလားလို့ မေးစရာမရှိဘူးလား?"

"မေးစရာရှိပါတယ်ဘုရား"

"အေး...ဗုဒ္ဓသာသနာဝင်တွေဟာ ဘုရားရဲ့ ဂုဏ်တော်တွေကို ကိုးကွယ်တယ်နော်"

"မှန်ပါဘုရား"

"**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**=ဘုရားရှင်အား ကိုးကွယ်ပါ၏"လို့ ဆိုခြင်းဟာ ကောင်းသောဘဝ ထူထောင်ရန် အဓိဋ္ဌာန်ခြင်းမျှ ဖြစ်တယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဘုရားရှင်က ကျွန်ုပ်တို့ကို ကယ်တင်နိုင်တယ်လို့ ဒီလို ယုံကြည်မှုမျိုး မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"အဲဒီ ဗုဒ္ဓရဲ့ဂုဏ်တော်တွေဟာ ဘယ်မှာရှိသလဲဆိုရင် အခဲ့အမ"**သာသန**" သို့မဟုတ် "**ဓမ္မဝိနယ**"မှာ ရှိတယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒီတော့ ဗုဒ္ဓဟာ ဗုဒ္ဓသာသနာဝင်တွေအတွက် "**ဓမ္မဝိနယ**" ကို ပေးခဲ့တယ်။ ကမ္ဘာ့ဘာသာများတွင် ဓမ္မဝိနယကို မပေးခဲ့ဘူး။ ဆုပ်ကိုင်ထားတယ်။ အဲဒါဟာ ဗုဒ္ဓသာသနာ သို့မဟုတ် ဗုဒ္ဓဝါဒနဲ့ ကမ္ဘာ့ဘာသာတွေနဲ့ ခြားနားချက်ပဲနော်"

"မှန်ပါဘုရား"

"ဗုဒ္ဓသာသနာတော်မှာ ဗုဒ္ဓက လက်ဆုပ်လက်ကိုင်ထားတဲ့ '**အာစရိယမုဋ္ဌိ**' မရှိဘူးနော်"

"မှန်ပါဘုရား"

"ဗုဒ္ဓသာသနာတော်မှာ ဗုဒ္ဓကျင့်သလို ကျင့်က ဗုဒ္ဓဖြစ်နိုင်တယ်၊ နည်းလမ်းကောင်းတွေ မထားခဲ့ဘူးလား?"

"ထားခဲ့ပါတယ်ဘုရား"

"ကမ္ဘာ့ဘာသာများမှာ ဘယ်လိုပဲကျင့်ကျင့် ဘုရားမဖြစ်နိုင်ဘူး၊ နည်းလမ်းလည်း မရှိဘူးနော်"

"မှန်ပါဘုရား"

"အဲဒါဟာ ဗုဒ္ဓဝါဒ သို့မဟုတ် ဗုဒ္ဓသာသနာနဲ့ ကမ္ဘာ့ဘာသာနဲ့ ကွာခြားချက်ပဲ"

http://www.dhammadownload.com



"ဗုဒ္ဓသာသနာမှာ ဗုဒ္ဓကျင့်သလိုကျင့်က ဗုဒ္ဓဖြစ်နိုင်တယ်၊ ကမ္ဘာ့ဘာသာတွေမှာ ဘယ်လောက်ကျင့်ကျင့် ဘုရားတပည့်ပဲ ဖြစ်နိုင်တယ်၊ ဘုရားမဖြစ်နိုင်ဘူးနော်"

"မှန်ပါဘုရား"

"အဲဒါလည်း ထူးခြားချက်ပဲနော်"

"မှန်ပါဘုရား"

"ဗုဒ္ဓဝါဒ၊ ဗုဒ္ဓသာသနာဟာ PRAY=ဆုတောင်းသက်သက် ဝါဒမဟုတ်ဘူး၊ ဆုတောင်းသာသနာ သက်သက် မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ဆုတောင်းသက်သက်ဆိုရင် ဘာသာရေးပဲ၊ အေး...ခုလဲ ဆုတောင်းသမားတွေကလည်းပေါ၊ ဘာသာရေးလည်း ခေါ်ထားတော့ ကမ္ဘာ့ဘာသာရေး ဆန်ဆန် ဖြစ်နေတယ်နော်"

"မှန်ပါဘုရား"

"အမှန်ကတော့ ဗုဒ္ဓဝါဒဟာ ပစ္စုပ္ပန်ကာ၊ ပစ္စုပ္ပန်အကြောင်း အကျိုးတရားကို ဦးစားပေးဝါဒပဲနော်"

"မှန်ပါတယ်ဘုရား"

"ဗုဒ္ဓဟာ ကိုယ်တိုင် ဓမ္မကိုရှာဖွေပြီး ကိုယ်တိုင်အားထုတ်ကာ ဗုဒ္ဓအဖြစ် ရောက်ပြီးမှ ဗုဒ္ဓအဖြစ်ရောက်ပုံရောက်နည်း နည်းလမ်းစုံနဲ့ တစ်ခြားနည်းလမ်းစုံတို့ကို မထားခဲ့ဘူးလား?"

"ထားခဲ့ပါတယ်ဘုရား"

"အဲဒီလို ထားခဲ့ပြီးတော့ ပေါ့ပေါ့နဲ့ သက်သက်သာသာ ဆုတောင်းနေလို့ ပြောခဲ့သလား?"

http://www.dhammadownload.com



**အာရဗ္ဗထနိက္ကမထ၊ ယုဥ္စထ ဗုဒ္ဓသာသနေ။**
**ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝကုဥ္စရော။**

ဗုဒ္ဓသာသနာတော်မှာ အစရှေ့ဖျား သတိထားပြီး အားထုတ်ကြကုန်လော့၊ အပျင်းမှားစက် အသွားပျက်အောင် အားထုတ်ကြကုန်လော့၊ ပြင်းပြင်းထန်ထန် ပင်ပန်းခံ၍ အဖန်ဖန်အားထုတ်ကြကုန်လော့၊ ဆင်ပြောင်ကြီးဟာ ကျူထရံကာ အိမ်ကို မှုန့်မှုန့်ညက်ညက် နင်းချေဖျက်ပြီး ခါတွက်လိုက်သည့်အတူ၊ သေမင်းဘုရင်ရဲ့ စစ်သည်တော် ရဲမက်တွေကို မင်္ဂလေးအောင်ထက်အမြောက်စက်ဖြင့် ဖျောက်ဖျက်နင်းချေကုန်လော့”လို့ ပြောလား?”

“ပြင်းပြင်းထန်ထန်အားထုတ်ဖို့ ပြောပါတယ်ဘုရား”

“အေး…အဲဒီမှာလည်း ဗုဒ္ဓသာသနေလို့ ဗုဒ္ဓသာသနာ အသုံးမပါဘူးလား?”

“ပါပါတယ်ဘုရား”

“အင်း…ဦးပဥ္စင်းတို့ ဗုဒ္ဓက အဆုံးအမ သာသနတွေကို ထားခဲ့ကာ မိမိတို့အကျိုးအတွက် မိမိတို့ကိုယ်ကို မိမိတို့အားကိုးပြီး အဆင့်ဆင့်သော ဝီရိယနဲ့ ကိလေသာရန်သူကို တိုက်ဖျက်ရန် ဟောတော်မူခဲ့တယ်နော်”

“မှန်ပါဘုရား”

“ဒီတော့ အားထုတ်ရမှာလား၊ ဆုတောင်းရမှာလား?”

“အားထုတ်ရမှာပါဘုရား”

“အားထုတ်တယ်ဆိုတာ အခက်ကြီးမဟုတ်ပါဘူး၊ သတိလက်ကိုင်ထားနေတာပါနော်”

http://www.dhammadownload.com



"မှန်ပါဘုရား"

"အမြဲတမ်းနေတာက သတိလက်လွှတ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အေး...အားထုတ်တယ်ဆိုတာ အမြဲပုံမှန် နေသလိုနေပြီး သတိလက်ကိုင်ထားတာပဲထူးတယ်၊ ဘာပင်ပန်းသေးသလဲ?"

"ဘာမှ မပင်ပန်းပါဘုရား"

"အလုပ်အကိုင် အစားအသောက် ပျက်စရာလိုသေးလား"

"မလိုတော့ပါဘုရား"

"အေး...အဲဒီလို သတိလက်ကိုင်ထားနေရင် ဒုက္ခမှ ကျွတ်လွှတ်နေပုံကို–

**ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟရိဿတိ။**

**ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။**

လို့ ဟောခဲ့တယ်နော်"

"မှန်ပါဘုရား"

"အဓိပ္ပာယ်က ဘယ်လိုလဲဆိုတော့–

"တရားသဖြင့် ဆုံးမရာဖြစ်တဲ့ ဒီမြတ်စွာဘုရား သာသနာတော်မှာ မမေ့မလျော့ဘဲ နေနိုင်တဲ့ အမျိုးကောင်းသားဟာ ဇာတိသံသရာကို ပယ်စွန့်ပြီး တေဘူမက ဝဋ်ဒုက္ခရဲ့ ဆုံးရာအမှန် ပြည်နိဗ္ဗာန်ကို မျက်မှောက်ပြုရလတ္တံ့"တဲ့နော်။

"မှန်ပါဘုရား"

"အဲဒီမှာကြည့်ပါ '**သာသန**'အရ '**ဓမ္မဝိနယ**'ကို ယူပုံကို

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်တိုင်ပင် ပြခဲ့တယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဒီသာသနာတော်မှာ သို့မဟုတ် ဗုဒ္ဓဝါဒမှာ မေ့လျော့ ပေါ့တန်နေလို့ မရဘူး။ သတိလက်ကိုင်ထားပြီး ကြိုးစားနိုင်မှ အကျိုးရမယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါ ဗုဒ္ဓသာသနာနဲ့ ကမ္ဘာ့ဘာသာနဲ့ ထူးခြားချက်တစ်ရပ်ပဲ နော်"

"မှန်ပါဘုရား"

"ပြီးတော့ ဗုဒ္ဓသာသနာတော်ဟာ '**ကိုယ့်အကျိုးကိုယ်စံ ကိုယ့်အပြစ်ကိုယ်ခံ**'တဲ့။ '**သဗ္ဗေသတ္တာကမ္မဿကာ**=သတ္တဝါအားလုံး ကံသာ ကိုယ်ပိုင်ဥစ္စာမဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"ဗုဒ္ဓက အကျိုးကိုလည်းမပေးဘူး၊ အပြစ်ကိုလည်း မပေးဘူးနော်"

"မှန်ပါဘုရား"

"ဒါ့ကြောင့် ဗုဒ္ဓသာသနာဝင်တွေဟာ ဗုဒ္ဓကိုမကြောက်ရဘူးနော်"

"မှန်ပါဘုရား"

"အဲဒီအချက်ဟာလည်း ကမ္ဘာ့ဘာသာတွေနဲ့ ဗုဒ္ဓသာသနာနဲ့ ထူးခြားချက်ပဲနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဗုဒ္ဓသာသနာတော်မှာ ဗုဒ္ဓကို နည်းပေးလမ်းညွှန်အဖြစ် အားထားယုံကြည်မှုမှတစ်ပါး မိမိကိုယ်ကို လုံးဝပုံအပ်ပြီး အားကိုးရန် လိုသေးလား?"

"မလိုပါဘုရား"

"ဟုတ်တာပေါ့၊ လုံးဝပုံအပ်သဖြင့် ဗုဒ္ဓက ဘာလုပ်ပေးနိုင်မှာလဲဟင်"

"မလုပ်ပေးနိုင်ပါဘုရား"

"ဗုဒ္ဓက ကျင့်နည်းကြံနည်း အားထုတ်နည်းတွေ အစုံဟောပြီးပြီ၊ အကျိုးရပုံ အလုံးစုံလည်း ဟောပြီးပြီမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီနေရာမှာ ဗုဒ္ဓက သူ့ကိစ္စ၊ ကိုယ့်ကိစ္စ နှစ်ပိုင်းခွဲပြီး ဟောခဲ့ပုံကလေး ရှိပါတယ်၊ ဘာတဲ့လဲ–

**တုမှေဟိ ကိစ္စံ အာတပ္ပံ၊ အက္ခာတာရော တထာဂတာ။**
**ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။** ။တဲ့။

အဓိပ္ပာယ်က ဘာလဲဆိုတော့–

"ရဟန်းတို့ ဘုရားရှင်တို့သည် ဟောရုံမျှသာ တတ်နိုင်ကြကုန်၏။ ကျင့်ကြံရန်ကိစ္စတွေကိုတော့ သင်တို့ ဘာသာ ပြုကျင့်အားထုတ်အပ်ပေ၏။ ရှုပွားများလျက် ကျင့်ကြံသူတို့သည် မာရ်မင်းအနှောင်အဖွဲ့မှ လွတ်မြောက်ကြကုန်လိမ့်မည်။တဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ ဦးပဉ္ဇင်းတို့ဗုဒ္ဓဟာ ဗုဒ္ဓသာသနာပြုတဲ့နေရာမှာ

http://www.dhammadownload.com



အခမ္မစနစ်ကိုမသုံးဘူး၊ နူးညံ့သိမ်မွေ့စွာ သာသနာပြုတယ်၊ အကြီးအကျယ် အောင်မြင်တယ်နော်"

"မှန်ပါဘုရား"

"အဲဒါဟာ ဗုဒ္ဓသာသနာနဲ့ ကမ္ဘာ့ဘာသာတို့ရဲ့ ထူးခြားချက်တစ်ရပ်ပဲနော်"

"မှန်ပါဘုရား"

"ဗုဒ္ဓသာသနာတော်မှာတော့ ဘုရားအတွက် ဘာမှ လုပ်ပေးစရာမလိုပါဘူး၊ ဘုရားမှာ ပြုလုပ်စရာကိစ္စမှ မရှိဘဲနော်"

"မှန်ပါဘုရား"

"ဗုဒ္ဓညွှန်ကြားတဲ့အတိုင်း ကိုယ့်အတွက်ကိုယ် လုပ်ရင်းနဲ့ သူများကို အကူအညီ ပေးနိုင်သမျှ ပေးပေါ့နော်"

"မှန်ပါဘုရား"

"ဟုတ်တယ်၊ ဗုဒ္ဓဝါဒဟာ အယူသည်းတဲ့ အတ္တဟိတဝါဒနဲ့ ပရဟိတဝါဒကို ပယ်ပြီး အဲဒီအစွန်းနှစ်ပါးမှ လွတ်တဲ့ဝါဒကို လက်ခံယုံကြည်ရမယ့် အလယ်, အလတ် '**မဇ္ဈိမပဋိပဒါဝါဒ**' ဖြစ်တယ်နော်"

"မှန်ပါဘုရား"

"ဒါကြောင့် ဗုဒ္ဓသာသနာကို ကမ္ဘာ့ဘာသာများနဲ့ ရောနှောပြီး ဗုဒ္ဓဘာသာဟု ခေါ်ဝေါ်ခြင်း၊ ဘာသာရေးဟု ခေါ်ဝေါ်ခြင်းကို ဦးပဥ္စင်းတော့ မကြိုက်ဘူး၊ ဗုဒ္ဓအလိုတော်နဲ့လည်း များစွာ ဆန့်ကျင်တယ်၊ အယူအဆလည်း များစွာလွဲမှားတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဒါ့ကြောင့် '**ဗုဒ္ဓဝါဒကို သာသနာရေးခေါ်မှ မှန်ပါတယ်၊ ဘာသာရေးခေါ်ရင် မမှန်ပါဘူး**'လို့ အချုပ်မှတ်ပါ"

❁ သာသနာရေး ဘာသာရေး အရေးနှစ်ခုရှိလေသည်။
❁ အရေးနှစ်ပါး ထူးခြားနား သိထားကြရပေလိမ့်မည်။
❁ သိထားပါမှ ကျင့်ကြံက ဒုက္ခဆုံးရာ ရောက်ပေမည်။

http://www.dhammadownload.com



# နတ်များကိုကိုးကွယ်ပသသင့်ပါသလားဘုရား?

{ ၁၂ }

လောကတွင် သိချင်စရာ ပြဿနာတွေကား များပြားလှပါ၏။ ယင်းသို့ သိချင်စရာ ပြဿနာများတွင် နတ်ပြဿနာလည်း တစ်ခုအပါအဝင်ဖြစ်၏။ အချို့က နတ်ဆိုတာမရှိ၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဆိုတာလည်းမရှိ စသည်ဖြင့် နတ်နှင့်ပတ်သက်၍ ဘာတစ်ခုမျှ မယုံကြည်ကြ။

သို့သော် နတ်ပြည်၊ ဗြဟ္မာ့ပြည်များ ထင်ရှားရှိ၍ ယင်းနတ်ပြည်၊ ဗြဟ္မာ့ပြည်များသို့ ဘုရားရှင် ကြွတော်မူကြောင်း ရှင်မဟာမောဂ္ဂလန်နှင့် တန်ခိုးကြီးရဟန္တာအရှင်များ ကြွရောက်တော်မူကြောင်းကိုလည်းကောင်း၊ ဘုရားရှင်ထံတော်သို့လည်း နတ်တွေ၊ ဗြဟ္မာတွေ ရံခါတစ်ဦးချင်း၊ ရံခါအစုအဝေးနဲ့ အဖူး

http://www.dhammadownload.com



အမြော် တရားနာ ပြဿနာမေးရန် လာရောက်ကြောင်းကို ပါဠိ အဋ္ဌကထာများ၌ များစွာပင် တွေ့ရပါ၏။

သဘာဝဓမ္မများ ဆန်းကြယ်ပုံကိုလည်းကောင်း၊ ယင်းသို့ ဆန်းကြယ်သည်နှင့်အမျှ သဘာဝဓမ္မများဖြင့် တည်ရှိနေသော သက်ရှိ သက်မဲ့ သတ္တဝါ အရာဝတ္ထုတို့၏ ထူးခြားဆန်းပြားပုံကို လည်းကောင်း၊ ထိုတွင် အချို့ကို ပကတိမျက်စိဖြင့် မမြင်ရဘဲ ဉာဏ်ပညာ မျက်စိထူးများဖြင့်သာ တွေ့နိုင်, မြင်နိုင်သည်ကို လည်းကောင်း ·မထောက်မထား မိမိတို့ မမြင်ရ၍ မရှိဟုဆိုသော သူများက နတ်ပြဟ္မာများနှင့် သူတို့၏ဘုံဌာနများကို လက်မခံလို ငြင်းပယ်လိုကြ၏။ သို့သော် နတ်ပြဟ္မာများလည်းရှိ၍ ယင်းတို့၏ ဘုံဌာနများလည်း ရှိကြပါ၏။

သိပ္ပံပညာ ထွန်းကားနေသော ယခုခေတ်၌ သိပ္ပံ ပညာဖြင့် စမ်းသပ်၍မရပါက လက်မခံလိုကြ၊ သိပ္ပံပညာ မမီနိုင်အောင် သိမ်မွေ့ထူးဆန်းလှသော သဘာဝများ အများအပြားပင် ရှိနေ သေးသည်ကို မမေ့အပ်ကြပါ။

နတ်–ပြဟ္မာနှင့် ယင်းတို့ပြည်ကို သိရေးမှာ ဒိဗ္ဗစက္ခု၏အရာ သာဖြစ်၍ သိပ္ပံပညာ၏အရာကား မဟုတ်ပါပေ။ ယင်းနတ်, ပြဟ္မာတို့ နေထိုင်ရာပြည်သို့ ရောက်ရေးမှာလည်း ဣဒ္ဓိဝိဓတန်ခိုး အဘိညာဉ်၏ အရာသာဖြစ်၏၊ သိပ္ပံပညာ၏အရာ မဟုတ်ပါပေ။

ဘာဝနာ၏အစွမ်းဖြင့်သာ ရနိုင်သော နိဗ္ဗာန်ကို ယင်း ဘာဝနာမှု မကြိုးစားဘဲလျက်၊ နိဗ္ဗာန်ဆိုသည်မှာ အပြောသာ၊ အဟုတ် မရှိပါဆိုလျှင် ထိုသူ၏အပြစ်သာ ဖြစ်သကဲ့သို့၊ ဘာဝနာ

http://www.dhammadownload.com



အစွမ်းကြောင့် ရနိုင်သော တန်ခိုးများဖြင့်သာ မြင်နိုင်ရောက်နိုင်သော နတ်ပြည်, ပြဟ္မာပြည်များကို ထိုဘာဝနာမှု မပြု၍ ထိုတန်ခိုးမျိုးမရသောကြောင့် မမြင်ရသဖြင့် မရှိဟုဆိုလျှင် ထိုသူ၏အပြစ်ပင် မဟုတ်ပါလော"

မှန်၏။ သိမ်မွေ့နူးညံ့သော ရုပ်ဖြစ်သောကြောင့် ပကတိမျက်စိဖြင့် မမြင်ရဘဲ အဘိညာဉ်ဉာဏ်ထူးများဖြင့်သာ သိနိုင်, မြင်နိုင်သော နတ်ပြဟ္မာတို့ကို မိမိတို့ မမြင်ရ၍ မရှိဟုဆိုလျှင် အားကောင်းသော မှန်ဘီလူးဖြင့်ကြည့်မှသာ မြင်ရသော အရာဝတ္ထုများကို ပကတိမျက်စိဖြင့် မတွေ့ရ၍ မရှိဟု ဆိုသကဲ့သို့သာ ရှိပါတော့သည်။

တဖန် နတ် ပြဟ္မာရှိသည်ဟု ယုံကြည်သူများကလည်း ယင်းနတ်ပြဟ္မာတို့ကို အလွန်အကျူး အထူးယုံကြည်ကာ ကိုးကွယ်ပသမှုဖြင့် ရှေ့တန်းတင်လာကြပြန်ပါသည်။ ယင်းသို့ဖြင့် နတ်ပြဟ္မာ ပြဿနာများမှာ များပြားလာတော့၏။ ယင်းအများအပြားမှ မိမိကြုံခဲ့ရသည်မှာ အောက်ပါအတိုင်းဖြစ်၏။

"အရှင်ဘုရား '**နတ်များကိုကိုးကွယ်ပသသင့်ပါသလား**' ဘုရား"

ယင်းအမေးကား ဗုဒ္ဓဘာသာအမည်ခံ၍ တရားအားထုတ်နေသော နတ်ကိုးကွယ်သူ ယောဂီတစ်ယောက်၏ အမေးဖြစ်၏။ ထိုအခါ မိမိက ဤသို့ရှင်းပြသည်။

"နေပါဦး၊ အဲဒီအမေးကို နှစ်ပိုင်းခွဲမှဖြစ်မယ်၊ နှစ်ပိုင်းက ဘယ်လိုလဲဆိုတော့–

http://www.dhammadownload.com



၁။ ကိုးကွယ်မှု

၂။ ပ,သမှုလို့ နှစ်ပိုင်းခွဲရမယ်၊ ကိုးကွယ်မှုနဲ့ ပ,သမှုဟာ နှစ်ပိုင်းဟာ တစ်ပိုင်းနဲ့တစ်ပိုင်း မတူဘူးနော်"

"မတူပုံရှင်းပြပါဦးဘုရား"

"ကိုးကွယ်တယ်ဆိုတာက ရတနာသုံးပါးကို ကိုးကွယ်သလို ကိုးကွယ်တာမျိုးကို ကိုးကွယ်တယ်ခေါ်တယ်"

"အဲဒီလို မကိုးကွယ်ကောင်းဘူးလားဘုရား?"

"အဲဒီလို ကိုးကွယ်ရင်တော့ ရတနာသုံးပါး ကိုးကွယ်တဲ့ သရဏဂုံပျက်တယ်"

"ဟင်"

"ဟင်မနေနဲ့ လူတွေမှာ ရှိခိုးထိုက်တဲ့လူ၊ ရှိမခိုးထိုက်တဲ့လူလို့ နှစ်မျိုးမရှိဘူးလား?"

"ရှိပါတယ်ဘုရား"

"အင်း...အဲဒီလူလိုပေါ့၊ နတ်တွေမှာလည်း ရှိခိုးထိုက်တဲ့နတ်၊ ရှိမခိုးထိုက်တဲ့နတ်လို့ နှစ်မျိုးရှိတာပဲ၊ ခုတော့ ဒီလိုမဟုတ်ဘူး၊ နတ်ဆို အထင်ကြီးပြီး အကုန်လုံးသိမ်းကျုံးပြီး အားကိုးတစ်ခုနဲ့ ရှိခိုးကြတယ်, ကိုးကွယ်ကြတယ်၊ စင်စစ်တော့ နတ်ဆိုတာ သူလိုကိုယ်လို သတ္တဝါတစ်မျိုးပဲပေါ့"

"ဒီလိုဆို နတ်တိုင်း မကိုးကွယ်သင့်ဘူးပေါ့ဘုရား"

"ကိုးကွယ်တယ်ဆိုတာကို မသုံးပါနဲ့၊ အဲဒါကို မကြိုက်တာပါ၊ ကိုးကွယ်တယ်ဆိုတာ ရတနာသုံးပါးအတွက်ပါ၊ နတ်အတွက် မဟုတ်ပါဘူး"

http://www.dhammadownload.com



"ဒါဖြင့်...ပရိတ်ကြီးမှာ '**ဗလိဟာရန္တိ** =ပူဇော်ဖွယ်ရာကို ဆောင်ယူ ပူဇော်ကြကုန်၏'လို့ ဆိုပါလားဘုရား"

"ဪ...အဲဒီပြဿနာက ခုနကအမေးမှာကို ပါပြီးသားမို့ တကန့်စီ ရှင်းမလို့ ချန်ထားတာ၊ အမေးမှာ '**ကိုးကွယ်ပသ**' ဆိုတာ ပါတယ်မဟုတ်လား?"

"ပါပါတယ်ဘုရား"

"အင်း...အဲဒီမှာပါတဲ့ 'ပ-သ'တယ်ဆိုတာ ပေးကမ်းစရာ ပစ္စည်းဝတ္ထုတစ်ခုခုကို ပေးကမ်းတဲ့ သဘောဘဲ"

"ရှင်းပါဦးဘုရား"

"ရှင်းပါဦးဆိုရင် ကျမ်းဂန်အရပြောတော့ 'ဗလိ'ဆိုတာ ပူဇော်ဖွယ်, ပေးကမ်းဖွယ် ဝတ္ထုပဲတဲ့၊ အဲဒီ ပူဇော်ပေးကမ်းဖွယ် 'ဗလိ'က ဘယ်နှစ်မျိုးရှိလဲဆိုတော့၊ ငါးမျိုးရှိတယ်တဲ့"

"ရှင်းပါဦးဘုရား"

## ဗလိငါးဖြာ

၁။ ဉာတိဗလိ = ဆွေမျိုးတို့အား ပေးကမ်းဖွယ်၊
၂။ အတိထိဗလိ = ဧည့်သည်တို့အား ပေးကမ်းဖွယ်၊
၃။ ပုဗ္ဗပေတဗလိ = ကွယ်လွန်သူ ဆွေမျိုးတို့အဖို့ ပေးကမ်းဖွယ်၊
၄။ ရာဇဗလိ = မင်းအားပြုရမည့် အခွန်ပဏ္ဏာစသော ပေးကမ်းဖွယ်၊
၅။ ဒေဝတာဗလိ = နတ်တို့အတွက် ပြုရမည့်ပူဇော်ပေးကမ်းဖွယ်၊

လို့ ငါးမျိုးရှိတယ်၊ ဒီတော့ ငါးမျိုးရှိတဲ့ အဲဒီ'ဗလိ'ကို အဋ္ဌ

http://www.dhammadownload.com



ကထာက 'ဗလိ'ဆိုတာ၊ ထိုထို ဆွေမျိုးစသည်တို့အား သင့်လျော်တဲ့ ပေးရကမ်းရမယ့် ဒါနရဲ့ အမည်ပဲလို့ ဖွင့်ပြတယ်"

"ဒါဖြင့် 'ပ–သ'တယ်ဆိုတာ ဒါနပြုတာပဲပေါ့ ဘုရား"

"အင်းပေါ့...ဒါနပြုတာပဲပေါ့"

"ဒီလိုဆိုတော့ကိုးကွယ်တာနဲ့ဒါနပြုတာတစ်ခြားစီပဲပေါ့ဘုရား"

"အင်းပေါ့...ဒါန ပြုတယ်ဆိုတာ '**အလှူခံတကျိပ်လေး၊ ရွေးတောင်ပါတယ်**'လို့ မဆိုကြဘူးလား?"

"ဆိုကြပါတယ်ဘုရား"

"ဆိုတော့စားစရာမရှိ၊ ခိုကိုးရာမဲ့ဖြစ်နေတဲ့ခွေးကို ကျွေးမွေးလိုက်၊ ဒါနပြုလိုက်၊ ပ–သလိုက်တာနဲ့ပဲ သူ့ကို ကိုးကွယ်ရောလား"

"ဟာ...ဒီလိုတော့လည်း ဘယ်ကိုးကွယ်မလဲဘုရား"

"ဒါဖြင့်...ဘယ်လိုဆိုမလဲ?"

"ကျွေးသင့်ကျွေးထိုက်လို့ကျွေးရတယ်လို့ပဲဆိုရမှာပေါ့ဘုရား"

"ကဲ...ဗလိငါးပါးမှာပါတဲ့ ဆွေမျိုးတစ်ဦးဦးအား မိမိက ထမင်းဟင်းစတဲ့ တစ်စုံတစ်ရာ စားသောက်ဖွယ်ကို ပေးကမ်းတယ်၊ ပူဇော်တယ်၊ ပ–သတယ်၊ အဲဒါမျိုး မပြုလုပ်ကြဘူးလား?"

"ပြုလုပ်ကြတယ်ဘုရား"

"အဲဒီလိုပဲ ဧည့်သည်တွေ ရောက်လာရင်လည်း စားသောက်ဖွယ် နေရာထိုင်ခင်း စသည်မပေးဘူးလား?"

"ပေးပါတယ်ဘုရား"

"အေး...အဲဒါဟာ '**ပူဇော် ပ–သ**'တာပဲပေါ့"

"မှန်ပါဘုရား"

http://www.dhammadownload.com



"တမလွန်ဘဝ ပြောင်းသွားတဲ့ မိဘဘိုးဘွား ဆွေမျိုးများကို ရည်မှန်းပြီးတော့လှူဒါန်းပေးကမ်း ပူဇော်ပ–သမှုမပြုလုပ်ဘူးလား?"

"ပြုလုပ်ပါတယ်ဘုရား"

"တိုင်းပြည်အုပ်ချုပ်တဲ့ မင်းအားလည်း အခွန်ပဏ္ဏာစတဲ့ ပေးကမ်းဖွယ်တွေပေးကမ်း၊ ပူဇော်ပ–သမှု ပြုရတယ်မဟုတ်လား?"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို ပေးကမ်း, ပူဇော် ပ–သတော့ သူတို့ကို ကိုးကွယ်ရာအနေနဲ့ ပေးကမ်း ပူဇော် ပ–သတာလား?"

"မဟုတ်ပါဘုရား"

"ပေးကမ်း ပူဇော် ပ–သသင့်လို့ ပေးကမ်း ပူဇော် ပ–သရတာပါပဲဘုရား"

"အဲဒီလို ပေးကမ်း ပူဇော် ပ–သတော့ သူတို့က အဲဒီ အပေးအကမ်း, အပူဇော်, အပ–သ ခံရသူတွေက အကြောင်းကြုံရတဲ့အခါ ကိုယ့်ကိုပြန်ပြီး ကူညီ မ–စမှု မပြုဘူးလား"

"ပြုကြပါတယ်ဘုရား"

"ဘာဖြစ်လို့ ကူညီ မ–စတာလဲ"

"ကိုယ်က ကူညီ မ–စခဲ့ဖူးတဲ့ ကျေးဇူးကြောင့် ကိုယ့်ကို ပြန်ပြီး ကူညီ မ–စတာပါဘုရား"

"အဲ...အဲဒီ သဘောအတိုင်းပေါ့၊ နတ်တွေဟာလည်း သူလိုကိုယ်လို သတ္တဝါမျိုးပဲ။ သူတို့မှာ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့၊ နေရာမဲ့မဲ့ဖြစ်နေရင် ပေးကမ်းသင့်က ပေးကမ်းနိုင်က ပေးကမ်းရမယ်။ ပေးကမ်းမှု ပြုကြတယ်မဟုတ်လား"

http://www.dhammadownload.com



"မှန်ပါ ပြုကြပါတယ်ဘုရား"

"အဲဒီလိုပြုလိုက်တော့ ရံခါ သူတို့က ကိုယ့်ပြန်ပြီး မစောင့်ရှောက်ဘူးလား"

"စောင့်ရှောက်ပါတယ်ဘုရား"

"ခုနက ဆွေမျိုး၊ မိတ်သင်္ဂဟ စသည်တွေက စောင့်ရှောက်တယ် မဟုတ်လား"

"မှန်ပါ စောင့်ရှောက်ပါတယ်ဘုရား"

"အဲဒီလို စောင့်ရှောက်ခံရတော့ ဘေးကင်း၊ ရန်ကင်း၊ အန္တရာယ်ကင်းပြီးတော့ စီးပွားချမ်းသာ တိုးတက်မလာဘူးလား?"

"တိုးတက်လာပါတယ်ဘုရား"

"တိုးတက်လာတာ နတ်တစ်ဦးထဲ မ,တာ ဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"ယခုတော့ ဘယ်လိုယူထားလဲ၊ နတ်တစ်ဦးထဲ မ,တယ်လို့ ယူမထားဘူးလား?"

"ယူထားပါတယ်ဘုရား"

"အေး..အဲဒီလိုတော့မဖြစ်သင့်ဘူး၊ဘာမဆိုကံကိုယုံပြီးပုံထားသူများကဲ့သို့ နတ်ကိုယုံပြီး ပုံထားမှုမျိုးတော့ မဖြစ်သင့်ဘူးနော်"

"မှန်ပါဘုရား"

"ရတနာသုံးပါးအပေါ်၌ အာရုံပြုလွန်းလေ ကောင်းလေလေ ဖြစ်သော်လည်း နတ်များအပေါ်၌ အလွန်အကျွံပုံ၍ ယုံခြင်းမျိုး, နတ်ရှုး ရှုးတယ်လို့ ဆိုရလောက်အောင် ရှုးမှု ဖြစ်မှုမျိုးတော့ မရှုးသင့်, မဖြစ်သင့်ပါဘူးနော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"တချို့များ ဘုရားရှင်တော့ ဆွမ်းတော်, ပန်းတော်, ရေချမ်းတော်, ဆီမီးတော်တင်ရမှန်း၊ ပူဇော် ပ–သရမှန်း မသိသလောက် သတိရမှု မရှိသလောက်ဘဲ၊ ဘုရားရှင်ဘေးနားက နတ်ပွဲ, ဝိဇ္ဇာပွဲ, အထက်ဆရာပွဲတွေကျတော့ ငှက်ပျောသီး မနွမ်းစေရ, ပန်းမညှိုးစေရ၊ အမွှေးနံ့သာ မပြတ်စေရ၊ ဆီမီးမငြိမ်းစေရအောင် တရိုတသေ, တယုတယ ပြုစုပ–သကြတယ်နော်"

"မှန်ပါဘုရား"

"အမယ်လေး အဲဒီအထဲ လူတွေတင်မက ဘုန်းကြီးအချို့ပါ ပါနေတာ ဦးပဥ္စင်းဖြင့် အံ့ပါရဲ့"

"အဲဒီဘုန်းကြီးတွေ ပါနေတော့ ဘုန်းကြီးနောက်လိုက် တပည့်တော်တို့လည်း ပါရတော့တာပေါ့ဘုရား"

"ကဲ...ကိုယ်က အမည်ခံထားတော့ ဘုရားသားတော်, သမီးတော် အမည်ခံမထားဘူးလား"

"အမည်ခံထားပါတယ်ဘုရား"

"ဒါဖြင့် ဘုရားကို ရိုသေလေးစားရမှာလား, နတ်ကို ရိုသေလေးစားရမှာလား"

"ဘုရားကို ရိုသေလေးစားရမှာပါဘုရား"

"ယခုတော့ ဘုရားသားတော်၊ သမီးတော် အမည်ခံပြီး ဘုရားကို တော်သလိုထားပြီး၊ ဘုရားထက် နတ်, အထက်ဆရာ, ဝိဇ္ဇာတွေကို ရိုသေလေးစားတဲ့ ပူဇော် ပ–သမှုမျိုးတွေဟာ မိမိရဲ့ ဘုန်းကြီးမပီသမှုဗုဒ္ဓဘာသာမပြီသမှုကိုဖော်ပြရာမရောက်ဘူးလား"

http://www.dhammadownload.com



"ရောက်ပါတယ်ဘုရား"

"အေး...လူဖြစ်လို့ ဗုဒ္ဓဘာသာ မပြိုသရာ ရောက်တာကတော့ တော်သေးတာပေါ့၊ ဘုန်းကြီးဖြစ်ပြီး ဘုရား သားတော် အမည်ခံပြီး ဗုဒ္ဓဘာသာ မပြိုသရာ ရောက်တာမှ တော်တော်ရှက်ဖို့ကောင်းတယ်နော်"

"မှန်ပါ၊ ရှက်ဖို့ကောင်းပါတယ်ဘုရား"

"ဘုရားသားတော်ဆိုပြီး ဘုရားတော့ မကိုးကွယ်ပဲ ဘာသွား ကိုးကွယ်နေသလဲ"

"နတ်တို့ ဝိဇ္ဇာတို့ ဘိုးတော်တို့ မယ်တော်တို့ကို ကိုးကွယ်နေပါတယ်ဘုရား"

"ကိုးကွယ်မှုမှားသလား၊ မမှားဘူးလား"

"မှားပါတယ်ဘုရား"

"သာသနာတွင်းကြီးမှာ ကိုးကွယ်မှု မှားသင့်သလား"

"မမှားသင့်ပါဘုရား"

"အဲ...ကိုးကွယ်မှုတွေ အမှားများလာရင် သာသနာကွယ်တော့တာပဲ"

"ကြောက်စရာကြီးပါလားဘုရား"

"ကြောက်စရာပေါ့"

"အရှင်ဘုရား၊ ပ–သမှု ရှင်းပါဦးဘုရား"

"ပ–သမှုကတော့ **စတုကနိပါတ်အင်္ဂုတ္တိုရ်မှာ** 'မိမိကြိုးစား ရရှိထားသော ပစ္စည်းများဖြင့် ဗလိငါးပါးပြုခြင်းကို စည်းစိမ်ရယူခြင်းအကြောင်းတစ်ရပ်'အဖြစ် ဟောတော်မူခဲ့တယ်"

http://www.dhammadownload.com



"ပြီးတော့ **ပဋ္ဌာနပါဠိ အင်္ဂုတ္တိုရ်** မှာလည်း အမျိုးသားတို့ရဲ့ တိုးတက်ကြီးပွားကြောင်း မဆုတ်ယုတ်ကြောင်း တရားငါးပါးဟောရာမှာ နတ်များကို ပူဇော်ပ-သခြင်းဟာ တစ်ပါးအနေနဲ့ ပါဝင်တယ်"

"ဒီတော့ နတ်များကို ပူဇော်ပ-သခြင်းကို လောကကြီးပွားရေးအတွက် တစ်ပါးတစ်ခုအနေဖြင့် ဘုရားရှင်အလိုရှိတာတော့ သိသာတယ်မဟုတ်လား?"

"မှန်ပါ၊ သိသာပါတယ်ဘုရား"

"အေး...အဲဒီလို အင်္ဂါတစ်ရပ်အနေ အစိတ်အပိုင်းတစ်ခုအနေလောက်ပဲ သဘောထားရမှာကို မိမိတို့ကောင်းကျိုးချမ်းသာရသမျှ နတ်မ,လို့ ဝိဇ္ဇာမ,လို့ဆိုတော့ ကိုယ်ပြုထားတဲ့ ခုနကဗလိငါးမျိုးအကျိုး ကုသိုလ်ကံရဲ့အကျိုး ကိုယ့်ရဲ့ ကာယကံလုံ့လ၊ ဝစီကံလုံ့လ၊ မနောကံလုံ့လ အကျိုးတွေ ပါသေးလား?"

"မပါတော့ပါဘုရား"

"မပါတော့ မှားလား၊ မှန်လား?"

"မှားပါတယ်ဘုရား"

"မှားရင် မိစ္ဆာဒိဋ္ဌိလား၊ သမာဒိဋ္ဌိလား?"

"မိစ္ဆာဒိဋ္ဌိပါဘုရား"

"မိစ္ဆာဒိဋ္ဌိဆိုတော့ ဗုဒ္ဓဘာသာတောင် ဟုတ်သေးရဲ့လား?"

"မဟုတ်တော့ပါဘုရား"

"အင်း...လူက ဗုဒ္ဓဘာသာမဟုတ်တာက ကိစ္စမရှိဘူး၊ ဘုန်းကြီးက ဗုဒ္ဓဘာသာ မဟုတ်တာက ခက်တယ်၊ အဲဒါ သာ

http://www.dhammadownload.com



သနာကို အပြင်က မဖျက်နိုင်ဘူး၊ အတွင်းကမှ ဖျက်နိုင်တယ် ဆိုတာ အဲဒါပေါ့"

"ကြောက်စရာကြီးပါလားဘုရား"

"ခုမှကြောက်စရာမှန်း သိသလား?"

"မှန်ပါဘုရား၊ ခုမှပဲ ကြောက်စရာမှန်း သိပါတယ်"

"အင်း...ဦးပဍ္ဍင်းတို့ မြန်မာပြည်ဟာ ဟိုစောစောပိုင်း သာသနာပက နတ်ကိုးကွယ်တဲ့ဘ၀ကနေပြီး ရတနာသုံးပါးကိုးကွယ်တဲ့ဘ၀သို့ မြင့်တက်လာရာမှ ယနေ့ပြန်ပြီး နတ်ကိုးကွယ်တဲ့ဆီသို့ ပြန်လည်ညွှန်ပြနေတော့ သာသနာဆုတ်နေသလား၊ တက်နေသလား?"

"ဆုတ်နေပါတယ်ဘုရား"

"အင်း...ဒါကြောင့် နတ်ကို မကိုးကွယ်သင့်ဘူးလို့မှတ်၊ ပ–သတော့ ပ–သသင့်တယ်နော်"

"ရှင်းပါဦးဘုရား"

"အဲဒီနတ်တွေကို သုံးဆယ့်တစ်ဘုံသား သတ္တဝါအနေနဲ့ သတိရစွာ အစာအာဟာရ စသည် ပေးကမ်းပ–သခြင်း၊ အမျှအတန်းဝေခြင်း စသည် ပြုရတာပေါ့၊ အဲဒါ ပ–သတာပေါ့"

"မှန်ပါဘုရား၊ ရှင်းပါပြီဘုရား"

"ယခုလောကမှာ ဆွေမျိုး၊ ညီသည်စတဲ့ လူများအချင်းချင်းကို ပေးကမ်းထောက်ပံ့လိုက်၊ ပ–သလိုက်လျှင် အဲဒီ မိမိပူဇော် ပ–သ ပေးကမ်းခံရသူက မိမိကို အခါခပ်သိမ်း မကူညီစေကာမူ သူတို့တတ်နိုင်တဲ့အခါ အကူအညီမပေးဘူးလား"

http://www.dhammadownload.com



"ပေးပါတယ်ဘုရား"

"အဲဒါ မ,စတာပေါ့၊ အဲဒီလိုပဲနတ်များကလည်းအရာခပ်သိမ်း ဘယ်ပေးစွမ်းနိုင်မလဲ၊ သူတို့တတ်နိုင်တဲ့အရာကိုတော့ သူတို့က စောင့်ရှောက်တယ်၊ မ,စတယ်၊ ပေးစွမ်းတယ်ပေါ့၊ အဲဒါကိုက အားလုံးကောင်းကျိုး မှန်သမျှ နတ်မ,လို့ ဝိဇ္ဇာမ,လို့ အထက် ဆရာမ,လို့ ဆိုတာ မမှားဘူးလား?"

"မှားပါတယ်ဘုရား"

"တကယ်လို့သာ အားလုံးနတ်တွေ ဝိဇ္ဇာတွေ အထက် ဆရာတွေကသာ မ,တယ်ဆိုရင် ဘာမှမလုပ်ဘဲ ပွဲတင်ပြီး ထိုင်နေ ပါလား၊ ဘာဖြစ်လို့ အလုပ်လုပ်နေရသေးလဲ၊ သူတစ်ပါးထံ အကူအညီတောင်းနေရသေးလဲ"

"သဘောကျပါပြီဘုရား"

- မယွင်းမှန်လှ၊ ဤလောက၌၊ လုံ့လမမူ၊ နတ်မကူဘူး၊ လူလည်းလုံ့လ၊ နတ်လည်းမ,၏။ (မဃဒေဝ)
- မကြိုးမကုတ်၊ အားမထုတ်မူ၊ လူမလုံ့လ၊ နတ်မမတည်း။ (မဃဝေဒ)
- သိကြားနတ်သျှင်၊ ကုသိုလ်ရှင်အား၊ မမြင်ရှောင်ကာ၊ မနေ သာတည့်၊ မြင်ပါလျက်တဲ့ ကုသိုလ်မဲ့က၊ တိမ်းငဲ့မျက်နှာ၊ မရှုသာတည်း။ (မဃဒေဝ)

❀ ❀ ❀

http://www.dhammadownload.com



# လူမိုက်နဲ့ပညာရှိကို ပညာနဲ့သတ်မှတ်ပါသလား

{ ၁၃ }

အချိန်ကား ပူပြင်းလှသော နွေရာသီ၏ နေ့လည်ခင်းချိန်ဖြစ်၏။ မိမိရောက်နေသည်မှာ မြို့ကြီးတစ်မြို့တွင်ဖြစ်၏။ တရားဟောရင်း အအေးပတ်ပြီး ဖျားရာမှ အဖျားပျောက်စဖြစ်၏။ အားမရှိ၍ မှိန်းနေသည်။ ဟိုကသည်က လာမေးကြသည်၊ အဖျားအနာ မေးသူများပြန်သွားသော် မိမိသည် မှိန်းမြဲမှိန်းနေပြန်သည်။ ထိုစဉ် မိမိဖျားနာမှန်းမသိသူ ဒကာတစ်ယောက် ရောက်လာကာ လျှောက်ထား၏။

"ဆရာတော်ဘုရား၊ **'လူမိုက်နဲ့ ပညာရှိကို ပညာနဲ့သတ်မှတ်ပါသလား'**ဘုရား"

"ဒကာကြီးအမေးကို ဦးပဥ္ဇင်းနားမရှင်းဘူး၊ မေးလိုရင်းက ဘယ်လိုလဲ၊ ပညာမတတ်သူကို လူမိုက်၊ ပညာတတ်သူကို ပညာ

http://www.dhammadownload.com



ရှိလို့ သတ်မှတ်ပါသလား၊ ဒီလိုလား၊ သို့မဟုတ်က ဘယ်လိုလဲ"

"မှန်ပါဘုရား၊ အဲဒီသဘောပါပဲ 'ဘယ်လိုလူကို လူမိုက် ဘယ်လိုလူကို ပညာရှိ ခေါ်သလဲဆိုတဲ့ သဘောပါပဲဘုရား၊ တစ်နည်းပြောရရင် လူမိုက်နဲ့ ပညာရှိကို ပညာနဲ့ သတ်မှတ်ပါသလား၊ အကျင့်စာရိတ္တနဲ့ သတ်မှတ်ပါသလား' လို့ မေးလိုတဲ့ သဘောပါဘုရား"

"အင်း...ဟုတ်ပြီ၊ အဲဒီအမေးဟာ ရှင်းတယ်၊ ဖြေလို့လည်း ကောင်းတယ်၊ ခုနက အမေးအားလုံးလည်း ခြုံမိငုံမိတယ်"

"ကဲ...ဒါဖြင့် ရှင်းပါဘုရား"

"ရှင်းဆိုရင် နှစ်ပိုင်းခွဲရှင်းမယ်၊ အကျဉ်းတစ်မျိုး၊ အကျယ် တစ်မျိုးပေါ့နော်"

"မှန်ပါဘုရား"

"အကျဉ်းရှင်းရရင် လူမိုက်နဲ့ပညာရှိကို ပညာနဲ့ မသတ်မှတ် ဘူး၊ အကျင့်စာရိတ္တနဲ့ သတ်မှတ်တယ်လို့ မှတ်ထားနော်"

"မှန်ပါဘုရား"

"အကျယ်ရှင်းရရင် လူမိုက်လို့ သိနိုင်တဲ့ အမှတ်အသား ဟာ သုံးမျိုးရှိတယ်၊ ဘာတွေလည်းဆိုတော့-

## လူမိုက်လက္ခဏာ

၁။ မကောင်းသောအလုပ်ကို လုပ်ခြင်း၊

၂။ မကောင်းသောစကားကို ပြောခြင်း၊

၃။ မကောင်းသောအကြံကို ကြံခြင်းလို့ အဲဒီ အမှတ်အသား

http://www.dhammadownload.com



လက္ခဏာ"သုံးပါးနဲ့ ပြည့်စုံတဲ့သူဟာ အမျိုးမြတ်သူပဲဖြစ်ဖြစ်၊ ပစ္စည်းကြွယ်ဝသူ သူဌေးသူကြွယ်ပဲဖြစ်ဖြစ်၊ အစိုးရသူ အရာရှိ၊ အရာခံကြီးပဲဖြစ်ဖြစ်ဘယ်သူမဆို"**လူမိုက်=ဗာလ**"ပဲဒကာကြီး။ ရှင်းရဲ့လား?"

"ရှင်းပါတယ်ဘုရား"

"ရှင်းမှရှင်းတယ်ပြောနော်၊ မရှင်းဘဲနဲ့တော့ အားနာပါးနာနဲ့ ရှင်းပါတယ်လို့ မပြောပါနဲ့"

"အားနာရမယ့် ဆရာတော်တွေမှ မဟုတ်ဘဲဘုရား။ မရှင်းဘဲ ရှင်းတယ်ပြောပ့ါမလား၊ ရှင်းလို့ရှင်းတယ်ပြောတာပါ"

"ကဲ…ဒါဖြင့် ဆက်ရှင်းကြဦးစို့၊ အဲဒီခုနက ပြောခဲ့တဲ့ အမှတ်အသားသုံးမျိုးနဲ့ ပြည့်စုံတဲ့သူတွေဟာ ဒီလောကမှာ–

၁။ ဘေးရန်အမျိုးမျိုး ကင်းရှင်းအေးချမ်းခြင်း၊

၂။ ဂုဏ်သတင်း ကျော်စောခြင်း၊

၃။ အများချစ်ခင်လေးစားခြင်း၊

၄။ ပရိသတ်၌ ရွံ့စိုးကင်းခြင်း၊ ရဲရင့်ခြင်းစတဲ့ ကောင်းကျိုးမျိုးကို မရနိုင်တော့ဘူးဒကာကြီး"

"မှန်ပါဘုရား"

"ဒီတော့ လူမိုက်အဖို့ မျက်မှောက်ဘဝ ခံစားရမယ့် ကောင်းကျိုးတွေ ပျက်မသွားဘူးလား"

"ပျက်သွားပါတယ်ဘုရား"

"ဘယ်သူဖျက်တာလဲ"

"လူမိုက်ဘာသာ လူမိုက်ဖျက်တာပါဘုရား"

"ပြီးတော့ အဲဒီလူမိုက်ဟာ အမျိုးမြတ်သူ၊ ပစ္စည်းချမ်းသာသူ၊

http://www.dhammadownload.com



ရာထူးကြီးသူ စသည်ဖြင့် အထက်တန်းရောက်နေသူပင် ဖြစ်စေကာမူ တမလွန်ဘဝ နောက်လောကမှာတော့ လူ့ဘုံနတ်ဘုံခေါ်တဲ့ ကောင်းတဲ့ သုဂတိဘုံဘဝတွေမှာ ချမ်းသာအကျိုး မခံစားရတော့ဘူး ဒကာကြီး"

"မှန်ပါဘုရား"

"ဒီတော့ လူမိုက်အဖို့ တမလွန်ဘဝ ခံစားရမယ့် ကောင်းကျိုးတွေ ပျက်မသွားဘူးလား?"

"ပျက်သွားပါတယ်ဘုရား"

"ဘယ်သူဖျက်တာလဲ?"

"သူ့ဘာသာသူ ဖျက်တာပါဘုရား"

"ဒီတော့ လူမိုက်မှာ မျက်မှောက်အကျိုး တမလွန်အကျိုး နှစ်မျိုးလုံး ပျက်မသွားဘူးလား?"

"ပျက်သွားပါတယ်ဘုရား"

"ဒါ့ကြောင့် မျက်မှောက် တမလွန်အကျိုး နှစ်မျိုးလုံးကို ဖြတ်တောက်တတ်သူလို့ လူမိုက်ဗာလရဲ့ အနက်ကို ဖွင့်ကြတယ်"

## လူမိုက်ဆိုတာ

"ရှင်းပါဦးဘုရား"

"ရှင်းပါဦးဆိုတော့ "**ဒွေအတ္တေ လုနန္တီ တိဗာလာ**", **ဒွေအတ္တေ**=မျက်မှောက်ဘဝ တမလွန် အကျိုးနှစ်မျိုးတို့ကို၊ **လုနန္တိ**= ဖြတ်တောက်တတ်ကုန်၏၊ **ဣတိ**=ထို့ကြောင့်၊ **ဗာလာ**=ဗာလမည်ကုန်၏" လို့ပဲ ရှင်းရမှာပေါ့၊ ကဲရှင်းလား"

http://www.dhammadownload.com



"ရှင်းပါတယ်ဘုရား"

"ကဲ...ဆက်ရှင်းကြဦးစို့၊ ဆက်ရှင်းတော့ ခုနကပြောခဲ့တဲ့ အမှတ်အသား သုံးမျိုးနဲ့ ပြည့်စုံတဲ့သူဟာ ဒီဘဝမှာပဲ-

၁။ အပြစ်ဒဏ် ခံရခြင်း၊

၂။ ဘေးရန်များခြင်း၊

၃။ ဂုဏ်သိမ်မဲ့ခြင်း၊

၄။ လူကဲ့ရဲ့ခံရခြင်း စတဲ့ မကောင်းကျိုးတွေ အကျိုးမယုတ်တွေသာ ရတတ်တယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ တမလွန်ဘဝ နောက်လောကမှာ လူမိုက်တို့ရဲ့ သွားရာလမ်းဟာ အပါယ်လေးပါးသို့သာ တန်းရောက်ရတော့ တယ် ဒကာကြီး"

"မှန်ပါဘုရား"

"ဒီတော့ လူမိုက်ဟာ မျက်မှောက်၊ တမလွန် အကျိုးမဲ့ နှစ်မျိုးကို ရယူတတ်သူ ဖြစ်မသွားဘူးလား?"

"ဖြစ်သွားပါတယ်ဘုရား"

"ဒါကြောင့် ပါဠိလို ဖွင့်တာပေါ့"

"ဘယ်လိုပါလဲဘုရား"

"**ဒွေအနတ္ထေလာဘ္ဘတိဗာလာ**။ **ဒွေအနတ္ထေ**=မျက်မှောက် တမလွန် အကျိုးမဲ့နှစ်မျိုးတို့ကို၊ လာဘ္ဘ=ယူတတ်ကုန်၏။ **ဣတိ**= ထို့ကြောင့်၊ **ဗာလာ**=ဗာလမည်ကုန်၏"လို့ ဖွင့်တယ်၊ ရှင်းလား"

"ရှင်းပါတယ်ဘုရား"

http://www.dhammadownload.com



"အဲဒီလိုလူမျိုးမှာ ပညာတွေ ဘယ်မျှလောက် တတ်စေဦး တော့ ပညာအရ သိထားတဲ့ ကောင်း,မကောင်း၊ ဟုတ်,မဟုတ် မှန်,မမှန် လိုက်နာရှောင်ကြဉ်ခြင်းမရှိဘဲ တလွဲကျင့်တဲ့လူဖြစ်လို့ ပညာဖြင့် အသက်ရှင်နေသူ မဟုတ်ဘူးတဲ့"

"တယ်ဆိုပါလားဘုရား"

"ဆိုတာပေါ့၊ ကဲ...ဆက်နားထောင်ဦး"

"မှန်ပါ၊ အမိန့်ရှိပါဦးဘုရား"

"အဲဒီလိုလူမျိုးကို အသက်ရှုရုံမျှဖြင့် အသက်ရှင်နေသူလို့ လည်း အနက်ဖွင့်ဆိုရပြန်တယ် ဒကာကြီးရဲ့"

"မှန်ပါဘုရား"

"ပါဠိလိုကတော့–'**ဗာလန္တိ တိဗာလာ**၊ **ဗာလန္တိ** =ပညာမပါ အသက်ရှုရုံမျှ အသက်ရှင်နေကြကုန်၏။ **ဣတိ**=ထို့ကြောင့်၊ **ဗာလာ**=ဗာလမည်ကုန်၏'တဲ့ ရှင်းလား"

"ရှင်းပါတယ်ဘုရား"

"ကဲ...ရှင်းရင် ဗာလသဘော နိဂုံးသတ်ပြီး, ပညာရှိရဲ့ သဘောကို ရှင်းကြစို့၊ ပညာရှိဆိုတာဟာ–

## လူလိမ္မာဆိုတာ

၁။ ကောင်းသောအလုပ်ကို လုပ်ခြင်း၊

၂။ ကောင်းသောစကားကို ပြောခြင်း၊

၃။ ကောင်းသောအကြံကို ကြံခြင်းရယ်လို့ အဲဒီ "အမှတ် အသား လက္ခဏာ" သုံးပါးနဲ့ ပြည့်စုံတဲ့သူဟာ အမျိုးယုတ်သူပဲ

http://www.dhammadownload.com



ဖြစ်ဖြစ်၊ ပစ္စည်းမွဲသူပဲဖြစ်ဖြစ်၊ ရာထူးရာခံ မရှိသူပဲဖြစ်ဖြစ်၊ ဘယ်သူ မဆို "**ပညာရှိပဏ္ဍိတ**"ပဲ ဒကာကြီးရဲ့ ရှင်းရဲ့လား?"

"ရှင်းပါတယ်ဘုရား"

"ဒကာကြီးမေးတိုင်း ရှင်းတာချည်းပဲ မရှင်းတာမရှိဘူး၊ ဖြေရတာတောင် အားမရှိဘူး"

"ဘာဖြစ်လို့လဲဘုရား"

"မြှောက်ပေးသလို ဖြစ်နေတာကိုး ဒကာကြီးရဲ့"

"အို...ဘုရားတပည့်တော်မှာ ဒီလိုသဘော မပါပါဘူးဘုရား"

"ဒါဖြင့် ဘယ်လိုသဘောပါသလဲ"

"တကယ့်ကို ရှင်းသွားလို့ ရှင်းတယ်လို့ ဖြေတဲ့သဘောရိုး၊ မနောရိုးနဲ့ ပြောတဲ့သဘောပါပဲဘုရား"

"ကဲ...ဒါဖြင့် ဆက်ရှင်းကြဦးစို့နော်"

"မှန်ပါ၊ ရှင်းပါဘုရား"

"ခုနက ပြောခဲ့တဲ့ 'အမှတ်အသား လက္ခဏာ' သုံးပါး ထင်ရှားနေသူဟာ ဒီလောကမှာ-

၁။ ဘေးရန်အမျိုးမျိုး ကင်းရှင်းအေးချမ်းခြင်း၊

၂။ ဂုဏ်သတင်း ကျော်ဇောခြင်း၊

၃။ ပရိသတ်၌ ရွံ့စိုးကင်းခြင်း၊ ရဲရင့်ခြင်း စတဲ့ ကောင်းကျိုး တွေ ရနိုင်တယ် ဒကာကြီး"

"မှန်ပါဘုရား"

"ဒီတော့ ပညာရှိအဖို့ မျက်မှောက်ဘဝ ခံစားရမယ့် ကောင်း ကျိုးတွေ ရတယ်မဟုတ်လား?"

http://www.dhammadownload.com



"ရပါတယ်ဘုရား"

"ဘယ်သူက ရအောင်လုပ်ပေးတာလဲ၊ နတ်, သိကြား, အထက်ဆရာ, ဝိဇ္ဇာတွေက လုပ်ပေးတာလား?"

"မဟုတ်ပါဘုရား၊ သူ့ဘာသာသူ ရအောင် လုပ်တာပါ ဘုရား"

"အေး...အဲဒီလိုသိမှပေါ့၊ အဲဒီလို သိတာသည်ပင်လျှင် ပညာ ရှိပဲ ဒကာကြီးရဲ့"

"အရှင်ဘုရားကလဲ"

"ဘာအရှင်ဘုရားကလဲလဲ၊ မြှောက်တာထင်လို့လား။ ဦးပဥ္စင်း တို့က အမှန်ပြောလွန်းလို့ တရားနာပရိသတ်တွေက တယ်ပြီး မကြိုက်ချင်ဘူး"

"အို...မဟုတ်တာဘုရား"

"မဟုတ်တာဘုရား လုပ်မနေနဲ့၊ ဒီခေတ်က မဟုတ်တာမှ အဟုတ်ထင်တဲ့ခေတ် ဒကာကြီးရ"

"ဟုတ်ပါတယ်ဘုရား၊ ဟုတ်ပါတယ်"

"အင်း...ခုနကတော့ မဟုတ်တာတဲ့၊ ခုတော့ ဟုတ်ပါ တယ်တဲ့၊ ဦးပဥ္စင်းက ဘာဆက်ပြောမလဲ?"

"ဟုတ်ပါတယ်ပဲ ဆက်ပြောပါဘုရား"

"ဟောတော့ ဝိပဿနာတဲ့၊ ဟောပုံက သံတို သံရှည်ဆွဲပြီး အညာအခရာ, အတာတွေနဲ့ ဟောတယ်၊ အားထုတ်တော့ တရား တဲ့၊ အဲဒီတရားမျိုးမှ ကြိုက်တယ်တဲ့ ကောင်းသေးလား?"

"မကောင်းတော့ပါဘုရား"

http://www.dhammadownload.com



"ကဲ…အဲဒါထားဦး၊ ခုနက ပညာရှိသဘောရှင်းတာ ဘယ်တောင်ရောက်သွားလဲ မသိဘူး"

"မျက်မှောက်ကျိုးရပုံ ရှင်းပြီးသွားပါပြီဘုရား"

"အင်း…ဟုတ်ပြီ ပြီးတော့ အဲဒီပညာရှိဟာ အမျိုးယုတ်သူ၊ ပစ္စည်းမဲ့သူ၊ ရာထူးမရှိသူ စသည်ဖြင့် အောက်တန်းရောက်နေသူပင် ဖြစ်စေကာမူ တမလွန်ဘဝ နောက်လာကမှာတော့ လူ့ဘုံ နတ်ဘုံခေါ်တဲ့ ကောင်းတဲ့သုဂတိဘုံဘဝတွေမှာ ချမ်းသာအကျိုးတွေ ခံစားရမယ်ဒကာကြီး"

"မှန်ပါဘုရား"

"ဒီတော့ ပညာရှိအဖို့ ဒီဘဝအကျိုး၊ နောက်ဘဝ အကျိုး နှစ်မျိုးလုံးကို မရဘူးလား၊ ရသလား?"

"ရပါတယ်ဘုရား"

"အင်း…အဲဒီလို ဒီဘဝ၊ နောက်ဘဝအကျိုး နှစ်မျိုးလုံးကို ရယူတတ်လို့ '**ပညာရှိ ပဏ္ဍိတ**'လို့ ခေါ်ရတယ် ဒကာကြီး"

"မှန်ပါဘုရား"

"စာပေနဲ့ တခြားအတတ် အမျိုးမျိုးကို တတ်မြောက်သူကို တစ်နည်းတစ်လမ်းအရ '**ပညာရှိ ပဏ္ဍိတ**'လို့ ခေါ်ဆိုကြသော်လည်း ထိုသူမှာ ခုနကပြောခဲ့တဲ့ လက္ခဏာသုံးပါးမရှိရင် '**ပဏ္ဍိတာနုဿဝနာ**'အရ ပဏ္ဍိတလို့ မဆိုအပ်ဘူးဒကာကြီး"

"မှန်ပါဘုရား"

"စာပေ အတတ်ပညာ ထူးခြားစွာမတတ်သော်လည်း ကောင်း,မကောင်း သိနားလည်ပြီး၊ သိနားလည်သည့်အတိုင်း

http://www.dhammadownload.com



ကျင့်ကြံတဲ့ လူလိမ္မာ သူတော်ကောင်းကိုသာ ပဏ္ဍိတလို့ ဆိုလို တယ် ဒကာကြီး"

"မှန်ပါဘုရား"

"တကယ်လို့ အတတ်ပညာနဲ့လည်း ပြည့်စုံမယ်၊ အကျင့်လည်းကောင်းမယ်ဆိုရင် အဲဒီလူဟာ ပဏ္ဍိတအရ အပြည့်ဝဆုံး အနက်ကို ဆောင်လျက်ရှိရာ တကယ်အားကိုးမှီခိုထိုက်တဲ့ပုဂ္ဂိုလ် ပေါ့နော်"

"မှန်ပါဘုရား"

"အဲ...ယခုပြောဆိုခဲ့ပြီးတဲ့ သဘာဝများအရ ပဏ္ဍိတပညာရှိကို မျက်မှောက် တမလွန် အကျိုးနှစ်ပါးမှာ ဉာဏ်အသွားနဲ့ သွားနေတတ်သူလို့ အနက်ဖွင့်ဆိုကြတယ် ဒကာကြီး"

"ဖွင့်ပြပါဦးဘုရား"

"**ပဏ္ဍန္တီတိ ပဏ္ဍိတာ**။ **ပဏ္ဍန္တိ**=အကျိုးနှစ်ပါး၌ ဉာဏ် အသွားဖြင့် သွားတတ်, ရောက်တတ်ကုန်၏။ **ဣတိ**=ထို့ကြောင့်၊ **ပဏ္ဍိတာ**=ပဏ္ဍိတမည်ကုန်၏တဲ့ ဒကာကြီး"

"မှန်ပါဘုရား"

"အကျိုးနှစ်ပါး သိနားလည်တဲ့ ဉာဏ်အစဉ်ရှိနေသူဖြစ်ရာ ကောင်းစွာဖြစ်တဲ့ ဉာဏ်ရှိသူတို့လည်း ဖွင့်ကြပြန်တယ် ဒကာ ကြီးရဲ့"

"ရှင်းပါဦးဘုရား"

"**သဥ္စာတာ ပဏ္ဍာ ဧတေသန္တိ ပဏ္ဍိတာ**။ **ဧတေသံ**=ထို ပုဂ္ဂိုလ်တို့အား၊ **သဥ္စာတာ**=ကောင်းစွာဖြစ်သော၊ **ပဏ္ဍာ**=ပညာ

http://www.dhammadownload.com



သည်၊ **အတ္ထိ**=ရှိ၏။ **ဣတိ**=ထို့ကြောင့်၊ **ပဏ္ဍိတာ**=ပဏ္ဍိတ မည်ကုန်၏တဲ့။ ကဲ…အဲဒါဟာ လူမိုက်နဲ့ ပညာရှိသဘောပဲ ရှင်းလား?"

"ရှင်းပါတယ်ဘုရား"

"ကဲ–ဒါဖြင့် ပေါင်းထိုက် မပေါင်းထိုက် ဆက်ပြီး ရှင်းကြဦးစို့နော်"

"မှန်ပါ၊ ရှင်းပါဘုရား"

"လောကမှာ ဖြစ်ပေါ်နေတဲ့ ဘေးရန်အန္တရာယ်များဟာ လူမိုက် ဗာလများကြောင့်သာ ဖြစ်တာတဲ့၊ ပဏ္ဍိတ=ပညာရှိကြောင့် ဖြစ်တာ မဟုတ်ဘူးလို့ ဘုရားဟောတယ်နော်"

"မှန်ပါဘုရား"

"အဲဒါကြောင့် အများဆင်းရဲရေး ဘေးအန္တရာယ်ကို ဖန်တီးတတ်သူ လူမိုက်ဟာ ကြောက်လန့်ဖွယ် ပုဂ္ဂိုလ် မဟုတ်ဘူးလား"

"မှန်ပါ၊ ကြောက်လန့်ဖွယ်ပါဘုရား"

"အဲဒီလိုပုဂ္ဂိုလ်မျိုး ပေါင်းထိုက်ရဲ့လား?"

"မပေါင်းထိုက်ပါဘုရား"

"အများချမ်းသာကောင်းစားရေးကိုသာ ပြုတတ်တဲ့ သူတော်ကောင်းများဟာ ချစ်မြတ်နိုးဖွယ်ရာ ဖြစ်ရတယ်နော်"

"မှန်ပါဘုရား"

"ဒါ့ကြောင့် နီတိဆရာများက '**ပညာဖြင့် တန်ဆာဆင်ထားစေကာမူ လူမိုက် လူယုတ်မာကို ရှောင်ရမယ်**'တဲ့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"ပတ္တမြားလည်းဆွဲဆင်ထားတဲ့ မြွေဟာ အန္တရာယ်မပြုတတ်ဘဲ ရှိပါ့မလားတဲ့၊ ကဲ…မမှန်လား ဒကာကြီး"

"မှန်ပါတယ်ဘုရား"

"မီးလောင်တဲ့အိမ်က မီးဟာ အိမ်ကိုလည်းလောင် အိမ်ကို မှီနေတဲ့ လူများကိုလည်း လောင်တတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း…အဲဒီဥပမာလိုပဲ လူမိုက်ဗာလဟာ မိမိရဲ့ အယူမှား အပြုမှားတို့ဖြင့် မိမိကိုလည်း ဖျက်ဆီး, မိမိစကား လိုက်နာသူတို့အားလည်း ပျက်စီးဆုံးရှုံးစေတတ်တယ်တဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ လူမိုက်ကို ပေါင်းသင့်ရဲ့လား"

"မပေါင်းသင့်ပါဘုရား"

"ဘေးရန် ဖြစ်လာတဲ့အခါ အကွယ်အကာ အစောင့်အရှောက်ကောင်းကဲ့သို့လည်းကောင်း၊ အမိုက်မှောင်၌ အမြင်ကို ရစေတတ်သော ဆီမီးကဲ့သို့လည်းကောင်း၊ မှန်ကန်သင့်မြတ်တဲ့ အပြုအမူ အယူအဆရှိသူ ပညာရှိများဟာ မိမိကိုလည်းကောင်း၊ မိမိအား မှီခိုသူများကိုလည်းကောင်း ဘေးအန္တရာယ် ကင်းစေတတ် ချမ်းသာစေတတ်တယ်တဲ့"

"မှန်ပါဘုရား"

"ဒီတော့ ပညာရှိကို မမှီဝဲသင့်ဘူးလား"

"မှီဝဲသင့်ပါတယ်ဘုရား"

http://www.dhammadownload.com



"ဒါကြောင့် မိမိထက်သာသူနှင့် တန်းတူရွယ်တူ ပုဂ္ဂိုလ်များကို မရနိုင်ရင် တစ်ယောက်တည်းပဲ ကျင့်ရမယ်တဲ့"

"မှန်ပါဘုရား"

"ဘာဖြစ်လို့လည်းဆိုတော့ သူမိုက်မှာ သဟာယဖြစ်ကြောင်း ကောင်းသောဂုဏ်များ မရှိလို့တဲ့"

"မှန်ပါဘုရား"

"သတ္တဝါများဟာ ဓာတ်တူချင်းချင်းသာ နှီးနှောညီညွတ်ကြရသည့်လို့ ဓာတုသံယုတ်ပါဠိတော်မှာ ဘုရားရှင်ဟောတော်မူခဲ့တယ်"

"အမိန့်ရှိပါဦးဘုရား"

"သဒ္ဓါမရှိသူဟာ သဒ္ဓါမရှိသူချင်းချင်း နှီးနှောညီညွတ်ကြတယ်၊ ပေါင်းသင်းကြတယ်"

"မှန်ပါဘုရား"

"အဲဒီအတူပဲ ပညာမဲ့သူဟာ ပညာမဲ့သူအချင်းချင်း၊ ပညာရှိသူဟာ ပညာရှိသူချင်းချင်း၊ ပျင်းသူဟာ ပျင်းသူချင်းချင်း၊ လုံ့လရှိသူဟာ လုံ့လရှိသူချင်းချင်း မရှက်သူ မလန့်သူဟာ မရှက်သူ မလန့်သူ ချင်းချင်းသာ အပေါင်းအသင်းပြုမိ၊ နှီးနှောညီညွတ်မိလျက် ရှိကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အင်း...အဲဒါကြောင့် 'ဓာတု–ဓာတ်'ဆိုတာ အလိုအကြိုက် အတွင်းဓာတ်ခံ စိတ်ထားပဲလို့ မှတ်ထားနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲဒီစိတ်ဟာ ကူးစက်တတ်တဲ့ သဘောရှိ၍ တစ်ဦးနဲ့ တစ်ဦး နှီးနှောမိရန် ဖန်တီးတတ်တဲ့ အခြေခံ သဘာဝမျိုးပင် ဖြစ်ရာ အဲဒါကို အလိုသဘောလို့လည်း ခေါ်တယ်လို့မှတ်ထား"

"မှန်ပါဘုရား"

"ရှင်သာရိပုတ္တက ပညာကြီးတော့ ရှင်သာရိပုတ္တရဲ့ တပည့်အားလုံးဟာ ပညာကြီးကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ရှင်မဟာမောဂ္ဂလာန်ကား တန်ခိုးကြီးတော့ အရှင်ရဲ့ တပည့်အားလုံးဟာ တန်ခိုးမကြီးဘူးလား"

"ကြီးပါတယ်ဘုရား"

"အဲဒီအတူပဲ အကောင်းဖက်မှာ စိတ်တူချင်းချင်း ပေါင်းစပ်မိသကဲ့သို့ မကောင်းတဲ့ဖက်မှာလည်း ရှင်ဒေဝဒတ်ရဲ့ တပည့်အားလုံးဟာ အလိုဆိုးရှိတွေချည်း ဖြစ်ကြတယ်။ မဟုတ်လား?"

"မှန်ပါ၊ ဟုတ်ပါတယ်ဘုရား"

"ဒီတော့ စိတ်တွေဟာ ကူးစက်တယ်, နှီးနှောမိတတ်သော ကြောင့် လူတော် လူကောင်းဖြစ်ရေးမှာ အပေါင်းအသင်း အရေး မကြီးဘူးလား"

"အရေးကြီးပါတယ်ဘုရား"

"ဒီတော့ မတတ်သာလို့ မိမိုက်,ဘမိုက်,ဆရာမိုက်တွေနဲ့ ဆုံနေရသည်ဖြစ်စေ၊ လူမိုက်တွေနဲ့ ပေါင်းသင်းနေရသည်ဖြစ်စေ စိတ်မကူးအောင် အထူးသတိထားသင့်တယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အကောင်းခေတ်ဟာ အကူးအစက် နေးတတ်သော်လည်း မကောင်းခေတ်ဟာ အကူးအစက် မြန်တတ်တယ်နော်"

"မှန်ပါဘုရား"

"အဲဒါကြောင့် ဘုရားရှင်က–

"ယုတ်ညံ့သူကို ပေါင်းရင် မိမိမှာ ယုတ်ညံ့သူ ဖြစ်ရတယ်၊ တန်းတူသူကို ပေါင်းရင် မဆုတ်ယုတ်၊ အဆင့်အတန်း မြင့်သူကို ပေါင်းရင် လျင်မြန်စွာ တိုးတက်မြင့်မားလာတယ်"လို့ ဟောတော်မူတယ် ဒကာကြီး၊ မှတ်ထားနော်"

"မှန်ပါ၊ မှတ်ထားပါမယ်ဘုရား"

"ကဲ...ဒီလောက်ဆိုရင် ဒကာကြီး သိချင်တဲ့ ပြဿနာ မပြေလည်သေးဘူးလား?"

"ပြေလည်သည့်ထက်တောင် ပိုပါတယ်ဘုရား"

"ဒါဖြင့် ဒေတ်ကြဦးစို့"

"မှန်ပါဘုရား"

❀ လူမိုက်ဆိုလျှင် အမြဲပင် ရှောင်ကြဉ်ကြနိုင်စေ၊
❀ ပညာရှိအား လူအများလိုလားပေါင်းနိုင်စေ၊
❀ လူမိုက်တို့အား ကြဉ်ရှောင်ရှား ဘေးများကင်းနိုင်စေ၊
❀ ပညာရှိအား ပေါင်းသင်းငြား ကျိုးများနိုင်ပါစေ။

http://www.dhammadownload.com



# ပူပန်စိတ်မဖြစ်ဘူးလား

{ ၁၄ }

နွေရာသီနေ့တစ်နေ့ဖြစ်၏။

အပြင်အပ ဥတုကလည်း ပူလှသည်။ သံသရာခရီးသွား ဖြစ်သော မိမိသည် ထိုနွေရာသီ အပူထန်သော ထိုနေ့တစ်နေ့ တွင် မီးရထားနှင့် ခရီးသွားခဲ့ရ၏။ မီးရထားကား အထက်တန်း တွဲပင်၊ လူကလည်း ကြပ်လှ၏။ ငိုတတ်သောကလေးငယ် ပါလာ သဖြင့် တအီအီနှင့် နားလည်း မသက်သာ၊ ဤအထဲတွင် အလိုက် မသိ ထင်ရာမြင်ရာ ပြောတတ်သူများ ပါလာပြန်ရကား သာ၍ ခက်တော့၏။ ထိုထက် ခက်သည်ကား အပေါ့ အလေးသွားစရာ လမ်းပင်မရှိတော့၍ ခက်ရသည့်အခက်ကား အခက်ဆုံးဖြစ်တော့၏။

မိမိသည် ယင်းဒုက္ခဖြေရှင်းနိုင်ရေးအတွက်သာ မျှော်လင့်ရ တော့၏။ သို့သော် ရထားကား တစ်ခါရပ်သော် မထွက်နိုင်၊

http://www.dhammadownload.com



ထွက်သော်လည်း တလှုပ်လှုပ်နှင့် မရောက်နိုင်ခဲ့၊ ရောက်ကား... ရောက်၏။ အချိန်နောက်ကျသည်။ ရောက်သော် ဒုက္ခကင်းဝေးပြီ ဟု ဝမ်းသာရ၏။ သို့သော် အချိန်မမှန်သော ရထားကို ကြုံဆို သူများ၏၊ ဒုက္ခကိုမြင်ရသဖြင့် မသက်မသာနှင့်ပင် တည်းခိုရာ ကျောင်းသို့ သွားရတော့၏။ ကျောင်းရောက်ရောက်ခြင်းပင် ဆရာ တော်က စာတစ်စောင်ပေး၏။

"ပညာဇောတ ဟောဒီမှာ မင်းအတွက်စာတစ်စောင်ကို (...) ရိပ်သာဆရာတော်ကိုယ်တိုင် လာပေးသွားတယ်၊ မင်းနဲ့တွေ့ချင် လို့တဲ့၊ ကိုယ်တိုင်လာတယ်၊ မတွေ့ရလို့ ဒီစာကိုပဲပေးခဲ့တယ်"

ဆရာတော်သည် ယင်းသို့ ပြောပြောဆိုဆိုပင် မိမိအား စာတစ်စောင် လှမ်းပေးသည်၊ လိပ်စာရှင်ကို မိမိမသိပါလော၊ သို့နှင့် မိမိကမေးသည်။

"တပည့်တော်နှင့် ဒီ(...)ရိပ်သာဆရာတော်နှင့်လည်း မသိ ဘဲနဲ့ ဘာကိစ္စအတွက် ဘာစာတွေ ရေးပေးလည်း မသိဘူး"

"ဖတ်ကြည့်ပေါ့၊ ဖတ်ကြည့်ရင်သိမှာပေါ့"

"အင်းပေါ့ ဖတ်တော့ဖတ်ကြည့်ရမှာပေါ့၊ ကိုယ့်လက်ထဲ ရောက်နေမှဘဲဟာ"

"ကဲ...ဖတ်စမ်းပါဦး"

သို့

တေဒဂ်–အရှင်ပညာဇောတ

ဝိသိဋ္ဌ ဒီဃဘာဏက

၁၃၃၈ ခု ပြာသိုလဆန်း ၁၅ ရက်။

http://www.dhammadownload.com



လျှောက်ထားပါတယ် ဦးပဋ္ဋင်းဘုရား၊ ဦးပဋ္ဋင်းရဲ့ ဗုဒ္ဓဓမ္မပြဿနာများ(၁)ကို ဖတ်ရပါတယ် ဘုရား။

အမှတ်(၇) စာမျက်နှာ(၅၁) "တောနေမှ တရား ရမှာလားဘုရား" ဆောင်းပါးအရ ဦးပဋ္ဋင်းရဲ့ "တောရကျောင်းနေ စိတ်ဓာတ်ကို" သဘောကျ ပါတယ်ဘုရား။

အမှတ်(၁၅) စာမျက်နှာ (၁၀၄) "ပါးစပ် လှုပ်ရုံနဲ့ အမြတ်ဆုံး ကုသိုလ်ရတာ"ဆောင်းပါးနဲ့ ...အမှတ်(၂၃) စာမျက်နှာ (၁၅၇) 'ငါ့ကြည့်နေ' ဆောင်းပါးအရ ...ဦးပဋ္ဋင်းရဲ့ ထေရ်ကြီးဝါကြီး ဆရာ တော်ဘုရားကြီးများကို ဆည်းကပ်လိုတဲ့ စိတ်ဓာတ် ကို အလွန်အားရပါတယ်ဘုရား။

အမှတ်(၄၆) စာမျက်နှာ (၃၄၇) "ရဟန္တာ လေးဟောတဲ့ တရားနာခဲ့တယ်" ဆောင်းပါးအရ ဦးပဋ္ဋင်းရဲ့ ဥဖုပ္ပဋိပန္နဂုဏ်ကို အလွန်ဘဲ အားရပါတယ် ဘုရား။

နိဒါန်းစာမျက်နှာ (၁၀)အရ ဦးပဋ္ဋင်း သပိတ် ပြုမိပုံကိုလည်း သဘောကျပါတယ်ဘုရား"

အမှတ်(၃၅) စာမျက်နှာ (၂၅၂) "အိမ်မှာ ထားရမှာ ရှက်လို့တဲ့" ဆောင်းပါးနဲ့ အမှတ် (၃၉) စာမျက်နှာ(၂၇၉)"ဟေ...လာကြ၊ လာကြ" ဆောင်းပါး

http://www.dhammadownload.com



ကြောင့် ဦးပဥ္စင်းမှာ **ပူပန်စိတ်မဖြစ်ဘူးလားဘုရား။** ဖြစ်ရင် ပူပန်စိတ်ငြိမ်းအောင် လုပ်ပြီးပြီလားဘုရား။

ကျန်းမာချမ်းသာပါစေဘုရား၊

(……)နာယက ကမ္ဘာနာစရိယ၊

(……)ရိပ်သာ(……)ရပ်၊

(……) မြို့။

"စာကဒါပဲလား"

ကျောင်းဆရာတော်က မိမိစာဖတ်သံကို နားထောင်နေရာ စာဖတ်သံဆုံးသော် လှမ်းမေးခြင်းဖြစ်၏။

"တင်ပါဘုရား၊ ရှေ့မှာတော့ ဒါပါပဲ"

"ရှေ့မှာဒါပါပဲဆိုတော့ နောက်မှာ ဘာပါသေးလဲ"

ထိုစဉ် မိမိသည် စာမျက်နှာ နောက်ကျောကိုလှန်ပြန်ကြည့် လိုက်မိသည်။

"ဪ…နောက်မှာတော့ မှာထားချက်ကလေးတွေ ပါတယ် ဘုရား"

"ဘယ်လိုမှာထားချက်လဲ ဖတ်ပြစမ်းပါဦး"

"မှာထားချက်ပါဘုရား၊ တပို့တွဲလထဲမှာ တပည့် တော်ထံ စာပေးချင်ရင် အောက်ပါလိပ်စာအတိုင်း ပေးက ရောက်နိုင်ပါတယ်ဘုရား၊ တန်ခူးလပြည့်ကျော် မှ (…)သို့ ပြန်ရောက်ပါမယ်ဘုရား"

"လိပ်စာကော ပါရဲ့လား"

"ပါပါတယ်ဘုရား"

http://www.dhammadownload.com



"အေး...ငါ့လည်းပြောသွားတယ်၊ အဲဒါမင်းစာထည့်မလား"

"ဘယ်ထည့်နိုင်မလဲဘုရား၊ တပည့်တော်လည်း ဦးပဥ္စင်းသိတဲ့အတိုင်းဘဲ တရားဟောသွားဆဲပဲဟာ အားမှ မအားဘဲ၊ ဘယ်စာပြန်နိုင်ပါ့မလဲ၊ အားတော့မှ ဗုဒ္ဓဓမ္မပြဿနာ (၃)ထဲမှ စာပြန်လိုက်မယ်၊ ဒီအတိုင်း သူ့ထံစာပြန်ရင် ဒီစာဟာ ပျောက်သွားမှာပေါ့"

"သူက ဒီအတိုင်း အလွတ်စာပြန်စေချင်လို့ လိပ်စာပေးခဲ့တာဟာ ဒီအတိုင်းပဲ အလွတ်စာပြန်ပါလား"

"ဒါကတော့ အလဟဿဖြစ်မှာလည်းစိုးတယ်၊ အားလည်းမအားလို့ပါ"

"ဒါဖြင့် ဗုဒ္ဓဓမ္မပြဿနာများ(၃)ထဲမှာ ဘယ်လိုထည့်မလဲ"

"အဲဒီကျတော့ ကြည့်ပေါ့ဘုရား"

ကပ်လှူရန်

ဦး (...)

(...) ရိပ်သာ

(...) ရပ် (...) မြို့။

ပြန်ကြားလျှောက်ထားပါသည် ဆရာတော်ဘုရား၊ ဆရာတော်ဘုရားထံမှ စာကို(...) ဆရာတော်ထံမှ တစ်ဆင့်ရ၍ အကြောင်းအရာကို ဖတ်ရှုသိရှိရပါသည်ဘုရား။

ဆရာတော်ဘုရားရဲ့ စာပါ "**ပူပန်စိတ်မဖြစ်ဘူးလား**" ဖြစ်ရင် ပူပန်စိတ် ငြိမ်းအောင်လုပ်ပြီးပြီ

http://www.dhammadownload.com



လားဘုရား” ဆိုတဲ့ အမေးအရ တပည့်တော် ဖြေရရင် နှစ်မျိုးဖြေရပါမယ်ဘုရား။

ဘယ်လို နှစ်မျိုးလဲဆိုတော့ ‘ဂေဟာသိတဒေါသနဲ့ ပူခြင်း’ နှင့် ‘နေက္ခမ္မသိတဒေါသနဲ့ ပူခြင်း’ လို့ ပူခြင်းနှစ်မျိုးရှိပါတယ်ဘုရား။

ယင်းနှစ်မျိုးတွင် တပည့်တော်သည် ဂေဟာသိတဒေါသနဲ့ မပူပန်မိပါဘုရား၊ အဘယ်ကြောင့်ဆိုသော် တပည့်တော် ယင်းဆောင်းပါးများ ရေးစဉ်ကလည်း တကယ့် အဖြစ်အပျက် အပြောအဆိုတွေကို ရေးထားတာ ဖြစ်ခြင်းကြောင့် ဂေဟာသိတ မဖြစ်ခြင်းပါဘုရား။

ရေးစဉ်က “ဒီလိုအဖြစ်အပျက်မျိုးတွေဟာ သာမန်ဓမ္မကထိကတွေဆီကသာ ပေါ်သင့်တယ်၊ ဝိပဿနာဓမ္မကထိက၊ ရိပ်သာ ဓမ္မကထိတွေ ဆီက မပေါ်သင့်ဘူး။ ရှေ့ကို ဒီထက်ဒီဆိုးလာရင် သာသနာတော်အတွက် ခက်ရချေရဲ့”လို့ သာသနာတော်အတွက်ပူပန်တဲ့ နေက္ခမ္မသိတဒေါသဖြစ်ခဲ့၍ ယင်းကို မတားဆီးနိုင်သဖြင့် ရေးလိုက်ခြင်း ဖြစ်ပါသည်ဘုရား။

သို့ဖြစ်၍ တပည့်တော်မှာ ယင်းဆောင်းပါးနှင့်ပတ်သက်၍ နေက္ခမ္မသိတဒေါသနဲ့ ပူပန်မှုဖြစ်ခဲ့ပါတယ်ဘုရား။ ယင်းပူပန်မှုဟာ သက္ကပဥှသုတ်ပါဠိတော်အရ မှီဝဲသင့်တဲ့ပူပန်မှုမို့ ငြိမ်းအောင်မလုပ်ခဲ့ပါဘုရား၊

http://www.dhammadownload.com



ယခုလည်း ယင်းအဖြစ်အပျက် ပြဿနာမျိုးတွေနဲ့ ကြုံဆုံဆဲမို့ ပူပန်မှုတွေ ဖြစ်ဆဲနှင့်ပဲ ဆက်လက်ပြီး ဗုဒ္ဓဝမ္မ ပြဿနာများ (၃)ကို ရေးရပြန်ပါသည်ဘုရား။

လျှောက်ထားပါရစေ ဆရာတော်ဘုရား၊ ယင်းပူပန်မှုမျိုးဟာ တပည့်တော်တစ်ပါးထဲတွင် ဖြစ်သည်ဟု တပည့်တော် မထင်ပါ၊ သာသနာတော်ကို ချစ်မြတ်နိုးသူ လူ ရှင် ရဟန်းတိုင်း ဖြစ်လိမ့်မည်ဟု ထင်မြင်ယုံကြည်ပါသည်ဘုရား။

သို့ဖြစ်၍ ဆရာတော်ဘုရားလည်း သာသနာပြု အမည်ခံ ပုဂ္ဂိုလ်တစ်ပါးဖြစ်၍ သာသနာတော်တွင် မဖြစ်ပေါ်သင့်သော ယင်းပြဿနာများ ဖြစ်ပေါ်လာတာကို လိုလားအံ့မထင်ပါဘုရား၊ ဆရာတော်ဘုရား ပူပန်လို့ တပည့်တော်ထံ စာရေးသည်ဟု ထင်ပါသည်ဘုရား။

ယင်းသို့သာ ဆိုပါက ဆရာတော်ဘုရားနှင့် တပည့်တော်သည် စိတ်ထားချင်းတူပါလိမ့်မည်ဘုရား၊ ဒီတော့ နောင်အခါတွင် ပေါ်ပေါက်လာအံ့သော ယင်းပြဿနာများ မပေါ်ပေါက်လာရအောင် ဘုရားသားတော်စစ်များ ဝိုင်းဝိုင်း ကာကွယ်သင့်သည် မဟုတ်ပါလားဘုရား။

ဆရာတော်ဘုရား ယင်းသို့ ကာကွယ်ရာတွင် မိမိတို့ဘက်က စည်းမပေါက်ဖို့ စည်းမပျက်ဖို့ အရေးကြီးတယ်မဟုတ်ပါလား

http://www.dhammadownload.com



ဘုရား၊ တပည့်တော်ရဲ့ ပြဿနာများမှ ဆရာတော်ညွှန်ပြသော ပြဿနာနှစ်ချက်မှာ မိမိတို့ဖက်မှ စည်းပျက်သဖြင့် ဖြစ်ပေါ်လာသော ပြဿနာစစ် ပြဿနာမှန်တွေပါဘုရား။

လျှောက်ထားပါသည်ဘုရား "**ကာလေန ဓမ္မဿဝန**"အဖွင့်ကို ဆရာတော်လည်း သတိပြုမိလိမ့်မယ် ထင်ပါသည်ဘုရား၊ အဲဒီအဖွင့်မှာ–

"စိတ်ပျံ့လွင့်လျက်ရှိသောအခါ,ကာမဝိတက်စသော ဝိတက်တစ်ပါးပါးလွှမ်းမိုးခံနေရတဲ့အခါများမှာတရားနာရန်သင့်လျော်တဲ့ကာလဖြစ်ကြောင်း ဖွင့်ပြတယ် မဟုတ်ပါလားဘုရား။

"ဒီတော့ ဟောသူက တဏှာဖြစ်အောင် ဆွဲဆွဲငင်ငင်နဲ့ အညာအခရာ အတာတွေနဲ့ ဟောသော်၊ မူလက တဏှာနဲ့ ကာမဝိတက်ဖြစ်နေတဲ့ တရားနာပရိသတ်ရဲ့ ကာမဝိတက်ဟာ ငြိမ်းသွားမလား, တိုးပွားမလား ဆရာတော်ဘုရား စဉ်းစားကြည့်ပါဘုရား"

ပြန်လည် လျှောက်ထားပါရစေဘုရား၊ ဆွဲဆွဲငင်ငင်နဲ့ အညာအခရာ အတာတွေနဲ့ ဟောသူတွင်–

၁။ ကိုယ့်ကိုယ်ပြန်ပြီး စွဲငြိတဲ့တဏှာဖြစ်ခြင်း၊
၂။ နာကြားသူတို့က စွဲငြိတဲ့တဏှာဖြစ်ခြင်း၊
၃။ အသံကို ပြင်နေရတာနဲ့ ဟောသူမှာ သမာဓိ ပျက်ခြင်း၊
၄။ နောင်လာနောက်သားတို့က တရားဆိုတာ ဒီလိုပဲ အညာအခရာ အတာတွေနဲ့ ဆွဲငင်ပြီး ဟောရပါလားလို့ အတုယူခြင်း၊

http://www.dhammadownload.com



၅။ ပညာရှိ သူတော်ကောင်းတွေက "ရဟန်းတွေကလည်း ကြေးစားသဘင်သည်တွေလို ဖြစ်ကုန်ပါပေါ့လား" လို့ ကဲ့ရဲ့ ခံရခြင်းဆိုတဲ့ အပြစ်ငါးမျိုးပြထားတာကို ဝိနည်းနှင့် အင်္ဂုတ္တိုရ်မှာ ဆရာတော်ဘုရား တွေ့ပါလိမ့်မယ်ဘုရား။

တပည့်တော် ယင်းပြဿနာနှစ်ချက် တင်ပြရာမှာ ပညာရှိ ကဲ့ရဲ့သံကို တိုက်ရိုက်ကြားခဲ့ရ၍ မူရင်းအတိုင်း ဖောက်သည် ချလိုက်ရတာဟာ ယင်းကို ဖတ်ရလျှင် နောင်အခါ ယင်း ပြဿနာမျိုးများ မဖြစ်ပေါ်ရန်၊ ဖြစ်သော်လည်း နည်းပါးရန် ဆိုတဲ့သဘောနဲ့ တင်ပြလိုက်ခြင်းဖြစ်ပါသည်ဘုရား။

အထူးသဖြင့် လျှောက်ထားပါသည်ဘုရား။ ယနေ့ ဝိပဿနာ ဓမ္မကထိကအချို့ဟာ သီချင်းဆို ငိုချင်းမချတာ တမယ်လောက်ပဲ ရှိပါတော့တယ်ဘုရား။ ဒါကြောင့် ဝိပဿနာ တွေ ဂုဏ်မရောက် ဖြစ်နေပါတယ်ဘုရား။

ဆရာတော်ဘုရား [illegible] ခွင့်မယ် ဘုရား။ ဝိပဿနာ ဓမ္မကထိကအချို့ဟာ [illegible] သံဦးစားပေး ဟောတယ်၊ ကိုယ့်[illegible]ကွဖော်ပြပြီး ဟောနေတယ်၊ ခွေမျိုး စပ် ဟောနေတယ်။ အဲဒီလို ဟောသူကိုလည်း လူပြိန်းတွေ က အထင်ကြီးနေတယ်၊ သို့သော်ပညာရှိတွေက ကဲ့ရဲ့ကြ ပါတယ်ဘုရား။

တပည့်တော်တို့ သာသနာတော်ကို ပညာရှိတွေ ကြည်ညိုလေးစားမှ အရှည်တည်တံ့နိုင်ပါမည် မဟုတ်ပါ လားဘုရား၊ လူပြိန်း လူအတွေ ကြည်ညိုရုံမျှနှင့် လူများ

http://www.dhammadownload.com



သော်လည်း ပွဲမစည်၍ သာသနာတော် အရှည်မတည်တံ့နိုင်ဘူး မဟုတ်ပါလားဘုရား။

လျှောက်ထားပါရစေဦး ဆရာတော်ဘုရား။ တပည့်တော်တို့ သာသနာတော်မှာ ပရိယတ်သမား၊ ပဋိပတ်သမား ရယ်လို့ နှစ်စားရှိတယ် မဟုတ်ပါလား ဘုရား။

ယင်းနှစ်စားတွင် ယနေ့ ဆရာတော်ဘုရား ခြားနားချက် တွေ့မြင်ပါသလားဘုရား။ တပည့်တော်မြင်ရသည်, တွေ့ရသည်မှာတော့ ပြောင်းပြန်ပဲ တွေ့ရသည့်အဖြစ်သို့ ရောက်နေပါသည်ဘုရား။

ဘယ်လိုလဲဆိုတော့ ပရိယတ်သမားတွေက ခြိုးခြိုး ခြံခြံနဲ့နေတယ်၊ ရသမျှနဲ့ ရောင့်ရဲတယ်၊ အလိုနည်းတယ်၊ ဟန်မဆောင်ဘူး။ ပဋိပတ်သမားတွေမှာ ခြိုးခြံမှုနည်းတယ်၊ ရသမျှနဲ့ မရောင့်ရဲနိုင်တဲ့အတွက် အမျိုးမျိုးဆွယ်တာ တွေ့ရတယ်။ အလိုရမ္မက်များတယ်။ ဟန်ဆောင် ဝါကြွားမှုတွေ များတယ်။ ယင်းသို့ စသည်ဖြင့် ပြောင်းပြန်ဖြစ်နေတာ ဆရာတော် သတိပြုမိပါသလားဘုရား။

ဒီတော့ ပရိယတ်သမားတွေမှာ ပရိယတ်အမည်ခံပေမယ့် ကြည်ညိုစရာ ပဋိပတ်အကျင့်တွေ အများကြီး တွေ့ရပါတယ်ဘုရား။ သာသနာ့ဝန်ဆောင်ရာတွင် အရင်းကျခြင်းကြောင့်လည်း ကြည်ညိုစရာတွေ အများကြီး တွေ့ရပါတယ် ဘုရား။

ပဋိပတ်သမား တော်တော်များများမှာ အမည်ခံမျှသာ ဖြစ်ပြီး

http://www.dhammadownload.com



ကြည်ညိုစရာဟာ ရှာလေရှားလေ၊ နီးနီးကပ်ကပ် ချဉ်းကပ်လေ့လာလေ ကြည်ညိုပျက်စရာတွေ တွေ့လာလေ ဖြစ်ရတာ များပါတယ်ဘုရား။

ဆရာတော်ဘုရား။ တပည့်တော်တို့ သာသနာတော် မှာ ယင်းသို့အဖြစ်မျိုး များလာသော် အားကိုးသူ ရှားပါးပြီး မြန်စွာကွယ်ဖို့ပဲ ရှိတော့တယ် မဟုတ်ပါလား ဘုရား။

ယင်းအချက်ကို ဆရာတော်ဘုရားတို့လည်း မျက်ခြည်မပြတ် ရှုကြည့်ပြီး ကာကွယ်ပါဘုရား၊ တိုက်ဖျက်ပါဘုရား။

အထူးသဖြင့် အသိုင်းအဝိုင်းလုပ်ခြင်း၊ ဘုန်းတော်ဘွဲ့တွေနဲ့ အချိန်ကုန်မယ့်အစား လက်တွေ့အလုပ်များများနဲ့ အချိန်ကုန်သင့်တယ် မဟုတ်ပါလားဘုရား။ ဒီခေတ်ဟာ ပြောတိုင်းယုံတဲ့ ခေတ်မဟုတ်ဘူးဆိုတာကို ဆရာတော်တို့ အသိပါဘုရား။

တပည့်တော် ကြားဖူးပါသည်ဘုရား။ **"လောကီသမားက ပြောင်နိုင်မှတဲ့၊ လောကုတ္တရာသမားက စုတ်နိုင်မှ"** တဲ့၊ ဒါဟာ ဘာဆိုလိုတာလဲဆိုတာ ဆရာတော် သိပါတယ်ဘုရား။

ယနေ့ လောကီသမား ခေါ်တဲ့ ပရိယတ်သမားနဲ့ လောကုတ္တရာသမားခေါ်တဲ့ ပဋိပတ်သမားတွေမှာ ဘယ်သူတွေ ပြောင်နေ၍ ပြောင်အောင်လည်း ဘယ်လို ကြိုးစားနေလဲဆိုတာ ဆရာတော် အသိပါဘုရား။

တပည့်တော်သည် ယင်းအချက်များစွာတွေကို ထောက်ထားမြော်မြင်ပြီး ကိုယ်တွေ့သာဓကများကို **"ကြည့်သူတွေ**

http://www.dhammadownload.com



**မြင်စေ၊ မြင်သူတွေ ပြင်စေ၊ ပြင်သူတွေ အကျိုးရစေ"**
ဆိုတဲ့ သဘောနဲ့ ပြဿနာများကို တင်ပြပါသည်ဘုရား။

ယင်းသို့ တင်ပြသဖြင့် တပည့်တော်အပေါ်တွင် အပြစ်ရှိသည်ဆိုသော် သာသနာတော်အတွက် ဆောင်ရွက်လို့ သင့်ရတဲ့ အပြစ်မို့ သင့်ပါစေ၊ ခံနိုင်ရည်ရှိပါတယ်ဘုရား။

စာလည်း ရှည်သွားပါပြီဘုရား၊ ရပ်နားခွင့်ပြုပါတော့ ဘုရား။

ကျန်းမာတော်မူပါစေသော်။

ကျန်းမာစွာနှင့်

ပညာဓောတ
ဒေသနာခရီးသည်

- ❀ သာသနာကျိုး၊ လောကကျိုး သယ်ပိုးနိုင်ပါစေ။
- ❀ သာသနာပြု၊ မည်ခံစု၊ ဖျက်မှုကင်းပါစေ။
- ❀ သာသနာပြုလား၊ အဖျက်လား၊ ခြားနားသိပါစေ။
- ❀ အဖျက်တွေပျက်၊ အပြုဘက်၊ တိုးတက်လာပါစေ။

http://www.dhammadownload.com



# ဘတ်စ်ကားနှင့်မင့်ရင် ကြွနိုင်ပါ့မလားဘုရား

{၁၅}

မိမိသည် တစ်ချိန်သော နှေကာက မြို့ကြီးတစ်မြို့အနီးမှ ရွာကြီးတစ်ရွာတွင် တရားဟောနေစဉ်က ဖြစ်ခဲ့၏။

မိမိအဖို့ ညဉ့်ပိုင်းတွင် တရားမဟောမီ ရောက်လာသူ ဒကာ ဒကာမများအား တရားစကားပြောရခြင်း၊ အချိန်ကျလျှင် တရား ဟောရခြင်း၊ တရားပွဲပြီးလျှင် မောပန်း၍ အိပ်စက်ရခြင်းဖြင့် အချိန်ကုန်သွားခဲ့၏။ မိမိတွက်တာ ဘာတရားမျှ နှလုံးမသွင်း နိုင်ခဲ့ပါ။ နံနက်စောစော နံနက်ဆွမ်းစားပြီး၊ နေ့ဆွမ်းစားပြီး လူသူရှင်းချိန်များတွင်မှ သင့်သလိုသာ တရားနှလုံးသွင်းရပါသည်။ ယင်းသို့ အခွင့်ရခိုက် စကြံလျှောက်၊ တရားနှလုံးသွင်းနေစဉ် ကျောင်းနေ အရှင်က စကားစလာသည်။

http://www.dhammadownload.com



"ဆရာတော်ရဲ့ တရားတော့ ဒကာ ဒကာမတွေက သိပ်ပြီး တော့ ကြိုက်နှစ်သက်ပုံ ရပါတယ်ဘုရား"

"အင်း...တရားက တပည့်တော်တရားမှ မဟုတ်တာဘဲ၊ ဘုရားရှင်ရဲ့ တရားတော်ပဲဟာ၊ အဲဒါမှ မကြိုက်ရင် ဘုရားရှင်ရဲ့ တရားတော် မကြိုက်တာဘဲပေါ့၊ ဟုတ်လား"

"တင်ပါ...ဟုတ်ပါတယ်ဘုရား၊ ဒါပေမယ့် ဒကာ ဒကာမ တွေက အဲဒါကို သဘောမပေါက်ပါဘုရား"

"ဘယ်လိုလဲ၊ ဒါဖြင့်ရင် ယခုဟောမယ့် တရားတော်ဟာ **"ကိုယ်တွေ့ဉာဏ်မြင်"** ပဲ၊ သို့မဟုတ်ရင် "ကျေးဇူးရှင်(   ) ဆရာတော်ဘုရားကြီးရဲ့ နည်းဥပဒေသပဲ"လို့ ဒီလိုဟောမှ သဘော ပေါက်မှာ၊ ကြိုက်နှစ်သက်မှာလား"

"တင်ပါဘုရား၊ အဲဒီလိုပဲ ကျနေပါပြီဘုရား"

"အင်း...ဒါကြောင့် တချို့က **"သူ့နည်းနဲ့ သူပေါ့"** တဲ့ ပြောကြတာပေါ့နော်"

"မှန်ပါဘုရား"

"ခက်ပါတယ်ဘုရား၊ အဲဒါ လုံးလုံးမှားပါတယ်ဘုရား၊ သူ့နည်း ငါ့နည်းရယ်လို့ မရှိရဘူး၊ ဗုဒ္ဓရဲ့ နည်းတစ်ခုထဲသာ ရှိရမယ်ဘုရား"

"ဟုတ်ပါတယ်ဘုရား၊ အားလုံး ဗုဒ္ဓတပည့်တွေချည်းပဲဟာ၊ သူ့နည်း ငါ့နည်း ဘယ်ရှိသင့်မလဲ"

"အင်း...အရှင်ဘုရား စဉ်းစားကြည့်ပါလား၊ ဘုရားရှင်ရဲ့ လက်ထက်တော်က ရှင်သာရိပုတ္တတို့၊ ရှင်မဟာမောဂ္ဂလ္လာနတို့

http://www.dhammadownload.com



ဟာ အင်မတန် အစွမ်းထက်ကြတယ် မဟုတ်လား"

"မှန်ပါ၊ ထက်ကြပါတယ်ဘုရား"

"ကဲ...အဲဒီ ရှင်သာရိပုတ္တ၊ ရှင်မဟာမောဂ္ဂလ္လာနတို့သော်မှ ရှင်သာရိပုတ္တနည်း၊ ရှင်မဟာမောဂ္ဂလ္လာန နည်းရယ်လို့မှ မရှိဘဲနဲ့ ယခုမှ ဘာမဟုတ်၊ ညာမဟုတ်နဲ့ အုပ်စုလေး နည်းနည်းရလာ ရင်ဘဲ သူ့နည်း ငါ့နည်းရယ်လို့ နည်းသစ်ထွင်တာမျိုးကတော့ လုံးလုံးကို မဖြစ်သင့်ပါဘူး။ အားလည်း မပေးသင့်ပါဘူး"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါတွေ သွားပြီးအားပေးရင် နောက်လည်း နည်းသစ်တွေ ပေါ်လာပြီး ပေါ်ပင်တွေ၊ လက်သစ်တွေ၊ ဆင်တူရိုးမှားတွေ၊ အတုတွေ အများကြီးပေါ်လာပြီး မူလပင်ရင်း ပရိယတ္တိသာသနာ တော် ကွယ်ရော။ ပရိယတ္တိသာသနာကွယ်ရင် ပဋိပတ္တိ သာ သာနတော်လည်း ကွယ်ရော။ ပဋိပတ္တိသာသနာကွယ်ရင် ပဋိဝေဓ သာသနာလည်းကွယ်ရော။ ဒီတော့ သာသနာတော်သုံးရပ်ကွယ် မသွားဘူးလား"

"မှန်ပါ၊ ကွယ်သွားပါမယ် ဘုရား"

"ဒါကြောင့် တပည့်တော်တော့ ပရိယတ္တိဘောင်၊ ပရိယတ္တိ စည်းမျဉ်းကို လွန်ပြီးတော့ ကျေးဇူးရှင် (  ) ဆရာတော် ဘုရားကြီးရဲ့ နည်းပါပဲ၊ ကိုယ်တွေ့ ဉာဏ်မြင်ပါပဲ စသည်နဲ့ ပြောကာ၊ ကြော်ငြာကာ မဟောနိုင်ပါဘုရား။ အဲ ဘုရားရှင် ဟောတဲ့ ပရိယတ္တိကျမ်းဂန်အရ လမ်းမှန်အတိုင်းဟောလို့မှ ကိုယ် တွေ့မပါလို့၊ ကိုယ့်နည်းနဲ့ မကိုက်ညီလို့ မနာချင်ဘူးပ၊ မကြိုက်

http://www.dhammadownload.com



ဘူးပဆိုရင်လည်း အဟောရ သက်သာတာပေါ့၊ ကိုယ့်အလုပ်ကို ကိုယ်အချိန်များများလုပ်ရတာပေါ့၊ တပည့်တော်လည်း မွေကထိက မဟုတ်ပါဘူး၊ မကာင်းရာ မကောင်းကြောင်းတွေ လိုက်ဟောပေးရင်းနဲ့ နယ်ကျယ်လာတာ၊ ယခုတော့ နယ်လှည့်ဓမ္မကထိကလို ဖြစ်နေပြီ"

"တင်ပါ၊ ဝမ်းသာပါတယ်ဘုရား၊ တပည့်တော်ရဲ့ ဒကာ ဒကာမတွေလည်း ဆရာတော်ဟောတဲ့ တရား ကြိုက်နှစ်သက်ပါ တယ်ဘုရား၊ နောက်နှစ်လည်းဆက်ပြီးတော့ပင့်ချင်ပါတယ်ဘုရား၊ ဒါပေမယ့် ကားအခက်အခဲက တစ်ခါတစ်ခါ ရှိပါတယ်ဘုရား"

"ဘယ်လို ကားအခက်အခဲလဲ"

"တပည့်တော်တို့ ယခု တရားပွဲကျင်းတာက လူနည်းစုပါ ဘုရား၊ ဒီတော့ ငွေအင်အားလည်းနည်းပါတယ်ဘုရား၊ ကြိုပို့ရေး စရိတ်စက၊ ညှော်ခံရေးစရိတ်စကနဲ့ လမ်းစရိတ်ဆိုတော့ တစ်ခါ တစ်ခါ မနိုင်ပါဘုရား"

"ဘယ်လို မနိုင်တာလဲ"

"လမ်းစရိတ်တို့ ညှော်ခံစရိတ်တို့တော့ တတ်နိုင်ပါတယ်ဘုရား၊ ကြိုပို့စရိတ်က ကားစင်းလုံးငှားရင် ယခု ဆရာတော်ကြွလာတဲ့ ဘူတာရုံက ဒီလို နှစ်ရာလောက် ကျပါတယ်ဘုရား"

"အမယ် များလှချည်လား"

"အလာကြို အပြန်ပို့ဆိုတော့ လေးရာလောက် ကျပါတယ် ဘုရား၊ အဲဒါ တစ်ခါတစ်ခါ မတတ်နိုင်ပါဘုရား၊ တရားလည်း နာချင်ပါတယ်ဘုရား"

အင်း...တရားလည်းနာချင်တယ်၊ မကြိုမပို့နိုင်တာနဲ့တရား

http://www.dhammadownload.com



မနာရဘူးဆိုတဲ့ အဓိပ္ပာယ် ရောက်နေတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီလိုလည်း ဘယ်ဖြစ်ရမလဲ၊ တပည့်တော်တို့ဘုရားရှင် ကြည့်ပါလား။ ကျွတ်တန်းဝင်မယ့် သတ္တဝါကိုတွေ့ရင် ကောင်းကင် ခရီးက ရှာန်ယာဉ်စီးမသွားဘဲ မြေပြင်ခရီးက ခြေစကြာယာဉ် စီးသွားတယ် မဟုတ်လား"

"တင်ပါ၊ ကြားရတာ ဝမ်းသာပါတယ်ဘုရား၊ တပည့်တော် တို့ဆီကတော့ အားလုံး ခြေလျင်ချည်းခရီးလည်း မကြွရပါဘုရား၊ ဘတ်စ်ကားနဲ့ ကြွလို့ရပါတယ်ဘုရား၊ ဆရာတော်**"ဘတ်စ်ကားနဲ့ ပင့်ရင် ကြွနိုင်ပါ့မလားဘုရား"**

"တပည့်တော်က ဘာနဲ့ပင့်မှ လိုက်ပါ့မယ်လို့ သတ်မှတ် ချက်မရှိပါဘူး၊ စီးအပ်တဲ့ယာဉ်နဲ့ဆို ဘယ်ယာဉ်နဲ့ ပင့်ပင့် လိုက် ရတာပေါ့"

"ဝမ်းသာလိုက်တာဘုရား"

"တပည့်တော် သဘောပေါက်တာက ကိုယ်ပိုင်ယာဉ်နဲ့၊ ကားစီးလုံးနဲ့ပင့်လည်းကိုယ်ထိုင်တော့ တစ်ယောက်စာပဲထိုင်ရတာ မဟုတ်ဘူးလား၊ ကားတစ်စီးလုံး ဖြန့်ထိုင်နိုင်တာမှ မဟုတ်ပဲနဲ့၊ ဘတ်စ်ကားဆိုတော့လည်း ဦးခန်းက သီးသန့်ရရင် ပြီးတာပဲ၊ တစ်နေရာစာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...နည်းနည်းတော့ ကွာတယ်ပေါ့၊ ဘတ်စ်ကားက တော့ ဟိုရပ် ဒီရပ်နဲ့ နည်းနည်းကြာတယ်၊ ပြီးတော့ ကိုယ့်

http://www.dhammadownload.com



နေရာအထိ မရောက်တော့ ခြေကျင်လျှောက်ရမယ်၊ နည်းနည်းပါးပါးမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒီလိုပေါ့ဘုရား၊ လိုသလိုမဖြစ်တော့လည်း ဖြစ်သလို လုပ်ရတဲ့ အခါတွေလည်း ရှိတာပေါ့"

"မှန်ပါ၊ တပည့်တော်တို့ကတော့ ကိုယ့်ဆရာတော်တွေပဲဘုရား၊ အကောင်းဆုံး အခမ်းနားဆုံး ကြိုဆိုချင်၊ ပို့ချင်ပါတယ်ဘုရား၊ ကြိုဆိုဖို့ ပို့ဖို့လည်း ကြိုးစားပါ့မယ်ဘုရား၊ မဖြစ်နိုင်တဲ့အဆုံးကို လျှောက်ထားရတာပါဘုရား"

"ဒါတွေအတွက် ဘာမှမပူပါနဲ့၊ တချို့နေရာတွေမှာ စီးစရာယာဉ်က ဆိုက်ကားနဲ့ လှည်းပဲ ရှိတယ်၊ ကိုယ်ကလည်း မစီးတော့ ခြေကျင်ပဲလျှောက်ရတယ်၊ အဲဒီလောက် အရှင်ဘုရားနေရာက မဆိုးသေးပါဘူး"

"မှန်ပါဘုရား၊ ဒီလောက်တော့ မဆိုးပါဘူး"

"တပည့်တော်တို့က ဘုရားရှင်ရဲ့ တပည့်တွေ၊ ဘုရားရှင်ကို အတုခိုးရမယ်၊ ဘုရားရှင်တောင် တစ်ခါတလေ ခြေကျင်လျှောက်ပြီး တရားဟောနိုင်သေးရင် တပည့်တော်တို့က အပ်အပ်စပ်စပ်နဲ့ ချောင်ချိတဲ့ ရှေ့ခန်းကစီးပြီး ဘတ်စ်ကားခရီးနဲ့ ဘာဖြစ်လို့ မဟောနိုင်ရမှာလဲ"

"သိရတာ ဝမ်းသာပါတယ်ဘုရား၊ ဆရာတော် တရားကို (...)မြို့က သိပ်ကြိုက်တာဘုရား၊ အဖွဲ့က အားနည်းတော့ ကားစီးလုံးနဲ့ မကြိုမပို့နိုင်လို့ မပင့်ရဲလို့ မပင့်တာတဲ့၊ သူတို့

http://www.dhammadownload.com



ကိုယ်တိုင် ပြောသံကြားရတယ်ဘုရား"

"အင်း...သူတို့အဖွဲ့တော့ ဘတ်စ်ကားနဲ့ဆို မကြွနိုင်ပါဘူး ဆိုတဲ့ ဓမ္မကထိကနဲ့ ကြုံဘူးနဲ့ တူတယ်"

"တင်ပါ၊ ထင်ပါတယ်ဘုရား"

"ခက်ပါတယ်ဘုရား၊ မာန်ဆိုတာ တက်တတ်တယ်ဘုရား၊ အမှန်စင်စစ်တော့ ကိုယ့်ဘဝနောက်ကြောင်းကို အမြဲတမ်း ပြန်ကြည့်ဖို့ ကောင်းတယ်"

"ဘယ်လိုပါလဲဘုရား"

"ကိုယ်ဘုန်းမကြီးခင်က ကိုယ်ပိုင်ကား အမြဲစီးနေရသလား၊ ကိုယ်ပိုင်ကားနဲ့၊ ကားစီးလုံးငှားနဲ့ အမြဲ သွားနေရသလား၊ သင့်သလိုပဲ သွားနေရသလားဆိုတာပေါ့"

"မှန်ပါ မှတ်သားစရာပါပဲဘုရား"

"အဲဒါ ပြန်ကြည့်ရင် တပည့်တော်တို့ ဘယ်လို သွားရ သွားရ သွားနိုင်ရမယ်မပေါ့နော်"

"မှန်ပါဘုရား"

"အင်း...အဲဒီလို သဘောမပေါက်ရင် နောက်ကြောင်း ပြန်မကြည့်ရင် မာန်တက်တတ်တယ်၊ မာန်ဆိုတာက ကိုယ့်မှာရှိတဲ့ အရည်အချင်းတစ်မျိုးမျိုးစွဲပြီး မာန်တက်တတ်တာပဲ"

"မှန်ပါဘုရား"

"ဒီမှာ တောင်တွင်းဆရာတော် ခင်ကြီးဖျော်တောင် ပညာ မာန်တက်ဘူးတဲ့ အစဉ်အဆက် ပြောစကား ကြားဖူးတယ်"

http://www.dhammadownload.com



## မ,တစ်လုံးကျေဆရာတော်

"အမိန့်ရှိပါဦးဘုရား၊ မှတ်သားထားရအောင်"

"တောင်တွင်းကြီးဆရာတော် ခင်ကြီးဖျော်ဟာ မသိတာ၊ မပြုလုပ်တတ်တာမရှိဘူး၊ မ,တစ်လုံးကျေတယ်လို့ပြောတော့ ဆိုင်းဝိုင်းတီးဆရာက ဆိုင်းကို တီးပြနိုင်းတယ်တဲ့"

"မှန်ပါဘုရား"

"ဆရာတော်ကလည်း ပြောင်းဆန်အောင် တီးပြတယ်တဲ့"

"မှန်ပါဘုရား"

"တံငါသည်တစ်ယောက်ကလည်း ကွန်ပြစ်နိုင်းတယ်တဲ့၊ ဆရာတော်ကလည်း ကျွမ်းကျင်တဲ့ တံငါသည်ပမာ ကွန်ပစ်ပြသတဲ့"

"မှန်ပါဘုရား"

"အဲ...နောက်တစ်ချိန်မှာ သိကြားမင်းက ချမ်းသာအောင် ဆိုပြီး လူတစ်ယောက်ကို **"အ-သု-ခ"**လို့ အိပ်မက်ပေး ပြောကြားခဲ့သတဲ့၊ အိပ်မက်မက်ရဲ့လူကလည်းအဲဒီအဓိပ္ပာယ်မသိတော့ တခြားသူများ မေးတယ်၊ တခြားသူတွေက **"န-သုခံ, အ-သုခံ-မင်းဆင်းရဲမယ်"** လို့သာ ဖြေတယ်တဲ့၊ ဘယ်သူမှ အတိအကျ မဖြေနိုင်ဘူးတဲ့၊ အဲ...နောက်ဆုံး တောင်တွင်းကြီးဆရာတော် လျှောက်တော့မှ ဆရာတော်က-

**"အ"** ဆိုတာက **"အမ္ဗရုက္ခမူလေ**=သရက်ပင်ရင်း၌" လို့ အဓိပ္ပာယ်ရတယ်။

http://www.dhammadownload.com



"**သု**" ဆိုတာက "**သုဝဏ္ဏကုမ္ဘံ**=ရွှေအိုးကို" လို့ အဓိပ္ပာယ်ရတယ်။

"**ခ**" ဆိုတာက "**ခနတု**=တူးယူလော့"လို့ အဓိပ္ပာယ်ရတယ်လို့ ဖြေကြားတော်မူတယ်တဲ့၊ ဒီတော့ အိပ်မက်မက်တဲ့လူက တူးတော့တာပေါ့၊ တူးတော့ ရွှေအိုးကို ရတယ်တဲ့၊ ရွှေအိုးရတော့ သူဌေးဖြစ်တာပေါ့နော်"

"မှန်ပါဘုရား"

"ပြီးတော့ ကျောက်ဖျာကြီးတစ်ချပ်ပေါ်မှာရှိတဲ့ အက္ခရာကြီးတစ်လုံးဟာ သုံးဘက်ကကြည့်ရင် "**ဧ-ဗ-ခ**"ဟု သုံးမျိုးထင်တယ်တဲ့၊ ခုခေတ်လဲ သုံးပန်လှ ရေးထားတဲ့ စာတွေ ရှိသားပဲဟာ၊ အဲဒီ "**ဧ-ဗ-ခ**"ကိုလည်းမည်သူမှ မသိဘူးတဲ့၊နောက်ဆုံးတော့ တောင်တွင်းကြီး ဆရာတော်ကို လျှောက်တော့ ဆရာတော်က-

"**ဧ**" ဆိုတာက "**ဧတ္ထ**=ဤကျောက်ဖျာကြီးအောက်၌"

"**ဗ**" ဆိုတာက "**ဗဟူနိ**=များလှစွာကုန်သော"

"**ခ**" ဆိုတာက "**ခနာနိ**=ဥစ္စာတို့သည်၊ **အတ္ထိ**=ရှိကုန်၏လို့ ဖြေကြားတော်မူတယ်တဲ့၊ အဲဒီလို ဖြေကြားတော်မူတော့ ကျောက်ဖျာကြီးကို လှန်ကြည့်ကြတယ်၊ ကြည့်တော့ ဥစ္စာတွေ အများကြီးပဲ ရတယ်တဲ့၊ ကဲ...ဆရာတော်ကြီး ပညာဉာဏ်မကြီးဘူးလား"

"ကြီးပါတယ်ဘုရား"

"ကြီးတာမှ နဲနဲမျှ ကြီးတာမဟုတ်ဘူး၊ မ-တစ်လုံးကျေ

http://www.dhammadownload.com



အောင် မသိတာမရှိအောင်ကို ကြီးတာနော်"

"မှန်ပါဘုရား၊ ယခုထိတောင်မှ တပည့်တော်တို့ ကြားဘူးနေပါသေးတယ်ဘုရား"

"အဲဒီလောက် ပညာဉာဏ်ကကြီး, ပညာဉာဏ်က စူးရှထက်မြက်တော့၊ ဆရာတော် ခင်ကြီးဖျော်က '**ငါဟာ–အရိမေတ္တေယျ ဘုရားလောင်းစင်စစ် ကေန်ဖြစ်လိမ့်မယ်**'လို့ ပညာမာန်တက်လာတယ်တဲ့၊ ကဲ...အဲဒါ တကယ့် ဆရာတော်ကြီးပဲနော်"

"မှန်ပါဘုရား"

"အင်မတန် ကြောက်စရာကောင်းတဲ့ မာန်, မာနပဲဘုရား၊ ယခုခေတ်ဆိုတော့ ဆိုဖွယ်မရှိတော့ဘူးပေါ့ဘုရား"

"မှန်ပါဘုရား"

"အဲဒီလို ပညာမာန်တက်လာတော့ ကျောင်းစောင့်နတ်က 'မောင်ဖျော် ဘဝင်မြင့်မနေနဲ့၊ ဟိုအတိတ်ဘဝတစ်ခုက သူများကို စိတ်ရှည်လက်ရှည်နဲ့ သင်ပုန်းကြီးလေး ချပို့ပေးခဲ့ဘူးလို့ ဉာဏ်ကောင်းနေတာပါ၊ အရိမေတ္တေယျဘုရားလောင်း မဟုတ်ပါဘူး'လို့ အိပ်မက်ပေးတော့မှ မာန်မာနကျသွားတယ်တဲ့၊ အဲဒီလိုပဲ အစဉ်အဆက် ပြောသံကြားဘူးပါတယ်"

"မှတ်စရာပါပဲဘုရား"

"ဒီတော့ တပည့်တော်တို့ ဝိပဿနာ, ကိုယ်တွေ့ဉာဏ်မြင်ဟောသမားတွေဟာ အထူးသတိရှိဖို့ ကောင်းပါတယ်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ပဋိပတ် အကျင့်သမား၊ ကိုယ်ကျင့်ပြီးလို့ သူများတောင်မှ ဟောနေသူတွေ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီပဋိပတ်အကျင့်သမား, ပဋိပတ်သာသနာပြုသမားတွေ, ကျင့်စဉ်ဟောသမားတွေဟာ ကိုယ့်တရား ကိုယ်ပြန်ပြီး ကြားဖို့ အရေးကြီးပါတယ်ဘုရား၊ သို့မဟုတ်ရင် တရားဂုဏ်မရောက်ဘဲ နာမည်ပျက်ရလိမ့်မည်။ ဒီခေတ်မှာအကဲခတ် ကြည့်ပါလား၊ အဲဒီသဘောတွေ တွေ့နိုင်, မြင်နိုင်, ကြားနိုင်တယ်"

"ဘယ်လိုပါလဲ ဆရာတော်ဘုရား၊ ရှင်းပြပါဦးဘုရား"

## ပပဥ္စတရားသုံးပါး

"တပည့်တော်တို့ ဝိပဿနာတရားပြ ဆရာတွေ ဟောကြတယ်မဟုတ်လား၊ 'သံသရာချဲ့တဲ့ လက်နက်သုံးပါး၊ ဘာတဲ့လဲ တဏှာမာန-ဒိဋ္ဌိ သုံးပါးပေါ့ဟုတ်လား?

"ဟုတ်ပါတယ်ဘုရား"

"အဲဒီတဏှာ-မာန-ဒိဋ္ဌိ သုံးပါးကင်းဖို့, ပယ်ဖို့, သတ်ဖို့ ဟောလိုက်တာ, ပြီးတော့ ဟောနေတုန်းပဲ တဏှာသံနဲ့ ချွဲကာ, ချွဲကာ,ဆွဲကာ,ဆွဲကာ,ညုကာညုကာ ဟောတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြီးတော့ ပရိသတ်ကလေးနဲနဲများလာ၊ နာမည်လေးနဲနဲရလာရင် ငါလိုလူ ဇမ္ဗူရှိသေးလားဆိုတဲ့ ဒိဋ္ဌိတို့မာနတို့ကလည်း တလူလူပါပဲဘုရား"

http://www.dhammadownload.com



"ဒီတော့ မိမိတို့က ကိုယ်တွေ့ဉာဏ်မြင်ပါစေသည်ဖြင့် ဘယ်လောက်ပင် ပြောပြော၊အတ္တဒိဋ္ဌိမျှတောင် မကွာဘူးလို့ ဖော်ပြရာရောက်မနေဘူးလား"

"ရောက်နေပါတယ်ဘုရား"

"ဒီတော့ ဒီလောက်တောင် တဏှာ–မာန–ဒိဋ္ဌိတွေ ထူထပ်နေရင်၊ မိမိတို့ ပြဿနေတဲ့ တရား, မိမိတို့ ဟောကြားနေတဲ့ တရားဟာ မိမိတို့သန္တာန်မှာ ဘာမျှမတည်သေးပါလား၊ ကြက်တူရွေး စကားသင်သလို သင်ဟောမျှသာ ဖြစ်သေးပါလား ဆိုတာကို ပညာရှိတွေအား ဖော်ပြနေတာနဲ့ မတူဘူးလား"

"တူပါတယ်ဘုရား"

"ပညာမဲ့တဲ့လူတွေကတော့ မသိပါဘုရား၊ မသိတဲ့အပြင် ချီးကျူးတောင်မှ ချီးကျူးနေသေးတယ်။ တို့ဆရာတော်က ဘယ်လိုမှ စားတာ၊ ဘယ်လိုမှကြွတယ်၊ ဘယ်လိုမှ နေတာနဲ့၊ ကဲ...မခက်ဘူးလား"

"ခက်ပါတယ်ဘုရား"

"ဒီတော့၊ ဒီခေတ်မှာ သာသနာပြုရတာ မလွယ်ပါဘူးဘုရား၊ တပည့်တော်တို့ ရှေ့က လမ်းပြအနေနဲ့ ပြနေတဲ့ ပဋိပတ်သာသနာပြုအမည်ခံတွေက အသိုင်းအဝိုင်းနဲ့ ခမ်းခမ်းနားနား ကြိုဆိုပင့်ဆောင်, ပို့သနေရာချထားတာတွေနဲ့ လမ်းပြတွေနဲ့ အကြိုရများနေတော့ သိပ်ခက်တယ်ဘုရား"

http://www.dhammadownload.com



"အင်း...ဆရာတော်ပြောမှ ပဋိပတ် သာသနာတော်ဘက်က အားရစရာမရှိသေးတာကို ရိပ်မိပါတယ်ဘုရား"

"တပည့်တော် အတုခိုး အတုယူတာတော့၊ ပရိယတ် ကျမ်းဂန်အတိုင်းပါပဲဆိုပြီး ဟောပေးတဲ့ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ပဲဘုရား"

"ဟုတ်တယ်ဘုရား။ အဲဒီ ဆရာတော်ကို တပည့်တော်လည်း သိပ်ပြီး ကြည်ညိုပါတယ်"

"အဲဒီ ဆရာတော်က စာတွေ့လို့ အမည်ခံပြီး ရိုးသားစွာ ဟောတယ်၊ မာန်မာနလည်း မရှိဘူး၊ ဂုဏ်လည်းမဖော်ဘူး၊ ဂါရဝတရား၊ နိဝါတတရား၊ သန္တုဋ္ဌိတရား၊ အလိုနည်းမှု အပ္ပိစ္ဆတာ၊ စတဲ့ သူတော်ကောင်းဂုဏ်တွေ အများကြီးတွေ့ရတယ်ဘုရား"

"ဟုတ်တယ်ဘုရား"

"အဲဒီ ပဋိပတ္တိဘက်များ ကြည့်လိုက်စမ်းပါ၊ ကိုယ်တွေ့ ဉာဏ်မြင်ဆိုပြီး အာမခံနဲ့တောင် ဟောကြပါတယ်၊ လက်တွေ့ မျက်တွေ့ ကိုယ်တွေ့သမားတွေ နာမည်နည်းနည်းကျော်လာ၊ ပရိသတ်နည်းနည်း များလာရင် မာန်မာနတွေ လာပြီ၊ အပြိုင် အဆိုင်တွေလာပြီ၊ ရိုသေမှုဂါရဝ၊ နှိမ့်ချမှု–နိဝါတ၊ ရောင့်ရဲမှု သန္တုဋ္ဌိ၊ အလိုနည်းမှု အပ္ပိစ္ဆတာစတဲ့ဂုဏ်တွေ မတွေ့ရတော့ဘူး၊ ဒါကြောင့် မြန်မာပြည်ရဲ့ ပဋိပတ်သာသနာဟာ ဘာမှ အားရစရာ မရှိသေးပါဘူး"

http://www.dhammadownload.com



"တပည့်တော်လည်း ဆရာတော် ဝေဖန်ပြမှ သတိထားမိပါတယ် ဘုရား၊ အနာဂတ် သာသနာအတွက် ရင်လေးစရာပါလား ဘုရား"

"ကဲရင်လေးမနေနဲ့၊ တော်ကြဦးစို့နော်"

"မှန်ပါ ဘုရား"

❀ မေတ္တာပြည့်ဝ နှလုံးလှ မာနကင်းပသည်။
❀ ကရုဏာပြည့်ဝ နှလုံးလှ မာနကင်းပသည်။
❀ တရားပြည့်ဝ နှလုံးလှ မာနကင်းပသည်။

http://www.dhammadownload.com



# သပိတ်အိုင်တောရတွင် သိမ်သမုတ်ခြင်း

{ ၁၆ }

အချိန်ကား ဝါတွင်းအချိန်ဖြစ်၏။ မိမိသည် ရေးမြို့နယ် အစင်ရှာ မွန်စိန်တောရသို့ ရောက်၍ နှစ်ဝါမြောက် ဝါဆိုဆဲဖြစ်၏။

တစ်နေ့ မိမိတို့ တောရကျောင်းဘုန်းကြီးတို့ ဆွမ်းစားပြီးချိန် ၉း၃၀ နာရီတွင် မိမိတို့တောရကျောင်း ကပ္ပိယက မိမိအား စာတစ်စောင်လာပေးသည်။ မိမိသည် စာဖတ်ပြီးသော် ဒီစာသည် မိမိတစ်ပါးတည်းနှင့် မပြီးဟု သိ၍ အရှင်ဝဏ္ဏိတထံသို့ သွားသည်။

"ဘာစာလဲ"

အရှင်ဝဏ္ဏိတသည် သူ့ထံသို့ မရောက်မီပင် လက်ထဲမှာ ကိုင်ထားသည့် စာကိုမြင်၍ မေးသည်။

"သပိတ်အိုင်တောရက စာလာလို့"

"ဦးဉာဏိသရဆီကလား"

http://www.dhammadownload.com



"မှန်ပါတယ်ဘုရား"

"ဘာတွေအကြောင်းထူးလို့လဲ"

"အဲဒီအကြောင်းထူးလို့ တိုင်ပင်ရအောင် လာခဲ့တာပဲ၊ တပည့်တော် တစ်ပါးတည်းမပြီးလို့"

"တပည့်တော်နဲ့လည်း ပြီးမှာလား"

"အကြောင်းကတော့ အားလုံးနဲ့ ဆိုင်တာပဲ"

"ကဲ...ဖတ်ပြစမ်းပါဦး"

သို့...

တေဒဂ်–အရှင်ပညာဇောတ

၁၃၃၆–ခု၊ တော်သလင်းလ

လျှောက်ထားသိစေပါသည်။

အရှင်ဘုရား သိတဲ့အတိုင်းပဲ သပိတ်အိုင်တောရမှာ မိုးတွင်း မိုးတွင်း ဥပုသ်ပြုရတဲ့အခက်အခဲဟာ မသေးလှဘူး၊ တစ်ခါတစ်ခါ ကျောက်တုံးပေါ်က ချော်ကျလို့ စုတ်လိုစုတ်၊ နာလိုနာ သက်နိုးရေစိုလိုစို၊ တစ်ခါတစ်ခါလည်း မိုးကြီးလို့ ချောင်းရေတွေ များနေလို့ ဥပုသ်မပြုနိုင်တာတွေ သတိရဦးမှာပေါ့။

တစ်နေ့ ဥပုသ်နေ့ပေါ့၊ အရှင်ဘုရား ဥပုသ်ပြုသွားရင်း ချော်လဲလို့ ဒူးစုတ်တဲ့အကြောင်း ပြောကြတယ်၊ အဲဒီစကားဝိုင်းမှာ ဒေါ်စိန်ပုနှင့်ဦးထွန်းကြိုင်တို့မိသားစုလည်းပါတယ်။

အဲဒါ သူတို့က သဒ္ဓါပေါက်ကာ သူတို့ သိမ်ဒကာ လုပ်လိုကြောင်း၊ အလိုအလျောက် သဒ္ဓါပေါက်လာတယ်၊

http://www.dhammadownload.com



သိမ်နုတ်–သိမ်သမုတ်ကိစ္စရော သိမ်ဆောက်တာပါ အားလုံး သူတို့ မိသားစုက ဒကာခံမယ်တဲ့။

တပည့်တော်လည်း တောထဲမှာ ကိစ္စမများလိုဘူး၊ သို့သော် သူတို့ရဲ့ သဒ္ဓါတရားကိုလည်း စောင့်ရှောက်လိုတယ်၊ နောက်လာနောက်သားတို့လည်း အရှင်ဘုရားနှင့် တပည့်တော်တို့လို သိမ်အတွက် မဆင်းရဲစေရန် ကျဉ်းကျဉ်းနှင့် ဖြစ်အောင် သမုတ်ချင်ပါတယ်။

တောရကျောင်းသိမ်ကို တောရကျောင်း ဘုန်းကြီးတွေနဲ့ချည်း သမုတ်ချင်ပါတယ်၊ ညောင်လွန့်တောရ ဆရာတော်ထံသို့ မုဒုံမှ ဦးသိန်းဖေကို လွှတ်လိုက်ပါသည်။

၎င်းမှအပြန် အရှင်ဘုရားတို့ အစင်တောကျောင်းသို့ လာပါမည်၊ လိုအပ်တဲ့အစီအစဉ် အကြံဉာဏ်များကို ၎င်း ဒကာကြီး ဦးသိန်းဖေအား ပေးလိုက်စေလိုပါသည်။

သိမ်သမုတ်မှာကတော့ ပြာသိုလဆန်း ၉ ရက် ၁၀ ရက်ကျမှ သမုတ်မှာပါ၊ ကြိုတင်ပြီး တိုင်ပင်ဆွေးနွေးတာပါပဲ။ အရှင်ဘုရားကတော့ ပြာသိုလဆန်း ၅ ရက်နေ့ အရောက် ကြွရပါမည်။

အကြံဉာဏ်နှင့်တကွ ကြွနိုင်၊ မကြွနိုင် ဘယ်နှစ်ပါး ကြွမည် စသည်ကို ကြိုတင်သိစေလိုပါသည်။ ဒီစာဟာ ပင့်စာလည်းဖြစ် အကြံဉာဏ်တောင်းစာလည်း ဖြစ်ပါသည်။ နီးမှတစ်ခါ ပင့်စာ ပေးပါမည်။ ကြွတဲ့အခါ ကပ္ပိယလည်း လွှတ်ပေးပါမည်။

http://www.dhammadownload.com



ကြိုတင် ပြင်ဆင်နိုင်ရန် စာရက အမြန်စာပြန်ပါ။ ပြန်စာအရ ပြုပြင်စီစဉ်ရပါမည်။

သတိရစွာဖြင့်
**အရှင်ဉာဏိဿရ(သဲကုန်း)**
**သပိတ်အိုင်တောရ**

"ကဲ...ဘယ့်နှယ်လဲ၊ ဘယ်လိုသဘောရလဲ"

စာဖတ်လို့ ဆုံးလျှင်ဆုံးချင်း မိမိက အရှင်ဝဏ္ဏိတအား မေးလိုက်ခြင်း ဖြစ်၏။

"သွားရမှာ တယ်မသွားချင်ဘူး"

အရှင်ဝဏ္ဏိတမှာ သပိတ်အိုင်တောရ ဆရာတော်ကြီး ပြန်လွန်တော်မူပြီးနောက် သပိတ်အိုင်တောရတွင် အဦးဆုံးနေခဲ့သူ ဖြစ်၏။

"မသွားချင်လို့တော့ မဖြစ်ဘူး၊ ကိစ္စက သိမ်သမုတ်ကိစ္စ အရေးကြီးတယ်၊ ပြီးတော့ တောရကျောင်းသိမ် တောရကျောင်း ဘုန်းကြီးတွေနဲ့ပဲ သိမ်သမုတ်ချင်တယ်တဲ့"

"သွားတော့ သွားရမှာပေါ့လေ"

"နို့ ဘာလိုသေးလဲ"

"ဘုန်းကြီး ဦးတေဇနိယတို့ ဦးအာစိဏ္ဏတို့လည်း ဒီစာပြဦးလေ"

"တင်ပါ၊ ပြပါမယ်၊ အရှင်ဘုရား သဘောထား အရင်မေးလျှောက်တာပါ"

"ကဲ...ဒါဖြင့် သွားပြပါ၊ သူတို့ပြီးလည်း ပြီးတာပဲ"

မိမိသည် ဘုန်းကြီး ဦးတေဇနိယနှင့် ဦးအာစိဏ္ဏတို့အား

http://www.dhammadownload.com



လည်း စာကိုပြသည်။ သူတို့လည်း ခရီးမသွားလိုကြ၊ သို့သော် အရေးကြီး သော သာနကိစ္စဖြစ်၍ သွားကြမည်ဟု ဝန်ခံသည်။

တစ်ညတွင် အားလုံးစုရုံးပြီး တိုင်ပင်သည်။ ဘယ်လို စီမံသင့်သည်။ ဒီက ဘယ်လိုသွားမည် စသည် စီစဉ်တိုင်ပင်ပြီးသော အခါ မိမိသည် အရှင်ဉာဏိဿရထံ စာပြန်လိုက်သည်။

သို့

အရှင်ဉာဏိဿရ(သဲကုန်း)

၁၃၃၆-ခု၊ သီတင်းကျွတ်လ

သတိရစွာဖြင့် ပြန်ကြားသိစေပါသည်။ ပေးလိုက်သော စာကို ရ၍ တောရရှိ အရှင်များကို ပြသပြီး တိုင်ပင်ပါသည်။

တိုင်ပင်တဲ့အခါ ယခု ငါးပါးရှိရာ ဦးဝါသဝ တစ်ပါးသာ ထားခဲ့ပြီး တပည့်တော်နှင့် ဘုန်းကြီးဦးတေဇနိယ၊ ဦးဝဏ္ဏိတ၊ ဦးအာစိဏ္ဏတို့ လေးပါး ကြွဖို့ သဘောတူပါသည်။

အကြံပေးလိုတာကတော့ သံဃာများနေဖို့ မဏ္ဍပ်တစ်ခုတည်း ထိုးထားတာထက် တဲကျောင်းငယ်ကလေးတွေ တစ်ကျောင်းစီ ထိုးထားရန် ဖြစ်ပါသည်။

ဆွမ်းကိုလည်း တောကျောင်းစနစ်အတိုင်း မိမိတဲကျောင်းတွင် မိမိစားရန် ဖြစ်ပါသည်။ ယင်းသို့ဖြစ်နိုင်က ဒကာရော သံဃာပါ ချမ်းသာမည်ဟု ယူဆပါသည်။ ဝန်မလေးက ယင်းသို့ပဲ စီစဉ်ပါ။

သိမ်မြေနေရာကွက်ကို မဏ္ဍပ်ထိုးပါက အမိုးမမိုးဘဲ ထားရန်ကို သဘောတူကြပါသည်။

http://www.dhammadownload.com



သိမ်သမုတ်ရာတွင် နာနာဝါဒတွေ မဖြစ်စေရန် အကြီးအကဲ တစ်ပါးထားပြီး တစ်နည်းနည်းတည်းနဲ့သာ သမုတ်ရန် သဘောတူကြပါသည်။

တပည့်တော်တို့ ကြွတဲ့အခါ အဲဒီက ကပ္ပိယလွှတ်စရာ မလိုပါဘူး။ အဲဒီမှာသာ ဒေါင့်စေ့အောင်စီမံပါ။ ဒီကတပည့်တော်တို့ ကပ္ပိယနဲ့ တပည့်တော်တို့ လာခဲ့ပါမယ်။

ကျန်းမာပါစေသော်

ကျန်းမာစွာနှင့်

**တေဒဂ်-အရှင်ပညာဓောတ**

**မွန်စိန်တောရ**

အချိန်ကား ပြဿလိုဆန်း ၄ ရက်နေ့ ဆွမ်းစားပြီးချိန်ဖြစ်၏။ မွန်စိန်တောရရှိ သိမ်သမုတ်သွားမည့် တောရ အရှင်လေးပါးတို့သည် အသီးသီး သပိတ်ပရိက္ခရာ ပြင်နေချိန် ဖြစ်၏။

မိမိသည် ဘရုတ်သုက္ခနှင့် ပြင်လို့ မပြီးတတ် ပြီးတတ် အရှင်ဝဏ္ဏိတထံသို့ ရောက်သွားသည်။

အရှင်ဝဏ္ဏိတမှာ အထားအသို အနေအထိုင် အင်မတန်သေသပ်သည်။ သူသည် တခမ်းတနား သိမ်းဆည်းပြင်ဆင်နေသည်။ သို့နှင့် မိမိက"အမယ်လေးဟဲ့၊သိမ်းလိုက်ထုတ်လိုက်တာ တစ်လက်ိုးသီတင်း ခရီးသွားမှာကျနေတာပဲ"ဟု ပြောလိုက်သည်။

ထိုအခါ အရှင်ဝဏ္ဏိတက "ဘုန်းကြီး ဦးတေဇနိယ သွားကြည့်စမ်း၊ ဒါ့ထက်သေချာသေးတယ်၊ အရှင်ဘုရားသာ ဘရုတ်သုက္ခနဲ့ ပြီးခဲ့ပြီလာ" ဟု ပြန်မေးသည်။

http://www.dhammadownload.com



"တပည့်တော် ပြင်မပြီးသေးဘူး၊ သတိရတာနဲ့ လာကြည့်တာ"

ပြောပြောဆိုဆိုနှင့် မိမိသည် ဘုန်းကြီး ဦးတေဇနိယကျောင်း မသွားတော့ဘဲ မိမိကျောင်း မိမိပြန်လာကာ ပြီးစီးအောင် ပြင်ဆင်သည်။

ပြာသိုလဆန်း ၅ ရက်နေ့ နံနက်တွင် မိမိတို့သည် အစင်ရွာမှ ရေးသို့ မော်တော်မစီးဘဲ ခြေလျင်ခရီးဖြင့် သွားကြသည်။

ရထားသို့ ရောက်သော် အဆင်သင့်စောင့်နေသူများက ကြိုဆိုကာ နေရာချပေးကြပေသည်။ သပိတ်အိုင်တောရမှလည်း ဒကာ တစ်ယောက် အကြိုလွှတ်ပေသည်။

မိမိတို့ ရေးရထားမှာ ရှူးရှဲ ဟောဟဲနှင့် တရွေ့ရွေ့ရှားရှားသာ သွားရှာနိုင်၏။ တစ်ခါခါ တောင်အတက် ပြန်ပြီးများ လျှောကျမလား ထင်ရ၏။ သွားသော် ဖြည်းဖြည်း၊ ရပ်သော်နှေးနှေး၊ ရထားမှာ ရေးရထားဖြစ်၏။

မိမိတို့အား ကပ္ပိယများက လမိုင်းဘူတာအရောက် အဆင်သင့်ပါသော ဆွမ်းများကို ရထားပေါ်တွင် ပြင်ဆင်ကပ်ကြသည်။ ခရီးသွားကာမှ ဆွမ်းကလည်း စားလို့ကောင်းလှသည်။

အရှင်အာစိဏ္ဏအတွက် ဟင်းများမှာ သက်သတ်မလွတ် တလွတ်ဟင်းတွေ ဖြစ်၏။ မိမိတို့အတွက်မူ လွတ်တာရော မလွတ်တာရော သောင်းပြောင်းထွေလာ ဖြစ်၏။

ရထားမှာ တစ်ထပ်ထဲစားသော တောကျောင်းဘုန်းကြီးတွေ အေးအေးဆေးဆေး စားလို့ပြီးတာတောင်မှ မထွက်သေးပေ။

http://www.dhammadownload.com



ရေးမှ နံနက် ၇ နာရီထွက်ခဲ့သော ရထားသည် မော်လမြိုင်သို့ ညနေ ၅ နာရီကျော်မှ ရောက်သည်။ ရောက်သော် အဆင်သင့်စောင့်ကြိုနေသော ကားနှင့် ဆိပ်ကမ်းသွားရသည်။ ဆိပ်ကမ်းတွင် ကြားမော်တော် တစ်စင်းသာရှိတော့သည်။

မော်တော်ပေါ်ရောက်သော်တစ်ဆင့်ကြာပြန်၏။ သို့နှင့်မုတ္တမသို့ မှောင်မှ ရောက်တော့၏။ မုတ္တမတွင် ကြိုသူများမရှိတော့။

အရှင်အာစိဏ္ဏမှာ ခေတ္တတည်းခိုရာတွင် မူးနေပေပြီ။ ထိုစဉ် မိမိတို့ကပ္ပိယက မိမိအား လှမ်းပြီးပြောသည်။ "ဒီလောက် အသွားအလာ ဒုက္ခရောက်တာတောင် တောထဲ အေးအေးဆေးဆေး မနေနိုင်ဘူး၊ နောက်တစ်ခါ တရားဟောသွားဦးမလား" ဟူ၍ ဖြစ်သည်။

မိမိမှာ သိမ်သမုတ်ကိစ္စအပြီး ဆက်လက်၍ တရားပွဲများသို့ သွားရန် လာခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် မိမိအား ပြောခြင်းဖြစ်သည်။

အဆင်မပြေသော ခရီးအတွက် မိမိက ဘာဆင်ခြေတွေ ပေးနိုင်ဦးမည်နည်း။ ဆင်ခြေမပေးဘဲ ခေါင်းငုံ့ကာသာ နေလိုက်ရတော့၏။

အတန်ကြာမှ မုတ္တမမှ ဒကာကြီး ဦးဘဝင်းနှင့် ဒကာကြီး ဦးရွှေလေးတို့လူစု ရောက်လာသည်။

ရောက်လာလျှင် ဒကာကြီးတွေက "တပည့်တော်တို့ဖြင့် မျှော်လိုက်ရတာ ဘုရား၊ မော်တော်ဆိုက်တိုင်းပါပဲ၊ မော်တော်ကုန်ပြီဆိုလို့ ပြန်သွားပါတယ်၊ လာကြိုတဲ့ကားလည်း ပြန်သွားပြီ၊

http://www.dhammadownload.com



ခုမမျှော်ကာမှ ရောက်လာတယ်၊ အရှင်ဘုရားတို့တော့ ပင်ပန်းမှာပဲဘုရား” ဟု လျှောက်သည်။

“ကိုင်း...ပင်ပန်းတာ မပင်ပန်းတာ အသာထား၊ ယခု ဘယ်လိုစီစဉ်မလဲ” ဟု အရှင်ဝဏ္ဏိတက မေးလိုက်၏။

“အရှင်ဘုရားတို့ သဘောပါပဲ ဘုရား၊ ဒီမှာပဲ ဒီတစ်ည အိပ်မယ်ဆိုလို့ရှိရင်လည်း အဆင်သင့်ပါပဲ၊ သပိတ်အိုင်ဘက် ကြွမယ်ဆိုရင်လည်း တပည့်တော်တို့ စီစဉ်ပေးပါမယ် ဘုရား”

“ဆက်ကြွလို့ လွယ်ရင် ဆက်ကြွချင်တယ်” အရှင်ဝဏ္ဏိတက ဝင်ပြောသည်။

“လွယ်တာတော့ မလွယ်လှပါဘုရား၊ ဂိတ်ကပိတ်ထားပါသည်။ ဂိတ်ပြောပြီး ကားငှားပို့ပေးရမှာပါပဲ ဘုရား”

“ကဲ...ဒကာကြီးတွေ အဲဒါသာ ကြိုးစားကြည့်ပါဦး၊ အဲဒါ အဆင်မပြေမှ ဒီမှာ ညအိပ်ဖို့ စီစဉ်တာပေါ့၊ ဒီမှာက ဂိလာန ကိုယ်တော်တစ်ပါးကလည်း ပါလာတယ်” ဟု မိမိက ပြောလိုက်ခြင်း ဖြစ်သည်။

“ဒီလိုဆို တပည့်တော်တို့ ဖြစ်အောင် စီစဉ်ပေးပါမယ် ဘုရား”

“ဒကာကြီးများသည် ပြောပြောဆိုဆို လူစုခွဲကာ ထွက်ခွာသွားကြသည်။ တချို့က ဂိတ်သွားပြောကြသည်။ အချို့က ကားရှာငှားကြသည်။ မကြာမီ ကားငယ်တစ်စင်း ရလာသည်။

မိမိတို့လူတစ်စု ကားပေါ်တွင် အသီးသီးနေရာယူပြီးသော် သပိတ်အိုင်ဆီသို့ ထွက်ခဲ့သည်။

http://www.dhammadownload.com



သပိတ်အိုင်လမ်း၀ ကားရပ်သောအခါ ဒကာ ဒကာမများမှာ အံ့အားသင့်နေကြသည်။ အကြောင်းကိုဆိုသော် ၉ နာရီအချိန်လောက် ရောက်နေလို့ ဖြစ်၏။

ကားဆိုက်လျှင်ဆိုက်ချင်း အရှင်အာစိဏ္ဏမှာ ထိုးအန်တော့သည်။ တဝေါ့ဝေါ့နှင့် အန်မဆုံးတော့ပေ။

ထိုသို့အန်စဉ် ပါလာသော ကပ္ပိယက "အော့အန်ကုန်ပြီ" ဟု အထိတ်တလန့် အော်လိုက်ပြန်သဖြင့် မိမိတို့မှာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

အရှင်အာစိဏ္ဏအဖို့မှာမူ ယင်းသို့ မူးတာနှင့် အန်တာတို့မှာ အဆန်းမဟုတ်တော့။ ရိုးသလောက် ဖြစ်နေပြီ။

မိမိတို့သည် အရှင်အာစိဏ္ဏအား ဖေးမပြုစုနေစဉ် အနီးရှိ ကပ္ပိယက မိမိအား "ရေးပါဦးလား၊ အဲဒီအကြောင်းတွေ" ဟု လှမ်းပြောလိုက်သည်။

"ရေးစရာကောင်းရင် မရေးခိုင်းလည်းရေးရမှာပဲ"ဟု စာရေးသော မိမိက ပြန်ပြောလိုက်သည်။

ဟုတ်ပါသည်။ စာရေးသူအဖို့ သူများ ရေးခိုင်းတိုင်းလည်း ရေးလို့ မရပါ။ မရေးခိုင်းသော်လည်း အစအန ပေါ်လာလျှင် ရေးလို့ ဖြစ်ပါသည်။ အရာရာ စာတော့မဖြစ်နိုင်ပါ။ အရာရာ စာဖြစ်လာလျှင်လည်း ကောင်းမည် မဟုတ်ပါ။

သို့ဖြင့် မိမိတို့သည် သပိတ်အိုင် တောရသို့ ရောက်လာသည်။ တောရကျောင်းတွင် အင်ဂျင်စက်ငယ်ဖြင့် မီးထွန်းထားသဖြင့် တစ်တောလုံး လင်းနေသည်။

http://www.dhammadownload.com



မိမိတို့ မလာတော့ဘူးအထင်နှင့် ဘယ်သူမှ မမျှော်လင့်ဘဲ အေးအေးဆေးဆေး နေကြသည်။ မိမိသည် ရှေ့မှသွားပြီး "ဘယ်မှာလဲ ကျောင်းဘုန်းကြီး၊ အာဂန္တုတွေ ပင့်ထားပြီး ဝတ်မပြုဘူး" ဟု အော်လိုက်သည်။

ထိုအခါမှ အရှင်ဉာဏိဿရနှင့် ဒကာ ဒကာမတွေ သိကာ အားရဝမ်းသာနှင့် ဆီးကြိုကြသည်။ ကျောင်းငယ်လေးတွေ တွေ့ရသည်။

"ဟောဒီမှာ အရှင်ဘုရားတို့ အကြံဉာဏ်အတိုင်းပဲ၊ တဲကျောင်းလေးတွေ ဆောက်ထားတယ်၊ သူ့ကျောင်း၊ ငါ့ကျောင်း၊ သူ့ဘုန်းကြီး၊ ကိုယ့်ဘုန်းကြီး မဖြစ်ရအောင် မဲချထားတယ်"

"ညောင်လွန့်ဆရာတော်နဲ့အတူ သုံးပါးကြွတယ်၊ ညောင်လေးပင် ကြားတောရဆရာတော်လည်း ကြွလာပြီ"

"တပည့်တော်နဲ့ ညောင်လွန့်ဆရာတော်နှစ်ပါးနဲ့က အပေါ်ကျောင်းကြီးမှာနေမယ်၊ အရှင်ဘုရားတို့အတွက် ဟောဒီကျောင်း ဒကာနဲ့ ဘုန်းကြီးစာရင်းအတိုင်း သီတင်းသုံးရမယ်"

ပြောပြောဆိုဆိုနှင့် အရှင်ဉာဏိဿရသည် စာရင်းကို ဖတ်ပြသည်။

၁။ ဒေါ်အေးဖြူနှင့် မိသားစုကျောင်း။

ကြားတောရဆရာတော်၊ ညောင်လေးပင်မြို့။

၂။ ဦးအောင်ဘော်–ဒေါ်ရီ မိသားစုကျောင်း။

အရှင်အာစိဏ္ဏ။ မွန်စိန်တောရ၊ အစင်ရွာ၊ ရေးမြို့နယ်။

http://www.dhammadownload.com



၃။ ဦးအောင်ထွန်း–ဒေါ်နန်းကြင်၊ မိသားစုကျောင်း။
အရှင်ကောလာသ။ ရွှေဥမင်တောရ၊ ရန်ကုန်။
၄။ ဦးထွန်းအောင် မိသားစုကျောင်း။
အရှင်သုန္ဒရ။ ကျောက်အိုင်တောရ၊ ပေါင်မြို့နယ်။
၅။ ဦးစံညွန့် မိသားစုကျောင်း။
အရှင်ဝဏ္ဏိတ။ မွန်စိန်တောရ၊ အစင်ရွာ၊ ရေးမြို့နယ်။
၆။ မောင်လှကြည်ကျောင်း။
တေဒဂ်–အရှင်ပညာဇောတ။ မွန်စိန်တောရ၊ အစင်ရွာ၊ ရေးမြို့နယ်။
၇။ ဒေါ်စိန်တင်ကျောင်း။
အရှင်တေဇနိယ။ မွန်စိန်တောရ၊အစင်ရွာ၊ရေးမြို့နယ်။
၈။ ဦးထွန်းစိန်–ဒေါ်နော်ဘုကျောင်း။
အရှင်သုဇာတ၊ ညောင်လွန်တောရ။

ယင်းသို့ဖိတ်ပြပြီး မိမိတို့အသီးသီး နေရာယူပြီးသော် ညောင်လွန့် ဆရာတော်အား ဖူးမြော်ကာ အိပ်စက်ကြတော့သည်။

ပြာသိုလဆန်း ၆ ရက်နေ့တွင် နားရန်ဖြစ်သော်လည်း သံဃာစုံနေသဖြင့်လည်းကောင်း၊ အားလုံး ကျန်းမာနေသဖြင့်လည်းကောင်း၊ မနားတော့ဘဲ နံနက်စောစောပင် သိမ်နုတ်ပါသည်။ အားလုံး အဆင်သင့် ပြင်ထားပြီးဖြစ်၍ နုတ်နိုင်ခြင်းဖြစ်ပါသည်။

သိမ်နုတ်သောအခါ အရည်ဝါသီ၊ လဇ္ဇီသူမွန်၊ သီလဝန် ဖြစ်တော်မူသော ညောင်လွန့်တောရ ဆရာတော်ကြီးကို ပဓာန

http://www.dhammadownload.com



ဦးစီး အကြီးအမှူးပြု၍ စုရုံးတော်မူကြပြီး သိမသမ္မုတိကမ်ကို ဆောင်ရွက်တော် မူကြပါသည်။

ကမ်ဆောင်သောအခါ၌ "**ရုက္ခာဒိသမ္ဘန္ဓဝဂ္ဂကမ္မ**" မဖြစ်ကြ စေရန် တစ်စုတည်း စုရုံးတော်မူကြလျက် "**ကိုးဌာနနုတ်နည်း**" ဖြင့် စတင်နုတ်တော်မူကြလေရာ ညောင်လွန့်တောရဆရာတော် တစ်ပါးတည်း ရှေးဦးစွာ "**အဝိပ္ပဝါသသိမသမ္မုတိကမ္မဝါစာ**"ကို ဖတ်၍ တစ်ဆက်တည်းပင် "**သမာနသံဝါသသိမသမ္မုတိကမ္မဝါစာ**" ကို ဖတ်ပြီး သမ္မုတိကမ်ကို ဆောင်ရွက်ပါသည်။

ထို့နောက် မလှိုင်မြို့ တောရဆရာတော်ဘုရားကြီး (ညောင်လွန့်အနွယ်)

ထို့နောက် ညောင်လေးပင်မြို့ ကြားတောရ ဆရာတော် (ရွှေကျင်နိကာယ)

ထို့နောက် ရေးမြို့နယ် အစင်ရွာ မွန်စိန်တောရမှ အရှင်တေဇနိယ၊ အရှင်ဝဏ္ဏိတ၊ အရှင်အာစိဏ္ဏနှင့် တေဒဂ် အရှင်ပညာဇောတတို့က တစ်ပါးစီ အစဉ်အတိုင်း သမ္မုတိကမ်ကို ဆောင်ရွက်ပါသည်။

ထို့နောက် သပိတ်အိုင်တောရ အရှင်ဉာဏိဿရ၊ ညောင်လွန့်တောရ အရှင်သုဇာတ, ကျောက်အိုင်တောရ အရှင်သုန္ဒရတို့က လည်း တစ်ပါးစီပင် သမ္မုတိကမ်ကို ဆောင်ရွက်တော်မူကြပါသည်။ ယင်းသို့လျှင် အရည်ဝါသီ လဇ္ဇီသူမွန် သီလဝန်, ပညာဝန် အရှင်မြတ်တို့သည်-

http://www.dhammadownload.com



၁။ ကိုးဗျာနနုတ်နည်း၊
၂။ ငါးဗျာနနုတ်နည်း၊
၃။ သမပန္တိ နုတ်နည်း၊
၄။ ပျားကြီးစွဲနုတ်နည်း၊
၅။ ထောင့်တန်းနုတ်နည်း၊
၆။ ကြက်ခြေသဏ္ဍာန်နုတ်နည်း၊
၇။ အဌသီမန္တ ရိကနုတ်နည်း၊
၈။ သီမန္တ ရိကပရိက္ခေပနုတ်နည်း

ဟူသော ရှစ်နည်းတို့ဖြင့် အကြိမ်များစွာ ဝိနယဂရုကပုဂ္ဂိုလ်တို့၏ သံသယ ကြောင့်တံသင်း ကင်းစင်လောက်အောင် (၃)ရက်တိုင်တိုင် နုတ်တော်မူကြပါသည်။

ယင်းသို့ သုံးရက်တိုင်တိုင် နုတ်ပြီးနောက် ပြာသိုလဆန်း ၉ရက်နေ့တွင်ထောင့်အရပ်နှင့်တကွ အရပ်ရှစ်မျက်နှာတို့၌ နိမိတ် လောက်သော ရေနံ့ဆီပုံးပမာဏရှိ ပကတိကျောက်တုံးများကို နေရာတကျချထားပြီးဥပါသကာ–ဥပါသိကာတို့ချည်းသက်သက် နိမိတ်စောင့်စေ၍ ရှေးဦးစွာ ညောင်လွန့်ဆရာတော် ဘုရားကြီးက နိမိတ်ရှိရာသို့ သွားပြီးလျှင်၊ မြန်မာလိုသက်သက် နိမိတ်ကြား တော်မူ၍ တစ်ဖန် နိမိတ်ရှိရာ အရပ်သို့မသွားဘဲ သံဃာ့အလယ်မှ ပင် မြန်မာလိုသက်သက် နိမိတ်ကြားတော်မူပြန်ပါသည်။

ထို့နောက်မလှိုင်ဆရာတော်, ညောင်လေးပင် ကြားတောရ ဆရာတော်, မွန်စိန်တောရ, အရှင်တေဇနိယ ဆရာတော်နှင့် သပိတ်အိုင်တောရ အရှင်ဉာဏိဿရတို့က နိမိတ်ကြားတော်မူကြ ပါသည်။

http://www.dhammadownload.com



ယင်းသို့ လူဒါယကာ ဒါယိကာမတို့ချည်းသက်သက် နိမိတ်စောင့်စေ၍ ငါးကြိမ်တိုင်တိုင် နိမိတ်ကြားပြီးသော် ရဟန်းတော်တို့ချည်းသက်သက် နိမိတ်စောင့်စေ၍ ညောင်လွန့်ဆရာတော်ဘုရားကြီးက အလယ်မှနေ၍ ပါဠိလိုသက်သက် နိမိတ်ကြားတော်မူပြီးလျှင် မလှိုင်ဆရာတော်ဘုရားကြီးက နိမိတ်ရှိရာသို့ သွားပြီး နိမိတ်ကြားတော်မူပြန်ပါသည်။

ယင်းသို့ပြခဲ့သည့်အတိုင်း ဒကာ ဒကာမတို့ကို နိမိတ်စောင့်စေ၍ ၅–ကြိမ်ကြားခြင်း၊ ရဟန်းတော်တို့ကို စောင့်စေ၍ နိမိတ် ၂–ကြိမ်ကြားခြင်း၊ ဤသို့ ၇–ကြိမ်တိုင်တိုင် နိမိတ်များ မကျိုးမပေါက်စေဘဲ ထပ်မိစပ်မိအောင် ကြားတော်မူပါသည်။

ယင်းသို့ နိမိတ်ကြားခြင်း ပုဗ္ဗကရဏ လုံးဝပြီးပြေလတ်သော် သမာနသံဝါသ သီမသမ္မုတိ ကမ္မဝါစာကစ၍ သမ္မုတိကမ္မဝါစာ နှစ်မျိုးစလုံးကိုပင်

၁။ ညောင်လွန့်တောရ ဆရာတော်ဘုရားကြီး တစ်ပါးတည်း ပထမအကြိမ် ဖတ်ပါသည်။
၂။ မလှိုင်တောရ ဆရာတော်ဘုရားကြီးနှင့် ညောင်လွန့်တောရ အရှင်သုဇာတတို့က ဒုတိယအကြိမ်၊
၃။ ညောင်လေးပင် ကြားတောရ ဆရာတော်နှင့် မွန်စိန်တောရ အရှင်တေဇနိယတို့က တတိယအကြိမ်၊
၄။ မွန်စိန်တောရ အရှင်ဝဏ္ဏိတနှင့် အရှင်အာစိဏ္ဏတို့က စတုတ္ထအကြိမ်၊
၅။ မွန်စိန်တောရ တေဒင်္ဂအရှင်ပညာဇောတနှင့် ကျောက်

http://www.dhammadownload.com



အိုင်တောရ အရှင်သုန္ဒရတို့က ပဉ္စမအကြိမ်၊

၆။ သပိတ်အိုင်တောရ အရှင်ဉာဏိဿရနှင့် ညောင်လွန့် အရှင် သုဇာတတို့က ဆဋ္ဌမအကြိမ်၊

၇။ ထို့နောက် ညောင်လွန့်ဆရာတော်ဘုရားကြီး တစ်ပါး တည်းပင် သတ္တမအကြိမ် သမုတ်တော်မူကြပါသည်။

ယင်းသို့ သမ္မုတိကမ္မဝါစာ တစ်မျိုးလျှင် (၇)ကြိမ်စီ ပီပြင် ကျနစ, ကရဏနှင့် ဌာနပယတ် မချွတ်စေရ၊ ဝိနယဝိဒူ၊ ဝိညူ ပဏ္ဍိတတို့၏ သံသယဝိပတိတို့ကို ကင်းစေလျက် ဖတ်ရှုံ၊ ရွတ်ရှုံ သာမန်မဟုတ်ဘဲ သမုဟာနကမ် ဆောင်ရွက်ကြစဉ်က သမုဟာနာ ပေက္ခစိတ်ဖြင့်သာ ရွတ်ဖတ်တော်မူကြသလို၊ သမ္မုတိအရာ၌ လည်း သမ္မတာပေက္ခစိတ်ထားဖြင့် ရွတ်ဖတ်တော်မူကြသည့် အဆုံး၌ **"သာဓုဇနပါသာဒိကာ"** သိမ်တော်ကြီးသည် ယူဇနာ ပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော ပံသု–သီလာ နှစ်ဖြာ ပထဝီ, မေဒနီကို ထွင်းဖောက်လျက် ယူဇနာလေးသိန်းရှစ်သောင်း အတိုင်းအရှည်ရှိသော ရေထုသို့ရောက်အောင် သက်ဝင်၍ အောင်မြင်ပြီးစီးပါသတည်း။

ယင်းသို့ အောင်မြင်ပြီး သိမ်ကို ပြာသိုလဆန်း ၁၀ ရက်နေ့ တွင် ဂါမဝါသီ အရညဝါသီ အတူတွဲဖက်တော်မူကြကာ ဖော် ပြပါ အစီအစဉ်အတိုင်း ထပ်မံ၍ သမုတ်တော်မူကြပြန်ပါသည်။

၁။ ထူးကြီးဆရာတော်၊ မွန်စိန်တောရတောဒဂ် အရှင်ပညာ

http://www.dhammadownload.com



ဇောတ, သပိတ်အိုင်တောရ အရှင်ဉာဏိဿရတို့က ပထမအကြိမ်၊

၂။ မော်လမြိုင်မြို့ ပန်းဘဲတန်း ရွှေကျောင်း ဆရာတော်, အရှင်ကုမာရ၊ မော်လမြိုင်မြို့ မောင်ငံကွင်းကျောင်း ဆရာတော်-အရှင်သုဇာတ၊ မွန်စိန်တောရ အရှင် အာစိဏ္ဏတို့က ဒုတိယအကြိမ်၊

၃။ သထုံမြို့ လယ်ဝန်ဆရာတော်, ဓမ္မမေဒနီ ဆရာတော် အောင်မြေရွှေဘုံ ဆရာတော်တို့က တတိယအကြိမ်၊

၄။ မော်လမြိုင်မြို့ စိန်မမကျောင်း တိုက်အုပ်ဆရာတော် ဦးသူရိယ၊ သထုံမြို့ သဒ္ဓမ္မဇောတိကာရာမတိုက် ပိဋကတ္တယပါရဂူ ဦးဝိဇယ, မော်လမြိုင်မြို့ ဈေးကြို တော်ကူးကျောင်း ဆရာတော်တို့က စတုတ္ထအကြိမ်၊

၅။ ထူးကြီးဆရာတော် တစ်ပါးတည်း ပဉ္စမအကြိမ်၊

၆။ မော်လမြိုင်မြို့ ပန်းဘဲတန်း ရွှေကျောင်းဆရာတော် တစ်ပါးတည်း သီဟိုဠ်ကျွန်းသား ပဏ္ဍိတ်တို့၏ ရွတ်ဖတ်နည်းအတိုင်း ရွတ်ဖတ်တော်မူလျက် ဆဋ္ဌမအကြိမ်၊

၇။ ညောင်လွန့်တောရ ဆရာတော်ဘုရားကြီး တစ်ပါး တည်း သတ္တမအကြိမ် နိဂုံးအဖြစ် ဖတ်ရွတ်တော်မူကာ သမ္မုတိကမ္မဝါစာ နှစ်မျိုးစလုံးကိုပင် (၇)ကြိမ် ပီပြင် ကျန ရွတ်ဖတ်တော်မူကြခြင်းဖြင့် ဒဠှီကမ္မ, ထိရတရ, မိဿကသမ္မတအမှု အစုစုအရပ်ရပ် အောင်မြင်ပြီး ပြေလတ်ပါသတည်း။

http://www.dhammadownload.com



ဤသိမ်သမုတ်ပွဲတွင် အရှည့်ဝါသီ (၁၁) ပါး၊ ဂါမ–ဝါသီ (၁၅)ပါးအားဖြင့် (၂၆)ပါးဖြစ်ပါသတည်း။

- သာသနာအကျိုး ဆောင်သယ်ပိုး စိုက်ပျိုးသိမ်ကုသိုလ်။
- သိမ်သန့်မှသာ သာသနာ သန့်စွာစည်မည်ကို။
- သာသနာစည် လူနတ်ပြည် စည်မည်နတ်လူပျို။

http://www.dhammadownload.com



# မွေးနေ့မှာ ကောင်းမှုကုသိုလ်လုပ်ခြင်းဟာ ဘယ်လိုအကျိုးကျေးဇူးများရှိပါသလဲဘုရား

{ ၁၇ }

"စေတနာ, ဝိရတိ, ဟူဘိနှစ်ဖြာ, ပြဋ္ဌာန်းစွာသား, ကျင့်စာရိတ္တ, ဝါရိတ္တဟု, သီလရတနာ, မြတ်တန်ဆာလည်း, သတ္တဝါခပင်း, မင်းဆင်းရဲသား, မပိုင်းခြားဘူး, လေးပါးမျိုးနွယ်, ကြီးငယ်မဆို, ရွယ်ပျို–ရွယ်ရင့်, ဆင်တိုင်းတင့်၏

"ကောင်းကျင့်ဟူဘိ, ကျေးဇူးရှိသား, ဂိဟိပြဟ္မ, စရိယတိ, ဆုံးမဆို့ပိတ်, မြတ်စာရိတ်နှင့် ဝါရိတ်အညီ, မပြတ်မှီလော့, ပဋ္ဌသီဥပုသ်, စောင့်ကိုယ်နှုတ်ဖြင့်, မယုတ်အားကြိုး, ဤကျင့်ရိုးသည် ကောင်းကျိုးအလွှန်တရာတည်း"

**(မဃဒေဝ)**

http://www.dhammadownload.com



မိမိကို တစ်စုံတစ်ယောက်သောသူက အနှစ်သက်ဆုံး စာအုပ်တစ်အုပ်ကို ပြောပြပါဆိုရင် မဆုတ်မဆိုင်းပင် မဃဒေဝ လင်္ကာစာအုပ်ဟု ပြောပြလိုက်ပါမည်။

မှန်၏။ မိမိသည် ယင်းစာအုပ်ကို အကြိမ်ကြိမ်ဖတ်သည်။ အကြိမ်ကြိမ်မှတ်သည်။ အကြိမ်ကြိမ်ကျက်သည်။ မိမိအတွက် လိုအပ်ချက်တွေ အကုန်ရပါ၏။

သို့ဖြစ်၍ မိမိသည် တခြားဖတ်စရာ စာအုပ်အသစ်မရှိသော် မဃဒေဝလင်္ကာစာအုပ်ကိုပင် ဖတ်လေ့ရှိပါ၏။ မှတ်လေ့ ကျက်လေ့ ရှိပါ၏။ တစ်နေ့ ယင်းမဃဒေဝလင်္ကာမှ စာတစ်ပိုဒ်ကို ဖတ်နေစဉ် ဘုန်းဘုန်း စာတစ်စောင်လာတယ်ဟု ပြောပြောဆိုဆို ကိုရင် တစ်ပါးက စာလာကပ်၏။ သို့နှင့် မိမိက မေး၏။

"ဘယ်ကစာလဲဟ"

"မသျှောက်တတ်ပါဘုရား"

"ပေးတဲ့လူ လိပ်စာမပါဘူးလား"

"ပါတော့ ပါတယ်ဘုရား၊ မဖတ်တတ်ဘူး"

"ကဲ...ဒါဖြင့် ဖောက်စမ်း"

"စာတွေကလည်း အများကြီးဘုန်းဘုန်း"

"ကဲ...ဖတ်ပြစမ်း"

ဘုန်းဘုန်းဘုရား-

"တပည့်တော် ရိုသေစွာ ရှိခိုးဦးတင်လိုက်ပါသည်ဘုရား၊ ဘုန်းဘုန်း ကျန်းမာရွှင်လန်းစွာနဲ့ တရားအားထုတ်နိုင်ပါစေလို့ တပည့်တော် ဆုတောင်းမေတ္တာ ပို့သပါတယ်ဘုရား။

http://www.dhammadownload.com



"တပည့်တော်တို့ကတော့ ဘုန်းဘုန်း တရားများများ လည်း အားထုတ်နိုင်ပါစေ(......) ကိုလည်း ကြွလာပြီး တပည့်တော်တို့ကိုလည်း တရားများများ ဟောပြနိုင်ပါစေလို့ အမြဲ ဆုတောင်းနေပါတယ်ဘုရား။

"တပည့်တော် ယခုလို စာရေးတာက ဘုန်းဘုန်းကို အနှောင့်အယှက်ပေးချင်လို့ မဟုတ်ပါဘုရား၊ သတိလည်း ရနေလို့ပါဘုရား၊ နောက်ပြီး ဘုန်းဘုန်းကိုလည်း မသိ နားမလည်တာကိုမေးစရာရှိလို့ပါဘုရား။

"(......)နေ့တုန်းက (......)တို့အိမ်မှာ ဆွမ်း လောင်းပါတယ်ဘုရား၊ နောက်ပြီး (......)က ဆယ်တန်း မှာ ရူပဗေဒ ဘာသာကို ဂုဏ်ထူးနဲ့အောင်လို့ ဆရာ– ဆရာမတွေကိုလည်းဖိတ်ပြီး မုန့်ကျွေးတဲ့အလှူ လုပ်ပါတယ် ဘုရား။

"အဲဒီအလှူမှာ (......)တို့က သူတို့ကက်ဆက်ကို အကျူသဘောမျိုးနဲ့ လာဖွင့်ပေးတော့ ဘုန်းဘုန်းရဲ့တရားကို တစ်ခါနာရပြန်ပါတယ် ဘုရား။

"ဘုန်းဘုန်းရဲ့ တရားကို အဘတို့အိမ်က အလှူပြီးသွား ကတည်းက မနာရတာ ခုမှပဲ ပြန်ပြီးနာရပါတော့တယ် ဘုရား။

"တပည့်တော်လည်း ခုဝါတွင်းမှာ ဥပုသ်တစ်ပတ် တည်းပဲ စောင့်ရပါသေးတယ်ဘုရား၊ စောင့်တော့လည်း မေမေက ဘုန်းကြီးကျောင်းကို ဦးဦးဖျားဖျား ဆီလှူချင်ပါ

http://www.dhammadownload.com



တယ်၊ (......)ကျောင်းသွားပြီး ဥပုသ်စောင့်ရအောင် ဆိုတာနဲ့ အဲဒီ ပထမပတ်က (......)ကျောင်းကို မိသားတစ်စုလုံးသွားပြီး ဥပုသ်စောင့်တာနဲ့ ဘုန်းဘုန်းရဲ့တရားသံကို မကြားရတော့ပါဘုရား"

"ဟင်...ဘုန်းဘုန်းက ဒီမှာ၊ သူတို့က ဘယ်လိုလုပ်ပြီး တရားနာနိုင်မှာလဲ ဘုရား"

"ရှည်လိုက်တာ ကိုရင်ကလဲ၊ စောင့်နေကျကျောင်းမှာ ကက်ဆက်နဲ့ တရားနာတာကို ပြောနေတာ"

"ဩော်......"

"ဩော်မနေနဲ့၊ ဆက်ဖတ်စမ်း၊ စာရေးတဲ့လူက နင့်ထက်တော်တယ်"

"နောက်တစ်ပတ်တော့ တပည့်တော်တို့ စာမေးပွဲရက်နဲ့ တိုက်ဆိုင်နေလို့ ဥပုသ်မစောင့်ဖြစ်ခဲ့ပါဘုရား။

"ဒါပေမယ့် စိတ်ထဲကတော့ ၈-ပါးအနက်က တတ်နိုင်တဲ့ ငါးပါးကိုတော့ လုံနိုင်သမျှ လုံခြုံအောင် စောင့်ထိန်းခဲ့ပါတယ်ဘုရား။

"ခုနောက်တစ်ပတ်ဆိုရင်တော့ ဥပုသ်စောင့်နိုင်ပါပြီဘုရား၊ ကျောင်းပြန်မတက်ရခင်မှာ သီတင်းပတ်တိုင်း မပျက်ရအောင် ဥပုသ်စောင့်မယ်လို့တော့ မှန်းထားပါတယ်ဘုရား"

"သူများတွေ ကျောင်းတက်နေချိန်မှာ သူက ကျောင်းပြန်မတက်ရခင်ဆိုတော့ သူက ဘယ်ကျောင်း တက်တာလဲ ဘုန်းဘုန်း"

http://www.dhammadownload.com



"တက္ကသိုလ်ကျောင်း တက်တာ"

"ဒါကြောင့် စာတွေ အရှည်ကြီးရေးတတ်တာနဲ့ တူတယ် နော် ဘုန်းဘုန်း"

"အမယ်လေး၊ လေရှည်လိုက်တာ၊ ဆက်ဖတ်စမ်းပါဦး"

"နေ့ဘက်မှာ အခြေအနေအရ မထိန်းသိမ်းနိုင်ပေမယ့် ညဘက် ရောက်ရင်တော့ အိပ်ရာမဝင်ခင် ညတိုင်း ၈-ပါးသီလယူ, မေတ္တာပို့, သမ္ဗုဒ္ဓေဘုရားရှိခိုး သက်စေ့ ရှိခိုး, အမျှအတန်းဝေပြီးမှ အိပ်ပါတယ်ဘုရား"

"ဟင်း......ညဘက်ကြီး ၈-ပါးသီလယူတယ်တဲ့"

"ကိုရင်ကလည်း ရှည်လိုက်တာ၊ ရှစ်ပါးသီလ ညဘက်မယူ ရဘူးလို့ ဘယ်သူက ပြောလဲ"

"ညစာ စားပြီးမှဆိုတော့ လူတိုင်းယူနိုင်တာပေါ့ ဘုန်းဘုန်း"

"မယူနိုင်တဲ့လူတွေ တပုံကြီး၊ ညစာအပြင် ပွဲကြည့်တာတို့ နဲ့သာလိမ်းတာတို့ စတဲ့ သိက္ခာပုဒ်တွေ အများကြီးကျန်သေး တာပဲ"

"ဩော်......ဟုတ်သားပဲ"

"ပြီးတော့ တချို့ဆို သန်းခေါင်လောက်ကျမှ ဆာလို့ဆိုပြီး အိပ်ရာကထစားတဲ့လူတွေလဲ မရှိဘူးလား"

"ရှိပါတယ် ဘုရား"

"ခုလို သီလယူထားတော့ စားဦးမလား"

"မစားတော့ပါဘုရား"

"တခြား သိက္ခာပုဒ်တွေကော ကျူးလွန်ဦးမလား"

http://www.dhammadownload.com



"မကျူးလွန်တော့ပါ ဘုရား"

"အေး......သီလဆိုတာ နေ့ရယ်၊ ညရယ်၊ ဘယ်ဟုတ်မလဲ၊ စောင့်နိုင်ရင် စောင့်တဲ့အချိန် အကျိုးရတာပေါ့၊ ကဲရှည်လိုက်တာ ဆက်ဖတ်စမ်းပါဦး"

"နံနက်ပိုင်း အိပ်ရာထရင်တော့ ဘုရားရှေ့မှာ ဘုရားရှိခိုးဖြစ်တာတော့ နည်းပါတယ်ဘုရား၊ စိတ်ထဲကပဲ သတိရတဲ့အခါမှာ ရှိခိုးပါတယ်ဘုရား။

"သမ္ဗုဒ္ဓေဘုရားရှိခိုးကိုတော့ ဘုန်းဘုန်းကို ကတိပေးထားတဲ့အတိုင်း ညတိုင်း သက်စေ့ရှိခိုးပါတယ် ဘုရား။

"ဘုန်းဘုန်းဘုရား၊ တပည့်တော် မသိတာကတော့ တခြားမဟုတ်ပါဘူးဘုရား၊ လာမယ့် တန်ဆောင်မုန်းလဆန်း (၃)ရက်နေ့ဟာ တပည့်တော်ရဲ့ မွေးနေ့ဖြစ်ပါတယ်ဘုရား။

"အဲဒီမွေးနေ့မှာ ဘုန်းကြီးတွေကို ဆွမ်းကျွေးတဲ့အလှူသော်လည်းကောင်း၊ တခြားအလှူတစ်ခုခုကိုသော်လည်းကောင်း၊ ဘာမှမလုပ်နိုင်ရင် အရုဏ်ဆွမ်း, နေ့ဆွမ်းလောင်း၊ ဘုရားမှာ ဆွမ်း–ရေချမ်း၊ ပန်း–ဆီမီး ကပ်လှူပြီး (၈)ပါးသီလယူ, သီလကို မြဲစွာစောင့်ထိန်း မေတ္တာပို့, တရားအားထုတ်မယ်လို့ ရည်မှန်းထားပါတယ်ဘုရား"

"အဲဒီလို မိမိရဲ့ မွေးနေ့ မွေးလ မွေးရက်မှာ ကောင်းမှုကုသိုလ် ပြုလုပ်တာနဲ့ နေ့စဉ်ကောင်းမှုကုသိုလ် ပြုလုပ်တာဟာ ဘယ်လို ကွာခြားပါသလဲဘုရား။

http://www.dhammadownload.com



"ပြီးတော့ **မွေးနေ့မှာ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းဟာ ဘယ်လိုအကျိုးကျေးဇူးများ ရှိပါသလဲဘုရား။**

"တပည့်တော် သိလိုတာကတော့ အဲဒီနှစ်ချက်ပဲ ဖြစ်ပါတယ်ဘုရား၊ ဘုန်းဘုန်း ဆက်ဆက်စာပြန်ရေးပါဘုရား။

"အခုလောလောဆယ် မအားလပ်ရင်တောင် တပည့်တော်ရဲ့ မွေးနေ့ဟာ ဝေးနေသေးတဲ့အတွက် ဘုန်းဘုန်းအားတဲ့အချိန်မှာ စာပြန်ရေးပေးပါလို့ တပည့်တော် ကန်တော့ရင်းနှင့် ပန်ကြားအပ်ပါသည်ဘုရား။

"တပည့်တော်လည်း စာမေးပွဲ ဖြေနိုင်ပါသည်ဘုရား၊ ကျောင်းပြန်တက်ဖို့ကတော့ ဘယ်တော့မှလဲဆိုတာ ခုချိန်ထိ မသိရသေးပါဘုရား။

"ဘုန်းဘုန်းလည်း (......)ကြွပြီး တရားဟောပေးပါဦးလို့ (......)က ဒကာ–ဒကာမတွေကိုယ်စား တပည့်တော်က လျှောက်ထားအပ်ပါသည်ဘုရား။

"ဘုန်းဘုန်း ကျန်းမာစွာနဲ့ တရားအားထုတ်နိုင်ပါစေလို့ တပည့်တော် ဆုတောင်းလိုက်ပါသည် ဘုရား။

"အနန္တောအနန္တ ငါးပါးကို အမြဲရိုသေလေးစားလျက်–

တပည့်တော်

(......)

၅–၇–၇၅

"ကဲ...ဘယ့်နှယ်လဲကိုရင် မင်းနဲ့ ဘယ်သူကတော်လဲ"

http://www.dhammadownload.com



"တပည့်တော်က ကိုရင်ပဲ၊ တပည့်တော်က တော်တာပေါ့ ဘုရား"

"အမယ် ကိုရင်ဆိုတာနဲ့ တော်ရမလား"

"ကိုရင်ဆိုတော့ အမြဲဆယ်ပါးသီလ ရှိနေတော့ တော်ပါတယ်ဘုရား"

"အေးအေး...ဒါတော့ အဟုတ်သားပဲ"

"အနန္တ ငါးပါးလည်း လေးစားပါတယ်ဘုရား"

"သူများစာထဲပါမှ သတိရတာပါ"

"မဟုတ်ပါဘုရား"

"ကဲ...ကဲ...သွားနိုင်ပြီ"

"ဘုန်းဘုန်း ဘယ်တော့ စာပြန်မလဲ"

"နောက်မှ ကြည့်ပြန်တာပေါ့"

**သို့**

**(......)**

**ပြန်ကြားသိစေသည်။**

"(၅–၇–၅) နေ့စွဲနဲ့ ထည့်လိုက်တဲ့စာ ရရှိလို့ ဖတ်ရတော့ အကြောင်းစုံသိရသဖြင့် ဘုန်းဘုန်း ဝမ်းသာတယ်။

"တခြားအကြောင်းတွေတော့ ရှည်ရှည်ဝေးဝေး မရေးအားလို့ မရေးတော့ဘူးနော်၊ မွေးနေ့အကြောင်းပဲ ရေးတော့မယ်နော်။

"(......)ရဲ့ မေးထားတဲ့မေးခွန်းထဲမှာ "မွေးနေ့မှာ ဘုန်းကြီးတွေကို ဆွမ်းကျွေးတဲ့အလှူသော်လည်းကောင်း၊

http://www.dhammadownload.com



တခြားအလှူတစ်ခုခုသော်လည်းကောင်း၊ ဘာမှ မလုပ်နိုင်ရင်တောင် အရဏ်ဆွမ်း, နေ့ဆွမ်းလောင်း, ဘုရားမှာ ဆွမ်း, ရေချမ်း, ပန်း–ဆီမီး ကပ်လှူ၊ ၈–ပါးသီလယူပြီး သီလကို မြဲစွာ စောင့်ထိန်းမေတ္တာပို့ တရားအားထုတ်မယ်လို့ ရည်မှန်းထားပါတယ်ဘုရား”လို့ ပါတယ်။

“အမှန်က ဆွမ်းကျွေးတဲ့အလှူ တခြားအလှူတစ်ခုခုမှ အလှူမဟုတ်ပါဘူး၊ (……)စာထဲမှာပါတဲ့ အရဏ်ဆွမ်း နေ့ဆွမ်းလောင်း စတဲ့ အလှူတွေ, သီလသီတင်းစောင့်ထိန်းတာတွေ, မေတ္တာဘာဝနာပွားများတာတွေ၊ ကမ္မဋ္ဌာန်းတရား စီးဖြန်းတာတွေလည်း အင်မတန် ကောင်းမြတ် ကုသိုလ်တွေပဲ မဟုတ်လား”

“အဲဒီကုသိုလ်တွေ ပြုလုပ်နေခြင်းသည်ပင် အင်မတန် မွန်မြတ်သန့်ရှင်းတဲ့ မွေးနေ့မင်္ဂလာ ကျင်းပခြင်းပါပဲ။

“(……) ဆိုလိုချင်တာက ကြီးကြီးကျယ်ကျယ် ဆွမ်းကျွေး၍သော်လည်းကောင်း၊ အခြားကြီးကြီးကျယ်ကျယ် တစ်ခုခုလှူ၍သော်လည်းကောင်း၊ ကောင်းမှုကုသိုလ်ပြုလုပ်ပြီး မွေးနေ့ပြုလုပ်နိုင်မှ မွေးနေ့ကျင်းပတယ်ဟု ထင်ဟန်ရှိပါတယ်။

“အမှန်က ကုသိုလ်ပြုလုပ်တဲ့နေရာမှာ ကြည်လင်တဲ့ သဒ္ဓါတရားနဲ့ သန့်ရှင်းတဲ့ စေတနာတရားက အဓိကပါ၊ အဲဒီ သဒ္ဓါစေတနာ ဖြူဖြောင့်စွာနဲ့ ကုသိုလ်ပြုပြီး မွေးနေ့ကျင်းပရင် (……)စာထဲမှာပါတဲ့ ကုသိုလ်တွေဟာ မသေး

http://www.dhammadownload.com



ငယ်ပါဘူး၊ ကြီးကျယ်ပါတယ်၊ ကြီးကျယ်တဲ့ အကျိုးလည်း ပေးနိုင်ပါတယ်၊ ပြုလုပ်ပါနော်။

"ပြီးတော့ 'မွေးနေ့ မွေးလ မွေးရက်မှာ ကောင်းမှုကုသိုလ် ပြုလုပ်တာနဲ့ နေ့စဉ်ကောင်းမှုကုသိုလ် ပြုလုပ်တာဟာ ဘယ်လိုကွာခြားပါသလဲ ဘုရား"ဆိုတဲ့ အမေးအရ ဖြေရရင် အများကြီးကွာတယ်လို့ အကျဉ်းချုပ်အဖြေကို အရင်မှတ်ထားနော်။

"ဥပမာဆိုပါတော့၊ လူတစ်ယောက်က မွေးနေ့မှာ ငွေ (၃၆၅ ကျပ်) သုံးရာခြောက်ဆယ့်ငါးကျပ်ဖိုး လှူတယ်တဲ့။

လူတစ်ယောက်ကတော့ နေ့စဉ်နေ့စဉ် တစ်နေ့ (၁)တစ်ကျပ်, (၁)တစ်ကျပ် လှူတယ်တဲ့။

"အဲဒီအလှူနှစ်ခုဟာ အကုန်အကျပစ္စည်းဝတ္ထုတူသော်လည်း မွေးနေ့မှာမှ တစ်ကြိမ်ထဲ လှူလိုက်သူမှာ တစ်နေ့တည်းပဲ ကုသိုလ်စေတနာတွေ ဖြစ်သွားတယ်နော်။

"အဲ...နေ့စဉ် လှူသူမှာတော့ နေ့စဉ် ကုသိုလ်စေတနာတွေ များစွာဖြစ်နေတယ်၊ ဒီတော့ လှူဖွယ်ဝတ္ထုတူသော်လည်း ကုသိုလ်စေတနာတွေက များလေခြင်းကြောင့် နေ့စဉ်ကောင်းမှုကုသိုလ် ပြုလုပ်တာဟာ မွေးနေ့ မွေးလ မွေးရက်မှာမှ ကောင်းမှုကုသိုလ် ပြုလုပ်တာထက် အကျိုးကြီးလို့ အဲဒီလို ကွာခြားတယ်လို့ မှတ်ထားနော်။

"ပြီးတော့ တစ်မျိုးပြောရရင် (......)တို့နေတဲ့အိမ်ကို နေ့စဉ်နေ့စဉ် ပြုပြင်မွမ်းမံသင့်တာတွေကို ပြုပြင်မွမ်းမံနေ

http://www.dhammadownload.com



တာနဲ့ နေ့စဉ် ပြုပြင်မွမ်းမံမှု ဘာမှမပြုဘဲ တစ်နှစ်ကြာမှ တစ်ရက်လောက် ပြုပြင်မွမ်းမံတာ ဘယ်ဟာကောင်းလဲ၊ အဲဒီ အမေးကို (......)ဖြေနိုင်တယ်၊ ဖြေကြည့်နော်။

"အဲ(......)တို့ခန္ဓာကိုယ် ဘုန်းဘုန်းတို့ခန္ဓာကိုယ်ကို စာလိုတော့ ခန္ဓာအိမ်လို့ သုံးပါတယ်၊ ဒီခန္ဓာအိမ်ကြီးက ဘယ်သူ ဆောက်သလဲဆိုရင် ကုသိုလ်ကံက ဆောက်တယ်လို့ ဖြေရမှာပဲနော်။

"ဒီတော့ အတိတ်ဘဝက ဆောက်ခဲ့တဲ့ ကုသိုလ်ကံ ကုန်ရင် ဒီခန္ဓာအိမ်ကြီးဟာ လဲပြိုနိုင်တယ်နော်၊ ပကတိအိမ် အိုတော့ ကျားကန်ရတယ် မဟုတ်လား၊ အဲ...ခုလဲ ခန္ဓာ အိမ်ဟာ အသက်ကြီးလာတယ်ဆိုရင် အိုလာတာပဲနော်။

"အဲဒီလို အိုလာတော့ ယိုင်လာတယ်၊ ယိုင်လာတဲ့ အတွက် နေ့စဉ်နေ့စဉ် ကုသိုလ်ကျားကန်ပေးတာနဲ့ တစ်နှစ် ကြာမှ ကျားတစ်ချက်ထောက်တာနဲ့ ဘယ်သူက ဘယ်လို ပိုပြီး ခိုင်ခံ့တယ် မခိုင်ခံ့ဘူးဆိုတာလဲ (......)ဖြေကြည့် နိုင်ပါတယ်နော်။

"ဒီတော့ နေ့စဉ်နေ့စဉ် ပကတိအိမ်ကို ပြင်တာနဲ့ တစ်နှစ်ကြာမှ တစ်ရက် စုပြင်တာ အကျိုးကျေးဇူးကွာသလို ခန္ဓာအိမ်ကိုလည်း နေ့စဉ်နေ့စဉ် ကုသိုလ်ကျားကန်ပြီး ပြင်တာနဲ့ တစ်နှစ်ကြာမှ မွေးနေ့တစ်ရက် ကျားကန်တာ အကျိုးကျေးဇူး ကွာပါတယ်နော်။

"ပြီးတော့ မွေးနေ့မှာ ကောင်းမှုကုသိုလ် ပြုလုပ်ခြင်း

http://www.dhammadownload.com



ဟာ ဘယ်လိုအကျိုးကျေးဇူးများ ရှိပါသလဲဘုရား” ဆိုတဲ့ အမေးအရ ဖြေရရင် ကျေးဇူးများပါတယ်လို့ အချုပ်မှတ်ထားနော်”

“အကျယ်ဖြေရရင်တော့ ဒီခန္ဓာအိမ်ကြီးဟာ အသက်ကုန်ရင်လည်း ပျက်စီးနိုင်တယ်၊ ကံကုန်ရင်လည်း ပျက်စီးနိုင်တယ်၊ အသက်နဲ့ကံ နှစ်ပါးကုန်ရင်လည်း ပျက်စီးနိုင်တယ်၊ အသက်နဲ့ကံ ရှိပါသေးရက်နဲ့ အခြားကံတစ်ခုခုက ဝင်ဖြတ်ရင်လည်း သေနိုင်တယ်၊ ပျက်စီးနိုင်တယ်နော်”

“ဒီတော့ ကုသိုလ်တစ်ကြိမ်ပြုရင် အဲဒီကုသိုလ်ထဲမှာပါတဲ့ ပထမဇော စေတနာက ခုနစ်ရက်, ခုနစ်လ, ခုနစ်နှစ်အတွင်း မကောင်းကျိုးတွေ ပယ်သတ်ပြီး ကောင်းကျိုးပေးနိုင်တယ်နော်။

“အဲဒီလို ကောင်းကျိုးပေးတော့ မိမိအတိတ်ဘဝက ပြုခဲ့တဲ့ ကုသိုလ်ကံဟာ အဲဒီမွေးနေ့မှာကုန်သွားရင် လာမယ့်နှစ်အတွက် ဘယ်လို အသက်ဆက်မလဲ၊ သို့မဟုတ် အန္တရာယ်ပြုမယ့်ကံတွေဟာ လာမယ့်နှစ်မှာ ပေးမယ်, ပြုမယ်ဆိုရင် ဘာနဲ့ကာကွယ်မလဲ၊ အဲမွေးနေ့ကုသိုလ်နဲ့ ကာကွယ်မယ်၊ မွေးနေ့ကုသိုလ်နဲ့ အသက်ဆက်မယ်ပေါ့ ဟုတ်လား။

အဲဒီလို ရည်ရွယ်ချက်နဲ့ မွေးနေ့ ပြုလုပ်ကြတာပဲနော်၊ အဲဒီနည်းအရ ပြောရင်လည်း နေ့စဉ်နေ့စဉ် ကုသိုလ်ပြုရင် အဲဒီကုသိုလ်မှာပါတဲ့ ပထမဇောစေတနာတွေက ခုနစ်ရက်၊

http://www.dhammadownload.com



ခုနစ်လ၊ ခုနစ်နှစ် မကောင်းကျိုးတွေထားပြီး ကောင်းကျိုးတွေပေးတယ်ဆိုတော့ မကောင်းကျိုးတွေပျောက်ပြီး ကောင်းကျိုးတွေရမှာ မသေချာဘူးလား။

"အဲဒီအမေးလည်း (......)ဖြေနိုင်ပါတယ်၊ ဖြေတော့နော်၊ ဒီတော့ အချုပ်ပြောရရင် ကုသိုလ်ဟာ နေ့စဉ်နေ့စဉ် ပြုနိုင်ရင် အကောင်းဆုံးပဲ၊ မတတ်နိုင်ရင် ရက်သတ္တပတ်မွေးနေ့ရောက်တိုင်းပြု၊ ဒါမှမတတ်နိုင်ရင် တစ်လတစ်ခါ၊ ဒါမှမတတ်နိုင်ရင် တစ်နှစ်တစ်ခါ မွေးနေ့ကုသိုလ်ပြုပါ၊ ပြောဆိုခဲ့တဲ့ အကျိုးကျေးဇူးများ ရှိပါတယ်လို့ မှတ်ထားနော်။

"ကဲ...စာလည်း ရှည်သွားပြီ၊ စုံလည်းစုံပါပြီ၊ တော်သေးပြီနော်"

**ကျန်းမာပါစေသော်**
**ကျန်းမာစွာနှင့်**
**တောင်ဂံ-အရှင်ပညာဇောတ**

- နေ့စဉ်နေ့စဉ် ကုသိုလ်ပင် အစဉ်စိုက်ပျိုးပါ။
- တစ်ပင်မသီး တစ်ပင်သီး အကျိုးကြီးမည်သာ။
- အကျိုးကြီးက နိဗ္ဗာန ရကြမြန်မကြာ။

http://www.dhammadownload.com



# ငါးရာ့နှစ်ဆယ့်ရှစ်သွယ်မေတ္တာဆိုတာ ဘယ်ဟာတွေပါလဲဘုရား

{ ၁၈ }

ဗုဒ္ဓတရားတော်တွေသည် နက်နဲ၏။ ယင်းသို့ နက်နဲခက်ခဲသည့် တရားတော်တွေကို လိုက်နာကျင့်ကြံ နေသူတို့သည် အများအားဖြင့် မစူးစမ်း၊ မတွေးတောဘဲ အပေါ်ယံသဘော အများပြော၊ သူပြော၊ လူပြောနှင့်ပဲ ပြီးတတ်သည်။ စူးစမ်းမေးမြန်းတတ်သူကား ရှာမှရှားထဲက ဖြစ်၏။ တစ်ချိန်က ယင်းရှာမှရှား တစ်ယောက်နှင့်တွေ့၍ သူက မေးသည်။

"အရှင်ဘုရား၊ **ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာဆိုတာ ဘယ်ဟာတွေပါလဲဘုရား**"

"အမယ်လေး၊ ဒကာကြီးအမေး ဖြေရရင်တော့ အာပေါက်တော့မှာပဲ၊ (၅၂၈) သွယ်ဆိုတော့ အများကြီး၊ အကျဉ်းအကျယ် နှစ်မျိုးဖြေမှ ပိုသဘောပေါက်မယ်"

http://www.dhammadownload.com



"အာမပေါက်ပါဘူးဘုရား၊ ရှင်းပြစမ်းပါဘုရား၊ သိချင်လို့ပါဘုရား"

မေးသူမှာ ရင်းနှီးသူဖြစ်နေရကား မဖြေလို့မဖြစ်ပေ၊ ဖြေရမည်သာ ဖြစ်ပေ၏။

"အင်း...ဖြေတော့ ဖြေပါ့မယ်၊ ဘယ်လိုဖြေရမလဲလို့ စဉ်းစားနေတယ်"

"ဘယ်လိုပဲ ဖြေဖြေပေါ့ဘုရား၊ နားလည်ရင် ပြီးတာပါပဲ"

## မေတ္တာပွားနည်း ၂-မျိုး

"ကဲ...ကဲ...ဒီလိုမှတ်၊ "မည်သူမည်ဝါ, ယောက်ျားမိန်းမ" စသည်ဖြင့် အပိုင်းအခြား မရှိသောအားဖြင့် မေတ္တာဖြန့်ခြင်းကို ပါဠိလို "**အနောဓိသော မေတ္တာဖရဏာ**" လို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

"မိန်းမနဲ့ ယောက်ျားကို တစ်ကန့်စီ အရိယာနဲ့ ပုထုဇဉ်ကို တစ်ကန့်စီ၊ နတ်လူနဲ့ ဝိနိပါတိကတို့ကိုလည်း တစ်ကန့်စီ၊ အဲဒီလို ပိုင်းခြားကန့်သတ်လျက် အပိုင်းအခြားအားဖြင့် သူ့အဖို့နဲ့သူ အာရုံယူပြီး မေတ္တာဖြန့်ကျက်ခြင်းကို ပါဠိလို "**ဩဓိသော မေတ္တာဖရဏာ**" လို့ ခေါ်တယ်နော်"

"မှန်ပါဘုရား"

"ကဲ...ဒီတော့ (၅၂၈)သွယ်ရှင်းတော့

၁။ အနောဓိသော မေတ္တာဖရဏာနည်းက ၅-နည်း။

၂။ ဩဓိသော မေတ္တာဖရဏာနည်းက ၇-နည်း၊ ပေါင်း

http://www.dhammadownload.com



လိုက်တော့ ၁၂–နည်း မရဘူးလား"

"ရပါတယ်ဘုရား"

"အဲဒီ ၁၂–ကို"

## နွ၊လေးဖြာ

၁။ အဝေရာ ဟောန္တု၊

၂။ အဗျာပဇ္ဈာ ဟောန္တု၊

၃။ အနီဃာ ဟောန္တု၊

၄။ သုခီအတ္တာနံ ပရိဟရန္တု၊ ဆိုတဲ့ "န္တု"လေးဖြာနဲ့ မြှောက်တော့ (၁၂×၄) ၄၈–မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"အဲဒီ ၄၈–ကို အရပ် ၁၀မျက်နှာနဲ့ မြှောက်တော့ ၄၈၀ မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"အဲဒီ ၄၈၀–နဲ့ ခုနက ၄၈–နဲ့ ပေါင်းလို့ရှိရင် (၅၂၈) သွယ် မေတ္တာမဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"အင်း...အဲဒီသဘော အချုပ်ကိုသိအောင် ဒီလင်္ကာကို ကျက်မှတ်ထားနော်"

**"နောဓိ–ပဉ္စသြ–သတ္တဖြင့်၊ ဒွါဒသဟု၊ ပုဂ္ဂိုလ်စုကို၊**
***နွ၊လေးဖြာ၊ မြှောက်ဆင့်ပါမူ၊ ရှစ်ဖြာလေးဆယ်၊ ဂဏန်း ကြွယ်၏၊ ရပ်ဆယ်ဖြင့်လျှောက်၊ ထပ်ဆင့်မြှောက်၍ မှတ်**

http://www.dhammadownload.com



**လောက်ပွားက၊ လွှမ်းများလှသည့်၊ ငါးရာနှစ်ဆယ့်ရှစ်စွန်း တည်း"**

"မှန်ပါ၊ ကျက်ထားပါမယ်ဘုရား၊ အကျဉ်းတော့ သိရပါပြီ၊ အကျယ်ကို အမိန့်ရှိပါဦးဘုရား"

"အကျယ်သိချင်ရင် ခုနကပြောခဲ့တဲ့ အနောဓိသော မေတ္တာဖရဏာ ၅-နည်း၊ ဩဓိသော မေတ္တာဖရဏာ ၇-နည်းအရ ပုဂ္ဂိုလ် ၁၂-ယောက် သိရမယ်"

"အမိန့်ရှိပါဘုရား"

## ပုဂ္ဂိုလ် ၁၂-ယောက်

"ပုဂ္ဂိုလ် ၁၂-ယောက်က ဘာလဲဆိုတော့-

၁။ သဗ္ဗေ သတ္တာ,

၂။ သဗ္ဗေ ပါဏာ,

၃။ သဗ္ဗေ ဘူတာ,

၄။ သဗ္ဗေ ပုဂ္ဂလာ,

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊

အဲဒီ ၅-ခုက "ဩဓိသောမေတ္တာပရဏာ" နည်းပဲ။

၁။ သဗ္ဗာ ဣတ္ထိယော,

၂။ သဗ္ဗေ ပုရိသာ,

၃။ သဗ္ဗေ အရိယာ,

၄။ သဗ္ဗေ အနရိယာ

၅။ သဗ္ဗေ ဒေဝါ,

http://www.dhammadownload.com



၆။ သဗ္ဗေ မနုဿာ၊

၇။ သဗ္ဗေ ဝိနိပါတိကာ၊

အဲဒီ ၇-ခုက "ဩဓိသောမေတ္တာဖရဏာ" နည်းပဲနော်"

"မှန်ပါဘုရား"

"အဲဒီဟာ ပုဂ္ဂိုလ် ၁၂-ယောက်ပဲ၊ အဲဒီပုဂ္ဂိုလ် ၁၂-ယောက်ကို "အဝေရာဟောန္တု" စတဲ့ "န္တု" လေးခုနဲ့ မေတ္တာပို့ရင် (၁၂×၄) ၄၈-ပါးရမယ် ဒီလိုမဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဒီတော့ ပို့ကြည့်ကြရအောင်"

၁။ သဗ္ဗေ သတ္တာ အဝေရာဟောန္တု၊

၂။ သဗ္ဗေ ပါဏာ အဝေရာဟောန္တု၊

၃။ သဗ္ဗေ ဘူတာ အဝေရာဟောန္တု၊

၄။ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု၊

၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု၊

၆။ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု၊

၇။ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု၊

၈။ သဗ္ဗေ အရိယာ အဝေရာဟောန္တု၊

၉။ သဗ္ဗေ အနရိယာ အဝေရာဟောန္တု၊

၁၀။ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု၊

၁၁။ သဗ္ဗေ မနုဿာ အဝေရာဟောန္တု၊

၁၂။ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု၊

လို့ ပို့ကြည့်တော့ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂-ယောက်ရပြီ၊

http://www.dhammadownload.com



နောက်တစ်ခါ "နွ" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂-ယောက် ပို့ကြည့်ရအောင်"

၁။ သဗ္ဗေ သတ္တာ အဗျာပဇ္ဈာဟောန္တု။
၂။ သဗ္ဗေ ပါဏာ အဗျာပဇ္ဈာဟောန္တု။
၃။ သဗ္ဗေ ဘူတာ အဗျာပဇ္ဈာဟောန္တု။
၄။ သဗ္ဗေ ပုဂ္ဂလာ အဗျာပဇ္ဈာဟောန္တု။
၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဈာဟောန္တု။
၆။ သဗ္ဗာ ဣတ္ထိယော အဗျာပဇ္ဈာဟောန္တု။
၇။ သဗ္ဗေ ပုရိသာ အဗျာပဇ္ဈာဟောန္တု။
၈။ သဗ္ဗေ အရိယာ အဗျာပဇ္ဈာဟောန္တု။
၉။ သဗ္ဗေ အနရိယာ အဗျာပဇ္ဈာဟောန္တု။
၁၀။ သဗ္ဗေ ဒေဝါ အဗျာပဇ္ဈာဟောန္တု။
၁၁။ သဗ္ဗေ မနုဿာ အဗျာပဇ္ဈာဟောန္တု။
၁၂။ သဗ္ဗေ ဝိနိပါတိကာ အဗျာပဇ္ဈာဟောန္တု။

လို့ ပို့ကြည့်တော့ "နွ" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂-ယောက်ရပြီ၊ နောက်တစ်ခါ "နွ" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂-ယောက် ပို့ကြည့်ရအောင်"

၁။ သဗ္ဗေ သတ္တာ အနီဃာဟောန္တု။
၂။ သဗ္ဗေ ပါဏာ အနီဃာဟောန္တု။
၃။ သဗ္ဗေ ဘူတာ အနီဃာဟောန္တု။
၄။ သဗ္ဗေ ပုဂ္ဂလာ အနီဃာဟောန္တု။
၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အနီဃာဟောန္တု။

http://www.dhammadownload.com



၆။ သဗ္ဗာ ဣတ္ထိယော အနိဿာဟောန္တု။

၇။ သဗ္ဗေ ပုရိသာ အနိဿာဟောန္တု။

၈။ သဗ္ဗေ အရိယာ အနိဿာဟောန္တု။

၉။ သဗ္ဗေ အနရိယာ အနိဿာဟောန္တု။

၁၀။ သဗ္ဗေ ဒေဝါ အနိဿာဟောန္တု။

၁၁။ သဗ္ဗေ မနုဿာ အနိဿာဟောန္တု။

၁၂။ သဗ္ဗေ ဝိနိပါတိကာ အနိဿာဟောန္တု။

လို့ ပို့ကြည့်တော့ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂–ယောက်ရပြီ၊ နောက်တစ်ခါ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂–ယောက် ပို့ကြည့်ကြရအောင်"

၁။ သဗ္ဗေ သတ္တာ သုခီ အတ္တာနံ ပရိဟရန္တု။

၂။ သဗ္ဗေ ပါဏာ သုခီ အတ္တာနံ ပရိဟရန္တု။

၃။ သဗ္ဗေ ဘူတာ သုခီ အတ္တာနံ ပရိဟရန္တု။

၄။ သဗ္ဗေ ပုဂ္ဂလာ သုခီ အတ္တာနံ ပရိဟရန္တု။

၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီ အတ္တာနံ ပရိဟရန္တု။

၆။ သဗ္ဗာ ဣတ္ထိယော သုခီ အတ္တာနံ ပရိဟရန္တု။

၇။ သဗ္ဗေ ပုရိသာ သုခီ အတ္တာနံ ပရိဟရန္တု။

၈။ သဗ္ဗေ အရိယာ သုခီ အတ္တာနံ ပရိဟရန္တု။

၉။ သဗ္ဗေ အနရိယာ သုခီ အတ္တာနံ ပရိဟရန္တု။

၁၀။ သဗ္ဗေ ဒေဝါ သုခီ အတ္တာနံ ပရိဟရန္တု။

၁၁။ သဗ္ဗေ မနုဿာ သုခီ အတ္တာနံ ပရိဟရန္တု။

http://www.dhammadownload.com



၁၂။ သဗ္ဗေ ဝိနိပါတိကာ သုခီ အတ္တာနံ ပရိဟာရန္တု၊ လို့ ပို့ကြည့်တော့ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂–ယောက်ရပြီ၊ နောက်တစ်ခါ "န္တု" တစ်ခုနဲ့ ပုဂ္ဂိုလ် ၁၂–ယောက်ဆိုတော့ (၁၂×၄) ၄၈ ရမသွားဘူးလား"

"ရသွားပါပြီ ဘုရား"

"အဲဒီပွားနည်းကား အတိုင်းကို အရပ် ၁၀–မျက်နှာထည့်ပို့ ရမယ်၊ ကဲ...ပို့ကြည့်ရအောင်"

၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု၊

၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဝေရာဟောန္တု၊

၃။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဘူတာ အဝေရာဟောန္တု၊

၄။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာဟောန္တု၊

၅။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု၊

၆။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာဟောန္တု၊

၇။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဝေရာဟောန္တု၊

၈။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အရိယာ အဝေရာဟောန္တု၊

၉။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အနရိယာ အဝေရာဟောန္တု၊

၁၀။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု၊

၁၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ မနုဿာ အဝေရာဟောန္တု၊

၁၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု၊

၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဈာဟောန္တု၊

http://www.dhammadownload.com



၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဗျာပဇ္ဇာဟောန္တု။
၃။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဘူတာ အဗျာပဇ္ဇာဟောန္တု။
၄။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဗျာပဇ္ဇာဟောန္တု။
၅။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဗျာပဇ္ဇာဟောန္တု။
၆။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဣတ္ထိယော အဗျာပဇ္ဇာဟောန္တု။
၇။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဗျာပဇ္ဇာဟောန္တု။
၈။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အရိယာ အဗျာပဇ္ဇာဟောန္တု။
၉။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အနရိယာ အဗျာပဇ္ဇာဟောန္တု။
၁၀။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဗျာပဇ္ဇာဟောန္တု။
၁၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ မနုဿာ အဗျာပဇ္ဇာဟောန္တု။
၁၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဗျာပဇ္ဇာဟောန္တု။။

၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု။
၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ အနီဃာဟောန္တု။
၃။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဘူတာ အနီဃာဟောန္တု။
၄။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အနီဃာဟောန္တု။
၅။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အနီဃာဟောန္တု။

http://www.dhammadownload.com



၆။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အနီဃာဟောန္တု။
၇။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အနီဃာဟောန္တု။
၈။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အရိယာ အနီဃာဟောန္တု။
၉။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အနရိယာ အနီဃာဟောန္တု။
၁၀။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အနီဃာဟောန္တု။
၁၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ မနုဿာ အနီဃာဟောန္တု။
၁၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အနီဃာ ဟောန္တု။

၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ သုခီ အတ္တာနံ ပရိဟရန္တု။
၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ သုခီ အတ္တာနံ ပရိဟရန္တု။
၃။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဘူတာ သုခီ အတ္တာနံ ပရိဟရန္တု။
၄။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ သုခီ အတ္တာနံ ပရိဟရန္တု။
၅။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ သုခီ အတ္တာနံ ပရိဟရန္တု။
၆။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော သုခီ အတ္တာနံ ပရိဟရန္တု။

http://www.dhammadownload.com



၇။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုရိသာ သုခီ အတ္တာနံ ပရိဟရန္တု။

၈။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အရိယာ သုခီ အတ္တာနံ ပရိဟရန္တု။

၉။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အနရိယာ သုခီ အတ္တာနံ ပရိဟရန္တု။

၁၀။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဒေဝါ သုခီ အတ္တာနံ ပရိဟရန္တု။

၁၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ မနုဿာ သုခီ အတ္တာနံ ပရိဟရန္တု။

၁၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ သုခီ အတ္တာနံ ပရိဟရန္တု။။

လို့ ပို့တော့ အရှေ့အရပ်မျက်နှာနဲ့ "န္တု" ၄–ခုဆိုတော့ (၁၂x၄)= ၄၈ မရဘူးလား?

"ရပါတယ်ဘုရား"

"ခုနက ၄၈ နဲ့ ခု ၄၈ ပေါင်းတော့ ၉၆ မရဘူးလား?"

"ရပါတယ်ဘုရား"

"ကဲ...ဒါဖြင့် အနောက်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့..."

၁။ ပစ္ဆိမာယဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု။

| | | | |
|---|---|---|---|
| ၂။ | ။ | သဗ္ဗေ ပါဏာ | ။ |
| ၃။ | ။ | သဗ္ဗေ ဘူတာ | ။ |
| ၄။ | ။ | သဗ္ဗေ ပုဂ္ဂလာ | ။ |

http://www.dhammadownload.com



၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

http://www.dhammadownload.com



၁။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေ သတ္တာ အနီဃာ ဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ပစ္ဆိမာယ ဒိသာယ သဗ္ဗေသတ္တာ သုခီအတ္တာနံ ပရိဟရန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။

http://www.dhammadownload.com



၁ဝ။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

လို့ ပို့တော့ အနောက်အရပ်မျက်နှာနဲ့ "နှု" ၄–ခုဆိုတော့ (၁၂x၄)=၄၈ မရဘူးလား?"

"ရပါတယ်ဘုရား"

"ခုနက ၉၆ နဲ့ ယခု ၄၈ နဲ့ပေါင်းတော့ (၉၆+၄၈) ၁၄၄ မရဘူးလား?"

"ရပါတယ်ဘုရား"

"ကဲ–ဒါဖြင့် မြောက်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့"

၁။ ဥတ္တရာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁ဝ။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။

http://www.dhammadownload.com



၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ဥတ္တရာယ ဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဈာ ဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ဥတ္တရာယ ဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၈။ | ။ | သဗ္ဗေ အရိယာ | ။ |
| ၉။ | ။ | သဗ္ဗေ အနရိယာ | ။ |
| ၁၀။ | ။ | သဗ္ဗေ ဒေဝါ | ။ |
| ၁၁။ | ။ | သဗ္ဗေ မနုဿာ | ။ |
| ၁၂။ | ။ | သဗ္ဗေ ဝိနိပါတိကာ | ။ |

၁။ ဥတ္တရာ ဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု။

| | | | |
|---|---|---|---|
| ၂။ | ။ | သဗ္ဗေ ပါဏာ | ။ |
| ၃။ | ။ | သဗ္ဗေ ဘူတာ | ။ |
| ၄။ | ။ | သဗ္ဗေ ပုဂ္ဂလာ | ။ |
| ၅။ | ။ | သဗ္ဗေ အတ္တဘာဝပရိယာပန္နာ | ။ |
| ၆။ | ။ | သဗ္ဗာ ဣတ္ထိယော | ။ |
| ၇။ | ။ | သဗ္ဗေ ပုရိသာ | ။ |
| ၈။ | ။ | သဗ္ဗေ အရိယာ | ။ |
| ၉။ | ။ | သဗ္ဗေ အနရိယာ | ။ |
| ၁၀။ | ။ | သဗ္ဗေ ဒေဝါ | ။ |
| ၁၁။ | ။ | သဗ္ဗေ မနုဿာ | ။ |
| ၁၂။ | ။ | သဗ္ဗေ ဝိနိပါတိကာ | ။ |

လို့ ပို့တော့ မြောက်အရပ်မျက်နှာနဲ့ "န္တု" ၄–ခုဆိုတော့ ၄၈ မရဘူးလား?"

"ရပါတယ်ဘုရား"

"ခုနက ၁၄၄ နဲ့ ယခု ၄၈ နဲ့ပေါင်းတော့ (၁၄၄+၄၈)

http://www.dhammadownload.com



၁၉၂ မရဘူးလား?"

"ရပါတယ်ဘုရား"

"ကဲ–ဒါဖြင့် တောင်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့"

၁။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေသတ္တာ အဝေရာဟောန္တု။

၂။ ။ သဗ္ဗေ ပါဏာ ။

၃။ ။ သဗ္ဗေ ဘူတာ ။

၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။

၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။

၆။ ။ သဗ္ဗာ ဣတ္ထိယော ။

၇။ ။ သဗ္ဗေ ပုရိသာ ။

၈။ ။ သဗ္ဗေ အရိယာ ။

၉။ ။ သဗ္ဗေ အနရိယာ ။

၁၀။ ။ သဗ္ဗေ ဒေဝါ ။

၁၁။ ။ သဗ္ဗေ မနုဿာ ။

၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဈာ ဟောန္တု။

၂။ ။ သဗ္ဗေ ပါဏာ ။

၃။ ။ သဗ္ဗေ ဘူတာ ။

၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။

၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။

၆။ ။ သဗ္ဗာ ဣတ္ထိယော ။

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၇။ | ။ | သဗ္ဗေ ပုရိသာ | ။ |
| ၈။ | ။ | သဗ္ဗေ အရိယာ | ။ |
| ၉။ | ။ | သဗ္ဗေ အနရိယာ | ။ |
| ၁၀။ | ။ | သဗ္ဗေ ဒေဝါ | ။ |
| ၁၁။ | ။ | သဗ္ဗေ မနုဿာ | ။ |
| ၁၂။ | ။ | သဗ္ဗေ ဝိနိပါတိကာ | ။ |

၁။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု။

| | | | |
|---|---|---|---|
| ၂။ | ။ | သဗ္ဗေ ပါဏာ | ။ |
| ၃။ | ။ | သဗ္ဗေ ဘူတာ | ။ |
| ၄။ | ။ | သဗ္ဗေ ပုဂ္ဂလာ | ။ |
| ၅။ | ။ | သဗ္ဗေ အတ္တဘာဝပရိယာပန္နာ | ။ |
| ၆။ | ။ | သဗ္ဗာ ဣတ္ထိယော | ။ |
| ၇။ | ။ | သဗ္ဗေ ပုရိသာ | ။ |
| ၈။ | ။ | သဗ္ဗေ အရိယာ | ။ |
| ၉။ | ။ | သဗ္ဗေ အနရိယာ | ။ |
| ၁၀။ | ။ | သဗ္ဗေ ဒေဝါ | ။ |
| ၁၁။ | ။ | သဗ္ဗေ မနုဿာ | ။ |
| ၁၂။ | ။ | သဗ္ဗေ ဝိနိပါတိကာ | ။ |

၁။ ဒက္ခိဏာယ ဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံပရိဟရန္တု။

| | | | |
|---|---|---|---|
| ၂။ | ။ | သဗ္ဗေ ပါဏာ | ။ |

http://www.dhammadownload.com



၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

လို့ ပွားတော့ တောင်အရပ်မျက်နှာနဲ့ "နှု၊" ၄–ခုဆိုတော့ ၄၈ မရဘူးလား?"

"ရပါတယ်ဘုရား"

"ခုနက ၁၉၂ နဲ့ ယခု ၄၈ နဲ့ပေါင်းတော့ (၁၉၂+၄၈)= ၂၄၀ မရဘူးလား?"

"ရပါတယ်ဘုရား"

"ကဲ–ဒါဖြင့် အရှေ့တောင်ထောင့်အရပ်မျက်နှာနဲ့ ပွားကြဦးစို့"

၁။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု၊
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၆။ | ။ | သဗ္ဗာ ဣတ္ထိယော | ။ |
| ၇။ | ။ | သဗ္ဗေ ပုရိသာ | ။ |
| ၈။ | ။ | သဗ္ဗေ အရိယာ | ။ |
| ၉။ | ။ | သဗ္ဗေ အနရိယာ | ။ |
| ၁၀။ | ။ | သဗ္ဗေ ဒေဝါ | ။ |
| ၁၁။ | ။ | သဗ္ဗေ မနုဿာ | ။ |
| ၁၂။ | ။ | သဗ္ဗေ ဝိနိပါတိကာ | ။ |

၁။ ပုရတ္ထိမာရ အနုဒိသာယ သဗ္ဗေသတ္တာ အဗျာပဇ္ဈာဟောန္တု။

| | | | |
|---|---|---|---|
| ၂။ | ။ | သဗ္ဗေ ပါဏာ | ။ |
| ၃။ | ။ | သဗ္ဗေ ဘူတာ | ။ |
| ၄။ | ။ | သဗ္ဗေ ပုဂ္ဂလာ | ။ |
| ၅။ | ။ | သဗ္ဗေ အတ္တဘာဝပရိယာပန္နာ | ။ |
| ၆။ | ။ | သဗ္ဗာ ဣတ္ထိယော | ။ |
| ၇။ | ။ | သဗ္ဗေ ပုရိသာ | ။ |
| ၈။ | ။ | သဗ္ဗေ အရိယာ | ။ |
| ၉။ | ။ | သဗ္ဗေ အနရိယာ | ။ |
| ၁၀။ | ။ | သဗ္ဗေ ဒေဝါ | ။ |
| ၁၁။ | ။ | သဗ္ဗေ မနုဿာ | ။ |
| ၁၂။ | ။ | သဗ္ဗေ ဝိနိပါတိကာ | ။ |

၁။ ပုရတ္ထိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု။

http://www.dhammadownload.com



၂။ ။ သမ္ဗေ ပါဏာ ။
၃။ ။ သမ္ဗေ ဘူတာ ။
၄။ ။ သမ္ဗေ ပုဂ္ဂလာ ။
၅။ ။ သမ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သမ္ဗေ ပုရိသာ ။
၈။ ။ သမ္ဗေ အရိယာ ။
၉။ ။ သမ္ဗေ အနရိယာ ။
၁၀။ ။ သမ္ဗေ ဒေဝါ ။
၁၁။ ။ သမ္ဗေ မနုဿာ ။
၁၂။ ။ သမ္ဗေ ဝိနိပါတိကာ ။

၁။ ပုရတ္ထိမာယ အနုဒိသာယ သမ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု။

၂။ ။ သမ္ဗေ ပါဏာ ။
၃။ ။ သမ္ဗေ ဘူတာ ။
၄။ ။ သမ္ဗေ ပုဂ္ဂလာ ။
၅။ ။ သမ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သမ္ဗေ ပုရိသာ ။
၈။ ။ သမ္ဗေ အရိယာ ။
၉။ ။ သမ္ဗေ အနရိယာ ။

http://www.dhammadownload.com



၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

လို့ ပို့တော့ အရှေ့တောင်အရပ်မျက်နှာနဲ့ "န္တု" ၄–ခုဆိုတော့ ၄၈ မရဘူးလား?"

"ရပါတယ်ဘုရား"

"ခုနက ၂၄၀ နဲ့ ယခု ၄၈ နဲ့ပေါင်းတော့ (၂၄၀+၄၈) ၂၈၈ မရဘူးလား?"

"ရပါတယ်ဘုရား"

"ကဲ–ဒါဖြင့် အနောက်မြောက်ထောင့်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့"

၁။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေသတ္တာ အဝေရာဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။

http://www.dhammadownload.com



၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။

http://www.dhammadownload.com



၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ပစ္ဆိမာယ အနုဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟာရန္တု။

၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

လို့ ပို့တော့ အနောက်မြောက်ထောင့်အရပ်မျက်နှာနဲ့ "၁၂" ၄-ခုဆိုတော့ ၄၈ မရဘူးလား?"

"ရပါတယ်ဘုရား"

http://www.dhammadownload.com



"ခုနက ၂၈၈ နဲ့ ယခု ၄၈ နဲ့ပေါင်းတော့ (၂၈၈+၄၈) ၃၃၆ မရဘူးလား?"

"ရပါတယ်ဘုရား"

"ကဲ–ဒါဖြင့် အရှေ့မြောက်ထောင့်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့"

၁။ ဥတ္တရာ အနုဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ သတ္တာအဗျာပဇ္ဈာဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။

http://www.dhammadownload.com



၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ သတ္တာအနီဃာဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

http://www.dhammadownload.com



၁။ ဥတ္တရာယ အနုဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟာရန္တု။

| | | | |
|---|---|---|---|
| ၂။ | ။ | သဗ္ဗေ ပါဏာ | ။ |
| ၃။ | ။ | သဗ္ဗေ ဘူတာ | ။ |
| ၄။ | ။ | သဗ္ဗေ ပုဂ္ဂလာ | ။ |
| ၅။ | ။ | သဗ္ဗေ အတ္တဘာဝပရိယာပန္နာ | ။ |
| ၆။ | ။ | သဗ္ဗာ ဣတ္ထိယော | ။ |
| ၇။ | ။ | သဗ္ဗေ ပုရိသာ | ။ |
| ၈။ | ။ | သဗ္ဗေ အရိယာ | ။ |
| ၉။ | ။ | သဗ္ဗေ အနရိယာ | ။ |
| ၁၀။ | ။ | သဗ္ဗေ ဒေဝါ | ။ |
| ၁၁။ | ။ | သဗ္ဗေ မနုဿာ | ။ |
| ၁၂။ | ။ | သဗ္ဗေ ဝိနိပါတိကာ | ။ |

လို့ ပို့တော့ အရှေ့မြောက်ထောင့်အရပ်မျက်နှာနဲ့ "န္တု" ၄–ခု ဆိုတော့ ၄၈ မရဘူးလား?"

"ရပါတယ်ဘုရား"

"ခုနက ၃၃၆ နဲ့ ယခု ၄၈ နဲ့ပေါင်းတော့ (၃၃၆+၄၈)= ၃၈၄ မရဘူးလား?"

"ရပါတယ်ဘုရား"

"ကဲ–ဒါဖြင့် အနောက်တောင်ထောင့်အရပ်မျက်နှာနဲ့ ပို့ကြဦးစို့"

၁။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဝေရာဟောန္တု။

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၂။ | ။ | သဗ္ဗေ ပါဏာ | ။ |
| ၃။ | ။ | သဗ္ဗေ ဘူတာ | ။ |
| ၄။ | ။ | သဗ္ဗေ ပုဂ္ဂလာ | ။ |
| ၅။ | ။ | သဗ္ဗေ အတ္တဘာဝပရိယာပန္နာ | ။ |
| ၆။ | ။ | သဗ္ဗာ ဣတ္ထိယော | ။ |
| ၇။ | ။ | သဗ္ဗေ ပုရိသာ | ။ |
| ၈။ | ။ | သဗ္ဗေ အရိယာ | ။ |
| ၉။ | ။ | သဗ္ဗေ အနရိယာ | ။ |
| ၁၀။ | ။ | သဗ္ဗေ ဒေဝါ | ။ |
| ၁၁။ | ။ | သဗ္ဗေ မနုဿာ | ။ |
| ၁၂။ | ။ | သဗ္ဗေ ဝိနိပါတိကာ | ။ |

၁။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာဟောန္တု။

| | | | |
|---|---|---|---|
| ၂။ | ။ | သဗ္ဗေ ပါဏာ | ။ |
| ၃။ | ။ | သဗ္ဗေ ဘူတာ | ။ |
| ၄။ | ။ | သဗ္ဗေ ပုဂ္ဂလာ | ။ |
| ၅။ | ။ | သဗ္ဗေ အတ္တဘာဝပရိယာပန္နာ | ။ |
| ၆။ | ။ | သဗ္ဗာ ဣတ္ထိယော | ။ |
| ၇။ | ။ | သဗ္ဗေ ပုရိသာ | ။ |
| ၈။ | ။ | သဗ္ဗေ အရိယာ | ။ |
| ၉။ | ။ | သဗ္ဗေ အနရိယာ | ။ |
| ၁၀။ | ။ | သဗ္ဗေ ဒေဝါ | ။ |

http://www.dhammadownload.com



၁၁။ ။ သဗ္ဗေ မနုဿာ ။

၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ သတ္တာ အနီဃာဟောန္တု။

၂။ ။ သဗ္ဗေ ပါဏာ ။

၃။ ။ သဗ္ဗေ ဘူတာ ။

၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။

၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။

၆။ ။ သဗ္ဗာ ဣတ္ထိယော ။

၇။ ။ သဗ္ဗေ ပုရိသာ ။

၈။ ။ သဗ္ဗေ အရိယာ ။

၉။ ။ သဗ္ဗေ အနရိယာ ။

၁၀။ ။ သဗ္ဗေ ဒေဝါ ။

၁၁။ ။ သဗ္ဗေ မနုဿာ ။

၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ဒက္ခိဏာယ အနုဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု။

၂။ ။ သဗ္ဗေ ပါဏာ ။

၃။ ။ သဗ္ဗေ ဘူတာ ။

၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။

၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၆။ | ။ | သဗ္ဗာ ဣတ္ထိယော | ။ |
| ၇။ | ။ | သဗ္ဗေ ပုရိသာ | ။ |
| ၈။ | ။ | သဗ္ဗေ အရိယာ | ။ |
| ၉။ | ။ | သဗ္ဗေ အနရိယာ | ။ |
| ၁၀။ | ။ | သဗ္ဗေ ဒေဝါ | ။ |
| ၁၁။ | ။ | သဗ္ဗေ မနုဿာ | ။ |
| ၁၂။ | ။ | သဗ္ဗေ ဝိနိပါတိကာ | ။ |

လို့ ပွားတော့ အနောက်တောင်ထောင့်အရပ်မျက်နှာနဲ့ "န္တု။" ၄–ခုဆိုတော့ ၄၈ မရဘူးလား?"

"ရပါတယ်ဘုရား"

"ခုနက ၃၈၄ နဲ့ ယခု ၄၈ နဲ့ပေါင်းတော့ (၃၈၄+၄၈)= ၄၃၂ မရဘူးလား?"

"ရပါတယ်ဘုရား"

"ကဲ–ဒါဖြင့် အောက်အရပ်မျက်နှာနဲ့ ပွားကြဦးစို့"

| | | | |
|---|---|---|---|
| ၁။ | ဟေဋ္ဌိမာယ ဒိသာယ | သဗ္ဗေသတ္တာ အဝေရာ | ဟောန္တု။ |
| ၂။ | ။ | သဗ္ဗေ ပါဏာ | ။ |
| ၃။ | ။ | သဗ္ဗေ ဘူတာ | ။ |
| ၄။ | ။ | သဗ္ဗေ ပုဂ္ဂလာ | ။ |
| ၅။ | ။ | သဗ္ဗေ အတ္တဘာဝပရိယာပန္နာ | ။ |
| ၆။ | ။ | သဗ္ဗာ ဣတ္ထိယော | ။ |
| ၇။ | ။ | သဗ္ဗေ ပုရိသာ | ။ |
| ၈။ | ။ | သဗ္ဗေ အရိယာ | ။ |

http://www.dhammadownload.com



၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဗျာပဇ္ဈာဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ သတ္တာ အနီဃာ ဟောန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။

၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

၁။ ပေဟဒ္ဓိမာယ ဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိ
ဟရန္တု။
၂။ ။ သဗ္ဗေ ပါဏာ ။
၃။ ။ သဗ္ဗေ ဘူတာ ။
၄။ ။ သဗ္ဗေ ပုဂ္ဂလာ ။
၅။ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။
၆။ ။ သဗ္ဗာ ဣတ္ထိယော ။
၇။ ။ သဗ္ဗေ ပုရိသာ ။
၈။ ။ သဗ္ဗေ အရိယာ ။
၉။ ။ သဗ္ဗေ အနရိယာ ။
၁၀။ ။ သဗ္ဗေ ဒေဝါ ။
၁၁။ ။ သဗ္ဗေ မနုဿာ ။
၁၂။ ။ သဗ္ဗေ ဝိနိပါတိကာ ။

| | | | |
|---|---|---|---|
| ၁၂။ | ။ | သဗ္ဗေ ဝိနိပါတိကာ | ။ |

၁။ ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု။

| | | | |
|---|---|---|---|
| ၂။ | ။ | သဗ္ဗေ ပါဏာ | ။ |
| ၃။ | ။ | သဗ္ဗေ ဘူတာ | ။ |
| ၄။ | ။ | သဗ္ဗေ ပုဂ္ဂလာ | ။ |
| ၅။ | ။ | သဗ္ဗေ အတ္တဘာဝပရိယာပန္နာ | ။ |
| ၆။ | ။ | သဗ္ဗာ ဣတ္ထိယော | ။ |
| ၇။ | ။ | သဗ္ဗေ ပုရိသာ | ။ |
| ၈။ | ။ | သဗ္ဗေ အရိယာ | ။ |
| ၉။ | ။ | သဗ္ဗေ အနရိယာ | ။ |
| ၁၀။ | ။ | သဗ္ဗေ ဒေဝါ | ။ |
| ၁၁။ | ။ | သဗ္ဗေ မနုဿာ | ။ |
| ၁၂။ | ။ | သဗ္ဗေ ဝိနိပါတိကာ | ။ |

လို့ ပို့တော့ အထက်အရပ်မျက်နှာနဲ့ "န္တု" ၄–ခုဆိုတော့ ၄၈ မရဘူးလား?"

"ရပါတယ်ဘုရား"

"ခုနက ၄၈၀ နဲ့ ယခု ၄၈ နဲ့ပေါင်းတော့ (၄၈၀+၄၈) ၅၂၈ မရဘူးလား?"

"ရပါတယ်ဘုရား"

http://www.dhammadownload.com



"အဲဒါဟာ ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာပါပဲ ဒကာကြီး သိပြီလား"

"ပို့ပုံတော့ သိပါပြီဘုရား၊ အနက်သဘောက ဘယ်လိုပါလဲ ဘုရား"

"အနက်သဘောကတော့ ချုံပြီး ဒီလိုမှတ်ထား..."

## အရပ် ၁၀ မျက်နှာ

၁။ **ပုရတ္ထိမာယ ဒိသာယ**=အရှေ့မျက်နှာအရပ်၌

၂။ **ပစ္ဆိမာယ ဒိသာယ**=အနောက်မျက်နှာအရပ်၌

၃။ **ဥတ္တရာယ ဒိသာယ**=မြောက်မျက်နှာအရပ်၌

၄။ **ဒက္ခိဏာယ ဒိသာယ**=တောင်မျက်နှာအရပ်၌

၅။ **ပုရတ္ထိမာယ အနုဒိသာယ**=အရှေ့တောင်ထောင့်မျက်နှာ အရပ်၌

၆။ **ပစ္ဆိမာယ အနုဒိသာယ**=အနောက်မြောက်ထောင့် မျက်နှာအရပ်၌

၇။ **ဥတ္တရာယ အနုဒိသာယ**=အရှေ့မြောက်ထောင့်မျက်နှာ အရပ်၌

၈။ **ဒက္ခိဏာယ အနုဒိသာယ**=အနောက်တောင်ထောင့် မျက်နှာအရပ်၌

၉။ **ဟေဋ္ဌိမာယ ဒိသာယ**=အောက်မျက်နှာအရပ်၌

၁၀။ **ဥပရိမာယ ဒိသာယ**=အထက်မျက်နှာအရပ်၌

http://www.dhammadownload.com



## ပုဂ္ဂိုလ် ၁၂ ယောက်

၁။ **သဗ္ဗေ သတ္တာ** အလုံးစုံသော သတ္တဝါတို့သည်၊
၂။ **သဗ္ဗေ ပါဏာ** အလုံးစုံသော အသက်ရှိသူတို့သည်၊
၃။ **သဗ္ဗေ ဘူတာ** အလုံးစုံသော ဖြစ်နေသူတို့သည်၊
၄။ **သဗ္ဗေ ပုဂ္ဂလာ** အလုံးစုံသော ပုဂ္ဂိုလ်တို့သည်၊
၅။ **သဗ္ဗေ အတ္တဘာဝပရိယာပန္နာ** အလုံးစုံသော အတ္တဘော၌ အကျုံးဝင်သူတို့သည်၊
၆။ **သဗ္ဗာ ဣတ္ထိယော** အလုံးစုံသော မိန်းမတို့သည်၊
၇။ **သဗ္ဗေ ပုရိသာ** အလုံးစုံသော ယောကျ်ားတို့သည်၊
၈။ **သဗ္ဗေ အရိယာ** အလုံးစုံသော အရိယာတို့သည်၊
၉။ **သဗ္ဗေ အနရိယာ** အလုံးစုံသော ပုထုဇဉ်တို့သည်၊
၁၀။ **သဗ္ဗေ ဒေဝါ** အလုံးစုံသော နတ်တို့သည်၊
၁၁။ **သဗ္ဗေ မနုဿာ** အလုံးစုံသော လူတို့သည်၊
၁၂။ **သဗ္ဗေ ဝိနိပါတိကာ** အလုံးစုံသော အပါယ်ဘုံသားတို့သည်၊

## ဆုလေးဖြာ

၁။ **အဝေရာ**=ကိုယ်တွင်းကိုယ်ပရန် မရှိကြကုန်သည်၊
**ဟောန္တု**=ဖြစ်ကြပါစေ၊
၂။ **အဗျာပဇ္ဈာ**=စိုးရိမ်သောက ဗျာပါဒမရှိကြကုန်သည်၊
**ဟောန္တု**=ဖြစ်ကြပါစေ၊

http://www.dhammadownload.com



၃။ **အနီဃာ**=ဆင်းရဲဒုက္ခ မရှိကြကုန်သည်၊ **ဟောန္တု**=ဖြစ်ကြပါစေ၊

၄။ **သုခီ**=ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်လျက်၊ **အတ္တာ နံ**=မိမိအတ္တဘောကို၊ **ပရိဟရန္တု**=အသက်ရှည်အောင် ဆောင်ရွက်နိုင်ကြပါစေ။

"အဲဒါ အနက်သဘောပဲ ဒကာကြီး"

"မှန်ပါ သိပါပြီဘုရား"

"နေပါဦးဒကာကြီး၊ ၅၂၈–သွယ် မေတ္တာတွေ ဘာတွေ မေးလို့ အနက်သဘောတွေ မေးလို့ အဲဒီမေတ္တာရဲ့ သဘောသဘာဝကော သေသေချာချာသိရဲ့လား?"

"သိသင့်သလောက်တော့ သိပါတယ်ဘုရား။ သေသေချာချာတော့ ဘယ်သိမလဲဘုရား"

"ကဲ–ဒါဖြင့် အာပေါက်လက်စနဲ့ ဆက်ပြီး ပေါက်ကြဦးစို့နော်"

"မှန်ပါဘုရား"

"**မိဇ္ဇတိ သိနိယှတိတိ မေတ္တာ**" **မိဇ္ဇသိနိယှတိ**=ချစ်ခင်စိုစွပ်၊ စေးကပ်တတ်၏။ **ဣတိ**=ထို့ကြောင့်၊ **မေတ္တာမေတ္တာမည်၏**"တဲ့၊ တရားကိုယ်အားဖြင့် အဒေါ်သစေတသိက်တဲ့နော်"

"မှန်ပါဘုရား"

"ချစ်အပ်၊ စိတ်နှလုံးကို တိုးပွားစေတတ်သူ မြတ်နိုးအပ်သူဆိုတဲ့ သတ္တဝါပညတ်ကို အာရုံပြုတယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"တဏှာပေမ အချစ်မျိုးလည်း ချစ်ခင်အပ်သူအပေါ်မှာ စေးကပ်, စိုစွပ်လျက် အာရုံပြုတယ်၊ ဒါကြောင့် အဲဒီအချစ်မျိုးကို လည်း "**မေတ္တာ**"လို့ ခေါ်ကြတယ်၊ မေတ္တာတုပေါ့နော်"

"မှန်ပါဘုရား"

"မေတ္တာစစ်ဆိုတာ ကုသိုလ်ကြီးယာ တစ်ခုခုသာ ဖြစ်တယ်၊ တဏှာပေမကတော့ လောဘအကုသိုလ် ဖြစ်တယ်နော်"

"မှန်ပါဘုရား"

"အဲဒါကြောင့် သားမယားချစ်, ဆွေမျိုးချစ်စသော သံယောဇဉ် မကင်းတဲ့ ချစ်ခြင်းများဟာ မေတ္တာစစ် မဟုတ်ဘူးနော်၊ တဏှာပေမသာ များတယ်နော်"

"မှန်ပါဘုရား"

"အဲဒီအချစ်မျိုးကို ကျမ်းဂန်တွေမှာ '**ဂေဟဿိတပေမ**= အိမ်၌မှီသောအချစ်လို့' ဆိုတယ်နော်"

"မှန်ပါဘုရား"

"အချုပ်ပြောရရင် မခွဲနိုင်, မခွာရက်အောင်ပင် သံယောဇဉ် ဖြစ်ရတဲ့ အချစ်ဟာ **တဏှာပေမ ဂေဟဿိတပေမ**ပဲနော်"

"မှန်ပါဘုရား"

"ခွဲသာ, ခွာသာ အကျိုးစီးပွားကို လိုလားတဲ့ သဘောက တော့ မေတ္တာအစစ်ပဲနော်"

"အဲဒါကြောင့် မေတ္တာဘာဝနာကို ပွားများရာ၌ မေတ္တာ ပို့ရာ၌ ဒေါသဆိုတဲ့ အဝေးရန်သူ၊ မေတ္တာတုဆိုတဲ့ အနီးရန်သူ အဲဒီနှစ်ပါးကို ရှောင်ရှားပြီး ပွားများရမယ်၊ ပို့ရမယ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"
"ကဲ-တော်ကြပါစို့"
"မှန်ပါ၊ ဦးတင်ပါတယ်ဘုရား"

❀ တစ်ဦးတစ်ဦး၊ မေတ္တာစူး၊ အထူးချစ်ခင်ပါ။
❀ မေတ္တာလွှမ်းခြုံ၊ ရန်မျိုးစုံ၊ လုံခြုံတော့သည့်သာ။
❀ မေတ္တာပျက်ပြား၊ ရန်တွေများ၊ ဘေးများတော့သည့်သာ။
❀ ထို့ကြောင့် မေတ္တာ နေ့ညဉ့်ပါ၊ ခါခါပွားလေပါ။

http://www.dhammadownload.com



# နိဂုံး

## ပြီးချိန်

ဤမျှသော စကားအစဉ်ဖြင့် ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်တိုက်နယ်၊ ကွင်းကောက်တောင်ဘက်ရွာသာကုန်းနေ ဦးစိန်နှင့် ဒေါ်စိန်အေး သမီးမြမြ၊ ဒေါ်စိန်အေးညီမ ဒေါ်တင်ပုနှင့် မိတ်ဆွေတစ်စုတို့ ပေါင်းစုညီညာ စေတနာသဒ္ဓါ ဝီရိယစုံစွာနှင့် နွေချင်းပြီး ဆောက်လုပ်လှူဒါန်းအပ်သော စကြံ၊ ကုဋီ၊ အိပ်ခန်း စသည် ပြည့်စုံညီသည့်"မသိုးကျောင်းတွင် သီတင်းသုံးလျက် ရေးသားအပ်သော ဗုဒ္ဓဓမ္မပြဿနာများ (၃)သည် ၁၃၃၉ ခုနှစ် နယုန်လပြည့်ကျော်(၁၂)ရက်နေ့ တနင်္ဂနွေနေ့ နေ့လည် ၂ နာရီ အချိန်တွင် ဘေးမသီရန်မခ အန္တရာယ်မမြဲးယှဘဲ ဆုံးခန်း တိုင်မြောက် အပြီးသို့ရောက်ပါသတည်း။

http://www.dhammadownload.com



## ကျေးဇူးဆပ်ပါ၏

ဤဗုဒ္ဓဓမ္မပြဿနာများ(၃)ကို ရေးသားရသော ကောင်းမှုကုသိုလ်များဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြပေကုန်သော၊ မိဘနှစ်ပါး၊ ဆရာသမား၊ ရဟန်းဒကာ၊ ရဟန်းဒကာမများ၊ ပစ္စည်းလေးပါး ဒကာ၊ ဒကာမများ၊ ဆွေမျိုးညာတကာများ၊ မိတ်ဆွေသင်္ဂဟများတို့အား ကျေးဇူးတုန့်ပြန် ဆပ်ပါ၏။

## အမျှဝေပါ

ဤဗုဒ္ဓဓမ္မပြဿနာများ (၃)ကို ရေးသားရသော ကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို–

"မြင်းမိုရ်စကြာဝါ၊ ပမာဆယ်ဆ၊ နိူင်းမတုအောင်၊ ဗဟုပကာရ၊ ဂုဏ်ကြီးလှသား၊ မိဖနှစ်ဖြာ၊ မြတ်ဆရာနှင့်၊ ရာဇာသနင်း၊ ရောင်းရင်းငယ်ဖော်၊ ဆွေတော်မျိုးစပ်၊ အရပ်နေစု၊ စတုပစ္စယာ၊ ဒါယကာ၊ ဒါယိကာမ၊ ဂေါစရဂါမ်၊ နိယာမ်မပြတ်၊ နိစ္စဗဒ်ဖြင့်၊ ယုတ်မြတ်ကြည်ဖြူ၊ ပေးလှူတတ်စွာ၊ မြို့ရွာပတ်ကုံး၊ သိမ်းကျုံးလုံးစုံ၊ နိဂုံဇနပဒ၊ ဝေးနီးစသည့်၊ ရှိကြထိုထို၊ များလူဗိုလ်ပါ၊ ကိုယ်ကိုစောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မရက္ခာ၊ အာကာသစိုး၊ တန်ခိုးမဟိဒ်၊ ပုညဇိဒ်နှင့် ဂုဏ်ဟိတ်မြင့်မား၊ သိကြားသက္က၊ ဝါသဝနှင့်၊ လောကစောင့်လျဉ်း၊ နတ်မင်းလေးဖြာ၊ သာတာဂီရ၊ ဟေမဝတ၊ ဣန္ဒစိတ္တ၊ စသည်တွက်ဖွဲ့၊ နှစ်ဆယ့်ရှစ်ဦး၊ နတ်စစ်မှူးဟု၊ အထူးမည်ရ၊ အဋ္ဌဝီသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြီ

http://www.dhammadownload.com



တထွေ၊ ရေပင်လယ်သွား၊ သူတော်များအား၊ စောင့်ငြားတတ်သည့်၊ မဏိမေခလာ၊ တဖြာထိုဤ၊ အလိုဖြည့်တတ်,သူရဿတီ, ဒေဝီကျော်စွ, နတ်မယ်လှနှင့် ဒသက္ကဿရ၊ လောကသဟာယ်၊ ဝန်းပတ်ရံခြီ မဟာဗြိုတို့၊ ပြောဟုံဆူဆူ၊ မိုးသူမိုးသား၊ မြေဖွား ရေပေါက်၊ ထိုရွှေ့လောက်ထိ၊ ထက်အောက်ဝန်းကျင်၊ များပုံယင်အား၊ အကြွင်ရှိသမျှ၊ မကျန်ရအောင်၊ စေ့ငှမသွေ၊ "အမျှ အမျှ အမျှ" ပေးငှဝေသည်၊ ရစေငါ့နှယ်အတူတည်း"

## ဆုတောင်းလွှာ

ဤဗုဒ္ဓဓမ္မပြဿနာများ (၃)ကို ရေးသားရသော ကောင်းမှုကုသိုလ်တို့ကြောင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ချမ်းသာသောအကျင့်၊ လျင်မြန်သော အသိဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား၊ ဝေနေယျ သတ္တဝါများကို တရားစည်ကြီး စောက်တိုက်ဟည်းအောင်၊ ရိုက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက်၊ အရောက်ပို့ဆောင်ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါစေသတည်း။

## တောင်းပန်တိုက်တွန်းလွှာ

ဤ **ဗုဒ္ဓဓမ္မပြဿနာများ (၃)**၌ တိမ်းပါး ချွတ်ချော် မလျော်ကန်ရာ အဖြာဖြာတို့ အကယ်စင်စစ် သတိလစ်ကာ ပါဝင်မိကုန်ငြားအံ့၊ ယင်းတို့ကို ပညာရှိများ အပြစ်မထားပဲ ပယ်ရှားနိုင်

http://www.dhammadownload.com



ကြပါစေကုန်သတည်း။ မှုဒွိမိန့်ဟာ၊ လမ်းစဉ်ကျသည့် အပြစ်ကင်းပ၊ လမ်းပြဒေသနာ ကျင့်စရာ အဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ်၊ သတိချုပ်၍ မပြတ်ပုံသော၊ ကျင့်ကြံနိုင်ကြ ပါစေကုန်သတည်း။ အပြစ်ရှိငြား၊ ရှောင်စရာများကိုလည်း ရှောင်ရှားနိုင်ကြပါစေကုန်သတည်း။

**တောင်-အရှင်ပညာဇောတ**

ဝိသိဋ္ဌ ဒီဃဘာဏကနှင့်သိရိပဝရ ဓမ္မာစရိယ
မသိုးကျောင်း၊ တောကျောင်းကြီး။

ကွင်းကောက်တောင်
၁၃၃၉-ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက်နေ့
၁၁-၁၀-၇၇